## နိုင်ငံရေးအသွင်ကူးပြောင်းရေး

# တွေ့ဆုံဆွေးနွေးရေးနှင့် နိုင်ငံရေးအကူးအပြောင်း

တင်မောင်သန်း

သက်ကြီးရွယ်အိုသခင်ကြီးတွေက အစလူမျိုးစုခေါင်းဆောင်တွေ၊ ပြည်တွင်းပြည်ပ နိုင်ငံရေးသမားတွေနဲ့ သံတမန်တွေအလယ်၊ သာမာန်ပြည်သူတွေရဲ့ ပလက်ဖောင်းလက်ဘက်ရည်ဝိုင်းအဆုံး စိတ်ဝင်စားနေကြတဲ့ နိုင်ငံရေးအကြောင်းကတော့ ဒေါ်အောင်ဆန်းစုကြည်နဲ့တပ်မတော်ခေါင်းဆောင်တွေကြား တွေ့ဆုံဆွေးနွေးရေးပါပဲ။ အဦးဆုံးစိုးရိမ်မကင်းဖြစ်ခဲ့ကြတာကတော့ ဒီတွေ့ဆုံဆွေးနွေးရေးဟာ အောင်မြင်နိုင်ပါ့မလားဆိုတဲ့ သံသယပါပဲ။ တွေ့ဆုံဆွေးနွေးရေး တိုးတက်မှုရှိနေတယ်ဆိုတဲ့ အတည်မပြုနိုင်တဲ့ သတင်းတွေထွက်လာတဲ့အခါ မြန်မာပြည်ရဲ့နိုင်ငံရေးကံကြမ္မာဟာ ဘယ်လိုပုံစံနဲ့ထွက်လာမလဲဆိုတဲ့ အမှန်းအဆတွေကြားရပြန်ပါတယ်။ ပြည်တွင်းပြည်ပမှာရှိတဲ့ လူမျိုးစုခေါင်းဆောင်တွေက လူမျိုးစုအခွင့်အရေးတွေကိုချန်ထားပြီး ဗမာအချင်းချင်း လက်ဝါးရိုက်ထားတဲ့သဘောတူညီချက်မျိုး ထွက်လာလေမလားဆိုတဲ့ ရတက်မအေးသံတွေလည်း ကြားရတယ်ခင်ဗျ။

ဆွေးနွေးနေကြတာ ကိုးလကျော်လာတဲ့အခါ သို့လောသို့လော သံသယတွေပွါးလာတော့လည်း မဆန်းလှပါဘူး။ ဘာသတင်းမှလည်းထွက်မလာလေ ဟုတ်ပါ့မလားစိုးရိမ်ကြလေပေါ့ ခင်ဗျာ။

တခြားနိုင်ငံတွေမှာလည်း ဒီလိုတွေ့ဆုံဆွေးနွေးကြတဲ့အခါ မြန်တာတွေရှိသလို ကြာတာတွေလည်းရှိပါတယ်။ လျှို့ဝှက်ထားကြတာလည်း ဒါလုပ်နေကျပါပဲ၊ ဆွေးနွေးချက်တွေဟာ အများထဲပိုရောက်လေ နှစ်ဖက်ခေါင်းဆောင်တွေအဖို့ မလှုပ်သာနေရာကျဉ်းလေကိုယ့်လူမျက်နှာပိုပြန်ကြည့်ရလေ သဘောတူညီချက်ရောက်ဖို့ ပိုခက်လေကြုံရတတ်ပါသတဲ့။ ဒ့ါအပြင်ဆွေးနွေးပွဲပါလာတဲ့ အဖွဲ့တွေများလာလေ သဘောတူညီချက်ရဖို့ကလည်းကြာလေပဲတဲ့ခင်ဗျာ။ တွေ့ဆုံဆွေးနွေးရေးမှာ နှစ်ဖက်ခေါင်းဆောင်တွေကအပြန်အလှန် သူတို့သဘောတူညီလိုက်သမျှကို နှစ်ဖက်နောက်လိုက် အသီးသီးကလက်ခံမယ်လို့ ယုံကြည်မှုလည်းတည်မြဲမိတဲ့ သဘောတူညီချက်မျိုး ရနိုင်တယ်ခင်ဗျ။ ဒီအချက်ကအရေးကြီးပါတယ်။ ဘာကြောင့်လဲဆိုတော့ သဘောတူညီချက်ထွက်လာတဲ့အခါ နောက်လိုက်အသီးသီးက ကျယ်ကျယ်ပြန့်ပြန့်ဆန့်ကျင်ကြရင် အကူးအပြောင်းဖြစ်စဉ်ကြီးတစ်ခုလုံးဟာ ပျက်

သွားပြန်ရောခင်ဗျ။ ဒီအွန္တရာယ်ကိုတော့ ရင်ဆိုင်ကြရတာပါပဲ။

ဒါကြောင့် တွေ့ဆုံဆွေးနွေးကြတဲ့အခါနှစ်ဖက်စလုံးဟာ အသေးစိတ်နိုင်သမျှထိ တော့ ဆက်ဆွေးနွေးကြမှာပါပဲခင်ဗျ။ ဒါပေမဲ့တဘက်အဖွဲ့အတွင်းမှာရှိတဲ့အခြားလူတွေကို မဆန့် ကျင်မိအောင်နဲ့ဆွပေးသလိုမဖြစ်အောင်လည်း စစ်တပ်ထဲကသဘောထားတင်းမာသူတွေ ထကြွမလာအောင်ကြည့်ရသလို တပ်မတော်ခေါင်းဆောင်တွေအနေနဲ့လည်း နိုင်ငံရေးအ ဖွဲ့အသီးသီးထဲက ဒီမိုကရေစီစံနစ်ပေါ်လာရေးအတွက် အခြေအမြစ်ကပြောင်းပစ်ချင်သူ တွေကို အလေးထားရတာပါပဲ။

ဒါကြောင့်ပညာရှင်တွေက နှစ်ဖက်ခေါင်းဆောင်တွေဟာ ဒီမိုကရေစီမဆန်လှတဲ့နည်း လမ်းတွေနဲ့ ဒီမိုကရေစီစံနစ်ဆီကိုသွားကြတာလို့ ဆိုကြပေတာပေါ့ခင်ဗျာ။ ဟားဗတ် တက္ကသိုလ်ကပါမောက္ခ Samuel Huntington ကဆိုရင် “ရည်မှန်းချက်ကို အကောင် အထည်ဖော်နိုင်ဖို့အတွက် နောက်လိုက်တွေရဲ့ အကျိုးစီးပွါးကိုသစ္စာဖောက်ပြီး ခေါင်း ဆောင်တွေဟာ ဒီမိုကရေစီကိုဖော်ဆောင်ကြတာ မကြာမကြာတွေ့ရတယ်” လို့ပြောသ ဗျ။ စတင်းဖို့ တက္ကသိုလ်ကပါမောက္ခ Terry Kort ကတော့ “နိုင်ငံရေးအကူးအပြောင်း ဆိုတာ အဆင်ပြေဖို့ဦးတည်ရတဲ့ အချစ်မပါသော လက်ထပ်ပွဲလေး”တဲ့ခင်ဗျာ။

ဘာကြောင့်လဲဆိုတော့ သဘောတူညီချက်တွေမှာ တစ်ဘက်ရဲ့အရေးကြီးလှတဲ့ အ ကျိုးစီးပွါးကို အခြားတစ်ဘက်ကအပြန်အလှန် အာမခံချက်ပေးကြရတာကိုး။ အရပ်စကား နဲ့ပြောရရင် အကူးအပြောင်းကြောင့်ဖြင့် ခင်ဗျားတို့မနာစေရပါဘူးပေါ့လေ။

အကူးအပြောင်းနိုင်ငံတွေကို ခြုံကြည့်လိုက်တဲ့အခါ သဘောတူညီချက်ပုံစံ (၃)မျိုးတွေ့ ရတယ်လို့ ပညာရှင်တွေဖြစ်ကြတဲ့ O'Donnell နဲ့ Schmitter ကဆိုတယ်ဗျ။

ပထမတစ်မျိုးကတော့ နိုင်ငံရေးကနေစစ်တပ်ကဘယ်လိုပြန်ဆုတ်မလဲဆိုတဲ့ သဘော တူညီချက်ပါပဲ။ ဒုတိယကတော့ ပါတီအရရောလူပုဂ္ဂိုလ်အရပါ နိုင်ငံရေးလုပ်ပိုင်ခွင့် အခွင့် အရေးတွေနဲ့ ပါဝင်ဆောင်ရွက်ခွင့်တွေ တိုးချဲ့ရေးဆိုင်ရာနိုင်ငံရေးသဘောတူညီချက်ဖြစ်သ ဗျ။ တတိယကတော့ စီးပွါးရေးဆိုင်ရာဆုံးဖြတ်ချက်တွေ ချမှတ်ရေးအတွက်သဘောတူညီ တဲ့ လူမှုစီးပွါးသဘောတူညီချက်ပါပဲ။

မြန်မာပြည်နိုင်ငံရေးအရ ပြောရမယ်ဆိုရင်တော့ တပ်မတော်ခေါင်းဆောင်တွေအနေ နဲ့ ဒေါ်အောင်ဆန်းစုကြည်နဲ့ တွေ့ဆုံဆွေးနွေးနေတဲ့တချိန်တည်းမှာ အာဏာယူထားတဲ့ အတွက်တပ်မတော်ဆိုတဲ့ အဖွဲ့အစည်းအနေနဲ့ ပေးဆပ်ရတဲ့တန်ဖိုးတွေကို စဉ်းစားဖို့ တိုက်တွန်းချင်ပါတယ်။

ဗိုလ်ချုပ်တစ်ဦးချင်းအနေနဲ့ဆိုရင်တော့ အုပ်တတ်လေ အကျိုးရှိလေပေါ့ခင်ဗျာ။ အ များစုက အုပ်လည်းအုပ်ကြပါတယ်။ တစ်ဦးတစ်ဦးကို သိန်းရာချီထောင်ချီချမ်းသာနေကြပြီ လို့ ရန်ကုန်မြို့စီးပွါးရေးအသိုင်းအဝိုင်းက မှန်းဆကြပါတယ်။ စင်္ကာပူနိုင်ငံသား မြန်မာဘီ ယာလုပ်ငန်းလုပ်ခဲ့တဲ့ ဒေါ်ဝင်းဝင်းနုဖွင့်ဟသွားသလို ဝန်ကြီးဦးအောင်သောင်းကတောင်း တဲ့ တစ်လသိန်း (၁၅၀)နဲ့တွက်ရင် တချို့များ သိန်းပေါင်းသောင်းနဲ့ချီ ချမ်းသာနေပြီလို့ ဆို နိုင်ပါလိမ့်မယ်။

မြန်မာ့တပ်မတော်သမိုင်းမှာ အဆင့်တိုင်းမှာအကျင့်ပျက်တဲ့ တပ်မတော်ခေါင်းဆောင် အရေအတွက်ဟာ ဘယ်ခေတ်မှာမှ ဒီခေတ်လောက် မများခဲ့ဖူးပါဘူး။ အာဏာနဲ့ပူးလိုက် တဲ့အတွက် မြန်မာ့တပ်မတော်ဟာ အဖွဲ့အစည်းအနေနဲ့ကို ဂုဏ်သိက္ခာတော်တော်မဲ့ သွားခဲ့ပါပြီ။ မဆလကြောင့် အဆင်းရဲဆုံးနိုင်ငံဖြစ်အောင် လုပ်ခဲ့တဲ့အဖွဲ့၊ ကတိကဝတ်တွေ

ပေးခဲ့ပေမဲ့ မတည်ခဲ့တဲ့ကမ္ဘာ့လူညာကြီးများရဲ့အဖွဲ့၊ လူထုကိုရက်ရက်စက်စက်ပစ်ခတ်နှိမ်နင်း ဖမ်းဆီးချုပ်နှောင်တဲ့အဖွဲ့၊ အဆင့်ဆင့်ခေါင်းဆောင်အချို့ရဲ့ အကျင့်ပျက်ခြစား၊ ကိုယ်ကျိုးစီးပွါးအတွက် ကျန်တပ်မတော်သားတွေခမျာ အကာအကွယ်ပေးနေရရှာတဲ့အဖွဲ့အဖြစ်တပ်မတော်ခမျာ လူထုကအမျက်ရှခံရရှာပါတယ်။

တပ်မတော်အနေနဲ့ ၆၂ ကစပြီးကယ်တင်ရှင်ဖြစ်ချင်ခဲ့ပေမဲ့ လက်တွေ့ကတော့ တိုင်းပြည်ကို ဒုက္ခပေးတဲ့အဖွဲ့ပဲဖြစ်ရရှာပါတယ်။ အာဏာနဲ့ပူးလိုက်တဲ့အတွက် တပ်မတော်ဆိုတဲ့အဖွဲ့အစည်းတစ်ခုလုံးအနေနဲ့ ပေးလိုက်ရတဲ့တန်ဖိုးက မတန်မရာကြီးမားလွန်းလှပါတယ်ဗျာ။ ဒါကြောင့်နိုင်ငံရေးကနေ ဘယ်လိုပြန်ဆုတ်မလဲဆိုတာ ရိုးရိုးသားသားတိုင်းပြည်အတွက် အသက်ပေးထားကြပေးခဲ့ကြတဲ့ လက်ရှိတာဝန်ထမ်းနေကြတဲ့ တပ်မတော်သားတွေအတွက်ရော အငြိမ်းစားစစ်မှုထမ်းအတွက်ပါ အရေးကြီးတဲ့ကိစ္စဖြစ်ပါ တယ်။

ကနေ့တွေ့ဆုံဆွေးနွေးပွဲမှာ ဒေါ်အောင်ဆန်းစုကြည်ရဲ့ဂုဏ်သိက္ခာနဲ့အတူ တပ်မတော်ဟာ ကိုယ့်ရဲ့ဂုဏ်သိက္ခာကိုပြန်ဆွဲတင်နိုင်မယ့် သဘောတူညီချက်တွေရရှိလိမ့်လို့ ကျွန်တော်မျှော်လင့် ပါတယ်ခင်ဗျာ။

နှစ်ဦးနှစ်ဘက်က တွေ့ဆုံဆွေးနွေးရေးကို လျှို့ဝှက်ထားကြလေတော့ တခြားနိုင်ငံတွေမှာ ပြောင်းလဲပုံတွေကို ကျွန်တော်ဖတ်မှတ်ဖူးသမျှပြန်စဉ်းစားရင်း မြန်မာ့အပြောင်းအလဲကို ခြေရာကောက်ကြည့်ပါ့မယ်။

နိုင်ငံရေးအကူးအပြောင်းဖြစ်စဉ်မှာ သိပ်အရေးကြီးတဲ့အဆင့်တစ်ဆင့်ကတော့ ကန့်သတ်ချုပ်ချယ်ထားတာတွေကို ဖြေလျော့ပေးတဲ့အဆင့်ပါပဲ။ အင်္ဂလိပ်လိုတော့ liberalization လို့သုံးတယ်ခင်ဗျ။ နိုင်ငံတွေကူးပြောင်းရာမှာ အတွေ့အကြုံတွေမတူကြတဲ့အလျောက် ဒီနှောင်ကြိုးဖြေပုံတွေလည်းမတူကြပါဘူး။ သီဝရီသဘောချုပ်ပြောရရင် သုံးမျိုးရှိတယ်လို့ ဆိုရမယ်ထင်ပါရဲ့။

ပထမတစ်မျိုးကတော့ ပြည်သူလူထုဟာ သူတို့ရဲ့အခွင့်အရေးတွေကို ကျင့်သုံးခံစားနိုင်အောင် ဆောင်ရွက်ပေးတဲ့ဖြစ်စဉ်ပါပဲ။ တနည်းပြောရင် နိုင်ငံတော်ကထင်ရာစိုင်းဥပဒေမဲ့လုပ်ဆောင်နေတာတွေကနေ လူတစ်ဦးချင်းစီနဲ့ အစုအဖွဲ့တွေကို အကာအကွယ်ပေးလာတဲ့သဘောပါပဲ။ လူတစ်ဦးချင်းအနေနဲ့ပြောမယ်ဆိုရင် ကိုယ့်အိမ်ရာကို အထိအပါးမခံရတာ လူတစ်ယောက်နဲ့တစ်ယောက် ဆက်သွယ်ပြောဆိုတာတွေကို ဝင်ရောက်မထိပါးတာ ဥပဒေကြောင်းနဲ့လျော်ညီစွာ မျှမျှတတရှိတဲ့တရားစီရင်မှုစံနစ်မှာ ကိုယ့်ကိုယ်ကိုယ်ကာကွယ်ခွင့်ရှိတာ လွတ်လပ်စွာခရီးသွားလာ လှုပ်ရှားနိုင်တာ၊ လွတ်လပ်စွာပြောဆိုနိုင်တာ၊ စောဒကတက်အယူခံနိုင်တာ အစရှိတဲ့အခွင့်အရေးတွေပါပဲ။ အစုအဖွဲ့အနေနဲ့ပြောမယ်ဆိုရင် အစိုးရရဲ့ပေါ်လစီတွေနဲ့ သဘောကွဲလွဲတဲ့အယူအဆအမြင်တွေကို ဖော်ပြနိုင်ခွင့်ရှိရမယ်။ အဲဒီလိုဖော်ပြလို့ အရေးယူအပြစ်ပေးခံရတာမျိုးမရှိစေရဘူး ဆင်ဆာမရှိရဘူး။ လွတ်လပ်စွာ အသင်းအဖွဲ့ ဖွဲ့ပိုင်ခွင့်ရှိတယ်။

တကယ်လို့ ဒီအခွင့်အရေးတွေကို တရားဥပဒေနဲ့ မပြဋ္ဌာန်းရသေးဘူး။ ဒါမှမဟုတ်ပြဋ္ဌာန်းပြီးပေမဲ့ လက်တွေ့မှာလုပ်ပိုင်ခွင့်မရှိခဲ့ဘူး။ အခုလူထုကလုပ်နိုင်ခွင့်ရှိနေပြီဆိုရင်လည်း ဒါကိုနှောင်ကြိုးဖြေအဆင့်ရဲ့ ပုံစံတစ်ရပ်အဖြစ် ပညာရှင်တွေက သတ်မှတ်လက်ခံကြပါတယ်။

ဒါကြောင့်ဒီအခွင့်အရေးတွေကို ဥပဒေအရမဟုတ်စေဦး အုပ်စိုးသူက အသိအမှတ်ပြုလာတယ်။ တကယ်လည်းလူထုက ကျင့်သုံးပိုင်ခွင့်ရှိလာတယ်ဆိုရင် ဒါဟာနှောင်ကြိုးပြေး

လမ်းကြောင်းကို တကယ့်ကိုစစ်စစ်မှန်မှန် သွားနေပြီလို့ပြောနိုင်ပါသတဲ့။ ဒါက O'Donnell နဲ့ Schmitter တို့ရဲ့အမြင်ပါ။

ဒုတိယတစ်မျိုးကတော့ ပါမောက္ခ Huntington ရဲ့သုံးသပ်ချက်ပါပဲ။ နှောင်ကြိုးဖြေကာလအဆင့်ဟာ အာဏာရှင်စံနစ်ကို တစ်ပိုင်းတစ်စဖွင့်လိုက်တဲ့အဆင့်လို့ သူကပြောပါတယ်။ လွတ်လပ်စွာယှဉ်ပြိုင်ရတဲ့ ရွေးကောက်ပွဲကတဆင့် အစိုးရခေါင်းဆောင်တွေကို ရွေးချယ်နိုင်ခွင့်ကလွဲလို့ ချုပ်ထားတာတွေတော်တော်များများ ဖွင့်လိုက်တယ်။ နိုင်ငံရေးအကျဉ်းသားတွေကို လွှတ်ပေးတယ်။ နိုင်ငံရေးပြဿနာတွေကို လူထုကြားပြောဆိုရေးသားငြင်းခုန်ခွင့် ဖွင့်ပေးလိုက်တယ်။ ဆင်ဆာလုပ်တာလျှော့ပေးလိုက်တယ်။ အာဏာသိပ်မရှိလှတဲ့ အဆင့်တွေအတွက် ရွေးကောက်ပွဲလုပ်ပေးတယ်။ ရပ်ကွက်ကျေးရွာ အဆင့်မျိုးလို နိုင်ငံတော်နဲ့မပတ်သက်တဲ့သင်းဖွဲ့စုစည်းလုပ်ကိုင်လှုပ်ရှားမှုမျိုး ခွင့်ပြုတယ်။ ဒီမိုကရေစီလမ်းကြောင်းကို ဦးတည်တဲ့ခြေလှမ်းတွေလှမ်းလာတယ်။ အဲအာဏာကိုတော့လက်လွှတ်မပေးသေးဘူးတဲ့။ ဒါကလွဲရင် ချုပ်ထားတာတွေဖြည်၊ နိုင်ငံတော်ရဲ့လုပ်ဆောင်မှုအခန်းကဏ္ဍတွေ ပြန်ရုပ်သိမ်း ဒါဟာ နှောင်ကြိုးဖြည်အကူးအပြောင်းအဆင့် (ဒါမှမဟုတ် လစ်ဘရယ်ကျအောင် လုပ်တဲ့အဆင့်)ပဲလို့ ပါမောက္ခ Huntington ကဆိုတယ်။ ပညာရှင်တွေရဲ့ အမိပ္ပါယ်ဖွင့်ဆိုပုံရှုထောင့်ကွဲပြားလို့သာ သီဝရီသဘောအရ နှစ်မျိုးလိုဖြစ်နေပါတယ်။ O'Donnell တို့ကလူထုကျင့်သုံးပိုင်ခွင့်ရှိတဲ့ လူ့အခွင့်အရေးထောင့်ကချဉ်းကပ်ပြီး Samuel Huntington ကအုပ်ချုပ်သူရဲ့လိုက်လျောစေ့စပ်လာတဲ့ထောင့်က ချဉ်းကပ်ပုံကွာတာပါပဲ။ သဘောကတော့ တော်တော်ဆင်ပါတယ်။

ခုပြောခဲ့တာတွေကိုပေါင်းချုပ်ရရင် အာဏာစုချုပ်ထားတဲ့စံနစ်ကနေ ဒီမိုကရေစီစနစဆီကို ပြောင်းလဲကြရာမှာ သဘောသဘာဝအပြောင်းအလဲ နှစ်ရပ်ကိုတွေ့ရပါလိမ့်မယ်။ နှောင်ကြိုးဖြည်အဆင့် ဒါမှမဟုတ်လစ်ဘရယ်ကျအောင်လုပ်တဲ့အဆင့်နဲ့ ဒီမိုကရေစီကျအောင်လုပ်တဲ့အဆင့်ပါပဲ။ လစ်ဘရယ်ကျအောင်လုပ်တယ်ဆိုတာ ချုပ်တာတွေလျှော့လိုက်တာ ဆုံးဖြတ်ချက်ချတဲ့ဖြစ်စဉ်ကိုဖွင့်လိုက်ပြီး ပါဝင်ခွင့်ပေးလာတာလက်တွေ့အကောင်အထည်ဖော်ဆောင်ရွက်တဲ့ လုပ်ပိုင်ခွင့်အာဏာကို အထက်မှာစုချုပ်ထားရာကအဆင့်ဆင့်ဖြစ်စေ၊ ဘေးတိုက်ဖြစ်စေ လုပ်ပိုင်ခွင့်ပိုပေးလာတာတွေပေါ့ခင်ဗျာ။ ဒီမိုကရေစီကျအောင်လုပ်တယ်ဆိုတာကတော့ အာဏာကိစ္စမှာ လူထုအဆုံးအဖြတ်ကိုခံယူတာတသီးပုဂ္ဂလပဲဖြစ်ဖြစ်၊ ပါတီတွေအနေနဲ့ပဲဖြစ်ဖြစ် ရွေးကောက်ပွဲမှာ လွတ်လွတ်လပ်လပ်ယှဉ်ပြိုင်ကြပြီး အနိုင်ရရှိတဲ့ပါတီနဲ့ လူပုဂ္ဂိုလ်တွေကိုစီမံခန့်ခွဲမှုအာဏာနဲ့ ဥပဒေပြုမှုအာဏာလွှဲအပ်ကျင့်သုံးခွင့်ပြုတာ ပါပဲ။

ဒီလစ်ဘရယ်နဲ့ ဒီမိုကရေစီကျအောင်လုပ်တဲ့သဘော (၂)ရပ်ဟာတချို့နိုင်ငံတွေမှာအဆင့်သဘောနဲ့ကူးပြောင်းပေမဲ့ တချို့နိုင်ငံတွေမှာကျတော့ ဒွေးရောယှက်တင်ကူးပြောင်းကြတာတွေ့ရပါသတဲ့ခင်ဗျာ။

အချက်အလက်အပေါ်မြင်ပုံ အဓိပ္ပါယ်ကောက်ယူပုံကွဲလွဲရာကနေ နိုင်ငံရေးနိဂုံးချုပ်ချက်နဲ့မဟာဗျူဟာချမှတ်ဆောင်ရွက်ပုံထိ ကွဲပြားကြစမြဲပါပဲ။ မြန်မာနိုင်ငံရေးခရီးကိုကြည့်ရာမှာလည်း တစ်စုတစ်ဖွဲ့အာဏာချုပ်နိုင်ငံရေးစံနစ်ကနေ ဒီမိုကရေစီစံနစ်ဆီကူးပြောင်းဖို့ ဗိုလ်ချုပ်နေဝင်းနဲ့အာဏာသိမ်းစစ်တပ်ဟာ ဘယ်တုန်းကမှမလုပ်ဆောင်ခဲ့ဘူးလို့ ကောက်ချက်ချသူတွေလည်းရှိပါတယ်။ ၁၉၈၈ ဇူလိုင် (၂၃)ပါတီညီလာခံမှာတင်လာတဲ့ တစ်ပါတီလား ပါတီစုံလားအဆိုတင်ခဲ့တာကအစ ၁၉၉၀ ရွေးကောက်ပွဲအထိဟာ လိမ်လည်လှည့်

ဖျားဆောင်ရွက်ချက်တွေသာဖြစ်တယ်လို့ သတ်မှတ်ကြတာတွေလည်းရှိပါတယ်။ နောက်ဆုံးယခုလုပ်နေတဲ့တွေ့ဆုံဆွေးနွေးရေးဟာ စစ်တပ်ရဲ့လူထုဆက်ဆံရေးဆိုင်ရာအကွက်တစ်ကွက်ပဲဖြစ်တယ်လို့ ထင်မြင်ကြသူတွေလည်း မနည်းလှပါဘူး။

တချို့ကနိုင်ငံရေးကို ချဉ်းကပ်ရာမှာရိုးသားမှုကို ပင်တိုင်ထားကြည့်တတ်ကြပါတယ်။ သူတို့ရိုးသားရင်ဒါတွေလုပ်မှာပေါ့ဆိုတဲ့ အနုမာနအဆိုတစ်ရပ်နဲ့ "ဒါတွေ"ကိုစာရင်းသတ်မှတ်ပါတယ်။ ပြီးတော့ အဲဒီစာရင်းနဲ့ပြန်ချိန်ထိုးကြည့်ပြီးတော်တော်လွဲနေရင် မရိုးသားဘူးလို့ ကောက်ချက်ချကြတာပေါ့လေ။

ကျွန်တော်ကတော့အထက်ကပြောခဲ့တဲ့ ချဉ်းကပ်ပုံတွေနဲ့မချဉ်းကပ်ဘဲ နိုင်ငံရေးအကူးအပြောင်းသီဝရိသဘောအရချဉ်းကပ်ပြီး မြန်မာပြည်မှာဖြစ်ပျက်ခဲ့ ဖြစ်ပျက်နေတာတွေကို သုံးသပ်ပါမယ်။

၁၉၈၈ ခုနှစ်ကစလို့ပေါ့လေ ဗိုလ်ချုပ်ကြီးဟောင်း ဦးနေဝင်းနဲ့တပ်ထွက် မဆလ ခေါင်းဆောင်အနည်းစုလေးကစပြီး ပါလီမန်ဒီမိုကရေစီစံနစ်ကို ပြန်သွားဖို့ပြောခဲ့ကြတာများ အသံအတိမ်အနက်သုံးနှုန်းပုံသာကွာခြားမယ် ယနေ့ နအဖ ဗိုလ်ချုပ်ကြီးအနည်းစုလေးအထိပါပဲ။ ဒါပေမဲ့တခြားနိုင်ငံတွေမှာလို ကန့်သတ်ချုပ်ချယ်တာတွေကို ဖြေလျော့ခဲ့သလား တနည်း–လစ်ဘရယ်ကျအောင်လုပ်ခဲ့သလားဆိုတော့ အချိန်ကာလအများစုမှာမလုပ်ဆောင်ခဲ့ကြဘူး လို့ဖြေရပေလိမ့်မယ်ခင်ဗျာ။

အရပ်သားထဲက ဥက္ကဋ္ဌဖြစ်လာတဲ့ဒေါက်တာမောင်မောင်ရဲ့ တစ်လတာ ကာလလေးမှာပဲ ချုပ်ချယ်တာတွေကို ဖြေလျော့ခဲ့တာတွေ့ရပါတယ်။ စစ်အုပ်ချုပ်ရေး ရုပ်သိမ်းတယ်။ နိုင်ငံရေးအကျဉ်းသားအချို့ ပြန်လွှတ်တယ်။ စာစောင်ထုတ်ဝေခွင့်တွေကို ဆင်ဆာကခွင့်ပြုလာတယ်။ လွတ်လပ်ခွင့်ကို တရားဝင်ထုတ်ပြန်ပေးတာမဟုတ်ပေမဲ့ အစိုးရပိုင်သတင်းစာအယ်ဒီတာအဖွဲ့တွေက သူတို့သဘောနဲ့သူတို့ ဆုံးဖြတ်ရေးသားထုတ်ဝေလာကြတယ်။ တစ်ပါတီလား၊ ပါတီစုံလား ဆန္ဒခံယူဖို့ဖွဲ့ထားခဲ့တဲ့အဖွဲ့ရဲ့ ဥက္ကဋ္ဌဦးတင်အောင်ဟိန်းက ဒါဆန္ဒခံယူဖို့မလိုတော့ဘူး။ လူထုကပါတီစုံသွားဖို့လုံလောက်တဲ့ဆန္ဒ ပြသပြီးတာကြောင့်ဒီအဖွဲ့ကို သူကဖျက်သိမ်းလိုက်တယ်။ ဒီလိုဆောင်ရွက်ချက်မျိုး အရင်ကဘယ်လုပ်နိုင်ပါ့မလဲ။ ဒါ့အပြင် အကူးအပြောင်းသီဝရီအရ အရေးကြီးတဲ့နိုင်ငံရေးဆုံးဖြတ်ချက်တစ်ရပ်ကတော့ပါတီနဲ့နိုင်ငံတော်ကို ခွဲခြားလိုက်တာပါပဲ။

ဦးနေဝင်းက တစ်ပါတီလား၊ ပါတီစုံလား၊ စရုံစလမ်းကြောင်းပေးပြီးထွက်သွားခဲ့ပါတယ်။ မလုပ်ခဲ့ပါဘူး။ ဒေါက်တာမောင်မောင်က လုပ်လာပါတယ်။ သူလုပ်တာတွေဟာတခြားနိုင်ငံတွေရဲ့အကူးအပြောင်းမှာ လစ်ဘရယ်ကျအောင်လုပ်တာတွေနဲ့ အတော်အတန်ဆင်ပါတယ်။

ဒါပေမဲ့အဲဒီတုန်းက ကျွန်တော်တို့ဒီမိုကရေစီအင်အားစုတွေက ဒီမိုကရေစီကျအောင်လုပ်တာပဲမြင်ချင်တယ်။ သူသာရိုးသားခဲ့ရင် ကြားဖြတ်အစိုးရ ဖွဲ့ပေးမှာပေါ့ဆိုတဲ့ "ခဲ့ရင်" စဉ်းစားပုံနဲ့ သူ့ကိုအကဲဖြတ်တယ်။ ဒီအခါ ဒေါက်တာမောင်မောင်ကို ယုံစရာအကြောင်းမရှိတော့ပါဘူး။

ဒီကာလကနေ ကျွန်တော်တို့ သင်ခန်းစာ (၂)ရပ် ယူဖို့လိုမယ်ထင်ပါတယ်။

ပထမသင်ခန်းစာက ကျွန်တော်တို့ဒီမိုကရေစီအင်အားစုတွေက ယူရမယ့်သင်ခန်းစာပါပဲ။ လစ်ဘရယ်ကျအောင်လုပ်တဲ့အဆင့်ဟာ ဒီမိုကရေစီကူးပြောင်းရေးမှာ အရေးကြီးတဲ့အဆင့်တစ်ရပ်ဖြစ်တယ်။ ဒီမိုကရစီကူးပြောင်းရေးမှာ အရေးအရာကိုစဉ်းစားတဲ့အခါ အုပ်

စိုးသူအတွင်းမှာ လစ်ဘရယ်ကျအောင်လုပ်မယ့်သူတွေ ပေါ်ပေါက်ရေး၊ ပေါ်လာရင်လည်း သူတို့ အနေအထား ခိုင်လာရေးတွေကို တွက်ဆဖို့ လိုမယ်ထင်ပါတယ်။

ဒုတိယသင်ခန်းစာကတော့ အုပ်စိုးသူတပ်မတော်ခေါင်းဆောင်တွေယူရမယ့် သင်ခန်းစာပါပဲ။ (၈၈)ကစလာတဲ့လမ်းကြောင်းကိုပြန်ကြည့်ရင်ဦးနေဝင်းက ပါတီစုံပြော၊ ဦးစိန်လွင်က ပစ်ခတ် နှိမ်နင်း ထောင်ချ၊ ဒေါက်တာမောင်မောင်က လစ်ဘရယ်ကျအောင်လုပ်၊ စစ်တပ်ကပစ်ခတ်၊ နှိမ်နင်း၊ ချုပ်ချယ်၊ (၉၀)ရွေးကောက်ပွဲလုပ်၊ အာဏာလွှဲမပေးပဲအမျိုးမျိုးဖိနှိပ်၊ ဒီတော့ ဒီမိုကရေစီအင်အားစုတွေလက်တွေ့ကြုံရပြီး လူထုမြင်နေရတာကတော့ ဟုတ်မလိုလိုစကားလေးကြားလိုက်ရ လက်သီးနဲ့ထိုး ရင်ဝဆောင့်အကန်ခံလိုက်ရတဲ့အဖြစ်မျိုးပါပဲ။ နေ့တဓူဝသတင်းစာတွေကလည်း အောက်တန်းကျကျငါးစိမ်းသည် ထမီလှန်ရန်တွေ့ပုံမျိုးနဲ့ ရေးသားနေတော့ စစ်တပ်အပေါ်လူထုက ဘယ်လိုများယုံရပါမလဲ။ ပါတီစုံဒီမိုကရစီကို သေနတ်မိုးပေါ်ထောင်မပစ်ဘူးဆိုတဲ့ ခြိမ်းခြောက်နည်းနဲ့သွားလို့မရပါဘူး။ ဒီတော့ တပ်အပေါ်လူထုယုံကြည်မှု ပြန်ထူထောင်ချင်ရင် လစ်ဘရယ်ကျတဲ့လုပ်ရပ်တွေ လုပ်ဖို့လိုပေလိမ့်မယ်ခင်ဗျ။

ဒါပေမဲ့ ကနေ့နိုင်ငံရေးကိုကြည့်တဲ့အခါကျတော့ မြန်မာပြည်မှာက ရွေးကောက်ပွဲကလည်း ကျင်းပပြီးခဲ့ပြီ။ လူထုကလည်းအစိုးရအဖွဲ့နဲ့ဥပဒေပြုရေးမှာ ခေါင်းဆောင်ကြဖို့ ရွေးချယ်ပေးပြီးပြီ။ ဒီမိုကရေစီကျအောင်လုပ်ရေးရဲ့အစိတ်အပိုင်းတစ်ရပ်က ရှိပြီးသားဖြစ်နေပြီဆိုပါတော့။ ဆိုလိုတာက လစ်ဘရယ်ကျအောင်လုပ်တဲ့ အပြောင်းအလဲတွေက ချို့တဲ့နေပြီး လူထုရွေးကောက်ပြီးပုဂ္ဂိုလ်တွေနဲ့ ပါတီတွေကရှိနေတယ်။ ဒီအခြေအနေကို ဘယ်လိုကူးပြောင်းကြမလဲ။ ကျွန်တော်တို့ ဆက်စဉ်းစားကြည့်ရအောင်။

လစ်ဘရယ်ကျအောင်လုပ်တဲ့အတွေ့အကြုံ (၃)မျိုးရှိတယ်လို့ ကျွန်တော်ပြောခဲ့ပေမဲ့ တတိယတစ်မျိုးအကြောင်း ကျွန်တော်မပြောခဲ့သေးပါဘူး။ ဒီတတိယတစ်မျိုးက စစ်တပ်ကရေးနေတဲ့ဖွဲ့စည်းပုံနဲ့ တော်တော်တူပါတယ်။

O'Donnell တို့ပြောသလို လူထုရဲ့အခွင့်အရေးတွေကိုကာကွယ်ပေးတာမျိုး Huntington ပြောသလို အာဏာမလွှတ်သေးတာကလွဲရင် လွှတ်လပ်ခွင့်တွေ ဖွင့်ပေးလိုက်တာမျိုး မဟုတ်ပါဘူး။

Luciano Martins ရဲ့အလိုအရ ဒီလိုနိုင်ငံတွေမှာ ဒီမိုကရေစီအဆောက်အအုံတွေကိုတော့ ချမှတ်ကြတယ်။ ဒါပေမဲ့ ဒီမိုကရေစီရဲ့မူကြီး (၄)ရပ်ကိုတော့ မကျင့်သုံးနိုင်အောင်လုပ်ထားကြတယ်တဲ့။ အဲဒီမူ (၄)ရပ်ကတော့ ပထမအုပ်ချုပ်ရာမှာ အများသဘောတူမှုရမယ်ဆိုတဲ့မူ၊ ဒုတိယအုပ်ချုပ်သူတွေဟာ နိုင်ငံရေးတာဝန်ခံရသလိုလူထုကစုံစမ်းမေးမြန်းစစ်ဆေးတာကိုဖြေကြားဖို့ တာဝန်ရှိတယ်ဆိုတဲ့မူ။ တတိယလူမျိုးစုနဲ့နိုင်ငံရေးလူနည်းစု အုပ်စုတွေအပါအဝင် နိုင်ငံရေးကိုယ်စားပြုမှု လုံလုံလောက်လောက်ရှိရမယ်ဆိုတဲ့အခွင့်အရေးဆိုင်ရာမူ။ စတုတ္ထအာဏာကို ပိုင်းခြားခွဲဖြန့်ထားရမယ်ဆိုတဲ့မူ။

တပ်ကဆွဲနေတဲ့ လက်ရှိဖွဲ့စည်းပုံကိုကြည့်ရင် တပ်မတော်ကချယ်လှယ်နိုင်ရေးကိုဦးတည်ထားပြီး ကာကွယ်ရေးဦးစီးချုပ်ကို အာဏာအများကြီးပေးထားတာ တွေ့နိုင်ပါတယ်။ စစ်တပ်ဟာ နိုင်ငံတော်တွင်းက နိုင်ငံတော်တစ်ရပ်ပဲ။ ပြောခဲ့တဲ့မူ (၄)ရပ်သိပ်အားနည်းတာတွေ့ရပါလိမ့်မယ်။

ဒါကြောင့်ဒီမိုကရေစီကျအောင်ကူးပြောင်းရာမှာ ရွေးကောက်ပွဲလုပ်ရုံ လွှတ်တော် ရှိရုံနဲ့မပြီးဘဲ ဒီမိုကရေစီရဲ့အနှစ်သာရတွေရှိဖို့လည်း အရေးကြီးလှပါတယ်။

ဒီမိုကရေစီဆိုတာ စစ်တပ်ခေါင်းဆောင်တွေ ဘုရင်လုပ်ဖို့အတွက် တရားဝင်အောင် လုပ်ပေးတဲ့ စံနစ်မဟုတ်ပါဘူး။

ဒီမိုကရေစီစံနစ်ကို လူထုကလည်းမပြည့်မစုံ နားလည်နေကြပုံရပါတယ်။ ဒီမိုကရေစီစံနစ်ပေါ်ပေါက်လာတာနဲ့ တိုင်းပြည်ဟာ အလိုလိုကောင်းလာမယ်။ ဘာကြောင့်လဲဆိုတော့ အစိုးရသစ်ဟာ လူထုဖြစ်ချင်တာတွေကို လုပ်ပေးမှာမို့ပဲ ထင်ကြတာကိုး။

ကျွန်တော်ကတော့ ဘာထရန်ရပ်ဆဲရဲ့ စကားကိုသွားသတိရမိတော့တာပါပဲ။ ဒီတွေးခေါ်ရှင်ကြီးကပြောဖူးတယ်ဗျ။ "ဒီမိုကရေစီ၏တန်ဖိုးသည် အဟန့်အတားသဘောကိုဆောင်၏။ ဒီမိုကရေဒီသည် အစိုးရကောင်းဖြစ်ရေးကို အာမခံချက်မပေးပါ။ သို့သော်အချို့သော မကောင်းဆိုးဝါးမှုများကိုကား အကာအကွယ်ပေးပါလိမ့်မည်" တဲ့။

၁၉၆၂ ကနေ ကနေ့ထိ ကျွန်တော်တို့တိုင်းပြည် ကြုံတွေ့နေရတဲ့ ပြဿနာဟာ အဲဒီ "အချို့သော မကောင်းဆိုးဝါးမှုများ" ပါ။ ဒီမကောင်းဆိုးဝါးတာတွေ ဘယ်ကပေါ်လာရတာလဲ။ မာတင်ပြောတဲ့ ဒီမိုကရေစီရဲ့မူ (၄)ရပ်ကင်းမဲ့တဲ့ တစ်စုတစ်ဖွဲ့ချုပ်အာဏာသုံးအုပ်ချုပ်တဲ့ နိုင်ငံရေးစံနစ်ကြောင့် ပေါ်လာရတာပါ။

အများသဘောကို စံနစ်ကကိုယ်စားမပြုနိုင်ဘူး။ အုပ်ချုပ်သူက အများသဘောကို မျက်ကွယ်ပြုလာတယ်။ နိုင်ငံရေး ကိုယ်စားပြုမှု အလုံအလောက်မရှိဘူး။

အုပ်ချုပ်သူတွေဟာ လူထုဆန္ဒကိုအလေးမထားတော့ လူထုနဲ့ဝေးလာပါတယ်။ စံနစ်ထဲမှာ မတူတဲ့နိုင်ငံရေးအမြင်တွေ၊ လူနည်းစုကိစ္စတွေဖော်ပြစရာ နေရာမရှိဘူး။ ဒီတော့ လူမျိုးစုတွေရဲ့ပြဿနာ အံုကြွလာတယ်။ အာဏာကိုသီးခြားလွတ်လပ်တဲ့ ခွဲဖြန့်ထားပုံမရှိတော့ အာဏာရှိသူကထင်သလိုကြပါလေရော။ လူထုမှာ စုံစမ်းမေးမြန်းစစ်ဆေးနိုင်တာ ဘာမှမရှိပါဘူး။ ဒီတော့အာဏာအလွဲသုံးစားမှုတွေရှိလာတယ်။ မတရားဖမ်းဆီးချုပ်နှောင်၊ ညှဉ်းပန်း၊ နှိပ်စက်တာကအစ၊ အာဏာကိုအလွဲသုံးစားပြု ခြစားတာအဆုံး ဒီမကောင်းဆိုးဝါးမှုတွေက မြန်မာပြည်ကို နှိပ်စက်ခဲ့တာပါပဲ။

ဒီတော့ အာဏာကိုဘယ်လို ထိန်းကျောင်းမလဲဆိုတာ ဒီမိုကရေစီဒဂ်ီးပြားရဲ့ မျက်နှာတစ်ဘက်ဖြစ်ပြီး အများသဘောဆန္ဒပြည့်ဝရေး မတူတဲ့အုပ်စုအသီးသီး ကျေနပ်ရေးနဲ့ လူနည်းစုကို အကာအကွယ်ပေးရေးဆိုတာက အခြားဘက်တစ်မျက်နှာ ဖြစ်ပါတယ်။

အာဏာကို ထိန်းကျောင်းရာမှာ ၂ မျိုးနဲ့ချဉ်းကပ်လို့ရပါတယ်။ တစ်မျိုးကအာဏာပိုင်ပုဂ္ဂိုလ်တွေကို ကန့်သတ်တာဖြစ်ပြီး ကျန်တစ်မျိုးက လူထုရဲ့လူ့အခွင့်အရေးနဲ့ လုပ်ပိုင်ခွင့်ကို နိုင်ငံတော်ကဝင်ရောက်စွက်ဖက်လို့မရအောင် လုပ်ဆောင်တာပါပဲ။ ဒီမိုကရေစီကူးပြောင်းရေးမှာ လစ်ဘရယ်ကျအောင် လုပ်ကြတဲ့အခါ ဒီလားရာနှစ်ရပ်နဲ့ သွားကြတာကိုးခင်ဗျ။ ပြောခဲ့သလိုပါပဲ O'Donnell တို့ရဲ့ချဉ်းကပ်မှုက အခွင့်အရေးကိုပင်တိုင်ထား ပြီး Huntington ကအာဏာချုပ်ထားတာတွေ ဖြေလျော့တာကို ပင်တိုင်ထားတာပါပဲ။ အကူးအပြောင်းမှာ ဒီလားရာ (၂)ရပ်လုံး သွားကြရမှာပေါ့။

ဒေါ်အောင်ဆန်းစုကြည်နဲ့ တပ်မတော်ခေါင်းဆောင်တွေ ဆွေးနွေးတဲ့အခါမှာလည်း ဒီလားရာ (၂)ရပ်အတိုင်းသွားဖို့ ဦးတည်ဆွေးနွေးကြမယ်လို့ ယူဆရပါတယ်။ ဒ့ါအပြင် ရွေးကောက်ပွဲကလည်း ရှိခဲ့ပြီးပြီ။ ငါတကောမကောပါဘူး။ လူထုဆန္ဒကို လေးစားပါတယ် ဆိုတာပြသဖို့လည်း တပ်မတော်မှာ တာဝန်ရှိပေမှာပေါ့ခင်ဗျာ။

ခြုံပြီးပြောရရင် ကျွန်တော်တို့နိုင်ငံအနေနဲ့ စဉ်းစားရမယ့်နိုင်ငံရေးခေါင်းစဉ် (၄)ရပ်ရှိလိမ့်မယ်လို့ ကျွန်တော်ထင်ပါတယ်။ တစ်ခုက "လူထုရဲ့ ၁၉၉၀ ခုနှစ်ဆန္ဒမဲ" ဆိုတဲ့ခေါင်း

စဉ်ပါပဲ။ ရွေးကောက်ပွဲဆိုတာ ဒီမိုကရေစီရဲ့ အခြေခံပဲမဟုတ်ပါလား။ ဒ့ါအပြင်တပ်မတော် အာဏာယူထားစဉ်ကာလ ဒီမိုကရေစီစံနစ်ပေါ်ပေါက်ရေးအတွက် အပြုသဘောနဲ့အပျက် သဘော ဆောင်ရွက်ချက်တွေရှိခဲ့ရာမှာ ၁၉၉၀ရွေးကောက်ပွဲဟာ အပြုသဘောအဆောင် ဆုံးဖြစ်တာမို့ လူထုဆန္ဒမဲကို ဘယ်လိုတုန့်ပြန်မယ်ဆိုတာ တပ်မတော်အတွက်လည်း အရေးကြီးလှပေတာပေ့ါခင်ဗျာ။

ဒုတိယခေါင်းစဉ်ကတော့ "အာဏာကိုကန့်သတ်ရေးနဲ့ လူ့အခွင့်အရေး အပြည့်အဝရရှိရေး" ဖြစ်ပြီး "ထိထိရောက်ရောက် စွမ်းဆောင်နိုင်တဲ့အစိုးရ စီမံခန့်ခွဲမှု ဖြစ်ရေး" ကတော့ နောက်ဆုံးခေါင်းစဉ်ပေ့ါ ခင်ဗျာ။

ပထမအကြောင်းအရာကလွဲလို့ကျန်အကြောင်းရပ်တွေဟာ ဒေါ်အောင်ဆန်းစုကြည်နဲ့တပ်မတော်ဆိုတဲ့နိုင်ငံရေးကိုယ်စားပြုမှုနှစ်ရပ်ရဲ့ဘောင်ထက် ပိုမိုကျယ်ပြန့်တဲ့အကြောင်းရပ်တွေဖြစ်နေတာ တွေ့ရပါလိမ့်မယ်။ ဖွဲ့စည်းအုပ်ချုပ်ပုံရဲ့ အဓိကအကြောင်းအရာတွေလည်းဖြစ်တာပေ့ါခင်ဗျာ။ ဒ့ါအပြင် ဒီမိုကရေစီကျရေးခရီးစဉ်ကိုသွားရာမှာ ကျွန်တော်ပြောခဲ့တဲ့ လစ်ဘရယ်ကျရေးဆောင်ရွက်ချက်တွေနဲ့ တိုက်ရိုက်ပတ်သက်နေတာလည်း တွေ့ရပါမယ်။

ဒီမိုကရေစီစံနစ်ဆီကိုကူးပြောင်းရာမှာ အကြိုလိုအပ်ချက်တစ်ရပ်ကတော့ အမျိုးသားညီညွတ်ရေးပဲလို့ ပညာရှင် Rustow ကဆိုတယ်ခင်ဗျ။ အမျိုးသားညီညွတ်ရေးဆိုရာမှာ တည်ဆဲနိုင်ငံရေးအုပ်စုအမျိုးမျိုးနဲ့ လူမျိုးစုတွေရဲ့အမြင် သဘောထားကိုလေးစားရေးပါဝင်သလို တိုင်းပြည်ရဲ့အနာဂတ်ရေးမှာ တည်ဆဲနိုင်ငံတော်အခြေအနေတွေ တစ်စုံတစ်ရာပါဝင်လာမှာကို လက်ခံရေးလည်း (to accept the existing state as constituting the relevant political unit for the future) ပါဝင်ပါတယ်။ တနည်းဆိုရင် တည်ဆဲနိုင်ငံရေးအနေအထားပေါ်မှာ လစ်ဘရယ်ကျအောင် ဆောင်ရွက်ရေးပဲလို့ ပြောနိုင်ပါတယ်။

ဒါကအာဏာရှင်နိုင်ငံအဖြစ်က အကူးအပြောင်းကာလမှာ အခြေခံပါပဲ။ ပညာရှင်တွေဖြစ်ကြတဲ့ Linz နဲ့ Stepan တို့ရဲ့အလိုအရဆိုရင် နယ်ပယ်ငါးရပ်ရဲ့ အပြန်အလှန်တုန့်ပြန်အားဖြည့်ဆောင်ရွက်ကြပုံက ဒီမိုကရေစီစံနစ် အားကောင်းရေးအတွက် သိပ်အရေးကြီးတယ်လို့ ဆိုပါတယ်။ အဲဒီနယ်ပယ်ငါးရပ်ကတော့

(၁) လွတ်လပ်ရှင်သန်တဲ့ လူထုဆိုင်ရာလူ့အဖွဲ့အစည်းတွေတည်ရှိရေး။ အင်္ဂလိပ်လိုတော့ civil society ပေ့ါခင်ဗျာ။ လူထုထဲမှာရှိကြတဲ့ လူပုဂ္ဂိုလ်အသီးသီးဟာ ကိုယ်ထားတဲ့ လူမှုတန်ဖိုးတစ်ရပ်ရပ်အတွက် အဖွဲ့တွေဖွဲ့ကြမယ်။ စည်းရုံးကြမယ်။ လှုပ်ရှားဆောင်ရွက်ကြမယ်ပေ့ါဗျာ။ ဆိုပါတော့ မြန်မာဘော်လုံးတိုးတက်ရေးအတွက် လုပ်ဆောင်ချင်ကြတဲ့ သူတွေဆိုပါတော့။ သူတို့သဘောနဲ့ သူတို့ လွတ်လွတ်လပ်လပ် ဖွဲ့စည်းလှုပ်ရှားခွင့်ရှိရမယ်ခင်ဗျ။ အစိုးရက ဒီလူထုအဖွဲ့အစည်းတွေကို ဩဇာပေးဝင်မစွက်ရပါဘူး။ ဒါကကျွန်တော်တို့ လူမှုဘဝမှာမြန်မာတွေတော်တော်လေး ဝါသနာပါကြတဲ့ကိစ္စလေးတစ်ရပ်ကို ကျွန်တော် ဥပမာပေးတာပါ။ ဒ့ါထက်မက အရေးကြီးတဲ့ ကိစ္စရပ်တွေအများကြီးရှိပါတယ်။

(၂) လွတ်လွတ်လပ်လပ် ဆုံးဖြတ်လုပ်ကိုင်ခွင့်ရှိတဲ့ နိုင်ငံရေးဆိုင်ရာလူ့အဖွဲ့အစည်း တစ်ရပ်ရှိရပါမယ်။ ဒီနယ်ပယ်အတွင်းမှာ နိုင်ငံရေးအားဖြင့် သူ့ဘာသာစုစည်းဖြစ်ပေါ် လာမယ်။ လူထုရေးရာစီမံခန့်ခွဲမှု အာဏာကို ယူနိုင်ခွင့်ရှိရမယ်ခင်ဗျ။

(၃) နိုင်ငံသားတွေရဲ့ လွတ်လပ်ခွင့်နဲ့ ဖွဲ့စည်းလုပ်ဆောင်ပိုင်ခွင့်ဘဝကို အာမခံချက်ပေးထားတဲ့ တရားဥပဒေရေးရာ စိုးမိုးမှုရှိရပါမယ်။

(၄) ဒီမိုကရေစီအစိုးရကအသုံးပြုနိုင်တဲ့ နိုင်ငံတော်ဗျူရိုကရေစီ တစ်ရပ်ရှိရပါမယ်။ ဒါက ထိထိရောက်ရောက်စွမ်းဆောင်နိုင်တဲ့ အစိုးရဖြစ်ပေါ်ဖို့အရေးကြီးပေတာကိုး။ စွမ်းဆောင်မှုညံ့ဖျင်းတဲ့ အစိုးရမျိုးနဲ့ချည်း ကြုံနေရရင် လူထုကဒီမိုကရေစီစံနစ်အပေါ် လည်း ယုံကြည်မှု နည်းလာတတ်ပါတယ်။

(၅) သူ့နေရာနဲ့သူ အတော်အတန်အသားကျပြီး စီးပွါးရေးဆိုင်ရာလူ့အဖွဲ့အစည်းရှိရပါမယ်။ နိုင်ငံတော်နဲ့ဈေးကွက်ကြား သတ်မှတ်ဆက်ဆံတဲ့စံနှုန်းတွေ စည်းမျဉ်းစည်းကမ်းတွေရှိရပါတယ်။ ဥပဒေအဆောက်အအုံနဲ့ သတ်မှတ်ထားတဲ့ ဘောင်တွေကလည်း လျော်ကန်သင့်မြတ်စွာ ရှိရပါမယ်တဲ့။

ဒီနယ်ပယ်ငါးရပ်လုံး ဖွံ့ဖြိုးလေ ဒီမိုကရေစီက ကျန်းမာသန်စွမ်းလေပေါ့ ခင်ဗျာ။ ကျွန်တော်တို့နိုင်ငံမှာတော့ ဒီနယ်ပယ်ငါးရပ်လုံးဟာ ကြုံလိုနေတာ အထူးအထွေပြောစရာလိုမယ်မထင်ပါဘူး။ ရည်ရွယ်သည်ဖြစ်စေ၊ မရည်ရွယ်သည်ဖြစ်စေ၊ တပ်မတော်ရဲ့ လုပ်ဆောင်ခဲ့သမျှဟာ နယ်ပယ်ငါးရပ်လုံးကို ဒုက္ခိတဖြစ်စေလောက်အောင်ကို အားနည်းစေခဲ့ပါတယ်။ ဘာကြောင့်ပါလဲ။

ဒီမိုကရေစီကို သွားရတဲ့လမ်းကြောင်းလိုအပ်ချက်တွေဟာ စစ်တပ်ဆိုတဲ့ အဖွဲ့စည်း ရဲ့ ထုံးစံဓလေ့နဲ့ ကဏ္ဍကောစ ဖြစ်နေတာကိုးခင်ဗျ။ ဒီအထဲ ၁၉၈၈ လူထုလှုပ်ရှားမှု အရှိန်အဟုန်ကြောင့် တပ်ကွဲမှာကိုစိုးရိမ်ထိန်းသိမ်းရင်း စစ်တပ်သည်သာ မျိုးချစ်စိတ်ရှိတဲ့လူထုအတွက်လုပ်နိုင်တဲ့ စီမံခန့်ခွဲမှုစံနစ် အလွန်ကောင်းတဲ့ အဖွဲ့အစည်းဖြစ်တယ်ဆိုတဲ့ အယူအဆက တပ်မတော်အတွင်း မသိစိတ်မှာ ကြီးထွားလာခဲ့တယ်ခင်ဗျ။ အရပ်စကားနဲ့ပြောရရင် ဟိုဟာကျယ်တဲ့ အစွန်းရောက်ရောဂါ ဝင်လာတယ်ဆိုပါတော့။ တပ်အထက်စီးရရေးဝါဒပေါ့ဗျာ။ ဒါကြောင့်လည်းတပ်ဟာ အထက်စီးဘုရင်လုပ်ဖို့လား။ လက်ရှိခံယူထားတဲ့ နအဖ အမည်အတိုင်း နိုင်ငံဖွံ့ဖြိုးတိုးတက်ဖို့ ကူညီဆောင်ရွက်မှာလားလို့ ကြုံတိုင်းကျွန်တော် မေးခွန်းထုတ်ခဲ့တာဖြစ်ပါတယ်။

အခုဒေါ်အောင်ဆန်းစုကြည်နဲ့ တွေ့ဆုံဆွေးနွေးရေးမှာရော အဲဒီကတဆင့်ဆက်လာနိုင်စရာရှိတဲ့ နိုင်ငံရေးတွေ့ဆုံဆွေးနွေးရေးတွေမှာပါ စစ်တပ်ဟာ ကိုယ့်ကိုယ် ကိုယ်ဒီမေးခွန်း အမြဲမေးနေရဦးမှာပါပဲ။

ဒ့ါအပြင် လစ်ဘရယ်ကျအောင်လုပ်တဲ့ နိုင်ငံရေးအစီအစဉ်နဲ့ တိုင်းပြည်ရဲ့ဖွဲ့စည်းအုပ်ချုပ်ပုံဟာ သဘောသဘာဝမတူဘူးဆိုတာလည်း ကျွန်တော်တို့ သတိပြုကြရပါမယ်။ လစ်ဘရယ်ကျအောင် ဆောင်ရွက်တာက ဒီမိုကရေစီဖော်ဆောင်ရေးအတွက် ရှေ့ပြေးအစီအစဉ်ကာလတိုကိစ္စဖြစ်ပြီး ဖွဲ့စည်းအုပ်ချုပ်ပုံရဲ့သဘောကတော့ ရေရှည်အတူနေထိုင်ရေးကိစ္စ ဒီမိုကရေစီမူတွေနဲ့အားဖြည့်ထားတဲ့ အမျိုးသားညီညွတ်ရေးဆိုင်ရာ ကာလရှည်သဘောတူညီချက် ဖြစ်တယ်ခင်ဗျ။ ဒါကို ကျွန်တော်ပြောနေရတာ အကြောင်းရှိပါတယ်။ အခုတပ်ကလုပ်နေတဲ့ဖွဲ့စည်းပုံဟာ တစ်စုံတစ်ရာလစ်ဘရယ်ကျရေးအစီအစဉ်ကို ရေရှည်ဖြစ်အောင် လုပ်ထားတာကြောင့်ပါပဲ။ ယာယီသဘောဖြစ်ရမှာတွေကို ထာဝရသဘောဆောင်အောင် ကြိုးပမ်းအားထုတ်ရင် အမျိုးသားညီညွတ်ရေးရဖို့ အင်မတန်ခက်ခဲတတ်ပါတယ်။ ပြည်တွင်းစစ်အစဉ်အလာရှိခဲ့တဲ့ တိုင်းပြည်အဖို့ အင်မတန်အန္တရာယ်ကြီးပါတယ်။

တွေ့ဆုံဆွေးနွေးရေးဟာ ဒီမိုကရေစီနိုင်ငံပေါ်ထွန်းရေးအတွက် အထောက်အပံ့ပြုတဲ့ သဘောတူညီချက်တွေရရှိပါစေ။ အမျိုးသားပြန်လည် ညီညွတ်ရေးအတွက် အွန္တရာယ် ဖြစ်စေနိုင်တဲ့ သဘောတူညီချက်တွေ ရှောင်နိုင်ပါစေလို့ ကျွန်တော် ဆုတောင်း လိုက်ပါ တယ် ခင်ဗျာ။

ပထမဆုံးထွက်လာတဲ့သတင်းကတော့ အရပ်သားအစိုးရတစ်ဖွဲ့ (၂)နှစ်ကနေ (၄) နှစ်အတွင်းမှာ ပေါ်ပေါက်လာဖို့မျှော်လင့်တဲ့ သတင်းပါပဲ။ ကုလသမဂ္ဂအထူးကိုယ်စားလှယ် မစ္စတာရာဇာလီအစ္စမေးနဲ့ နီးစပ်တဲ့သံတမန်အသိုင်းအဝိုင်းက ထွက်လာတဲ့သတင်းလို့ ဆိုတယ်ခင်ဗျ။ ၂၀၀၁ ခု နှစ်လယ်လောက်ရောက်တော့ Asiaweek မဂ္ဂဇင်းမှာ Roger Mitton က နှစ်ကုန်မှာ နိုင်ငံရေးသဘောတူညီချက်တစ်ရပ် ပေါ်လာနိုင်တယ်လို့ ရေးပြန်ပါတယ်။ ဒါပေမဲ့ မကြာသေးမီက RFA နဲ့အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်အတွင်းရေးမှူး ဦးလွင် တို့ အင်တာဗျူးလုပ်ရာမှာ မြန်မာစကားလုံးဆွေးနွေးတယ်ဆိုတာက အဓိပ္ပါယ်အမျိုးမျိုးရှိနေတယ်။ ဦးလွင်ရဲ့မှန်းဆနားလည်ချက်ဆိုရင် ထဲထဲဝင်ဝင်ဆွေးနွေးဝိုင်းကို သွားဖို့အတွက် အကြိုစကားပြောကြတာပဲ ရှိပါသေးတယ်တဲ့။ dialogue မဟုတ်ဘူး။ discussion ပဲရှိသေးတာပါတဲ့။ ယုံကြည်မှုတည်ဆောက်နေကြတဲ့အဆင့် ဆိုပါတော့။

နှစ်ဘက်တိုက်ခိုက်မှုတွေပြင်းထန်ခဲ့ကြတော့ ယုံကြည်မှုထူထောင်ရတယ်ဆိုတာ လိုအပ်ပါတယ်။ စကားပြောတာတွေကို လျှို့ဝှက်ထားဖို့လည်း လိုအပ်ပါတယ်။ ဒေါ်အောင်ဆန်းစုကြည်ကို အခြားနိုင်ငံရေးခေါင်းဆောင်တွေနဲ့တွေ့ဆုံခွင့်မပေးဘဲ ထိန်းချုပ်ထားတာလည်း နားလည်လို့ရနိုင်ပါသေးတယ်။

ဒါပေမဲ့ တစ်ဘက်မှာလည်း အချိန်တွေမကုန်သင့်ဘဲကုန်များနေသလားဆိုတာ စဉ်းစားစရာပါ။ မြန်မာပြည်လို ဆင်းရဲခေတ်နောက်ကျနေတဲ့နိုင်ငံအဖို့ ကမ္ဘာကြီးကိုမပြောနဲ့ အိမ်နီးချင်းအာဆီယံနိုင်ငံတွေကို အမီလိုက်ဖို့လိုအပ်နေပါတယ်။ ကုန်ခဲ့တဲ့နှစ်ပေါင်း (၄၀) အတွက် သူများထက်ဆယ်ဆကဲ အားထုတ်လုပ်ကိုင်နိုင်မှသာ ကျွန်တော်တို့ဘဝက တန်ကာကျမယ်ဆိုတာ မမေ့အပ်ပါဘူး။

နည်းပညာခေတ်မှာ နိုင်ငံတွေရဲ့တိုးတက်မှုနှုန်းက သမိုင်းမှာကြုံခဲ့တဲ့ ဘယ်အလျင်နှုန်းနဲ့မှမတူ အင်မတန်မြန်ဆန်လှတယ်ဆိုတာ ကျွန်တော်အထူးအထွေပြောဖို့လိုမယ်မထင်ပါဘူး။ တစ်ရက်ဆိုတစ်ရက်ပဲလို့ ကျွန်တော်တို့ မလေးနက်ခဲ့ရင် မြန်မာပြည်ရဲ့အနာဂတ်ဟာ သာယာနိုင်ဖို့ဝေးမြဲဝေးနေဦးမှာပါ။

ဒီလိုကျွန်တော်ပြောနေတာကြောင့် အနာကျက်ဖို့အတွက်နဲ့ ရှေ့ဆက်ဆံရေးအတွက် အုတ်မြစ်ချနေတဲ့ကာလကို အလျင်စလိုဆောင်ရွက်လုပ်ကိုင်ဖို့ တိုက်တွန်းနေတာလို့အဓိပ္ပါယ်မကောက်စေချင်ပါဘူး။ အကူးအပြောင်းကာလအတွက် ဆွေးနွေးရမယ့်အကြောင်းအရာတွေကို ရေးရေးမျှမြင်ရရုံနဲ့တင် ဆောင်ရွက်စရာတွေအများကြီးရှိတာကို သဘောပေါက်နိုင်ပါတယ်။ ဒါကြောင့်မို့ နှစ်ဦးနှစ်ဘက်ယုံကြည်မှု တည်ဆောက်နေတာနဲ့တပြိုင်တည်းမှာပဲ ဖြစ်နိုင်ဖွယ်ရှိတဲ့ နိုင်ငံရေးဖြေရှင်းမှုလမ်းကြောင်းအမျိုးမျိုးကို ရှာဖွေထားတာကော ဆောင်ရွက်လို့မဖြစ်နိုင်ဘူးလား။ ဒါကျွန်တော်စဉ်းစားကြည့်နေတာဖြစ်ပါတယ်။

မြန်မာနိုင်ငံရေးဆွေးနွေးပွဲမှာ အလုပ်သဘောအရ (၂)မျိုးရှိမယ်ထင်ပါတယ်။ တစ်မျိုးက ၁၉၉၀ ရွေးကောက်ပွဲလူထုဆန္ဒကို အသိအမှတ်ပြုတဲ့ နိုင်ငံရေးဖြေရှင်းမှုတစ်ရပ် ရရှိဖို့ဖြစ်ပါတယ်။ နောက်တစ်မျိုးကတော့ တိုင်းရင်းသားလူမျိုးစုများရဲ့ အရေးကိစ္စဖြစ်ပါတယ်။ ဒီနှစ်မျိုးလုံး အကျုံးဝင်ရလေအောင် ကုလသမဂ္ဂအပါအဝင် နိုင်ငံရေးအင်အားစုတွေက

သုံးပွင့်ဆိုင် တွေ့ဆုံဆွေးနွေးရေးကို ပြောနေကြတာပါပဲ။

တပ်မတော်ခေါင်းဆောင်တွေက ဒီအလုပ်တွေလုပ်ဖို့ အဆင့် (၂)ဆင့်ခွဲကြည့်ထားပုံရသဗျ။ တစ်ဆင့်ပြီးမှတစ်ဆင့်သွားမယ်ပေ့ါလေ။ အဖွဲ့တွေများလာလေ၊ နိုင်ငံရေးပြဿနာတွေက နက်ရှိုင်းရှုပ်ထွေးလာလေ၊ သဘောတူညီချက်ရဖို့ခက်လေ ဖြစ်တတ်တော့ ဒီချဉ်းကပ်မှုက နိုင်ငံရေးအကူးအပြောင်းသဘောအရ အကျိုးသင့်အကြောင်းသင့်ပါပေတယ်လို့ ဆိုရမှာပါပဲ။ ဒါပေမဲ့ အချိန်သိပ်ကုန်စရာ ရှိပါတယ်။

ဒါကြောင့် ကျွန်တော်အကြံပြုချင်တာကတော့ တွေ့ဆုံဆွေးနွေးရေး အထောက်အကူပြု အဖွဲ့ငယ် (၂)ဖွဲ့ ဖွဲ့ဖို့ပါပဲ။

(၁) ဒီအဖွဲ့နှစ်ဖွဲ့လုံးဟာ အလုပ်သဘောအဖွဲ့တွေပဲဖြစ်ရပါမယ်။ ဘယ်နိုင်ငံရေးကိုမှ ကိုယ်စားပြုတဲ့အဖွဲ့တွေ မဖြစ်ရပါဘူး။ အလုပ်သဘောအဖွဲ့ ဖြစ်တာကြောင့် ဖြစ်နိုင်ဖွယ်ရှိတဲ့ နိုင်ငံရေးလမ်းကြောင်းတွေရှာဖွေရေးဟာ ဒီအဖွဲ့ရဲ့ မစ်ရှင်ဖြစ်ပါတယ်။

(၂) ဒီအဖွဲ့ဟာ ဆိုင်ရာနိုင်ငံရေးအဖွဲ့ ဒါမှမဟုတ် တိုင်းရင်းသားအဖွဲ့ခေါင်းဆောင်တွေကိုတွေ့ဆုံပြီး သူတို့ကတိုင်းပြည်အတွက်အရေးကြီးတယ်ယူဆတဲ့ ဒါမှမဟုတ် တန်ဖိုးထားတဲ့ ဒါမှမဟုတ် ရတက်မအေးတဲ့ အကြောင်းရပ်တွေကိုနားထောင်မှတ်သားပါမယ်။ ဒီအကြောင်းရပ်တွေကို စဉ်းစားဖို့ ဦးစားပေးအဆင့်သတ်မှတ်ပေးဖို့လည်း မေတ္တာရပ်ခံချင်ရပ်ခံပါလိမ့်မယ်။ တနည်းပြောရင် အလုပ်သဘောအရ လိုအပ်တာတွေကိုကူညီဖို့ အဖွဲ့အားလုံးကို မေတ္တာရပ်ခံပါမယ်။

(၃) ဒီအဖွဲ့က နိုင်ငံရေးအဖြေအမျိုးမျိုးကို ရှာပါမယ်။ အဖြေအမျိုးမျိုးဟာ ဆိုင်ရာအဖွဲ့အသီးသီးရဲ့ အကျိုးစီးပွါးတွေ ဖြည့်ဆည်းနိုင်သမျှ ဖြည့်ဆည်းနိုင်ရပါမယ်။

(၄) အဖွဲ့အရွယ်အစားဟာ (၅)ယောက် ဒါမှမဟုတ် (၇)ယောက်ထက်မပိုသင့်ပါဘူး။ အလုပ်အဖွဲ့ဖြစ်တာကြောင့် နိုင်ငံရေးအုပ်စုကိုယ်စားပြုစရာ မလိုပါဘူး။ ဒါပေမဲ့ ဖြစ်နိုင်ဖွယ်လမ်းကြောင်းတွေစဉ်းစားတဲ့ အစည်းအဝေးတွေမှာ အုပ်စုကိုယ်စားလှယ်တွေကို အကြံဉာဏ်ပေးနိုင်ဖို့ ဖိတ်ခေါ်နိုင်ပါတယ်။

(၅) အဖွဲ့ဝင်တွေဟာ မြန်မာ့နိုင်ငံရေးနဲ့ ရင်းနှီးရပါမယ်။ နိုင်ငံရေးအကူးအပြောင်းသဘာဝကိုလည်း နားလည်ရပါမယ်။ ကိုယ်နဲ့မတူတဲ့ တဘက်လူနေရာကိုဝင်စဉ်းစားနိုင်သူ ဖြစ်ရပါမယ်။ ဖွင့်ထားတဲ့စိတ် ရှိရပါမယ်။ အသိပညာ ဗဟုသုတကြွယ်ဝသူတွေဖြစ်ရပါမယ်။ ဒီဇိုင်းစဉ်းစားပုံ ရှိရပါမယ်။ အဖွဲ့ဝင်အဖြစ် အဖွဲ့စုံကအဆိုပြုညှိနှိုင်း ရွေးချယ်ရပါမယ်။

(၆) စဉ်းစားရာမှာ လမ်းကြောင်း အမျိုးမျိုးရရှိဖို့ နိုင်ငံတကာ နိုင်ငံရေးအကူးအပြောင်းအတွေ့အကြုံလိုအပ်ပါတယ်။ ဒါပေမဲ့အဖွဲ့ဝင်အဖြစ် နိုင်ငံခြားသားပညာရှင်ပါဝင်လာတာဟာ နိုင်ငံရေးအရလက်ခံဖို့ တချို့ကခက်ကောင်းခက်နေပါလိမ့်မယ်။ ဒါကြောင့် ဒီအဖွဲ့အတွက် ကုလသမဂ္ဂအနေနဲ့ အတိုင်းပင်ခံပါမောက္ခအဖွဲ့တစ်ဖွဲ့ကို ခန့်ထားပေးသင့် ပါတယ်။

(၇) သီးခြားလွတ်လပ်စွာ ဆောင်ရွက်နိုင်ဖို့အတွက် ဒီအဖွဲ့ကို ကုလသမဂ္ဂအထူးကိုယ်စားလှယ်ရဲ့ အောက်မှာ ထားရှိဖို့ပါပဲ။

ဒီအဖွဲ့ဟာ အထောက်အကူပြု အလုပ်အဖွဲ့ဖြစ်တာကြောင့် သူတို့တင်ပြသမျှဖြေရှင်းပုံကို အုပ်စုအသီးသီးက စဉ်းစားဖို့ပါပဲ။ ဒေါ်အောင်ဆန်းစုကြည်နဲ့ တပ်မတော်ခေါင်း

ဆောင်တွေရဲ့ လက်ရှိဆွေးနွေးပွဲကလည်း ဆက်သွားနေလို့ရပါတယ်။ ဒီအဖွဲ့တွေဖွဲ့တဲ့အတွက် ထိခိုက်စရာရှိလိမ့်မယ်လို့ ကျွန်တော်မထင်ပါဘူး။ အသင့်ပြင်ဆင်ပေးထားတဲ့အတွက် ခေါင်းဆောင်တွေအနေနဲ့ အချိန်ကုန်သက်သာ ခေါင်းခဲစရာသက်သာပါသေးတယ်။ ခေါင်းဆောင်တွေက အသေးစိတ်ပြန်ညှိကြရုံပါပဲ။ လက်မခံချင်လည်း ဒီအဖွဲ့လုပ်သမျှပယ်ချလိုက်ရုံပါပဲ။ ဘယ်သူမှဘာမှ နစ်နာစရာအကြောင်း မရှိဘူးထင်ပါတယ်။ ဒါ့အပြင်အဖွဲ့အသီးသီးဟာ ပိုနားလည်လာ ပိုကျယ်ကျယ်ပြန့်ပြန့် စဉ်းစားလာနိုင်တဲ့ အကျိုးကျေးဇူးကိုလည်း ရရှိပါလိမ့်မယ် ခင်ဗျား။ ။

ဥပဒေနှင့်ဘာသာရေး

# မြန်မာနိုင်ငံအတွင်းဥပဒေနှင့် ဘာသာရေး

**Peter Gutter**

၁၈၂၄–၂၆ ၊ ၁၈၅၂–၅၃ နှင့် ၁၈၈၅–၈၆ စစ်ပွဲ သုံးကြိမ်ကာလအတွင်း မြန်မာနိုင်ငံသည် ဗြိတိသျှလက်အောက်ခံ နိုင်ငံအဖြစ် သိမ်းသွင်းခြင်း ခံခဲ့ရသည်။ ကိုလိုနီစနစ် အစပြုချိန်တွင် (အခြားကိုလိုနီလက်အောက်ခံ နိုင်ငံများနည်းတူ) ဒေသန္တရအရေးတွင် ဝင်ရောက်စွက်ဖက်မှုမပြုခြင်းဆိုသော ဗြိတိသျှအစိုးရဝါဒရှိခဲ့သည်။ ၎င်းမှာဗြိတိသျှအစိုးရအနေနှင့် ပို၍ရင်ဆိုင်ရမည့်အဖြစ်မျိုး မဖန်တီးလိုခြင်းဖြစ်သည်။ ဤဝါဒကိုလက်ခံကျင့်သုံးခြင်းမပြုခဲ့လျှင် ပြည်သူများအတွင်း ထကြွမှုနှင့်မကြေနပ်မှုများ တိုးပွါးလာခဲ့မည်ဖြစ်ပြီး ဗြိတိသျှအစိုးရ၏ရပ်တည်မှုကို အန္တရာယ်ဖြစ်ဖွယ်ရှိသည်။ ယင်းဝါဒသည် (၁၈)ရာစု နှစ်များအတွင်း အိန္ဒိယပြည် ကိုလိုနီအုပ်ချုပ်ရေးတွင် ကိုလိုနီစနစ် ကြိုးကိုင်သူများတို့၏ အတွေ့အကြုံကို ရောင်ပြန်ဟပ်စေခဲ့သည်။

၎င်းအတွေ့အကြုံတွင် ၁၇၇၃ ခုနှစ် မြို့ဝန်တရားရုံးတော်၏ ပေးအပ်သော အထူးအခွင့်အရေးပေးစာချုပ် ပြုပြင်ခြင်းပါဝင်သည်။ ဤစာချုပ်မှာ ဗြိတိသျှနယ်ပါယ်အတွင်းရှိ အိန္ဒိယ ဌာနေဥပဒေနှင့် ဓလေ့ထုံးတမ်း[၁] သီးသန့်ထားရှိခြင်းကို ဖော်ညွှန်းခဲ့သည်။ ၁၇၇၂ ခုနှစ် Warren Hastings ၏ ၂၃ကြိမ်မြောက်အုပ်ချုပ်ရေးပြုပြင်ရေးတွင် ဤဝါဒကို ပြန်လည်ကျင့်သုံးခဲ့သည်။

၁၇၈၁ ခုနှစ် စီရင်ချက်ပုဒ်မတွင် ဤကိုလိုနီဝါဒလမ်းညွှန်တွင် ပါဝင်ခဲ့သည်။ ယင်းပုဒ်မတွင် ဟိန္ဒူနှင့် မူစလင် ဘာသာဆိုင်ရာ ဥပဒေများ ထိန်းသိမ်းရေးကို အတည်ပြုခဲ့သည်။ အမွေဆိုင်ရာ၊ အရိုက်အရာ ဆက်ခံခြင်းဆိုင်ရာနှင့် စာချုပ်ဆိုင်ရာကိစ္စများနှင့် စပ်လျဉ်း၍ ဟိန္ဒူနှင့်မူစလင်တို့၏ ဥပဒေအတိုင်း ဆုံးဖြတ်ရန်နှင့် မူစလင် သို့မဟုတ် ဟိန္ဒူတစ်မျိုးတည်းရှိသောအမှုမျိုးတွင် မိမိတရားခံနှင့်ဆိုင်သော ဥပဒေအရဆုံးဖြတ်ရန် ဤလမ်းညွှန်က ပြဋ္ဌာန်းထားသည်။

၁၈၃၃ ခုနှစ် စာချုပ်ပါ ဥပဒေသည် အဆိုပါဥပဒေများကို ဖော်ညွှန်းခဲ့သည်။ ၎င်းဥပဒေများကိုစီစဉ်ရန်၊ သို့မဟုတ် ပြဋ္ဌာန်းရန်၊ သို့တည်းမဟုတ် တည်စေရန်နှင့် ပြုပြင်ရန်လိုအပ်ပါက လိုအပ်သလိုဆောင်ရွက်မည်ဟု အတိအလင်းဖော်ပြထားခဲ့သည်။ ဤအရေး

ကြောင့် ဥပဒေကော်မရှင်တစ်ဖွဲ့ကို ဖွဲ့စည်းတည်ထောင်ခဲ့သည်။ ၎င်းအဖွဲ့သည် အိန္ဒိယနိုင်ငံထဲတွင် ပြည်သူအားလုံးကို ဥပဒေတစ်ရပ်တည်းဖြင့် အုပ်ချုပ်၍မရနိုင်ကြောင်းကို သိရှိခဲ့သည်။ ထိုကြောင့် ၎င်းကော်မရှင်၏ မူမှာ– "တညီတညွတ်တည်း ရနိုင်သည့်နေရာတွင် ရယူစေရန်၊ ခွဲခြားဆောင်ရွက်သင့်သည့်နေရာတွင် ခွဲခြားဆောင်ရွက်ရမည် ဖြစ်သော်လည်း အရာခပ်သိမ်းတွင် သေချာပါစေ[၂]" ဟူ၍ရှိခဲ့သည်။ ဘယ်လိုပင်ဖြစ်စေ ဥပဒေများစုစည်းသည့်လုပ်ငန်းမှာ မည်သည့်အခါမှ ပြီးစီးခြင်းမရှိခဲ့ပေ။

အန္ဒိယနိုင်ငံအတွင်း ပြည်နယ်ဥပဒေတိုင်း[၃]၌ ဘာသာရေးနှင့်ဆိုင်သော ချွင်းချက်များကို တွေ့ရလေသည်။ ဥပဒေမှ အတည်ပြုသော ဘာသာရေးဆိုင်ရာ ဓလေ့ထုံးစံများကို ပန်ဂျ ပြည်နယ်[၄]တွင် ဥပဒေအသိအမှတ်ပြုသည်။ (မစွက်ဖက်ခြင်း) မူဝါဒကို ၁၈၁၄– ၃၅ နှစ် အိန္ဒိယနိုင်ငံတော်အစိုးရ၏ ဥပဒေများထဲတွင် ဥပဒေအတည်ပြုပြန်သည်။ ထို့ကြောင့် မြန်မာနိုင်ငံတွင် ကိုလိုနီအုပ်ချုပ်ရေးစတင်သည့်အခါ ဘာသာရေးလောကတွင် ဥပဒေထိန်းသိမ်းရေးသည် အသစ်အဆန်းတရပ် မဟုတ်တော့ပေ။

## ဥပဒေ၊ ဘာသာရေးနှင့် ဗြိတိသျှသားများ

ဗြိတိသျှသားများအနေနှင့် မြန်မာနိုင်ငံအတွင်း ပြည်သူ့တရားစီရင်ရေး အုပ်ချုပ်မှုကို အဆင့်တိုးမြှင့်လာသောအခါ ၁၈၇၂[၅] ခုနှစ်၏ မြန်မာနိုင်ငံဆိုင်ရာဥပဒေအပိုဒ် (၆) ၌ ဗုဒ္ဓဘာသာဆိုင်ရာ ဥပဒေကို ပဌမအကြိမ်အဖြစ် တွေ့ရသည်။ ဤအပိုဒ်သည် မြန်မာနိုင်ငံအတွင်းရှိ ဗြိတိသျှအစိုးရ၏ တရားရုံး၊ အထူးသဖြင့် အရိုက်အရာဆက်ခံခြင်း၊ အမွေဆက်ခံခြင်း၊ သို့မဟုတ် လက်ထပ်ထိမ်းမြားခြင်းကိစ္စများ၊ နှစ်ဖက်သောအမှုသည်များမှာ အကယ်၍ ဗုဒ္ဓဘာသာဝင်များဖြစ်နေသောအမှုမျိုးတွင် ကိုင်တွယ်စီရင်ရန်အတွက် ဗုဒ္ဓဘာသာဆိုင်ရာ ဥပဒေလမ်းညွှန်ဖြစ်သည်။ သို့ရာတွင် ယင်းအပိုဒ်သည် ဗြိတိသျှပိုင် မြန်မာနိုင်ငံအတွင်း ဥပဒေအတည်ပြုမှုအရ သို့မဟုတ် မည်သည့်ဓလေ့ထုံးတမ်းတို့ကိုမဆို ဆန့်ကျင်သောအာဏာရှိနေသည့် ဗြိတိသျှဥပဒေများတို့ဖြင့် ပြောင်းလဲခြင်း သို့တည်းမဟုတ် ဖျက်သိမ်းခြင်းခံရသော ဗုဒ္ဓဥပဒေများတွင်မူကား အကျုံးဝင်ခြင်းမရှိ။

အလားတူပြုပြင်မှုမျိုးကို ၁၈၉၈ ခုနှစ် မြန်မာပြည်အက်ဥပဒေထဲတွင် ထပ်မံတွေ့ရှိရပြန်သည်။ ယင်းဥပဒေများကို အခြားဘာသာတရားများမှာမူ ပြုလုပ်ဆောင်ရွက်ခြင်းမရှိ။ ၎င်းကိစ္စတွင် အံ့သြရခြင်းမှာ ကိုလိုနီဥပဒေသည် အကျုံးဝင်နေသော တရုပ်နှင့်အိန္ဒိယတိုင်းရင်းသားများရှိခြင်းကြောင့်ပင်။ ခြားနားလာသည့် အခြားဘာသာတရားများက ဥပဒေမျှတမှုကို လိုလားနေခဲ့ကြသည်။ သို့သော် ၁၈၉၈ ခုနှစ် မြန်မာပြည်ဥပဒေထဲတွင် အကျဉ်းချုပ်ကလေး မျှသာဖော်ပြပါရှိခဲ့သည်။ ၎င်းဥပဒေတွင် လိုရင်းအချက်များ ပြည့်စုံမှုမရှိပဲ ဗုဒ္ဓဥပဒေ (မြန်မာ ဓလေ့ထုံးတမ်းဥပဒေ)မှာ လွှတ်တော်မှာအတည်ပြုသော ဘာသာရေးဆိုင်ရာ နယ်ပယ်နှင့်ဆိုင်သော ဥပဒေအဖြစ် ပြုလုပ်ခြင်းခံရသည်။

အစ္စလန်ဘာသာထိန်းသိမ်းမှုမှာ ပြည့်စုံခြင်းမရှိ။ ရှရိယ (Shariat)အက်ဥပဒေမှအပ အစ္စလန်ဥပဒေကို မဓ္ဍိရာ(Madhya Pradesh) ဥပဒေ၊ အရှေ့နှင့်အနောက်ပန်ဂျပြည်နယ်၊ အာဂျမာ–မာဝရ(Ajmer-Merwara)နှင့် အူဒ(Oudh) ပြည်နယ်များတွင် အစဉ်

အလာအ ရအသုံးပြုရန်အတွက်သာ ထိရောက်မှုရှိသည်။ ၎င်းကို ပါတီများ၊ သို့မဟုတ် ဘုံဘေပြည်နယ် မူဖဆာ (Mufassal) အတိုက်အခံအဖွဲ့နှင့် ရန်ကုန်တရားရုံးများတွင်လည်း အသုံးပြုသည်။ သို့ရာတွင်မြန်မာပြည်တွင် အခြားဒေသများ၌ ကျင့်သုံးခြင်းမရှိ။ အိန္ဒိယပြည်အတွင်း အခြားတရားရုံးများတွင် အစ္စလန်ဥပဒေကို တရားမျှတမှု၊ သာတူညီမျှရှိမှုနှင့် ဩတပ္ပတရားကျေအောင် အစဉ်အလာအရ ကျင့်သုံးသည်။ ရန်ကုန်အထက်လွှတ်တော်တရားရုံးက ၎င်းကိုမှားယွင်းသောကျင့်သုံးမှုဖြစ်သည်ဟု ယူဆခဲ့သည်။ ၎င်းဆုံးဖြတ်ချက် ဖြစ်လာရခြင်းအကြောင်းကား မြန်မာနိုင်ငံတွင် အစ္စလန်ဥပဒေသည် အစဉ်အလာအရသာကျင့်သုံးရန်ဖြစ်ပြီး မူအရကျင့်သုံးရမည့် အစ္စလန်ဥပဒေမဟုတ်၊ သို့ရာတွင် အစ္စလမ်ဥပဒေအပိုဒ် ၁၂၉ အရ တရားမျှတမှု၊ သာတူညီမျှရှိမှုနှင့် ဩတပ္ပတရားကျေမှုများအပေါ် သီးသန့်ထားရသောမူဟူသော ပစ္စည်းပြောင်းလဲပေးခြင်းဆိုင်ရာ ဥပဒေသီးသန့်ထားရှိမှု မရှိခဲ့ပေ။ ထို့ကြောင့် အပိုဒ် ၁၂၃[၆] ကို ကျင့်သုံးရခြင်းဖြစ်သည်။

## ဗုဒ္ဓဘာသာ ဥပဒေ (ဗုဒ္ဓဓမ္မသတ်)

မူစလင်ဘာသာဝင်များ အကြောင်းနှင့်စပ်လျဉ်း၍ ကွဲပြားသော ကျောင်း၊ သို့မဟုတ် ဂိုဏ်း၊ ဇာတ်များ ရှိနေသော်လည်း မူစလင်အားလုံးဆိုင်ရာ ဥပဒေတရပ် ရှိနေလျက်ပင်ဖြစ်သည်။ ထိုနည်းတူစွာ မြန်မာတိုင်းရင်းသားများအပြင် အခြားတိုင်းရင်းသားပေါင်းစုံ ပါဝင်လျက်ရှိနေခြင်းကြောင့် ကျယ်ဝန်းသောစကားအသုံးအနှုန်းရှိမည်ဖြစ်ပြီး ဥပဒေစကားဆက်အရ တိမ်းစောင်းလွဲချော်မှုပါဝင်စရာအကြောင်းရှိနိုင်သည်။ ဗုဒ္ဓဘာသာဝင်တိုင်းပြည်အများအပြားတွင် Vinaya[၇] ကိုအများအပြား လက်ကိုင်ထားရှိသော်လည်း ဗုဒ္ဓဘာသာဝင်အားလုံးအတွက် ကျင့်သုံးရန် တခုတည်းသော ဥပဒေကားမရှိသေးပေ။ ၎င်းသည် လောကီကျင့်ဝတ်နှင့် ကင်းကွာစွာကျင့်လျက်နေသော သံဃာနှင့်သီလရှင်များနှင့် သက်ဆိုင်လျက်ရှိနေသော်လည်း သံဃာဝတ်ရုံနှင့် စားသောက်ချိန်များအပေါ်ကိုသာကြည့်၍ သေးနုပ်သောအရာဖြစ်သည်မှတပါး အခြားဘာမျှမရှိဟုထင်မှတ်မိပါက မှားသွားပေမည်။ Samantapasadika (CPD 1.2,1)[၈]သည် Vinayaတွင် ပဌမရာစုနှစ်များ၏အကြီးမြတ်ဆုံးပညတ်တော်ဖြစ်ပြီး၊ သီရဘဒ္ဒဗုဒ္ဓဘာသာဝင် တစ်ဦးဘယ်လိုဖြစ်ရမည်ကို သစ္စာတော်ခံယူချက်အရ လက်တွေ့သဘောအားဖြင့် အဓိပ္ပါယ်ဖွင့်ဆိုထားသည်။ ၎င်းကျမ်း၏သုံးပုံတပုံမှာ ခိုးယူခြင်း၊ လူ့အသက်ကိုသတ်ခြင်းနှင့် မတရားသောမေထုံမှီဝဲခြင်းတို့ပါဝင်သည့် ပါတိမောက္ခ(Patimokkha)[၉] ဝဥ္စာည်း ၂၂၇ပုဒ်အနက် ၃ပုဒ်ကိုသာ ရှင်းလင်းရေးသားထားသည်။ အရှေ့တောင်အာရှကျမ်းပြုဆရာများ စိတ်ပါဝင်စားသည့်အတိုင်း Vinaya မှကူးယူထည့်သွင်းထားခဲ့ ကြသည်။

အကယ်၍ ဘုန်းကြီးကျောင်းများအပြင်တွင် နေထိုင်သူများအတွက် ဤဗုဒ္ဓဝင်ဥပဒေသည် မြန်မာနိုင်ငံအတွင်းရှိတရားရုံးများမှ လက်ခံထားရှိသည့်အတိုင်း မြန်မာဗုဒ္ဓဘာသာဥပဒေ[၁၀]ဖြစ်ခဲ့လျင် အခြားတိုင်းပြည်အသီးသီး[၁၁]ရှိ ဗုဒ္ဓဘာသာဝင်များအပေါ် မြန်မာပြည်ရှိတရားရုံးများ တစိတ်တဒေသအဖြစ် မကျင့်သုံးပဲမနေရသော သဘောသက်ရောက်မ

သက်ရောက်သည်ကို တရားဝင်မေးခွန်းထုတ်ရန် အကြောင်းရှိသည်။ အခြားမေးခွန်းတပုဒ်မှာ ဗမာ(Burman)နှင့် (Burmese)ဟူသောဝေါဟာရနှစ်လုံး မည်ကဲ့သို့ ကွာခြားပါသနည်း?– ဟူ၍ဖြစ်သည်။ ၎င်းဝေါဟာနှစ်လုံးကို ကိုလိုနီခေတ်တွင် လဲလှယ်၍အသုံးပြုခဲ့သည်။ ၁၉၃၅ခုနှစ်မှစ၍ ဗမာ(Burman) လူမျိုးကို မြန်မာနိုင်ငံဗမာ (Burman) 'လူမျိုးစု' အတွက် အဓိပ္ပါယ်ဖော်ဆောင်ပြီး မြန်မာ(Burmese) လူမျိုးကိုမြန်မာနိုင်ငံအတွင်းနေထိုင်သော တိုင်းရင်းသား[၁၂] အသီးသီးကို ခေါ်ကြောင်းထင်ရှားသည်။

မြန်မာဗုဒ္ဓ ဥပဒေတွင် ပြောင်းလဲမှုများရှိခဲ့သော်လည်း မူရင်းစကားလုံးများပျောက်ပျက်ခြင်း မရှိခဲ့ပေ။ ဗြိတိသျှကိုလိုနီ အုပ်ချုပ်ရေးလက်အောက်တွင် ကျင့်သုံးသူများအနက် မြန်မာဗုဒ္ဓဘာသာဝင်များအပြင် မြန်မာနိုင်ငံအတွင်းရှိ လူနည်းစုများကို သီးခြားတရားရုံးနှင့် သီးခြားအုပ်ချုပ်ရေး ရုံးလုပ်ငန်းစနစ်များရှိပြီး မြန်မာနိုင်ငံတရားစီရင်ရေးနှင့်မတူပဲ မိမိတို့၏မူလခြေခံဥပဒေနှင့် ကျင့်ထုံးများအသီးသီး ရှိခဲ့ကြသည်။ ၁၈၉၈ခုနှစ်၊ မြန်မာပြည်အက်ဥပဒေအရ ဥပမာအားဖြင့် ရှမ်းပြည်နယ်အတွင်းရှိ ပြည်သူ့အုပ်ချုပ်မှုရာဇဝတ်မှုနှင့် အခွန်တော်ရုံး စသည်တို့အတွက် ပြည်နယ်ဦးစီးချုပ်[၁၃]ကို အာဏာအပ်နှင်းထားသည်။

မြန်မာနိုင်ငံ ပြည်သူ့တရားစီရင်ရေးရုံးတွင် တာဝန်ကျသော ဗြိတိသျှတရားသူကြီးများမှာ ဗုဒ္ဓဘာသာဆိုင်ရာဥပဒေများကို ကျွမ်းကျင်စွာ နားလည်ခြင်းမရှိချေ။ ထို့ကြောင့် ရံဖန်ရံခါ မြန်မာတရားစီရင်ရေးဆိုင်ရာစာချုပ်များခေါ် "ဓမ္မသတ် ၃၆[၁၄] "ကို အသုံးပြုတတ်သည်။

ဗြိတိသျှပိုင်မြန်မာနိုင်ငံ ပြည်သူ့တရားရေးဝန်ကြီး ဆာဂျွန်ဂျာဒိုင်း (Sir John Jardine)သည် မြန်မာဗုဒ္ဓဥပဒေအဝန်းကို ဆက်လက်စူးစမ်းရှာဖွေမှု[၁၅] ပြုလုပ်ခဲ့သေးသည်။ သို့ရာတွင်မိမိ၏လုပ်ရပ်မှာ ဗြိတိသျှတရားသူကြီးများအတွက်များစွာ အကျိုးသက်ရောက်မှုမရှိခဲ့ပေ။ မိမိ၏ဥပဒေရေးအတွက် စူးစမ်းရှာဖွေရေး မဏ္ဍာန်းကြီး Manugye ခေါ် မြန်မာဗုဒ္ဓဘာသာဥပဒေကျမ်းသည် အပြည့်စုံဆုံးကျမ်းတစ်စောင်ဖြစ်သည်ကို တွေ့ရသည်။ ၎င်းကျမ်းသည် မြန်မာစကားပြေဖြင့်ရေးသားထားသဖြင့် တနင်္သာရီတိုင်းမင်းကြီး၏ လက်ထောက်ဒုကျောင်းအုပ်ဆရာကြီး Richardson ကဘာသာပြန်ဆိုခဲ့သည်။ ၎င်းကို ၁၈၄၇ ခုနှစ်တွင် အင်္ဂလိပ်–မြန်မာ နှစ်ဘာသာဖြင့် ပုံနှိပ်ထုတ်ဝေခဲ့သည်။ ၎င်းသည် မြန်မာပြည်အောက်ပိုင်းကို ဗြိတိသျှတို့မသိမ်းပိုက်မီကာလအတွင်း ပဌမဦးဆုံးသော အင်္ဂလိပ်ဘာသာပြန်ကျမ်းစာမူဖြစ်ပြီး အပြည့်စုံဆုံးသော ဗုဒ္ဓဘာသာဆိုင်ရာ ဥပဒေကျမ်းစာအုပ်အနေဖြင့် ပေါ်ပေါက်လာခဲ့သည်။ ၁၉၅၁ခုနှစ် တရားရုံးချုပ်ကာလအတွင်း၌ မဏ္ဍာန်းဥပဒေကျမ်းအပေါ်ယုံကြည်မှုနှင့် တည်ငြိမ်ခြင်းပြောင်းလဲသွားခဲ့လေသည်။ မဏ္ဍာန်းကျမ်းကို ဘာသာပြန်ဆိုရာတွင် မှားယွင်းလွဲချော်မှုရှိခြင်းကြောင့် ဗုဒ္ဓဥပဒေ[၁၆] အာဏာအကဲဖြတ်ရာ၌ တရားရုံးတွင် အခက်အခဲကြီးစွာ ကြုံတွေ့ခဲ့ရလေသည်။

## ဘာသာရေးနှင့် ဓလေ့ထုံးတမ်းဆိုင်ရာ ဥပဒေ

ဗြိတိသျှအင်ပါယာ လက်အောက်ခံနိုင်ငံဖြစ်သော အိန္ဒိယပြည်၏ တွဲဖက်နိုင်ငံအဖြစ် မြန်မာနိုင်ငံကို သိမ်းသွင်းခဲ့စဉ်ကာလ၌ ဗုဒ္ဓဘာသာဆိုင်ရာဥပဒေမူတွင် မြန်မာဗုဒ္ဓဘာ

သာဝင်နှင့်မူစလင်များ သို့မဟုတ် ဟိန္ဒူဘာသာဝင်များ လက်ထပ်ထိမ်းမြားပေးခွင့်ကို တရားသဖြင့်ရရန်ကိစ္စအပေါ် အချေအတင်မေးမြန်းမှုများနှင့်ဆိုင်သော ချွင်းချက်တစုံတရာမရှိခဲ့ခြင်းကြောင့် အခက်ကြီးစွာကြုံတွေ့ခဲ့ရသည်။ မြန်မာနိုင်ငံတွင်းရှိတရားရုံးများ မကြာခဏဆိုသလို ယင်းကဲ့သို့ဘာသာကွဲလက်ထပ်ထိမ်းမြန်းမှုကိစ္စ အထူးသဖြင့် လင်မယားကွာရှင်းမှု သို့မဟုတ် အရိုက်အရာဆက်ခံမှုနှင့်ဆိုင်သောကိစ္စများကို ကြုံတွေ့ခဲ့ရသည်။ အမှန်အားဖြင့် မူစလင်အမျိုးသားနှင့်ဗုဒ္ဓဘာသာအမျိုးသမီး သို့မဟုတ် ဗုဒ္ဓဘာသာအမျိုးသားနှင့် မူစလင်အမျိုးသမီးတို့ တရားဝင်လက်ထပ်ထိမ်းမြားခွင့်ကား လုံးဝမရှိပေ။ အကယ်၍ အစ္စလန်ဘာသာသို့ ကူးပြောင်းသောအခါမျိုးတွင် တရားဝင်ဘာသာကွဲလက်ထပ်မှုအပေါ် ၎င်းလင်သို့မဟုတ် မယား၏ယခင်ကမိမိကိုးကွယ်ခဲ့သောဘာသာ[၁၇]ကို အရေးမထားပဲ လက်ထပ်စာချုပ်ကို ချုပ်ဆိုပေးသည်။ ကိုရမ်ကျမ်းတွင် မယားများစွာယူခြင်းကို တရားဝင်ခွင့်ပြုချက်ရှိပြီး ယောကျ်ားတဦးမှာ မယားလေးယောက်[၁၈]အထိ ယူခွင့်ပြုသည်။ မြန်မာနိုင်ငံကိုလိုနီအုပ်ချုပ်ရေးကာလအတွင်း မယားများစွာယူနိုင်သော မူစလင်အမျိုးသားများသည် အများအားဖြင့် မြန်မာအမျိုးသမီးများကို မိမိ၏မူစလင်မယားကြီးအပြင် အရံမယားအဖြစ်ယူခဲ့ကြသည်။ ၎င်းသည်တရားဝင်ပြဿနာများစွာ မရှိခဲ့လင့်ကစား မြန်မာအမျိုးသမီးများအတွက် မြန်မာ့အမျိုးသမီးအဖြစ်ဖြင့် အခွင့်အရေးများစွာ ဆုံးရှုံးခဲ့ရာပစ္စည်းပိုင်ဆိုင်မှုနှင့် အမွေဆက်ခံရေးနှင့်ဆိုင်သော အခွင့်သာမှုများလည်း ဆုံးပါးခဲ့ကြသည်။ လင်မယားကွာရှင်းမှုမျိုးသာလျှင် တရားရုံးသို့ ရောက်တတ်ခဲ့သည်။ ကိုရမ်ကျမ်း၌ မယားကွာရှင်းမှု လျှောက်တင်ပိုင်ခွင့်အတွက် အနိုင်ကျင့်မှုနှင့် ကြောက်ရွံ့ခြင်းကိစ္စ[၁၉]မှတပါးမည်သည့်ချွင်းချက်မျိုးမှ မပေးပါ။ (လင်ယောကျ်ားများသာ ကွာရှင်းတောင်းခံခွင့်ရှိသည်။) ၁၉၅၈ ခုနှစ်မြန်မာနိုင်ငံဥပဒေများက ၎င်းကိစ္စမျိုးနှင့်ဆိုင်သော အမှုများအပေါ် ဆုံးဖြတ်ချက်ချ[၂၀]ရန် အစ္စလန်ဥပဒေကို ခွင့်ပြုသောအာဏာအပ်နှင်းမှုမျိုး ယနေ့အထိရှိနေဆဲပင်။ ဘာသာကွဲထိမ်းမြားလက်ထပ်မှု၌ ဟိန္ဒူအမျိုးသားနှင့်လက်ထပ်ယူသော မြန်မာဗုဒ္ဓဘာသာအမျိုးသမီးများအတွက် အဆိုးဆုံးအခြေအနေမျိုးတွင် ကျရောက်နေကြရသည်။ အိန္ဒိယအမျိုးသားများသည် မြန်မာနိုင်ငံအတွင်းသို့ဝင်လာခဲ့ရာ ဟိန္ဒူဘာသာဥပဒေနှင့် ဓလေ့ထုံးတမ်းများကို မသိနားမလည်ပဲ ဟိန္ဒူအမျိုးသားနှင့်လက်ထပ်ယူမိရာ၌ မိမိအားမြန်မာဓလေ့ထုံးတမ်းဆိုင်ရာ ဥပဒေမှပေးထားသော အခွင့်အရေးများပါ မကြာခဏဆုံးရှုံးခံခဲ့ကြရသည်။

မြန်မာနိုင်ငံအတွင်း ဆင့်ဘာသာဝင်တို့သည် ဟိန္ဒူနှင့်မူစလင်နှစ်ဘာသာစပ်ဖြစ်လင့်ကစားမိမိ၏အခြေခံတရားဓမ္မယူဆချက်မှာမူ ဟိန္ဒူဘာသာတရားဓမ္မနှင့်တူလျက်နေသည်။ (သို့သော် ဇာတ်အနိမ့်အမြင့် ခွဲခြားမှုရှိသည်။)

၁၉၅၈ခုနှစ် မြန်မာနိုင်ငံဥပဒေများသည် ခရစ်ယာန်ဘာသာအတွက် ကျင့်သုံးရမည့်အချက်များ တစုံတရာဖော်ပြခြင်းမပြုခြင်းမှာ ခရစ်ယာန်ဘာသာကို ဗြိတိသျှဥပဒေစနစ်အရ ဆွဲယူထားရှိမှုကြောင့် ဖြစ်သည်။ ၁၈၇၂ခုနှစ် ခရစ်ယာန်ဘာသာဆိုင်ရာ အက်ဥပဒေ XV အရ မြန်မာဗုဒ္ဓနှင့် ခရစ်ယာန်ဘာသာဝင်တို့၏ တရားဝင်လက်ထပ် ထိမ်းမြားမှုအတွက် ခရစ်ယာန်ဘာသာ၏ လုပ်ထုံးလုပ်နည်းအရ တရားရေးမော်ကွန်းထိန်းရှေ့တွင် လက်မှတ်ရေးထိုးခြင်းဖြင့်၎င်း၊ လက်ထပ်စာချုပ် ချုပ်ဆိုနိုင်သည်။ ဤအက်ဥပဒေအရ ဘာသာတခုမှတခုသို့ ကူးပြောင်းခြင်းမှာ အရေးမကြီးလှသော်လည်း အိန္ဒိယပြည် ကွာရှင်းမှုဥပဒေအရ ဗုဒ္ဓဘာသာဝင်တဦးသည် ခရစ်ယာန်တဦးအား လင်မယားကွာရှင်းမှုအပေါ် တရားစွဲဆိုမှု မပြုနိုင်။

ဥပဒေအပိုဒ် ၁၃အရ မြန်မာထုံးတမ်းစဉ်လာဥပဒေသည် ဗြိတိသျှဥပဒေဖြစ်သွားသည်။ ဖြစ်ပေါ်လာသောအကျိုးဆက်ကား မြန်မာတိုင်းရင်းသားများသည် ဘာသာရေးအဖွဲ့အစည်း မြောက်များစွာ ကွဲပြားလာပြီး အခြားစည်းမျဉ်းဥပဒေအရ ပထဝီအနေအထားအလိုက် ပိုင်းခြားမှုများစွာ ဖြစ်လာခဲ့သည်။ ဤသို့လူ့အဖွဲ့အစည်းကွဲပြားရာတွင် ဖွဲ့စည်းနေသော အသင်းအဖွဲ့များစွာ ဘာသာရေးအရ ကြွခိုင်လာခဲ့ကြသည်။

ဤအခြေနေကို ကိုလိုနီအစိုးရ၊ မြန်မာ့အမျိုးသားဝါဒီများနှင့် တရားသူကြီးအများသိရှိသွားခဲ့သည်။ အကျိုးဆက်ကား ၁၈၇၂ ခုနှစ် အထူးလက်ထပ်ထိမ်းမြန်းမှုဆိုင်ရာဥပဒေကို ၁၉၂၃ခုနှစ်တွင် ပြန်လည်ပြင်ဆင်ပြီး ဘာသာကွဲလက်ထပ်ထိမ်းမြားမှု ပိုလွယ်ကူသွားစေသည်။ ဤတွင်တဆင့်တိုးလာသည်ဖြစ်သော်လည်း အပြည့်အဝကျေနပ်မှုကား မရရှိခဲ့သေးပေ။ ထို့ကြောင့် ၁၉၃၉[၂၁]ခုနှစ်တွင် ဥပဒေသစ်တရပ်ထွက်ပေါ်လာခဲ့ပြီး ၎င်းနောက်တွင် ဗုဒ္ဓဘာသာအမျိုးသမီးများ အထူးလက်ထပ်ထိမ်းမြားခွင့်နှင့် ဆက်ခံရေးဆိုင်ရာဥပဒေကို ၁၉၅၄[၂၂]ခုနှစ်တွင်ရေးဆွဲပြီး ပါလီမန်မှခွင့်ပြုလိုက်သည်။ ယင်းဥပဒေသည် ဗုဒ္ဓဘာသာဝင်အမျိုးသမီးတို့၏အခွင့်အရေးကိုကာကွယ်ရန်အတွက် အာရှတွင်တခုတည်းသော ဥပဒေတရပ်ဖြစ်လာသည်။ ၎င်းဥပဒေ၏အပိုဒ် ၂သည် လက်ထပ်ထိမ်းမြားခြင်းဆိုင်ရာ မှတ်ပုံတင်ခြင်းကို ပြုစုရေးဆွဲခြင်းဖြင့် ဗုဒ္ဓဘာသာဝင်မဟုတ်သော ယောကျ်ားနှင့်လက်ထပ်သော ဗုဒ္ဓဘာသာအမျိုးသမီး၏ အခြေအနေကို တိုးတက်ကောင်းမွန်လာစေခဲ့သည်။ အကယ်၍ဗုဒ္ဓဘာသာမဟုတ်သော ယောကျ်ားတဦးသည် ဗုဒ္ဓဘာသာအမျိုးသမီးတစ်ဦးနှင့် အတူတကွနေထိုင်ပေါင်းသင်း၍ မြန်မာ့ထုံးတမ်းစဉ်လာအရ လင်မယားဖြစ်သည်ဟုယူဆပါက မိမိတို့တွင် လင်မယားဆိုင်ရာမှတ်ပုံတင်ရေးသားခြင်း၊ သို့မဟုတ်သက်ဆိုင်ရာ စာရွက်စာတမ်းများ မရှိလင့်ကစား၊ ဤဥပဒေအရ ၎င်းတို့နှစ်ဦးသည် ထိုစတင်ပေါင်းသင်းသောနေ့မှစ၍ တရားဝင်အကြင်လင်မယားဖြစ်သည်ကို ဤဥပဒေက ခိုင်မြဲစေသည်။ ထိုကဲ့သို့သော ကိစ္စမျိုး၌ ထိုသူတို့သည် လက်ထပ်ထိမ်းမြားခြင်းအမှုကို တရားဝင်လုပ်ထုံးအရ ဆောင်ရွက်၍၎င်း၊ ဤဥပဒေအရ ထင်မြင်ယူဆသည့်အတိုင်း ၎င်းတို့သည် ဆက်လက်ပေါင်းသင်းနေထိုင်နိုင်သည်။ ထိုနည်းများအနက် တခုခုကို ဆောင်ရွက်ခြင်းဖြင့် မိမိတို့၏ လင်မယားအဖြစ်ကို မြန်မာဓလေ့ထုံးတမ်းဆိုင်ရာဥပဒေ[၂၃]က အုပ်ထိန်းကာကွယ်သည်။

ဘာသာကူးပြောင်းမှုအပေါ် ဗုဒ္ဓဘာသာ အမျိုးသမီးများ၏ အထူးလက်ထပ်ထိန်းမြားခြင်းနှင့် ဆက်ခံရေးဆိုင်ရာ ဥပဒေကဖော်ပြထားသည်မှာ ပြည်သူ့အမျိုးသမီးတစ်ဦးသည် လက်ထပ်ထိမ်းမြားပြီးစဉ်တွင် ဗုဒ္ဓဘာသာသို့ ဝင်ရောက်ကူးပြောင်းလာလျှင် မိမိ၏ အိမ်ထောင်စုတစ်ခုလုံးသည် မြန်မာ ဓလေ့ထုံးတမ်းဥပဒေ၏ အုပ်ချုပ်မှုအတွင်းရှိသည်။

၁၉၀၉ ခုနှစ် ပြည်သူ့ကျင့်ထုံးဥပဒေပုဒ်မ ၉၂အရ မြန်မာနိုင်ငံအတွင်း အသီးသီးသောဘာသာတရားတို့သည် မိမိတို့၏ (ဗုဒ္ဓဘုန်ကြီးကျောင်း၊ ဘုရားပုထိုးတင်သာမကမူစလင်ဗလီကျောင်း၊ ခရစ်ယာန်ဘုရားကျောင်း၊ ဗုဒ္ဓဘာသာ ဗိဗ္ဗာန်တော်များ၊ ဟိန္ဒူဝတ်ကျောင်း) များတွင် ဘာသာတရားနှင့်ဆိုင်သော ဆောင်ရွက်ရန်တာဝန်များကို လွတ်လပ်စွာ စီရင်ဆုံးဖြတ်ပိုင်ခွင့် ပေးသည်။

# ဗုဒ္ဓ သံဃာ လောက

ယခုအချိန်အထိ သံဃာ့လောက၏ အပြင်လောကနှင့်ဆိုင်သော ဥပဒေအကြောင်းများစွာ ဆွေးနွေးတင်ပြခဲ့လေပြီ။ (ပါဠိအားဖြင့်စံဃာ၊ မြန်မာအားဖြင့်သံဃာ ဟုခေါ်သော) သံဃာ့လောကမှာလည်း စိတ်ပါဝင်စားဖွယ် ဖြစ်ပေသည်။ ယင်းသည် မြန်မာနိုင်ငံတွင် အစဉ်အမြဲ အရှိန်အဝါကြီးမား၊ ခန့်ငြားသော အဖွဲ့အစည်းတစ်ခုဖြစ်သည်။ ၁၉ရာစုတွင် ရှိမန်ကက်သလစ်ဂိုဏ်းအုပ် ဘုန်းတော်ကြီးတစ်ပါးက ဗုဒ္ဓသာသနာ ဘုန်းတော်ကြီးများအဖွဲ့၏ အရှိန်အဝါနှင့်ဆိုင်သော အကြောင်းများကို ပြောရန်မစဉ်းစားခဲ့ပေ။ မြန်မာနိုင်ငံအတွင်း လုပ်ငန်းပိုင်းသို့မဟုတ် ပြည်တွင်းရေးဆိုင်ရာ ကိစ္စမျိုးတွင် မိမိတို့(သံဃာတို့) အနေနှင့် ပါဝင်လုပ်ဆောင်ရန် မရည်ရွယ်လိုပုံရခဲ့သည်။ သို့သော် သာသနာ့ရှုထောင့်အားဖြင့်ကြည့်သော် သံဃာတို့၏အရှိန်အဝါမှာ ကြီးမားလှပါပေသည်။ ၎င်းအဖွဲ့သည် ဗုဒ္ဓသာသနာအဖွဲ့အစည်းတရပ်လုံးကို အချက်အချာကျကျ ရပ်တည်လျက်နေပါသည်။ ၎င်း၏ဗဟိုချက်ပင်ရင်းအစမှနေပြီး ပြည်သူတရပ်လုံးအတွက် ယုံကြည်ကိုးကွယ်မှုကို ကြီးထွားသန်မာနေစေပါသည်။ ဗုဒ္ဓဘာသာအဖွဲ့ကို ဘာသာရေးကိုင်းရှိုင်းသူများ အနေဖြင့်၎င်း၊ များပြားလှသော ပြည်သူလူထုကြီး၏ ညွှန်ကြားလမ်းပြသူအနေဖြင့်၎င်း၊ လူငယ်များအား ကြီးမူးစောင့်ထိန်းသောအနေဖြင့်၎င်း မြင်တွေ့နိုင်ပါသည်။ ဤကဲ့သို့သောအင်္ဂါရပ်နှင့် အရည်အချင်းတို့ဖြင့် ပြည်သူတရပ်လုံး၏ စိတ်ဓာတ်[၂၅]ကို ကြံ့ခိုင်စွာချုပ်ကိုင် ပြုပြင်နိုင်လှပါပေသည်။ ဤသို့ဖြစ်ခြင်းကြောင့် အုပ်စိုးသူများသည် သံဃာတော်များကို အခြားသောလုပ်ဆောင်ချက်များတွင်မပါဝင်ရန်နှင့် ဥပဒေကိုမချိုးဖောက်မိရန် အမြဲမပြတ်ကြည့်ရှုလျက် ချုပ်ကိုင်ထားနေရပါသည်။

မိမိ၏ အကောင်းဆုံးသော စွမ်းဆောင်ချက်အားဖြင့် ဗုဒ္ဓသံဃာတော်အဖွဲ့၏ အဓိကတာဝန်နှစ်ရပ်မှာ လူသားတို့၏ရပ်တည်မှုနှင့်ဆိုင်သော စိတ်နေသဘောထားကို အမြဲမပြတ်ပြုစုရန်နှင့် ပြည်သူအများနှင့်နီးကပ်ဆက်စပ်မှုရှိရန်တို့ဖြစ်သည်။ ၎င်းတာဝန်နှစ်ရပ်လုံးမှာ တူညီစွာအရေးကြီးလှပေသည်။ အကယ်၍ ဗုဒ္ဓဘာသာ၏ကျင့်ဝတ်နှင့် ဝိဉာန်တန်ခိုးများကို ပတ်ဝန်းကျင်လူ့အသိုင်းအဝိုင်းသို့ ကူးပေးရမည်ဖြစ်ပါက သံဃာတော်များအတွင်းနှင့် ပြင်ပလူမှုဆက်ဆံရေးမှာ လိုအပ်သောအရာများဖြစ်ပေသည်။ ၎င်းဆက်ဆံမှုနှင့်တမျှ အရေးကြီးသောလိုအပ်ချက်မှာ စဉ်းစားဆင်ခြင်တတ်သော အသက်ရှင်နေထိုင်မှု ရရှိရန်၊ တည်ကြည်မှန်ကန်သော ကျင့်စဉ်ပင်ဖြစ်သည်။ ဤနည်းအားဖြင့် တိုင်းပြည်အရေးတွင် ပါဝင်ပတ်သက်မှုလုပ်ရန် မရည်ရွယ်ပဲ၊ သံဃာတော်များသည် တိုင်း ပြည်၏သာယာဝပြောမှုနှင့် ငြိမ်ဝပ်ပိပြားမှုကို တနည်းတဖုံအားဖြင့် ကူညီရာရောက်ပြီး ဥပဒေကိုကြံရွယ်လုပ်ဆောင်သောကျင့်ဝတ်နှင့်မညီသည့် အမှုနှင့်ကင်းကွာပြီး အစိုးရအုပ်ချုပ်မှုအောက်တွင် သံဃာတော်များ အုပ်ချုပ်မှုခံရဖွယ် မရှိတော့ပေ။

ဗုဒ္ဓမြတ်စွာဘုရား၏ နောက်ဆုံးဩဝါဒအရ တရားဓမ္မ[၂၆]သည် သံဃာတော်များ၏တခုတည်းသော လမ်းညွှန်ဖြစ်ပေသည်။ ဗုဒ္ဓသံဃာတော်တစ်ပါးသည် လောကုတ္တရာကိုစွန့်လွှတ်ပြီးဖြစ်သည့်အလျောက် နိုင်ငံရေးတွင်ဝင်ရောက်လုပ်ဆောင်ခြင်း မပြုအပ်ပေ။ သို့ရာတွင် ၁၉၂၁ခုနှစ်မှစပြီး YBA[၂၇]နှင့် KSA[၂၈]အစရှိသော ရဟန်းသံဃာအဖွဲ့အစည်းများ

စွာပေါ်ပေါက်လာခဲ့သည်။ သံဃာ့အရေးဆိုင်ရာ အစိုးရအဖွဲ့ဌာနခွဲက နိုင်ငံရေးလှုပ်ရှားမှုသည် သံဃာတော်တို့၏ ကျင့်ဝတ်[၂၆]နှင့် သဟဇာတမဖြစ်ဟု အမြဲမှတ်ယူ၏။

## ဦးနုနှင့် ဘာသာရေးလွတ်လပ်မှု

၁၉၆၁ ခုနှစ် အောက်တိုဘာလတွင် ဗုဒ္ဓဘာသာကို နိုင်ငံတော်ဘာသာအဖြစ် ဥပဒေတရပ်ပြုခဲ့သော်လည်း "ဗုဒ္ဓဘာသာသည် ပြည်ထောင်စု (မြန်မာနိုင်ငံ)အတွင်းရှိ လူများစု၏ယုံကြည် ကိုးကွယ် ကျင့်သုံးသောဘာသာတခုဖြစ်သည်ကို နိုင်ငံတော်အစိုးရအနေနှင့် အသိအမှတ်ပြုသည်။ ဤအခြေခံဖွဲ့စည်းပုံသည် လာမည့်ရက်တွင်အတည်ပြုမည်ဖြစ်၍ ထိုအတည်ပြုသောနေ့ရက်မှစ၍ နိုင်ငံတော်အစိုးရသည် အစ္စလာန်၊ ခရစ်ယာန်၊ ဟိန္ဒူနှင့် မိရိုးဖလာ (သက်မဲ့အရာကို သက်ရှိအနေဖြင့်)ကိုးကွယ်ယုံကြည်မှုအပါအဝင် တို့ကိုလည်း ပြည်ထောင်စုတဝှမ်းတည်းရှိနေသောဘာသာများဟု အသိအမှတ်ပြုခဲ့သည်။ အစိုးရသည် ဘာသာအယူဝါဒများနှင့်စပ်လျဉ်း၍ မည်သည့်ဘာသာကိုမဆို စည်းကြပ်ကွပ်ကဲပြီး မည်သည့်အားပျော့စေမှုကိုသော်၎င်း၊ ခွဲခြားမှုကိုသော်၎င်း လုပ်ဆောင်မည်မဟုတ်။ ဘာသာရေးခုတုံးလုပ်ပြီး နိုင်ငံရေးအမြတ်ထုတ် လုပ်ဆောင်မှုကိုလည်းတားမြစ်သည်" ဟူသော ၁၉၄၇ခုနှစ်နိုင်ငံတော်အခြေခံဖွဲ့စည်းပုံဥပဒေ အပိုဒ်၂၁ ၏ မိမိတို့ ၏ရပ်တည်မှုကို အာမခံပေးနေခြင်းကြောင့် အခြားသောဘာသာဝင်များက မတုန်လှုပ်ပဲနေခဲ့ကြပေသည်။

တချိန်တည်းမှာပင် "ယုံကြည်–ကိုးကွယ်–ကျင့်သုံး" ဟူသော စကားစု၏နောက်တွင် "လွတ်လပ်စွာပြောဆိုမှု" ဟူသောစကားစုကိုပါ ထည့်သွင်းရန်အတွက် အခြားဘာသာရေးခေါင်းဆောင်များ၏ တောင်းဆိုမှုအရ ၁၉၄၇ ခုနှစ်နိုင်ငံတော်ဖွဲ့စည်းပုံ ဥပဒေအပိုဒ် ၂၀ ကို ပြင်ဆင်ခဲ့ပါသည်။ ဦးနုအစိုးရအနေနှင့် အခြားဘာသာတရားများကိုပါ ဆက်လက်ထောက်ခံခဲ့ပြီး ဗာတီကန်(theVatican) မြို့တော်ရှိ မြန်မာခရစ်ယာန် ခေါင်းဆောင်များနှင့်၎င်း ဆော်ဒီအာရေးဗီးယားရှိ မြန်မာမူစလင်ခေါင်းဆောင်များနှင့်၎င်း သွားရောက်တွေ့ဆုံရန် အစီစဉ်များပါ လုပ်ဆောင်ခဲ့သေးသည်။

## ရဟန်း သံဃာများနှင့် စစ်တပ်

၁၉၆၂ ခုနှစ် မတ်လ ၂ ရက်နေ့တွင် ဗမာ့လက်ကိုင်တပ်များက အစိုးရအာဏာကို အလုံးစုံ တိုက်ရိုက်တက်ယူပြီး သိမ်းယူလိုက်သည့်အခါတွင် ၁၉၄၇ ခုနှစ်နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေကို ဖျက်သိမ်းလိုက်သည်။ စစ်တပ်က ဗုဒ္ဓဘာသာကို နိုင်ငံတော်ဘာသာအဖြစ် အသိအမှတ်ပြုခြင်းကို မထောက်ခံခဲ့ (လူနည်းစုခေါင်းဆောင်များက ဖယ်ဒရယ်မှုကို တောင်းဆိုနေချိန်) ခြင်းအကြောင်းမှာ ပြည်ထောင်စုပြိုကွဲမှုအန္တရာယ်ရှိသည်ဟု အကြောင်းပြခဲ့သည်။ ဗုဒ္ဓဘာသာဝင်များအပေါ် အားထားမှုရှိပြီး မစ်စ် ၏သဘောတရားကို မလိုလားသော်လည်း ဗိုလ်ချုပ်နေဝင်းသည် လောကီတပ်မက်ခြင်းရှိကြောင်း ပေါ်လွင်ခဲ့ပါသည်။ သူသည်တော်လှန်ရေးကောင်စီ (ထိုအချိန်တွင်အစိုးရ၏အမည်) အနေနှင့် မည်

သည့်ဘာသာကိုမျှ ဦးစားမပေးသင့်ကြောင်း ယုံကြည်ခဲ့သည်။ ၎င်းကိုခိုင်မာစွာပြောရခက်သည်မှာ ရဟန်းသံဃာနှင့် နိုင်ငံတော်ဆိုသည်မှာ ဒွန်တွဲနေခြင်းကြောင့်ပင်။ မြန်မာလူမျိုးအများစုမှာ ဗုဒ္ဓဘာသာဝင်များဖြစ်နေခြင်းကြောင့် ဗိုလ်ချုပ်များ (တပ်မတော်ထိပ်တန်းအရာရှိများ)က မြန်မာ့အမျိုးသားဝါဒ ဆောက်တည်ရန်အတွက် ဗုဒ္ဓဝါဒသည် အလွန်အသုံးဝင်နေကြောင်းကို တွေ့ရှိရသည်။ ရဟန်းသံဃာများသည် ခိုင်မာစွာဖွဲ့စည်း၍ အားအင်တောင့်တင်းသည့်အပြင် ဗုဒ္ဓဘာသာတွင် စစ်တပ်ကိုမလိုလားသည့်သဘောဖော်ပြနေခြင်းစသည့်အကြောင်းများဖြစ်ကောင်းဖြစ်မည် ဟူသောအတွေးမျိုးဖြင့် ရဟန်းသံဃာ စစ်အုပ်ချုပ်ရေးအတွက် အန္တရာယ်တရပ်အနေနှင့် ရုတ်တရက်ပေါ်နေသည်။ လူ့အခွင့်အရေးနှင့်ဒီမိုကရေစီပြန်လည်ရရှိရေးအတွက် လှုပ်ရှားနေသောလူထုထဲတွင် ရဟန်းသံဃာအများ ပါဝင်နေသည်။

စစ်တပ်အုပ်ချုပ်ရေးကို ဆန့်ကျင်နေသည် ထင်ရသောရဟန်းသံဃာများကို ဖိနှိပ်ရန်အတွက် စစ်အစိုးရသည် မည်သည့်အခါမှ ဆိုင်းငံ့ခြင်းမရှိပါ။ “ရဟန်းသံဃာများ ခရီးသွားလာရေးတွင် ခရီးသွားလက်မှတ်ကို သက်ဆိုင်ရာဒေသ တပ်မတော်အရာရှိ[၃၀]များထံ လက်မှတ်ယူရန် သို့မဟုတ် မည်သူမဆိုသံမကောဘောင်သို့ဝင်ရန် ဆန္ဒရှိသူတိုင်းသက်ဆိုင်ရာ စစ်တပ်အာဏာပိုင်များထံ အခွင့်တောင်းခံရန်”စသည့်အမိန့်များကိုထုတ် ခြင်းဖြင့်ရဟန်းသံဃာတို့၏လွတ်လပ်ခွင့်ကို ချုပ်ကိုင်ခဲ့သည်။ ၁၉၆၄ခုနှစ် ဧပြီလတွင် သံဃာ့အသင်းအ ဖွဲ့အားလုံးတပ်မတော်အစိုးရတွင် မှတ်ပုံတင်ရန်အမိန့်ထုတ်ပြန်ခဲ့သည်။ ၎င်းလုပ်ရပ်ကား “နိုင်ငံရေးရဟန္တာ”များကို ဖယ်ထုတ်သုတ်သင်ခြင်းသာဖြစ်သည်။ ၁၉၇၁ ခုနှစ် ညွှန်ကြားမှုတစ်ရပ်မှာ “ခန့်ထားခြင်းခံရသော ဆရာတော်ဘုန်းကြီး တစ်ပါးအတွက် သက်ဆိုင်ရာ ဒေသစစ်ဘက်ကော်မတီ၏ ပူးတွဲလက်မှတ်ရေးထိုးရမည်” ဟုပါရှိသည်။ ဤစာချွန်အမိန့်တော်မှာ ယခုတိုင်အာဏာတည်လျက်ပင်။ ဥပမာ ၁၉၇၄ ခုနှစ်အခြေခံဥပဒေပုဒ်မ(၁၅၃)တွင် “တိုင်းရင်းသားတို့သည် မိမိကြိုက်နှစ်သက်ရာ မည်သည့် ဘာသာတရားမဆို လွတ်လပ်စွာကိုးကွယ်ယုံကြည်ခွင့်ရှိသည်။ ဤအခွင့်အရေးအရ ဘာသာတရားလုပ်ဆောင်ရာတွင် အမျိုးသားစည်းလုံးညီညွတ်မှုနှင့် ဆိုရှယ်လစ်လူမှု အဖွဲ့အစည်း[၃၁]အား ထိခိုက်နစ်နာမှုမဖြစ်စေရ”ဟုပါရှိသည်။ ထိုသို့ဘာသာရေး သက်တမ်းတိုသည်ထက်တိုစေရန် အစိုးရသည် ၁၉၅၀ ခုနှစ် အရေးပေါ်ယာယီဥပဒေကို ၁၉၀၈ ခုနှစ်(၁၉၅၇ခုနှစ်ပြင်ဆင်သော) တရားမဝင်အသင်းဖွဲ့စည်းခြင်း ၁၉၇၅ (၁၉၉၁ ခု နှစ်ပြင်ဆင်သော) နိုင်ငံတော်ကာကွယ်မှုဆိုင်ရာဥပဒေနှင့် ၁၉၉၀ခုနှစ်သံဃဥပဒေစသည်တို့ကို ထုတ်ပြန်ချမှတ်ခဲ့သည်။ သံဃာတော်များကို စစ်ထောက်လှမ်းရေး၏ လျှို့ဝှက်အထောက်တော် (သတင်းပေးသူ)များက လိုက်လျောညီထွေစွာ အမြဲတမ်းစောင့်ကြည့်လျက်ရှိသည်။

အရေးပေါ် ယာယီဥပဒေအရ နိုင်ငံတော်၏တပ်မတော်အဖွဲ့အစည်းနှင့် အစိုးရအမှုတမ်းနှင့် အစိုးရ၏တ လုံးတဝတည်းအဖြစ် လုပ်ဆောင်ချက်နှင့်ဂုဏ်သိက္ခာကို ကျူးလွန်သည်ဖြစ်စေ၊ ဖောက်ဖျက်သည်ဖြစ်စေ၊ သို့တည်းမဟုတ် အစိုးရအပေါ် မဟုတ်မမှန်သတင်းကို ဖြစ်ပေါ်စေခြင်း၊ သို့မဟုတ် ဖြန့်ချီခြင်း၊ သို့မဟုတ် လူတစု သို့မဟုတ် ပြည်သူအားလုံး၏ ပြုမူချက်၊ သို့မဟုတ် စိတ်ဓာတ်ရေးရာ ပျက်ပြားစေလျှင်၊ သို့မဟုတ် ပျက်ပြားအောင် ကြံရွယ်နေလျှင် (၇)နှစ်အထိ ထောင်ဒါဏ်ကျခံရ ပါလိမ့်မည် ဟုပါရှိသည်။ ၁၉၉၁ အရေးပေါ်ယာယီဥပဒေအရ မန္တလေးမှ သံဃာတစ်ပါးက ‘ဗုဒ္ဓဘာ သာယူဆချက်နှင့်သက်ဆိုင်သော အကြမ်းမဖက်ဝါဒ’အကြောင်း ဆောင်းပါးတစ်စောင်ရေးခဲ့ရာမှ ထောင် (၃)နှစ်

ကျခံခဲ့ရသည်။

မည်သူမဆို အကြမ်းဖက်မှုတစ်ရပ်ကို လုပ်ဆောင်ရန် သို့မဟုတ် ကြံရွယ် လုပ်ဆောင်ရန်ကူညီသော သို့မဟုတ် အားပေးသောပြည်ထောင်စုသမ္မတနိုင်ငံတော် သမ္မတ၊ သို့မဟုတ် သမ္မတကတရားမဝင်အသင်းဟု ကြေ်ငြာသောအသင်း၏ အသင်းဝင်ဖြစ်လျှင်၊ သို့မဟုတ် ပံ့ပိုးကူညီသူ သို့မဟုတ် လက်ခံ သို့မဟုတ် ပေးကမ်းရန်ထောက်ခံလျှင်ထောင်ဒဏ် (၅)နှစ်ကျခံရန် တာဝန်ရှိသည်။

ဤဥပဒေသည် အသင်းအဖွဲ့တခုကို မတရားအသင်းဖြစ်သည်ဟုကျေညာရန် အစိုးရအားအကန့်အသန့်မရှိ (ဝါ) အာဏာကုန် ပေးအပ်ခြင်းဖြစ်သည်။ (အေးချမ်းသောနည်းလမ်းနှင့် လွတ်လပ်သောမွန်ပြည်နယ်ကို လိုလားသော မွန်သံဃာများအသင်းခေါ်) MSA နှင့် အဆက်အသွယ်ရှိသည်ဟု သံသယရှိသော မေမြို့မှသံဃာတော်တစ်ပါးအား ၁၉၈၉ ခုနှစ် ချမှတ်သော မတရားအသင်း ဥအဒေအရ ထောင်ဒဏ် (၄)နှစ် အချခံခဲ့ရသည်။

၁၉၉၁ ခုနှစ်တွင် ပြင်ဆင်ပြီးသော ၁၉၇၅ ခုနှစ်၏ နိုင်ငံတော်ကာကွယ်ရေးဥပဒေသည် နိုင်ငံတော်ကို တစုံတရာမထင်မှတ်သော "အဖျက်အင်အားစု"ရန်မှကာကွယ်ရန်ဖြစ်သည်။ ၎င်း၏အဆိုမှာ မည်သူမဆို နိုင်ငံငံတော်၏လုံခြုံမှု သို့မဟုတ် ပြည်သူတို့၏ငြိမ်းချမ်းသာယာမှုနှင့် အေးချမ်းငြိမ်သက်မှုကိုဖျက်ဆီးရန် သို့မဟုတ် ဖျက်ဆီးရန်ကြံရွယ်သောအကြောင်းရှိလျှင် သို့မဟုတ် ဖျက်ဆီးပြီးသည်ဟုမသင်္ကာပါက လုပ်ပိုင်ခွင့်အမိန့်အရ ထိုသူကိုစစ်ဆေးမေးမြန်းသည့်တရားရုံးအရ စစ်ဆေးမှုမရှိပဲ (၅) နှစ်အထိ ထိန်သိမ်းခြင်းခံရမည်ဖြစ်သည်။

ဤဥပဒေသည် ရေရာမှုမရှိ အတိုင်းအတာမရှိပဲ ထိန်းသိမ်းမှုကိုလျှော့ပေ့ါရန်အတွက်လည်း အသနားခံရန် လျှောက်ခွင့်မပြုပါ။ ဤဥပဒေကို ရဟန်းသံဃာများအတွက်သာအသုံးချသည်သာမဟုတ်ပဲ မူစလင်နှင့်ခရစ်ယာန်များအတွက်ပါ အသုံးချခဲ့သည်။ ရခိုင်ပြည်နယ်နှင့် တောင်တန်းဒေသမှာနေသော မူစလင်နှင့် ကရင်ပြည်နယ်မှ ကရင်စသည့်ထောင်ပေါင်းများစွာသောသူတို့သည် စစ်တပ်၏ဖိနှိပ်ခြင်းအမျိုးမျိုးကို ခံစားနေရဆဲပင် ဖြစ်ပေသည်။ ချင်း၊ ကချင်၊ ကယားနှင့် ကရင်ပြည်နယ် တောတောင်အရပ်ဒေသများတွင် နေထိုင်ကြသောမူစလင်တို့သည် ခရစ်ယာန်များကဲ့သို့ပင် လူမျိုးစုလက်နက်ကိုင် သူပုန်များ၏အင်အားစု[၃၂]များကို အားပေးကူညီသည်ဟု စစ်အစိုးရကယုံကြည်သည်။ ဤယုံကြည်ချက်သည် စစ်တပ်၏ ဖိနှိပ်မှုကို မီးထိုးပေးသည်။

ထို့အပြင် ၁၉၀၈ခုနှစ် ကျေးရွာဒေသဆိုင်ရာဥပဒေကိုင်း၊ ၁၉၀၇ခုနှစ် မြို့ပြဆိုင်ရာဥပဒေကိုင်း အတည်ပြုခဲ့သည်။ လွတ်လပ်ရေးမတိုင်မီကာလ ဥပဒေနှစ်ခုသည် အဓမ္မလုပ်အားပေးခြင်းကို ခွင့်ပြုခဲ့သည်။ တပ်မတော်အရာရှိများသည် အထူးသဖြင့် ကျေးလက်ဒေသလူထုကို နိုင်ငံတော် စီမံကိန်းလုပ်ငန်း၊ ဗုဒ္ဓစေတီပုထိုး[၃၃]၊ ဘုန်းကြီးကျောင်းများကို မွမ်းမံခြင်း၊ ဆောက်လုပ်ခြင်းများအတွက် ငွေကြေး သို့မဟုတ် လုပ်အားကို အတင်းအကျပ်တောင်းသည်။ ၎င်းထက် လွန်ကဲ၍ စစ်အစိုးရက အဓမ္မလုပ်အားခိုင်းစေမှုကို "ဗုဒ္ဓဘာသာနိုင်ငံ[၃၄]တစ်နိုင်ငံ၏ မွန်မြတ်သော စေတနာ့ဝန်ထမ်း"ဟု ကင်မွန်းတပ်ပြောဆိုခဲ့ခြင်းမှာ ဗုဒ္ဓဘာသာအပေါ် ဆိုးဝါးသော"ဘာသာရေးခုတုံးပြုစော်ကားမှုသာမက လူသားတို့၏သိက္ခာသမာဓိပါ စော်ကားခြင်းဖြစ်သည်။

၁၉၉၄ခု ဩဂုတ်လတွင် ကျေးရွာနှင့် မန္တ လေးမြို့ရှိ ဗုဒ္ဓဘာသာဘုရားကျောင်းများကို တိုက်ဖျက်ရန်အတွက် မြို့ပြဥပဒေများကို အသုံးပြုခဲ့သည်။ ရဟန်းတော်များကိုစုစည်းစေ

ကာ စိုက်ပျိုးရေးတွင် လုပ်ခိုင်းစေသည်။ ရဟန်းတော်အ များအဓမ္မလူဝတ်လဲစေပြီး ပြည်တွင်းလေကြောင်းအတွက် လေယာဉ်ကွင်းများတိုးချဲ့ရန် မန္တလေးနန်းတော်ကျုံးကြီးတွင် မြေတူးခိုင်းသည်။ (ထိုစဉ်က နိုင်ငံတော်ငြိမ် ဝပ်ပိပြားရေးနှင့် ဥပဒေစိုးမိုးရေးကောင်စီ ခေါ် နဝတသည် ၁၉၉၀ခုနှစ် အောက်တိုဘာလ တွင် "တရားမဝင်"သံဃာ့အဖွဲ့အစည်းများကို ရှင်းလင်းသုတ်သင်ပစ်ရန်အတွက် ၁၉၈၁ ခုနှစ် မူလတည်ထောင်ထားသော ရဟန်းသံဃာများဆိုင်ရာ အစိုးရဌာနခွဲကိုပြန်လည် အသုံးချခဲ့သည်။

၎င်းဌာနအား တာဝန်ပေး ပြီးနောက်တနေ့တွင် အမိန့်ကြေညာစာအမှတ် ၇/၉၀ကို ထုတ်ပြီး သာသနာ လုပ်ဆောင်မှုမျိုးကိုလုပ်ဆောင်ရန်၊ စည်းကမ်းဖောက်ဖျက်သော မည်သည့်ရဟန်းတော်၊ သို့မဟုတ် ဘုန်းတော်ကြီး၊ ဆရာတော်ကြီးမဆို သာမဏေဘောင်မှ ထွက်စေပြီး"ဗုဒ္ဓဓမ္မသတ်နှင့်မအပ်စပ်သောလုပ်ရပ်များဖြစ်သည့် ဗုဒ္ဓဘာသာ တရားကို ထိခိုက်စေမှုအပေါ် သက်ဆိုင်ရာတပ်မတော်အရာရှိများအား အာဏာလွှဲအပ်ကာ စစ်ခုံရုံး၌စစ်ဆေးရေးခံရမည်ဖြစ်သည်ဟု အမိန့်ထုတ်ပြန်ထားသည်။ နောက်တနေ့တွင် လုံထိန်းတပ်များက မန္တလေးမြို့ရှိဘုန်းကြီးကျောင်းပေါင်း ၁၃၀ ကို ဝင်ရောက်ရှာဖွေတော့သည်။ ဥဒေကိုဆန့်ကျင်သည်ဟု ထင်မှတ်ရသောရဟန်းရှင်လူများကို ဖမ်းဆီးပြီး "ကျင့်ဝတ်မညီ၊ ဥပဒေနှင့်မညီသော သင်္ခန်းဝတ်လူပုဂ္ဂိုလ် (စစ်တပ်အမြင်အားဖြင့် သင်္ကာမကင်းဖွယ်သော ပုဂ္ဂိုလ်များကို နောက်တနေ့တွင် သတင်းထောက်များ ရှေ့၌လူအများကို ထုတ်ပြလိုက်သည်။

## သံဃာ့ဓမ္မသတ် (ဥပဒေ)

ရဟန်းသံဃာများကို တိုက်ခိုက်လိုသောရည်ရွယ်ချက်ဖြင့် သံဃာ့အဖွဲ့အစည်းဆိုင်ရာဥပဒေခေါ် နဝတ ဥပဒေ ၂၀/၉ သို့မဟုတ် သံဃာ့ဥပဒေကို ၁၉၉၀ ခုနှစ် အောက်တိုဘာ ၃၁ရက်နေ့တွင် အတည်ပြုလိုက်သည်။ ဤဥပဒေသည် တစ်နိုင်ငံလုံးရှိ ရဟန်းသံဃာများကို သက်သက်ထိုးနှက်ခြင်းပင်ဖြစ်ပေသည်။ မရှေးမနှောင်းကာလတွင်ပင် ရဟန်းသံဃာနှင့် ရှင်သာမဏေအပါး ၂၀၀ကျော်ကို ဥပဒေစည်းကမ်းဖောက်ဖျက်သည်ဆိုပြီး လူဝတ်လဲစေကာ သာမဏေ[၃၇]ဘောင်မှထွက်စေသည်ကို တွေ့ရသည်။ ဤတွင်မှတ်ချက်များနှင့်တကွ အပိုဒ် (၁၈) ပိုဒ်ပါသော ဥပဒေကို ထုတ်ပြန်ခဲ့သည်။

## သံဃာ့ဥပဒေ

အပိုဒ် (၁) ၏အဆိုမှာ– "သံဃာ့အဖွဲ့အစည်း ဆိုင်ရာဥပဒေ" ဟုခေါ်တွင်သည်။

အပိုဒ် (၂) ၏အဆိုမှာ– ထေရဝါဒ[၃၆](Theravada)နှင့် သံဃာ(Sangha)ဟူသော ဝေါဟာရနှစ်လုံး၏အဓိပ္ပါယ်ကို ရှင်းလင်းဖော်ပြပြီး သံဃာညီလာခံမှချမှတ်သောစည်းကမ်းချက်များကို သုံးသပ်သည်။

အပိုဒ် (၃) ၏အဆိုမှာ–"စည်းကမ်းဥပဒေအရ ဗုဒ္ဓဘာသာဂိုဏ်းဂဏအားလုံးကို စု

စည်းနိုင်သောသာသနာ့အဖွဲ့ တစ်ဖွဲ့တည်းသာရှိရမည်။”

မှတ်ချက်။ မြန်မာနိုင်ငံအတွင်းရှိ တိုင်းခုနစ်တိုင်းနှင့် ပြည်နယ်ခုနစ်ပြည်နယ်တို့မှ ပြည်နယ်နှင့်တိုင်းတစ်ခုစီမှ ဆရာတော်[၃၇]အပါး ၁၂၀ ကိုရွေးပြီး နောက်ဆုံးသံဃာအပါး ၁၄၀၀ ပါသော သမ္မုတ္တိ(Sammuti)သံဃာ့ကောင်စီကို ဖွဲ့လိုက်သည်။ ဤသံဃာ့ကောင်စီမှ မြန်မာတစ်နိုင်ငံလုံးရှိ သံဃာအပေါင်းတို့ကို ကိုယ်စားပြုသော သံဃာ့ညီလာခံကို ခေါ်ယူခဲ့သည်။ ဤညီလာခံတွင် အားလုံးသဘောတူမှုရယူသည့်ပုံစံဖြင့် သံဃာအပါး ၃၀၀ကိုရွေးချယ်ပြီး၊ ၎င်းမှတဆင့် မြန်မာနိုင်ငံလုံးဆိုင်ရာ နိုင်ငံတော်သံဃာ့ကောင်စီ၏ မဟာနာယက အဖွဲ့အတွက် ဆရာတော်ကြီး (၄၇)ပါးကို ရွေးချယ်တင်မြှောက်သည်။ ဗုဒ္ဓဂိုဏ်းအုပ်မထေရ်ကြီးသည် ဤကောင်စီ၏သဘာပတိဖြစ်သည်။ ဤမဟာနာရကအဖွဲ့ကို မြန်မာနိုင်ငံတဝှမ်းလုံး ဗုဒ္ဓဘာသာအရေး အားလုံးအတွက် အမြင့်ဆုံးအတိုင်ပင်ခံ ကော်မတီတစ်ဖွဲ့ဟု သတ်မှတ်သည်။

မြန်မာ့ဗုဒ္ဓသံဃမှာဂိုဏ်းပေါင်း (၉)ဂိုဏ်းရှိသည့်အနက် သုဓမ္မာဂိုဏ်းနှင့်ရွှေကျင်ဂိုဏ်းမှာ အထင်ရှားဆုံးဖြစ်ကြသည်။ အခြားဂိုဏ်းများမှာ ဝေဠုဝဏ်၊ ဓမ္မနုဓမ္မာ မဟာဒွါရ၊ ဓမ္မဝိနိယနလုံမမုလဒွါယ၊ ဓမ္မယုတိကာ နိကာယမဟာရင်၊ ကေတုဘုမိကာ မဟာစတိ ပတ္တနာနဲ့တဝင်၊ ဂဏဝိမုကတိုးနှင့် အနုချုံဒွါယ တို့ဖြစ်ကြသည်။ သံဃာဥပဒေအပိုဒ် (၃)တွင် အသုံးပြုသော "sects" ဂိုဏ်း ဆိုသည်မှာ နကာယ ဟူသောစကားလုံးအတွက် မသင့်လျော်လှခြင်းမှာ နိကာယအသီးသီးတို့တွင် ကွဲပြားသောဩဝါဒ–အယူအဆ[၃၈]မရှိကြခြင်းပင်။ မြန်မာနိုင်ငံတဝှမ်းလုံး၏ ဗုဒ္ဓသာသနာ့ဂိုဏ်းချုပ်မထေရ်ကြီးသည် အဆိုပါနကာယ (၉)ခုမှထွက်လာပါသည်။

အပိုဒ် (၃) ၏အဆိုမှာ အစိုးရအနေဖြင့် ဤကဲ့သို့သံဃာအဖွဲ့အစည်းမှာ သဃာဘောင်ကို ပဌမအကြိမ်ဝင်ရောက် စွက်ဖက်ခြင်းမဟုတ်သေးပေ။ ၁၈၈၆ ခုနှစ် ဗြိတိသျှအစိုးရသည် မန္တလေးမြို့ နိကာယကောင်စီအား တရားစီရင်ပိုင်ခွင့်အာဏာကို အတည်ပြုထားပြီးမှ သာသနာ့ဂိုဏ်းချုပ်အား တရားဝင်အာဏာအပ်နှင်းပေးသည်။ ဤတွင် Nikayas မဟုတ်ပဲ Nayaka ကောင်စီမှ ရဟန်းသံဃာများနှင့် ဆိုင်သော ပြည်သူ့တရားစီရင်မှုအာဏာ ရယူခဲ့သည်။ ဆိုလိုသည်မှာ အမွေဆက်ခံခြင်းနှင့်ဆိုင်သော အမှုမျိုးဖြစ်သည်။ သို့ရာတွင် ၁၉၃၅ ခုနှစ်တွင်ရန်ကုန်မြို့ အထက်လွှတ်တော် တရားရုံးက နာယက ကော်မတီနှင့် သာသနာ့ဂိုဏ်းချုပ်နှစ်ဦးထံမှ အာဏာအားလုံးကို ရုပ်သိမ်းလိုက်သည်။ ဘာသာရေးနှင့်ဆိုင်သော အမှုများပင်လျှင် ပြည်သူ့တရားစီရင်ရေးမှ စီရင်ဆုံးဖြတ်နေသည်။ ဤနည်းဖြင့် ကျန်ရှိထားသော အရေးပါမှု ဖြစ်သည့် တရားစီရင်မှု အာဏာမှာ ဆုံးရှုံးခဲ့ရသည့်အကြောင်းမှာ Vinaya[၄၀] တွင်မိမိတို့၏ ဆောင်ရွက်ချက်ကို ရည်ညွှန်းထားခြင်း မတွေ့ရသည်ကို အကြောင်းပြု၍ သာသနာ့ဂိုဏ်းချုပ်၏ လုပ်ပိုင်ခွင့်အာဏာကို အသိအမှတ်မပြုခြင်းကြောင့်ပင်ဖြစ်ရသည်။ ၁၉၅၀ ခုနှစ်တွင် ဗုဒ္ဓဘာသာတရား စစ်ဆေးရေး(ခုံ)ရုံးကို တဖန်အာဏာအပ်နှင်းသော ဥပဒေတစ်ရပ်ကို ချမှတ်ထုတ်ပြန်လိုက်သည်။ ဤတရားခုံရုံး၏အဖွဲ့ဝင်များမှာ နိကာယများမှလာသော ရဟန်းသံဃာများသာဖြစ်ရမည်။ လွန်ခဲ့သော ကာလမှ ရှိခဲ့သော ဥပဒေများအရ သံဃာတော်များကို အပ်နှင်းထားသော အာဏာများအားလုံးကို တော်လှန်ရေးကောင်စီက မိမိထုတ်ပြန်ထားသော ဥပဒေအမှတ် (၁) အရ ရုပ်သိမ်းလိုက်သည်။ တော်လှန်ရေးကောင်စီသည် ဗုဒ္ဓဘာသာတရား၏ အယူအဆဝါဒများ

အပေါ် ဥပဒေများ မူတည်ရခြင်းမှာ အဓိပ္ပါယ်မရှိဟု မြင်ခဲ့သည်။ ယင်းဥပဒေအပေါ် ၁၉၈၀ ခုနှစ် ဥပဒေ အမှတ် (၃) အရ နိုင်ငံတော်သံဃာ့မဟာနာယက ကောင်စီဆုံးဖြတ်ချက်များကို အတည်ပြုရန်အတွက် တရားရုံးသို့တင်ပြရန်တောင်းဆိုခဲ့သည်။ စစ်အစိုးရမှ ၁၉၈၄ ခုနှစ် ထုတ်ပြန်သော ကျေညာချက်အမှတ်(၁)တွင်ပါသော အမိန့်စာအရ "သံဃာကောင်စီထဲရှိ နိကာယအသင်းအားလုံး ဖျက်သိမ်းရန်အမိန့်ထုတ်ခဲ့သည်။ အကြောင်းပြချက်ကား ၎င်းအဖွဲ့အစည်းများသည် နိုင်ငံရေးတွင် ပါဝင်လှုပ်ရှားနေကြသည်ဟု ဆိုခဲ့သည်။ "ရဟန်းသံဃာများသည် နိုင်ငံရေးမလုပ်ရ[၆၁]"ဟုပါရှိသည်။ နှိုင်းယှဉ်ကြည့်ခဲ့သော် "စည်းကမ်းဥပဒေအရ" ၎င်း၏ဖော်ပြချက်တွင် Nikaya များ အုပ်ချုပ်မှုခံရသည်၊ မခံရသည်ဟူသော မေးခွန်းကို မဖြေပဲထားခဲ့ ခြင်းအားဖြင့် သံဃာ့ဥပဒေအပိုဒ် (၃)သည် ပို ၍မရေရာသည်ကို တွေ့ရသည်။

အပိုဒ် (၄) ၏အဆိုမှာ "ရဟန်း သံဃာအားလုံးတို့သည် သံဃာ ပြည်ထောင်စုမြန်မာနိုင်ငံသံဃာ အဖွဲ့ဝင်များဖြစ်ကြသည်"

မှတ်ချက်– အပိုဒ် (၄)တွင် လွယ်ကူစွာနားလည် နိုင်အောင်ပြုလုပ်သည်မှာ "စစ်အစိုးရအနေနှင့် နိုင်ငံရေးလုပ်ဆောင်နေကြသည်ဟု ထင်မှတ်ရသော ရဟန်းသံဃာအသင်းအဖွဲ့များကို ဖျက်သိမ်းရန်သာဖြစ်သည်"ဟု အပိုဒ် (၄)တွင် ပေါ်လွင်အောင် ဖော်ပြပါရှိသည်။ အခြားရွေးချယ်ရန် ဘာမျှမရှိပေ။

အပိုဒ် (၅)၏အဆိုမှာ "နိကာယ (၉)သင်းတို့သည် မိမိတို့၏စည်းကမ်းချက်တွင် သံဃာ့ဗဟိုအဖွဲ့၏ လက်အောက်ခံအဖွဲ့ဟု မပါရှိခဲ့ပါလျှင် သီးခြားဖွဲ့စည်းခွင့်မပြု"

မှတ်ချက်– ဤတွင်သံဃာအဖွဲ့ချုပ်အတွင်းရှိ နိကာယအသင်းများ အကျဉ်းအကျပ်သော စစ်အစိုးရ၏ချုပ်ကိုင်မှု အတွင်းသို့ဝင်သွားနိုင်စေသော ခြေလှမ်းငယ်တစ်လှမ်းဖြစ်ပေသည်။

အပိုဒ် (၆)၏အဆိုမှာ "မည်သည့်အဖွဲ့အစည်းမဆို အပိုဒ် (၅)တွင်ဖော်ပြသော နိကာယများတွင်ရှိရမည်"

မှတ်ချက်။ ဆိုလိုသည့်အဓိပါယ်မှာ ဒသမမြောက် နိကာယအသင်း မပေါ်ထွက်လာရန် အစိုးရကဆိုသည်ဟုအဓိပါယ်ရပါသည်။ Vinaya သံဃာထဲတွင် အစိတ်အပိုင်းများဖြစ်ရန်ဖန်တီးခြင်း မပြုရဟုပါရှိသော်လည်း ရဟန္တာများအများစုမဲဆန္ဒအရ[၆၂] ဖြစ်သင့်သည်ဟု သဘောတူညီကြလျှင် ကျောင်းကန်များကို တည်ဆောက်နိုင်ပါသည်။ အရေးကြီးသော ဆုံးဖြတ်ချက်များမှာ အစုလိုက်ဆွေးနွေးတိုင်ပင်မှုအပေါ်တည်သည်ကို ဗုဒ္ဓဘာသာရဟန်းသံဃာလောက သမိုင်းကြောင်းတလျှောက်၌ ထင်ရှားလျက်ရှိပေသည်။

ဒီမိုကရေစီအရ ဆုံးဖြတ်ချက်ချရန် လုပ်နည်းမှာ ဗုဒ္ဓဘာသာဝင် အစဉ်အလာအရ အများသဘောတူညီချက်လိုနေသည်ကို ခိုင်မာသောအသိအမှတ်ပြုချက်ကို တွေ့ရသည်။ ရဟန်းတော် ဒလိုင်းလားမားက "ဗုဒ္ဓရဟန်းသံဃာတို့၏ အပြုအမူနှင့် အသက် တာကို ထိန်းကွပ်သော Vinaya ၏စည်းကမ်းမှာ ဒီမိုကရေစီကျသော အစဉ်အလာဖြစ်သည်"ဟု ဆို၏။ မူအားဖြင့်ဆိုလျှင် ဗုဒ္ဓအရှင်မြတ်၏ ဩဝါဒပင်လျှင် လိုအပ်သောအချို့အချက်အလက်များကို သိက္ခာရဆရာတော်ရဟန်းမြတ်များ[၆၃] အစုဝေးမှုသင့်တော်သော ဦးရေအားဖြင့် ပြောင်းလဲနိုင်ပါသည်။

သံဃာအဖွဲ့အစည်း၏ စည်းကမ်းဥပဒေများသည် ဒီမိုကရေစီ[၆၄]စနစ်တစ်ခုကိုဖန်တီး

သည်။ အပေါ်စထ (Uposatha)[၆၇]၏ စတုတ္ထမြောက်သောညတွင် သံဃာရေးရာများကို ပဋ္ဌမဦးဆုံးအနေနှင့် တညီတညွတ်တည်း စုပေါင်းမဲဖြင့်ရှင်း၊ ဗုဒ္ဓမြတ်စွာဘုရား၏သက်တော် ရှင်နေသောနောက်ပိုင်းတွင်လည်း အများဆုံးမဲဆန္ဒအပေါ် ဆုံးဖြတ်ခဲ့ကြသည်။ အကယ်၍ ပြဿနာတစ်ရပ်မှာ အလွန်ရှုပ်ထွေးပြီး ဆုံးဖြတ်ချက်သည် လိုအပ်ချက်နှင့်ကင်းကွာသွားပါက ယင်းကိစ္စကို ကော်မတီငယ်အဆင့်တွင် ပြန်လည်ညှိနှိုင်းရန်ဖြစ်သည်။ အကယ်၍ ထိုကော်မတီက ဆုံးဖြတ်၍ မပြီးနိုင်သေးပါက သံဃာညီလာခံတွင် အများဆုံးမဲဆုံးဖြတ်ရပေမည်။ သံဃာများ၏ တညီတညွတ်တည်းဖြင့် အများသဘောတူညီမှုအရရှင်း၊ အများဆုံးမဲဆန္ဒနှင့်ရှင်း၊ သံဃာ့ညီလာခံသည် စည်းကမ်းဖောက်ဖျက်သော သံဃာတစ်ပါးအပေါ် အရေးယူရန် စီရင်ဆုံးဖြတ်ရပေသည်။ များသောအားဖြင့် ဝါအရင့်ဆုံးသံဃာတော်တစ်ပါးက ဆုံးဖြတ်ချက်ချရန်နှင့် ကျင့်ဝတ်များချမှတ်ရန်အတွက်ဆောင်ရွက်သည်။ သို့သော်ရှင်းဝါရင့်ဆရာတော် မဆုံးဖြတ်နိုင်ခဲ့လျှင် အတတ်ပညာနှင့် စွမ်းရည်ပိုရှိသောသံဃာတစ်ပါးက ဆုံးဖြတ်ပေးရပါမည်။ ဤသဘောတရားအတိုင်း Vinaya၏ စည်းမျဉ်းဥပဒေများကို လုပ်ငန်းအတိုင်းအတာပေါ်မူတည်ပြီး အဖွဲ့အစည်း အစည်းအဝေးများကိုဆောင်ရွက်သည်။ သံဃာ့အဖွဲ့အစည်းနှင့်ဆိုင်သော ဆုံးဖြတ်ချက်များကို အစိုးရ ထုတ်ပြန်သော ဥပဒေများကို အသုံးမပြုပဲ Vinaya မှသံဃာ့ဥပဒေကိုသာ သုံးသည်။

အပိုဒ် (၇)၏အဆိုမှာ "အပိုဒ်(၅)တွင် ဖော်ပြသောဂိုဏ်းဂဏမျိုးမှာ အားလုံးသဘောတူညီမှုအပေါ် လွတ်လပ်စွာ စုရုံးခွင့် ရှိသည်။

မှတ်ချက်များ– "အားလုံးသဘောတူညီမှု" ဆိုသောစကားရပ်မှာ သဘောတူ၍ခွင့်ပြုခြင်း (သို့မဟုတ်)"ခွင့်ပြုချက်"ဟု ဆိုလိုသည်။ ခွင့်ပြုချက်ရရန်အတွက် မည်သူ့အားအကြောင်းအရာကိုညှိနှိုင်းရမည်မှာ ဥပဒေကမဆိုပါ။ "အားလုံးသဘောတူညီချက်"ကို အစားထိုး၍သုံးသင့်သည်။ သို့ရာတွင် Vinaya တွင်အရေးကြီးသော အကြောင်းကိစ္စဖြစ်လင့်ကစား "တညီတညွတ်တည်း"ဟူသောသဘောမှာ မြန်မာစကားတွင်မရှိ။

အပိုဒ် (၈) ၏အဆိုမှာ "အပိုဒ် (၅)တွင်ဖော်ပြသော ဂိုဏ်းဂဏမျိုးမှတစ်ပါး မည်သည့်ဂိုဏ်းဂဏအသစ်မျိုးမျှ တည်ထောင်ခြင်းမပြုရ" ဤအပိုဒ်သည် အပိုဒ် (၆)ကိုထပ်မံ၍ မဖော်ပြခြင်းမှာ ၎င်းသည်ဒေသအဆင့်ကို ဖော်ညွှန်းခြင်းကြောင့် ဖြစ်သည်။ အပိုဒ် (၈) မှာမူ အမျိုးသား နိုင်ငံ အဆင့်ကို ဖော်ညွှန်းသည်။

အပိုဒ် (၉) ၏အဆိုမှာ "သက်ဆိုင်ရာ ဘာသာရေးအဖွဲ့အစည်း ကွပ်ကဲမှုအောက်ရှိ အဖွဲ့အစည်းမှတစ်ပါး (သံဃာအတွင်း)မည်သည့်အဖွဲ့အစည်းမှ မဖွဲ့စည်းရ"ဟု ဆိုခြင်းကြောင့်အပိုဒ် (၆) နှင့် (၈) တို့ကို ထပ်မံဖော်ပြသည်။

အပိုဒ် (၁၀) ၏အဆိုမှာ "ဘာသာရေးတရားကို ဖျက်ဆီးရန် သို့မဟုတ် ချေမှုန်းရန် အတွက်မည်သူမျှ မပြောဆိုရ သို့မဟုတ် မရေးသားရ"ဟုဆိုထားခြင်းကြောင့် ဤဥပဒေအပိုဒ်သည် အတ္တကြီးလှသော မရေရာမှုဖြစ်၏။

အပိုဒ် (၁၁)၏အဆိုမှာ "သံဃာ့(ကောင်စီ)သည် စည်းဥပဒေ၊ နည်းဥပဒေ သို့မဟုတ် လုပ်ရပ်အပေါ်ချိုးဖောက်သော လုပ်ဆောင်ချက်အတွက် အရေးယူဆောင်ရွက်သောအခါတွင် သဘောတူညီမှုရယူထားသောပါတီသည် သံဃာကောင်စီ၏ ဆုံးဖြတ်ချက်ကို လိုက်နာရမည်။ (နိုင်ငံတော်မဟာနာယက၏ ဆုံးဖြတ်ချက်ကို လိုက်နာရန်မလို)

မှတ်ချက်။ ဤအပိုဒ်သည် စည်းမျဉ်းဥပဒေ၊ လုပ်နည်းဥပဒေ သို့မဟုတ်၊ လုပ်ဆောင်

ချက်များအကြောင်းတို့ကိုပြောဆိုပြီး စစ်ရေး၊ ဘာသာရေး သို့မဟုတ် အခြားအရေးကိစ္စဟူ၍ အထူးပြောဆိုခြင်းမရှိ။

အပိုဒ် (၁၂) ၏အဆိုမှာ "အကယ်၍ အပိုဒ်(၈) သို့မဟုတ် (၉)တွင်ပါသော ချိုးဖောက်မှုများကို ကျူးလွန်ပြီး ဆန့်ကျင်တိုက်ခိုက်မှုများကို ရှင်းလင်းစွာ ဖော်ပြနိုင်ခဲ့လျှင် ကျူးလွန်သူသည် ထောင်ဒဏ်အနည်းဆုံး (၆)လမှ သုံးနှစ်အထိ ကျခံရမည်ဖြစ်သည်။ "

မှတ်ချက်– ဤအပိုဒ်သည် Vinaya နှင့် ဆိုင်သော ချိုးဖောက်မှုများအကြောင်းကို ဘုန်းကြီးကျောင်းများ၌ ရှေးဦးစွာ စဉ်းစားပြီးကြောင်းမပြောပါ။

အပိုဒ် (၁၃) ၏အဆိုမှာ "အကယ်၍ ချိုးဖောက်မှုများသည် အပိုဒ် (၁၀) အရ ကျူးလွန်ချိုးဖောက်သူသည် ထောင်ဒဏ်အနည်းဆုံး (၆)လမှ သုံးနှစ်အထိကျခံရမည်ဖြစ်သည်။"(အပြစ်ဒဏ်ပေးခြင်းမှာ အပိုဒ်(၁၂)နှင့်တူညီသော်လည်း တိုက်ခိုက်မှုခြင်းမတူပေ။)

အပိုဒ် (၁၄) ၏အဆိုမှာ "အပိုဒ်(၁၁)အရ ချိုးဖောက်မှုကိုကျူးလွန်လျှင် အပြစ်ဒဏ်မှာ ထောင်ဒဏ် (၆)လဖြစ်သည်။"

မှတ်ချက်– (ဒေသ)သံဃာ့ကောင်စီတို့၏ စစ်ချက်များပါရှိသော အမှုမျိုးအတွက် အပိုဒ် (၁၁)သော်၎င်း၊ (၁၄)သော်၎င်း အထူးမလို။

အပိုဒ် (၁၅) ၏အဆိုမှာ "အပိုဒ် (၁၂) သို့မဟုတ် (၁၃)အရ အမှုတစ်စုံတစ်ရာစစ်ဆေးရန်ရှိလျှင် ထိုအမှုကို ပြည်ထဲရေးနှင့် သာသနာရေးဝန်ကြီးဌာနသာလျှင် စစ်ဆေးရမည်ဖြစ် သည်။"

မှတ်ချက်– ဆိုလိုသည်မှာ အစိုးရရှေ့နေသည် ပြည်ထဲရေးနှင့် သာသနာရေးဝန်ကြီးဌာနမှ အရာရှိဖြစ်ရမည်။ ဤဖွဲ့စည်းပုံအရ ၎င်းအစိုးရရှေ့နေမှာ တပ်မတော်အရာရှိပင်ဖြစ်မည်။ အဘယ်ကြောင့် ပြည်တွင်းရေးရာနှင့် သာသနာရေးရာကို ဝန်ကြီးဌာနတစ်ခုထဲတွင် ပေါင်းထည့်ရပါသနည်း။ (ပူးတွဲပေးရပါသနည်း) ၎င်းသည် ဘာသာရေးအဖွဲ့အစည်း၏ အချုပ်အချာအာဏာကို ဖျက်ဆီးခြင်းသာဖြစ်သည်။ "စစ်အစိုးရဝန်ကြီးဌာနတခုသည် တရားစွဲဆိုမှုကို ချုပ်ကိုင်ထားသည်"ဟု သံဃာ့ဥပဒေကသံဃာ့အပေါ် အစိုးရ၏ချုပ်ကိုင်ခြင်းကို ရှင်းလင်းစွာ ဖွင့်ဆိုထားသည်။

အပိုဒ် (၁၆) ၏အဆိုမှာ "အကယ်၍ အပိုဒ် (၁၄)အရတရားစွဲဆိုမှုတရပ်ကို ကိုင်တွယ်ရမည်ဆိုပါက သာသနာရေးဆိုင်ရာဌာန ညွှန်ကြားရေးမှူးချုပ်သည် ဦးတိုက်တင်ထားသောစွဲချက်ကို ရွေးချယ်ခံရသူတစ်ဦးကို စစ်ဆေးစေရမည်။ "

မှတ်ချက်– သာသနာရေးဌာန ညွှန်ကြားရေးမှူးချုပ်သည် ပြည်ထဲရေးနှင့်သာသနာရေးဝန်ကြီးဌာနမှ တိုက်ရိုက်ချုပ်ကိုင်သော တပ်မတော်အရာရှိ တစ်ဦးပင်ဖြစ်ရာ ထိုအချိန်တွင် ဒုဗိုလ်ချုပ်ခင်ညွန့်ပင်ဖြစ်သည်။

အပိုဒ် (၁၇) ၏အဆိုမှာ မိမိဝတ္တရားကို တကယ်ဝင်ရောက်ဆောင်ရွက်နေသော ပြည်သူ့ဝန်ထမ်း တစ်ဦးအပေါ် အရေးယူခြင်း သို့မဟုတ်တရားစွဲဆိုခြင်း လုံးဝမပြုရ" ဤဥပဒေအပိုဒ်မှာ အန္တရာယ်ရှိလှသည်။

မှတ်ချက်– အခြားသောဥပဒေ အပိုဒ်တို့တွင်ချွင်းချက်များပါရှိသော်လည်း ဤအပိုဒ်(၁၇)မှာ မည်သည့်ချွင်းချက်မျှမရှိ။ အားနည်းချက် အပြစ်ကင်းစင်သည့်ပုံဖြင့် ဖြောင်ကျကျ အမိန့်မျိုးသာဖြစ်နေသည်။ ဖော်ပြချက်အရ မည်သည့်အချိန်အခါမဆို မည်သည့်သံဃာကျောင်းတွင်းမဆို ရဲများဝင်ရောက်ပြီး မည်သူကိုမဆို ဖမ်းဆီးနိုင်သည်ဖြစ်၏။ ဤဥပဒေအပိုဒ်သည် ပြည်သူ့ဝန်ထမ်းတစ်ဦးကို ဘာသာရေးအထက်မှာ နေရာပေးသည်သာမက ဥပ

ဒေအပေါ် နေရာယူနိုင်ရာ ကျရောက်နေသည်။

အပိုဒ် (၁၈) ၏အဆိုမှာ "လုပ်ငန်းလည်ပတ်နေနိုင်ရန်အတွက် ပြည်ထဲရေးနှင့် သာသနာရေးဝန်ကြီးဌာနသည် နိုင်ငံတော်သံဃာ့မဟာနာယကကောင်စီနှင့် ညှိနှိုင်းဆွေးနွေးလျက် နောက်ထပ်စည်းမျဉ်းဥပဒေများ ဆက်လက်အတည်ပြု၍နေမည်"

မှတ်ချက်– ဝန်ကြီးဌာနသည် သံဃာ့ကောင်စီနှင့် ညှိနှိုင်းဆွေးနွေးလျက်နေသည်။ သို့ရာတွင် ဝန်ကြီးဌာနက စည်းမျဉ်းဥပဒေကို အမိန့်အာဏာ တည်စေခြင်းသာဖြစ်သည်။ ၎င်းသည်အပိုဒ် (၁၈)ကို မတည်ငြိမ်နိုင်သောအခြေအနေထဲသို့ ရိုက်သွင်းပေးခြင်းသာဖြစ်သည်။ အကြောင်းမှာ "ညှိနှိုင်းဆွေးနွေးရာတွင်"ဟူသောစကား၏အဓိပ္ပါယ်ကား ဘယ်လိုသဘောကို ဆောင်ပါသနည်း။ ကောင်စီအနေဖြင့် ဝန်ကြီးဌာနနှင့် သဘောတူညီနိုင်သည့် အဓိပ္ပါယ် ထွက်ရန်မလိုပေ။

## စစ်အုပ်ချုပ်ရေး၏ အပြုတ်တိုက်ပွဲ

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ နအဖ လက်ရှိစစ်အစိုးရသည် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေမရှိပဲ တိုင်းပြည်ကို အုပ်ချုပ်လျက်နေပေသည်။ ညွှန်ကြားချက်နှင့် ရာဇသံစာချွန်အမိန့်များဖြင့် အခြေခံဥပဒေကိုဆောက်တည်နေပါသည်။ အခြားလွတ်လပ်မှုများကဲ့သို့ ဘာသာရေးလွတ်လပ်မှုမှာ စစ်အုပ်ချုပ်ရေး၏ သဘောတော်အတိုင်း ရှိနေရပေသည်။ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်နှင့် အခြားနိုင်ငံရေးပါ တီများတွင် သံဃာအဖွဲ့အစည်းမှခန့်အပ်သူများ မပါဝင်မိရန် နအဖ မှအမိန့်ကြေညာ ချက်အမှတ် ၈၅ ကို ထုတ်ပြန်ခဲ့သည်။ စစ်အာဏာပိုင်အဖွဲ့သည် ဘာသာရေးဆိုင်ရာ ပုံနှိပ်ထုပ်ဝေခြင်းများကိုတင်းကျပ်စွာ စစ်ဆေးတည်းဖြတ်ပြီး ၎င်းမှတဆင့် သမ္မာကျမ်းစာ[၇၁]မှ စကားလုံးအချို့ကိုပင် ပြောင်းလဲခဲ့သေးသည်။

"မည်သူမဆို နိုင်ငံတော်၏ တည်တံ့ခိုင်မြဲမှု ရပ်ရွာအေးချမ်းသာယာမှု၊ အေးချမ်းငြိမ်သက်ခြင်းနှင့် နိုင်ငံတစ်ဝှမ်းလုံး ဥပဒေစိုးမိုးရေးကို ကွဲပြားအောင် သို့မဟုတ် နိမ့်ကျပျက်ပြားအောင် လှုံ့ဆော်ရေးသား၊ ပြောဆို၍၎င်း၊ ဖြန့်ဝေ၍၎င်း၊ ဆန့်ကျင်ဆန္ဒပြတိုက်ခိုက်လျှင် သို့တည်းမဟုတ် အမျိုးသားစည်းလုံးခိုင်မာမှုကို ဖျက်ဆီးတိုက်ခိုက်လျှင် သို့တည်းမဟုတ် ပြည်သူအတွင်း ထင်မြင်မှုများစေရန်ဖန်တီးလျှင် ထောင်ဒဏ် ၃လမှ အနှစ်၂၀ကျခံရမည်ဖြစ်သည်"ဟူသော ၁၉၉၆ ဥပဒေအမှတ် ၅ကို ထုတ်ပြန်ခဲ့သည်။ သမ္မာသတိ (စိတ်ထားဖြောင့်မတ်ခြင်း) စာလွှာတစ်စောင်ကို သက်ဆိုင်ရာအာဏာပိုင်များထံ ကြိုတင်အခွင့်တောင်းခံခြင်းမပြုမိပဲ ဖြန့်ဝေမိခြင်းကြောင့် ၁၉၉၆ခုနှစ်အတွင်း မန္တလေးမှသံဃာတော်တစ်ပါး နဝတ ဥပဒေအမှတ် ၅ အရ ထောင်ဒါဏ် ၂နှစ်ကျခံခဲ့ရသည်၊ ယင်း သမ္မာသတိ (Samma-sati)သည် နိုင်ငံတော်၏တည်တံ့ခိုင်မြဲမှုကို မည်ကဲ့သို့ပြိုကွဲစေတတ်သည်ကို၎င်း၊ ပြည်သူအတွင်း မည်ကဲ့သို့အထင်မြင်များစေနိုင်ပုံကို၎င်း ဟူသောမေးခွန်းကို တရားစီရင်ရေးမှ ဖြေကြားခဲ့ခြင်းမရှိပေ။ စစ်အစိုးရသည် လွတ်လပ်စွာပြောဆိုခြင်း၊ စုရုံးခြင်း အပေါ် ရဟန်းသံဃာများကို ဆက်လက်၍သာ ဖမ်းဆီး ချုပ်နှောင်လျက် ရှိနေပေသည်။

မော်လမြိုင်ခရိုင်၊ မုဒုံမြို့နယ်မှသက်တော် ၆၆ နှစ်ရှိဆရာတော် အရှင်နန္ဒာဆိုသူသည်

အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်၊ ပါလီမန်အဖွဲ့ဝင်တစ်ဦးက သံဃာ့အဖွဲ့သို့ပေးလှူသော မြေကွက်ကလေးတကွက်အပေါ် စေတီတစ်ဆူကိုတည်ခဲ့ပါသည်။ ၂၀၀၁ခုနှစ် ဇန္နဝါရီလ ၆ရက်နေ့တွင်ဆရာတော်အဖမ်းခံရပြီး ဇန္နဝါရီလ ၁၉ ရက်နေ့တွင် ထောင်ဒဏ် ၁၀ နှစ်အချခံရခဲ့သည်။ အကြောင်းပြချက်ကား "စစ်တပ်အာဏာပိုင်များထံမှ စေတီတော်[၄၇] အုတ်မြစ်ချရန် ကြိုတင်အမိန့်တောင်းခံခြင်းမရှိ" ဟူ၍ဖြစ်သည်။

၁၉၇၂ ခုနှစ်ညွှန်ကြားချက်တစ်ရပ်က "တပ်မတော်အာဏာပိုင်များထံမှ ခွင့်ပြုချက်အမိန့်တောင်းခံခြင်းမရှိပဲ ကျောင်းကန်ဇရပ်သို့မဟုတ် စေတီပုထိုး တည်ဆောက်ခြင်း သို့မဟုတ် ပြင်ဆင်ခြင်းမပြုရ"ဟုပါရှိသည့်အတိုင်း အခြေနေမှာ ဤအတိုင်းသာဆက်လက်၍ရှိနေသေးသည်။ စစ်တပ်သည် လူမျိုးစုရှိရာ နယ်မြေဒေသတို့တွင် ဘုန်းကြီးကျောင်းကန်များကို ဝင်ရောက်ပြီး လုယူခြင်း ဖျက်ဆီးခြင်းမှစ၍ သံဃာများကို ဖမ်းဆီးချုပ်နှောင်ခြင်း သို့မဟုတ် ဥပဒေ မတရားသတ်ဖြတ်ခြင်းအထိ လုပ်ဆောင်နေ၏။

စစ်အစိုးရ၏ အပြုတ်တိုက်ပွဲသည် နိုင်ငံရေးအကျိုးအမြတ်တစိတ်တဒေသ ဖြစ်သည်။ မိမိ၏ မူအရ မြန်မာနိုင်ငံတွင်ဘာသာရေး လွတ်လပ်မှုရှိသည် ဟုဆိုသော်လည်း အမှန်တကယ်အားဖြင့် ဘာသာရေးခွဲခြားမှုပင် ဖြစ်သည်။ မူစလင်နှင့် ခရစ်ယာန်များ ပျောက်ပျက်စေရန် ဖိနှိပ်မှုများလုပ်ဆောင်လျက် ဗုဒ္ဓဘာသာကို မာန်ပြမြှင့်တင်ရေး လုပ်ဆောင်နေခြင်းသာရှိသည်။ နအဖ ၏ 'အမျိုးသားလူအင်အား'မြှင့်တင်ရေးအတွက် အခြားဘာသာများအတွက် ကုန်ကျစရိတ်ထဲမှ စစ်အစိုးရက ဗုဒ္ဓဘာသာကို မြှင့်တင်ပေးနေခြင်း ဖြစ်သည်။ ဗုဒ္ဓဘာသာတရားတော်အကျိုး[၄၈]ကို စစ်အစိုးရက ဆောင်ရွက်ပုံပေါ်လာစေရန် စစ်ဗိုလ်ချုပ်ကြီးက စနစ်တကျ ဝါဒအကွက်ချ တတ်လှပေ၏။ ဤကားမြန်မာနိုင်ငံတွင် ယနေ့ဥပဒေနှင့်ဗုဒ္ဓဘာသာရှိနေပုံသာဖြစ်ပေသည်။ ဥပဒေ အမိုးကွယ်အောက်တွင် ဗုဒ္ဓဘာသာဝင်များ ဒီမိုကရေစီနှင့် လူ့အခွင့်အရေး ပြန်လည်ရှင်သန်ရေးအတွက် လှုပ်ရှားနေသူအများ ရှိခြင်းဖြင့် ဖိနှိပ်ခြင်းခံနေရပြီး ရဟန်းသံဃာတော်အများမှာ အစပျောက်အဖြတ်ခံ ပျက်စီးဆုံးရှုံးမှုခံရလျက် နေပေသတည်း။ ။

<u>မှတ်စုများ</u>

1. B.S. Sinha, "Custom and Customary Law in Indian Jurisprudence". *Indian Sino Legal Journal*, Vol. 2, 1976, p. 89.
2. Government of India, "Social Legislation: Its Role in Social Welfare". New Delhi, 1956, p. 18.
3. For example, in section 37 of the Bengal, Agra and Assam Civil Courts Act of 1887, and in section 16 of the Madras Civil Courts Act of 1873.
4. For example, sections 5 and 6 of the Punjab Laws Act of 1872.
5. This was repeated in section 4 of the Burma Courts Act of 1875.

6. For example, the case of Ma Asha vs. B.K. Haldar (1936) Indian Law Reports Vol. 14, Rangoon Series 439.
7. Code of Monastic Discipline.
8. CPD numbers, used to identify Pali texts, refer to the bibliography in "A Critical Pali Dictionary" edited by V. Trenckner. Copenhagen: Royal Danish Academy of Sciences and Letters, 1924, 1:37-69.
9. The Fundamental Rules of a Buddhist monk.
10. In 1927 the High Court at Rangoon ruled that the term "Buddhist Law" was to be interpreted as "Burmese Buddhist Law". A further ruling in 1956 stated that it was to be interpreted as "Customary Law of the Burmese Buddhists"; in 1969 this law was changed to read "Burmese Customary Law". This law does not apply to the whole Union of Burma, but only to cases involving Buddhists.
11. When the Burma Laws Act of 1898 was promulgated, British judges in Burma had difficulty in interpreting the term "Buddhist Law" and also in determining to whom the law should apply. Around 1930 however, the courts settled that also the Chinese Buddhists in Burma were to be governed by Burmese Buddhist Law.
12. According to Dr U Than Naung, in an interview with the author, 9 December 1995.
13. The same Act declared that "the punishments which may be awarded thereunder, or the practices which are permitted thereby, are in conformity with the spirit of the law in force in the rest of British Burma" (*Report on the Administration of Burma for the year 1921-22*, pp. 14-15).
14. This was an important digest of Burmese law, compiled by Kinwun Mingyi U Gaung between 1893 and 1897 for the Judicial Commissioner of Upper Burma.
15. Sir John Jardine, "Notes on Buddhist Law". Rangoon: Government Superintendent of Documents, 1953.
16. This was the case of Dr Tha Mya vs. Daw Khin Pu. (Burma Law Reports, 1951).
17. Hidayatullah, M. and A., "Mulla's Principles of Mahomedan Law", 19th Edition. Bombay: N.M. Tripathi Ltd., 1990, p. 224.
18. The Holy Koran, 4:3.
19. The Holy Koran, 4:128. (However, "The Burma Code", Vol. XI, p. 25 (Act No. 14 of 1953, still in effect today) regulates the divorce of Muslim women contrary to Islamic Law under certain conditions, "…without prejudice to any basic tenet of Islam". Mr. B.K. Sen, Advocate, was confronted with a case under Act No. 14 before the Rangoon District Court).
20. "The Burma Code", Vol. I, Officially Published under the Authority of the Government of the Union of Burma, 1955, p. 9 (Article 13, Section 3).
21. Act No. 24 of 1939.
22. Act No. 32 of 1954.
23. Mr. B.K. Sen, Advocate, Burma Lawyers' Council; personal communication with the author, 6 April 2001.

24. This was repealed by Burma Act IV, 1944.
25. P. Bigandet, "The Life, or Legend of Gaudama The Buddha of the Burmese". Rangoon, 1866, p. 523.
26. *Dhamma* is a word from Pali, the ancient language which the Buddha spoke. Dhamma is generally used to denote the Law or the Teachings of the Buddha.
27. Yahan Byo Ahpwe, or Young Monks' Association, formed in 1938.
28. Kyaungtaik Sayadaw Ahpwe, or Presiding Sayadaws' Association, formed in 1948.
29. For an interesting background on the organized political monks' reaction to the government's policies and actions, see: Donald E. Smith, "Religion and Politics in Burma". Princeton, New Jersey: Princeton University Press, 1965, Chapter 8; and also: Tin Maung Maung Than, "The Sangha and Sasana in Socialist Burma". *Sojourn: Social Issues in Southeast Asia*, Vol. 3, No. 1, February 1988, pp. 26-61.
30. According to Mr. B.K. Sen, personal communication with the author, 1 May 2001.
31. Khin Maung Win, "Religious Freedom in Burma: A divisive and suppressive practice of the military regime". *Legal Issues on Burma Journal*, No. 4, October 1999, p. 20.
32. According to the Reverend Cung Lian Hup, personal communication with the author, 6 June 1996.
33. "Human Rights Yearbook Burma, 1999-2000", National Coalition Government of the Union of Burma, Washington, D.C., August 2000, p. 225.
34. "Junta Leader Defends Forced Labor", United Press International, 28 April 1994.
35. Press Conference No. 107 of 7 December 1990, reported in the *Working People's Daily* (8 December 1990). The state deemed the actions of the dissident monks an attempt to divide and destroy the officially sanctioned Sangha organization.
36. *Theravada* is one of the two main schools of Buddhism, found in countries such as Sri Lanka, Burma, Thailand, Laos and Cambodia. The other main school is called *Mahayana*, found in countries such as Vietnam, Tibet and Korea.
37. *Sayadaw* is a term of respect for a monk who has spent ten years or more in the Burmese Sangha.
38. *Nayaka* is a title for the Head of a Buddhist school, or the chief monk among a group of monks.
39. Mendelson, E. Michael, "Sangha and State in Burma: A Study of Monastic Sectarianism and Leadership", edited by John P. Ferguson. Ithaca, New York: Cornell University Press, 1975, pp. 40-41, 86.
40. Peter Gutter, "Between Junta and Nirvana. Buddhism in Southeast Asia: A Comparative Study". The Hague: Eurasia Group Ltd., 1997, p. 55.
41. U Mya Sein, "Customary Law", 8th Edition (in Burmese). Chapter 20, "Monks and Judiciary". Rangoon: Than Swe, 1993, pp. 383-

398. Thanks to Mr. B.K. Sen for translating.

42. For a thorough account of monastic discipline, see: Vajirananavarorasa, Sangharaja, "The Entrance to the Vinaya", Vols. I & II. Bangkok: Mahamakuta Rajavidyalaya Press, 1969-1973.
43. His Holiness the Dalai Lama, "Buddhism, Asian Values, and Democracy". *Journal of Democracy*, Vol. 10, No. 1, January 1999, pp. 3-7.
44. See: D. Gokuldas, "Democracy in the early Buddhist Sangha". Calcutta: University of Calcutta, 1955.
45. *Uposatha* is the building in a Buddhist monastery where monastic ordination takes place.
46. This regulation according to *Mahâvagga* II.
47. Khin Maung Win, p. 24.
48. *Khitpyaing*, April 2001, p. 8.
49. For example, *The New Light of Myanmar*, Vol. VIII, No. 216, 18 November 2000, p. 12: "…the State Peace and Development Council is endeavouring under … the eminent Sayadaws for promotion, propagation and perpetuation of the Sasana [Buddhism]".

## အယ်ဒီတာမှတ်ချက်

*မြန်မာနိုင်ငံရှေ့နေများကောင်စီက ထုတ်ဝေသော Legal Issues on Burma Journal, No. 8, April 2001 တွင် Peter Gutter ရေးသားသော* "Law and Religion in Burma" *ဆောင်းပါးကို မြန်မာစာဖတ်ပရိတ်သတ်များအတွက် ဘာသာပြန်ဆိုထားခြင်း ဖြစ်သည်။ မူရင်းစာမူနှင့် ကွဲလွဲမှုတစုံတရာရှိပါက ဘာသာပြန်ဆိုမှု ချို့ယွင်းချက်သာ ဖြစ်ပါသည်။*

## အခြေခံဥပဒေရေးရာ

# သမ္မတဦးဆောင်အစိုးရစနစ်

ခင်မောင်ဝင်း

သမ္မတဦးဆောင်ဒီမိုကရေစီဟု ပြောလိုက်လျှင် (၁၈)ရာစုနှောင်းပိုင်းကာလ၌ အတည်ပြုခဲ့သော အမေရိကန်ပြည်ထောင်စု ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေက ပုံဖော်ထားသည့်ဥပဒေပြုရေး၊ အုပ်ချုပ်ရေး၊ တရားစီရင်ရေး တည်းဟူသော အာဏာကြီးသုံးရပ်ကို သီးခြားထားခြင်းစနစ်(separation of powers) အရဖွဲ့စည်းထားသည့် အစိုးရဖွဲ့စည်းမှု ဆိုသည်ကို သိရှိထားကြသည်။ အမေရိကန်ဖွဲ့စည်းအုပ်ချုပ်အခြေခံဥပဒေသည် သမ္မတဦးဆောင်ဒီမိုက ရေစီစနစ်နှင့် အာဏာများသီးခြားထားခြင်းစနစ်၏ ကနဦးအစဖြစ်ကြောင်း သုတေသီအာ လုံး၏တူညီသော အသိအမှတ်ပြုမကြိုခံရသည့် အခြေခံဥပဒေဖြစ်သည်။ (သမ္မတဦးဆောင်အစိုးရစနစ်(presidential government)ကို တချို့ကသမ္မတဦးဆောင်ဒီမိုကရေစီစနစ် (presidential democracy)ဟုလည်းကောင်း၊ ပါလီမန်အစိုးရစနစ် (parliamentary government)ကို ပါလီမန်ဒီမိုကရေစီ (parliamentary democracy) ဟုလည်းခေါ်ကြသည်။ ဤဆောင်းပါး တချို့နေရာများတွင် သမ္မတဦးဆောင်အစိုးရစနစ်အစား သမ္မတဦးဆောင်ဒီမိုကရေစီဟုလည်းကောင်း၊ ပါလီမန်အစိုးရစနစ်အစား ပါလီမန်ဒီမိုကရေစီဟု လည်းကောင်း ခေါ်ဝေါ်သုံးစွဲသွားမည်။)

အာဏာများသီးခြားထားရှိရေးအတွက် အလေးပေးတွေးခေါ်ခဲ့သော နိုင်ငံရေးအတွေးအခေါ်ပညာရှင်နှစ်ဦးမှာ အင်္ဂလိပ်နိုင်ငံရေးအတွေးအခေါ်ပညာရှင် ဂျွန်လော့ခ် (John Locke, 1632-1704)နှင့် ပြင်သစ်နိုင်ငံရေးအတွေးအခေါ်ပညာရှင် မွန်တက်စ်ကျူ (Charles-Louis de Montesquieu, 1584-1655) တို့ဖြစ်သည်။ ဂျွန်လော့ခ်သည်အင်္ဂလန်နိုင်ငံ၌ဖြစ်ပေါ်ခဲ့သော ဘုရင်နှင့်ပါလီမန်အကြား အုပ်ချုပ်ရေးအာဏာနှင့် ဥပဒေပြုရေးအာဏာလွန်ဆွဲပွဲကို အဆုံးသတ်စေရေး နည်းလမ်းရှာသည့်အနေဖြင့် အာဏာသီးခြားစီထားရှိရေး (separation of powers)ကို စတင်တွေးခေါ်ခဲ့သည်။ (၁၇)ရာစုနှစ်များအထိ အင်္ဂလန်နိုင်ငံတွင်ဘုရင်သည် အုပ်ချုပ်ရေးအာဏာသာမက ဥပဒေပြုရေးအာဏာပါ ရယူထားသဖြင့် ဥပဒေပြုရေးအာဏာ ကိုကျင့်သုံးပြီး ဘုရင်၏လုပ်ပိုင်ခွင့်များကို ကန့်သတ်ရန် ကြိုး

ပမ်းနေသောပါလီမန်နှင့် အာဏာလွန်ဆွဲပွဲများ ဖြစ်ပေါ်ခဲ့သည်။ ထိုတင်းမာမှုများကိုချေဖျက်ရန်အတွက် ဂျွန်လော့ခ်အဆိုပြုသည်မှာ ဘုရင်သည်အုပ်ချုပ်ရေးအာဏာကိုသာကျင့်သုံးရန်ဖြစ်ပြီး ဥပဒေပြုရေးအာဏာသီးသန့်ကိုသာ ပါလီမန်ကကျင့်သုံးရန်ဖြစ်သည်။ တရားစီရင်ရေးအာဏာမှာ နှစ်ခုစလုံးမှကင်းလွတ်ပြီး သီးခြားတည်ရှိမည့် မဏ္ဍိုင်ဖြစ်စေရမည်ဟုဆိုသည်။

ဂျွန်လော့ခ်၏ အတွေးအခေါ်များသည် ဘုရင်ကို အုပ်ချုပ်ရေးအာဏာအပ်နှင်းထားခြင်းနှင့်အတူ နိုင်ငံတော်ဦးသျှောင်အဖြစ် ဆက်လက်၍အသိအမှတ်ပြုရေး ဖြစ်နေသည်။ ထို့ကြောင့် ၎င်း၏ အာဏာသီးခြားစီ ထားရှိရေးစနစ်အတွေးအခေါ်သည် မျက်မှောက်ခေတ်တွင်သမ္မတဦးဆောင်ဒီမိုကရေစီဟု လူသိများသောနိုင်ငံရေးစနစ် အတွက်မဟုတ်ဘဲ ဘုရင်က နိုင်ငံတော်ဦးသျှောင်ဖြစ်နေသော နိုင်ငံရေးစနစ်အတွက်ဖြစ်သည်။ ယနေ့ခေတ်တွင် ဘုရင် သို့မဟုတ် ဘုရင်မ သို့မဟုတ် ၎င်းတို့ကဲ့သို့ဆက်ခံခြင်းစနစ်ဖြင့် နိုင်ငံတော်ဦးသျှောင်ဖြစ်နေသောနိုင်ငံများတွင် အာဏာသီးခြားစီ ထားရှိမှုစနစ်ဖြစ်သည့် သမ္မတဦးဆောင်ဒီမိုကရေစီထက် အုပ်ချုပ်ရေးနှင့် ဥပဒေပြုရေးအာဏာ ပါလီမန်အတွင်း၌ တစိတ်တပိုင်းထပ်တူကျနေသောစနစ်ဖြစ်သည့် ပါလီမန်ဒီမိုကရေစီစနစ်ကို ကျင့်သုံးနေသည်ကိုသာ တွေ့ကြရသည်။ အင်္ဂလန်နိုင်ငံအတွက် ဦးစားပေးတွေးခေါ်ခဲ့သော ဂျွန်လော့ခ်၏ အတွေးအခေါ်များသည် ယနေ့တိုင် အင်္ဂလန်နိုင်ငံတွင် ကျင့်သုံးခြင်းမရှိသေးပေ။ သို့သော် ယနေ့ကမ္ဘာ့အရပ်ဒေသ အတော်တော်များများတွင် ကျင့်သုံးနေကြသော အာဏာသီးခြားစီထားရှိသည့်စနစ်ဖြစ်သော သမ္မတဦးဆောင် ဒီမိုကရေစီစနစ်သည် ဂျွန်လော့ခ်၏ နိုင်ငံရေးအတွေးအခေါ်တွင် များစွာအခြေခံထားသည် ဆိုသည့်အချက်နှင့် ပတ်သက်၍ကား အငြင်းပွားဖွယ်မရှိချေ။

အာဏာသီးခြားစီထားရှိခြင်းစနစ်ကို ဖေါ်ထုတ်ရင်း သမ္မတဦးဆောင်ဒီမိုကရေစီစနစ်ကို အားပေးခဲ့သော နိုင်ငံရေးအတွေးအခေါ်ပညာရှင် နောက်တဦးဖြစ်သူ မွန်တက်စ်ကျူ၏ အယူအဆများကို အမေရိကန်နိုင်ငံ ဖွဲ့စည်း အုပ်ချုပ်ပုံအခြေခံဥပဒေရေးဆွဲရေးတွင် အခြေခံထားသည်ကိုတွေ့ရသည်။ မွန်တက်စ်ကျူသည် ၎င်း၏အယူအဆများကို "On the Spirit of Laws" အမည်ရှိစာအုပ်တွင် ရေးသားဖေါ်ပြခဲ့သည်။ မွန်တက်စ်ကျူ၏ အတွေးအခေါ်အရ အစိုးရတရပ်အောက်တွင် နိုင်ငံသားအချင်းချင်း တစ်ဦးကိုတစ်ဦး ကြောက်ရွံ့ခြင်း ကင်းဝေးပါမှ နိုင်ငံသားတို့၏နိုင်ငံရေးလွတ်လပ်မှုရှိမည်ဖြစ်ရာ ထိုသို့သောအစိုးရကိုဖွဲ့ စည်းဖေါ်ဆောင်ရန် သူကအကြံပေးခဲ့သည်။ သူ၏အတွေးအခေါ်များအရ ဖော်ဆောင်ရမည့်အစိုးရမှာ အာဏာများသီးခြားစီထားရှိသည့်စနစ်ရှိသော အစိုးရဖြစ်သည်။ ဥပဒေပြုရေးအာဏာနှင့် အုပ်ချုပ်ရေးအာဏာသည် လူပုဂ္ဂိုလ်တဦး သို့မဟုတ် အဖွဲ့တစ်ဖွဲ့တွင် ပူးပေါင်းတည်ရှိနေပါက ထိုလူပုဂ္ဂိုလ်သို့မဟုတ် အဖွဲ့သည် ဖိနှိပ်ရေးဥပဒေများ ပြဋ္ဌာန်းကာ အုပ်ချုပ်သွားပေလိမ့်မည်။ တဖန် ဥပဒေပြုရေးနှင့် တရားစီရင်ရေးအာဏာများကို ပူးတွဲထားပြန်လျှင်လည်း တရားစီရင်ရသည့် တရားသူကြီးများတွင်ဥပဒေပြုလုပ်ပိုင်ခွင့်အာဏာပါ ရရှိသွားသဖြင့် ဖိနှိပ်ရေးဘက်သို့ ဦးတည်သွားပေလိမ့်မည်။ သို့ဖြစ်၍ နိုင်ငံသားများ၏ လွတ်လပ်မှုကို အာမခံသောအစိုးရတရပ်ဖြစ်ရေးမှာ ဥပဒေပြုရေး၊ အုပ်ချုပ်ရေး၊ တရားစီရင်ရေးတည်းဟူသော အာဏာသုံးရပ်ကို သီးခြားစီထားရှိသောစနစ်ဖြင့် အုပ်ချုပ်သည့်အစိုးရ ဖြစ်ရန်လိုသည်ဟု ဆိုသည်။

မျက်မှောက်ခေတ် သမ္မတဦးဆောင် ဒီမိုကရေစီအကြောင်းလေ့လာရာတွင် အာဏာ

များသီးခြားစီထားရှိခြင်းစနစ်၏ ကနဦးအတွေးအခေါ်များကို လေ့လာသကဲ့သို့ပင် သမတနိုင်ငံရေးစနစ် (republicanism) အကြောင်း ကိုလည်း လေ့လာသိရှိထားသင့်သည်။ အဘယ်ကြောင့်ဆိုသော် ယနေ့သမ္မတဦးဆောင်ဒီမိုကရေစီကို သမ္မတနိုင်ငံ (Republic)များတွင်သာ ကျင့်သုံးခြင်းကြောင့်ဖြစ်သည်။ မျက်မှောက်ခေတ်ကမ္ဘာတွင် နိုင်ငံတော်ဦးသျှောင်ကိုလိုက်၍ နိုင်ငံနှစ်မျိုးနှစ်စား ခွဲခြားနိုင်သည်။ ၎င်းတို့မှာ ဘုရင် သို့မဟုတ် ဘုရင်မ သို့မဟုတ် ၎င်းတို့ကဲ့သို့ ဆက်ခံခြင်းဖြင့်နိုင်ငံတော်ဦးသျှောင်ရာထူးကို ရရှိလာကြသော ဘုရင့်နိုင်ငံများ (Monarchy သို့မဟုတ် Kingdom)နှင့် ပြည်သူတို့က ရွေးချယ်သော သမ္မတ(President) တို့က နိုင်ငံတော်ဦးသျှောင် အဖြစ် ဆောင်ရွက်နေသော သမ္မတနိုင်ငံများ(Republics) ဟူ၍ဖြစ်သည်။ သမ္မတဦးဆောင်ဒီမိုကရေစီကို သမ္မတနိုင်ငံများတွင်သာ ကျင့်သုံးကြသည်။ သို့သော် သမ္မတနိုင်ငံအားလုံးသည် သမ္မတဦးဆာင်ဒီမိုကရေစီကို ကျင့်သုံးသည်ဟူ၍ကား မဆိုနိုင်ပါ။ ပါလီမန်ဒီမိုကရေစီစနစ်ကို ကျင့်သုံးသော သမ္မတနိုင်ငံများလည်းရှိကြသည်။

သမ္မတနိုင်ငံ (Republic)သည် ဂရိဘာသာစကား (Respublica)မှ ဆင်းသက်လာခြင်းဖြစ်ပြီး အဓိပ္ပာယ်မှာ ပြည်သူ့ရေးရာဟု အဓိပ္ပါယ်ရသည်။ သမ္မတနိုင်ငံရေးစနစ်(Republicanism)သည် ရှေးခေတ်ဂရိမြို့ပြ နိုင်ငံရေးခေတ်ကတည်းက တည်ရှိခဲ့သော်လည်း အမေရိကန်တော်လှန်ရေးကြီးပြီးသည်အထိ ၎င်းစနစ်သည် တိမ်မြုပ်နေပြီး ကမ္ဘာ့နိုင်ငံအားလုံးလိုလိုတွင် ဘုရင်များက အုပ်ချုပ်သောစနစ် (monarchism) များသာရှိခဲ့သည်။ အမေရိကန်တော်လှန်ရေးကြီးပြီးသောအခါ အာဏာများသီးခြားစီထားသော အစိုးရပုံစံကို ဖေါ်ဆောင်ရာတွင် နိုင်ငံတော်ဦးသျှောင်အဖြစ် ဘုရင်ကိုမထားဘဲ ပြည်သူတို့ရွေးချယ်သော သမ္မတကို ခန့်အပ်လိုက်သည်။ ထိုသမ္မတသည် ဂျွန်လော့ခ်နှင့် မွန်တက်စ်ကျူတို့ တွေးခေါ်ဖေါ်ပြသကဲ့သို့ အုပ်ချုပ်ရေးအာဏာကို ပိုင်ဆိုင်သူသက်သက်ဖြစ်လာခဲ့သည်။ ခြားနားချက်တခုမှာ ထိုအတွေးအခေါ်ပညာရှင်နှစ်ဦးက အုပ်ချုပ်ရေးအာဏာကို ဘုရင်ထံတွင်အပ်နှင်းရန် ဖေါ်ပြခဲ့ကြသော်လည်း အမေရိကန်တော်လှန်ရေးပြီးချိန်တွင် အမေရိကန်၌ ဘုရင်စနစ်မရှိသဖြင့် သမ္မတကို နိုင်ငံတော်ဦးသျှောင်နေရာထားပြီး အုပ်ချုပ်ရေးအာဏာအပ်နှင်းလိုက်ခြင်းဖြစ်သည်။ သို့ဖြင့် အမေရိကန်ပြည်ထောင်စုသည် ခေတ်သစ်ကမ္ဘာ၌ ပထမဦးဆုံးသောသမ္မတနိုင်ငံနှင့် အာဏာများသီးခြားစီထားရှိသောစနစ်ရှိသည့် သမ္မတဦးဆောင်ဒီမိုကရေစီအစိုးရရှိ နိုင်ငံဖြစ်လာသည်။ ထို့နောက် ပြင်သစ်တော်လှန်ရေးပြီးနောက် ပေါ်ပေါက်လာသော ပထမပြင်သစ်သမ္မတနိုင်ငံ (မျက်မှောက်ပြင်သစ်နိုင်ငံသည် ပဉ္စမမြောက် သမ္မတနိုင်ငံဖြစ်သည်) ဖင်လန်၊ ဖိလစ်ပိုင်၊ တောင်ကိုရီးယား၊ ဗီယက်နမ်နှင့် လက်တင်အမေရိကနိုင်ငံများ၊ ၁၉၉၀ ပြည့်လွန်နှစ်များတွင် ဒီမိုကရေစီအသွင်ကူးပြောင်းရေးရလာသည့် ရုရှား၊ ဆိုဗီယက်ပြည်ထောင်စုဟောင်းနိုင်ငံများနှင့် အရှေ့ဥရောပကွန်မြူနစ်နိုင်ငံဟောင်းများတို့သည် အမေရိကန်ပြည်ထောင်စု၏ အစိုးရပုံသဏ္ဍာန်ကို မှီငြမ်းထားသည့် အစိုးရစနစ်ရှိ နိုင်ငံများဖြစ်လာကြသည်။ သို့သော် တနိုင်ငံနှင့်တနိုင်ငံ ခြားနားချက်များရှိသည်။ ထို့ကြောင့်သမ္မတဦးဆောင်ဒီမိုကရေစီကို လေ့လာရာတွင် အမေရိကန်ကိုအဓိကထား၍ အခြားနိုင်ငံများနှင့် နှိုင်းယှဉ်လေ့လာနိုင်သည်။

# အစိုးရဖွဲ့စည်းခြင်း

သမ္မတဦးဆောင်ဒီမိုကရေစီစစ်စစ် (အမေရိကန်ပုံစံ)ရှိနိုင်ငံတွင် အစိုးရဖွဲ့စည်းရေးသည် သမ္မတ၏ တာဝန်ဖြစ်သည်။ ပြည်သူလူထုက တိုက်ရိုက်ဖြစ်စေ၊ ထိုနည်းနှင့် အနှစ်သာရတူညီသော အခြားနည်းဖြင့်ဖြစ်စေ သမ္မတ ကိုရွေးချယ်လိုက်ပြီး သမ္မတက ၎င်းအစိုးရအဖွဲ့တွင်ပါဝင်မည့် ဝန်ကြီးများကို ၎င်းစိတ်ကြိုက် ရွေးချယ်ခန့်ထားခွင့်ရှိသည်။ သမ္မတကိုယ်တိုင်သည် နိုင်ငံတော်ဦးသျှောင်ရာထူးရော အစိုးရအဖွဲ့အကြီးအကဲတာဝန်ပါ ရယူပိုင်ဆိုင်သူဖြစ်သည်။ ပါလီမန်ဒီမိုကရေစီတွင် နေ့စဉ် နိုင်ငံတော်အား စီမံခန့်ခွဲအုပ်ချုပ်ရေး၌ အာဏာအရှိဆုံးပုဂ္ဂိုလ်မှာ ဝန်ကြီးချုပ်ဖြစ်သကဲ့သို့ သမ္မတဦးဆောင်ဒီမိုကရေစီတွင် သမ္မတမှာ အာဏာအရှိဆုံးပုဂ္ဂိုလ်ဖြစ်သည်။

အမေရိကန်ပြည်ထောင်စုသမတက ၎င်း၏အစိုးရအဖွဲ့တွင်ပါဝင်မည့် ဝန်ကြီးအဖြစ်ရွေးချယ်လိုက်သူကို ကွန်ဂရက် (Congress)၏ အထက်လွှတ်တော်ဖြစ်သော ဆီးနိတ် (Senate)က အတည်ပြုပေးရသည်။ ပြည်သူ့ ကိုယ်စားလှယ်မဟုတ်သူတဦးကို အစိုးရအဖွဲ့ဝင်ဝန်ကြီးအဖြစ် ခန့်အပ်ခြင်းဖြစ်ရာ ထိုသူ၏ ကိုယ်ကျင့်သိက္ခာ၊ အရည်အချင်းသင့်မြတ်မှု၊ ဥပဒေတရပ်ရပ်နှင့် ငြိစွန်းခြင်းရှိမရှိ စသည်တို့ကို ဆန်းစစ်ရန်လိုအပ်သည်။ သမ္မတက အမည်စာရင်းတင်သွင်းသူကို ဆီးနိတ်ကအတည်မပြုဘဲပယ်ချပါက သမ္မတသည်အခြားသူတဦးကို ပြောင်းလဲ၍ အမည်စာရင်းတင်သွင်းရသည်။ ထိုသို့ သမ္မတကအမည်စာရင်းတင်သွင်းသူများသည် ကွန်ဂရက်လွှတ်တော် နှစ်ရပ်စလုံး၏ အမတ်များမဖြစ်စေရပေ။ အဘယ်ကြောင့်ဆိုသော် အာဏာများသီးခြားစီထားရှိခြင်း စနစ်အရ အုပ်ချုပ်ရေးနှင့်ဥပဒေပြုရေးအာဏာ ရောထွေးယှက်တင်မဖြစ်စေရန်အတွက် ဥပဒေပြုအာဏာကျင့်သုံးသည့် ကွန်ဂရက်အဖွဲ့ဝင်မဟုတ်သော ပြင်ပမှပုဂ္ဂိုလ်များကို ရွေးချယ်ရန် လိုအပ်ခြင်းကြောင့်ဖြစ်သည်။

အမေရိကန်ပြည်ထောင်စုအစိုးရအဖွဲ့တွင် သမ္မတ၊ ဒုတိယသမ္မတနှင့် ဝန်ကြီးများပါရှိသည်။ ဝန်ကြီးချုပ်ဟူ၍ မပါရှိချေ။ သမ္မတရွေးချယ်ရေးအဖွဲ့က သမ္မတတစ်ဦးနှင့် ဒုတိယသမ္မတတစ်ဦးတို့ကို (၄)နှစ်သက်တမ်းအတွက် ရွေးချယ်ပေးလိုက်သည်။ အမေရိကန်သမ္မတသည် (၄)နှစ်သက်တမ်း နှစ်ကြိမ်ထက်ပို၍ အရွေးခံခွင့်မရှိပေ။ သမ္မတအဖြစ် အရွေးခံရသူသည် အစိုးရကို တာဝန်ယူဖွဲ့စည်းရပြီး ၎င်းဖွဲ့စည်းသောအစိုးရအဖွဲ့သည်လည်း ၎င်း၏ သက်တမ်း (၄)နှစ်တကြိမ်ကုန်ဆုံးသည်နှင့် တပြိုင်တည်းကုန်ဆုံးလေသည်။

အချို့သော သမ္မတဦးဆောင်ဒီမိုကရေစီနိုင်ငံများတွင် အစိုးရအဖွဲ့ ဖွဲ့စည်းရေးသည် အမေရိကန်ပြည်ထောင်စုကဲ့သို့ပင် သမ္မတက အပြည့်အဝလုပ်ပိုင်ခွင့်ရှိသော ကိစ္စဖြစ်သည်။ ဥပမာ– ကွန်ဂိုနိုင်ငံ၊ ယူဂိုစလားဗီးယားနိုင်ငံဟောင်း၊ ကော်စတာရီကာ၊ အီဂျစ်၊ ဖင်လန်၊ တူနီးရှား ကဲ့သို့သောနိုင်ငံများ ဖြစ်ကြသည်။ အချို့သော သမ္မတဦးဆောင်ဒီမိုကရေစီနိုင်ငံများတွင်မူ ပြည်သူလူထုက သမ္မတကိုရွေးချယ်ပေးသော်လည်း အစိုးရဖွဲ့စည်းရေးတွင်မူ သမတတဦးတည်း၏ လုပ်ပိုင်ခွင့်အရဆောင်ရွက်နိုင်ခြင်းမရှိတော့ဘဲ ပါလီမန်၏ အတည်ပြုချက်ဖြင့်သာ သမ္မတကခန့်အပ်ရသည်။ ဤသို့သော သမ္မတဦးဆောင်ဒီမိုကရေစီနိုင်ငံများသည် အမေရိကန်ပုံစံစစ်စစ်မဟုတ်တော့ချေ။ သမ္မတတွင် တဝက်တပျက်သာ

လုပ်ပိုင်ခွင့်ရှိတော့သော သမ္မတဦးဆောင် ဒီမိုကရေစီ (Semi-Presidential Democracy)ဟု လူသိများသည့် အုပ်ချုပ်ရေးအာဏာကျင့်သုံးခြင်းတို့တွင် သမ္မတနှင့် အစမ်ဗလီခေါ် ပါလီမန်အောက်လွှတ်တော်ထဲမှ အချို့သောအမတ်များ အာဏာကိုခွဲဝေကျင့်သုံးခြင်းကြောင့်ဖြစ်သည်။

## သမ္မတရွေးချယ်တင်မြှောက်ပွဲ

အမေရိကန်ပြည်ထောင်စု၏ အာဏာအရှိဆုံးပုဂ္ဂိုလ်ဖြစ်သော သမ္မတရွေးချယ်တင်မြှောက်ပွဲသည် အမေရိကန် ပြည်ထောင်စုဒီမိုကရေစီ၏ အသက်ဖြစ်သည်ဟု လေ့လာသူများက အသိအမှတ်ပြုကြသည်။ သက်တမ်း (၄)နှစ်တာကာလအတွက် အခြေခံဥပဒေအရ အရေးယူခံရခြင်းမှတပါး ပါလီမန်ဒီမိုကရေစီအစိုးရများကဲ့သို့ ခြိမ်းခြောက်မှုမခံရဘဲ အေးဆေးတည်ငြိမ်စွာ အုပ်ချုပ်ခွင့်ရရှိမည့် သမ္မတရာထူးအတွက် ရွေးချယ်တင်မြှောက်ပွဲဖြစ်သည်။ ထိုမျှအရေးကြီးသော သမ္မတရွေးချယ်တင်မြှောက်ပွဲကျင်းပရာတွင် အသုံးပြုသောရွေးချယ်တင်မြှောက်ပုံ စနစ်သည် ကမ္ဘာတွင် တမူထူးခြားသောပုံစံစနစ်ဖြစ်သည်။

အမေရိကန်သမတကိုပြည်သူလူထုက တိုက်ရိုက်ပါဝင်မဲပေးခြင်းမဟုတ်ဘဲ ရွေးချယ်တင်မြှောက်ရေးအဖွဲ့က မဲပေးသည့် သွယ်ဝိုက်မဲပေးစနစ်အရ ရွေးချယ်သည်။ သို့ရာတွင် ပါလီမန်ဒီမိုကရေစီစနစ်တွင်ရှိသော သွယ်ဝိုက်သော မဲပေးစနစ်မျိုးကားမဟုတ်ပါ။ အမေရိကန်ပြည်သူလူထု၏ဆန္ဒမဲများသည် အမေရိကန်သမ္မတရွေးချယ်ရေးတွင် များစွာလွှမ်းမိုးလျှက်ရှိပါသည်။ သမ္မတအဖြစ် မည်သူ့ကိုရွေးချယ်လိုသည်ဆိုသောအဆင့်တွင် အဆုံးအဖြတ်ပေးရသူတို့မှာကား အမေရိကန်ပြည်သူတို့မဟုတ်ဘဲ ရွေးချယ်တင်မြှောက်ရေးအဖွဲ့ဖြစ်သည်။

အမေရိကန်သမ္မတ ရွေးချယ်တင်မြှောက်ရေးအဖွဲ့တွင် ပါဝင်သူဦးရေအရေအတွက်သည် ကွန်ဂရက်ရှိလွှတ်တော်နှစ်ရပ်ပေါင်းမှ အမတ်ဦးရေအရေအတွက်နှင့် ညီတူညီမျှဖြစ်သည်။ သက်ဆိုင်ရာပြည်နယ်အသီးသီးသည် ၎င်းတို့ပြည်နယ်မှ ကွန်ဂရက်လွှတ်တော်နှစ်ရပ်စလုံးတွင် ကိုယ်စားပြုခွင့်ရသော ဦးရေအရေအတွက်ရှိသည့် ရွေးချယ်တင်မြှောက်ရေးအဖွဲ့ အဖွဲ့ဝင်များကို ခန့်ထားပေးရသည်။ ထိုရွေးချယ်တင်မြှောက်ရေးအဖွဲ့၏ အဖွဲ့ဝင်များသည် ကွန်ဂရက်လွှတ်တော်နှစ်ရပ်စလုံး၏ အဖွဲ့ဝင်များ၊ အခြားအစိုးရအရာရှိများကား မဖြစ်စေရပေ။ ပြည်နယ် တိုင်းသည် အထက်လွှတ်တော်တွင် ကိုယ်စားလှယ်နှစ်ဦးစီ ကိုယ်စားပြုခွင့်ရထားသဖြင့် ထိုနှစ်ဦးနှင့် အောက်လွှတ်တော်တွင် ထိုပြည်နယ်ကိုယ်စားပြုခွင့်ရသော ကိုယ်စားလှယ်ဦးရေနှစ်ခုပေါင်းသည် ထိုပြည်နယ်သမ္မတ ရွေးချယ်တင်မြှောက်ရေးအဖွဲ့ အဖွဲ့ဝင်ဦးရေများဖြစ်သည်။ ထို့ကြောင့် ပြည်နယ်အကြီးအငယ်ကိုလိုက်၍ ရွေးချယ်တင်မြှောက်ရေးအဖွဲ့တွင် ပါဝင်ခွင့်မှာခြားနားသည်။ ဥပမာ အကြီးဆုံးပြည်နယ်ဖြစ်သော ကယ်လီဖိုးနီးယားပြည်နယ်မှ ရွေးချယ်တင်မြှောက်ရေးအဖွဲ့ဝင် (၅၄)ဦး ပါဝင်ခွင့်ရချိန်တွင် ဒီလာဝါးကဲ့သို့သော အငယ်ဆုံး ပြည်နယ်များမှ (၃)ဦးစီသာ ပါဝင်ခွင့်ရသည်။

ရွေးချယ်တင်မြှောက်ရေးအဖွဲ့က သမ္မတကို မဲပေးရွေးချယ်သည်ဆိုရာဝယ် ရွေးချယ်တင်မြှောက်ရေးအဖွဲ့ဝင်များက ၎င်းတို့မဲပေးလိုသူကို ပေးခွင့်မရှိချေ။ ပြည်သူလူထုက

ထောက်ခံသူကိုသာ ၎င်းတို့က မဲပေးခွင့်ရှိသည်။ သမ္မတရွေးချယ်တင်မြှောက်ပွဲမတိုင်မီ လအတန်ကြာကတည်းက အမေရိကန်ပြည်ထောင်စု၏ သက်ဆိုင်ရာပါတီကြီးများသည် ၎င်းတို့ပါတီ၏သမ္မတလောင်းကို ရွေးချယ်ပြီးဖြစ်၍ သက်ဆိုင်ရာပြည်နယ်ရှိ မဲဆန္ဒရှင်ပြည်သူများက သိရှိထားပြီးဖြစ်နေကြသည်။ မဲဆန္ဒရှင်ပြည်သူများသည် မည်သည့်ပါတီ၏သမ္မတလောင်းမည်သူ သို့မဟုတ် တသီးပုဂ္ဂလကို သမ္မတအဖြစ် ထောက်ခံကြောင်းကို မဲပေးကြရသည်။ သို့ရာတွင် တနိုင်ငံလုံးရှိဆန္ဒမဲအားလုံးကို တနေရာတွင် စုပုံပြီးရေတွက်ခြင်းစနစ်ဖြင့် သမ္မတအရွေးခံရသူ မည်သူဖြစ်ကြောင်း ဆုံးဖြတ်ခြင်းမျိုးကား မဟုတ်ပြန်ချေ။ သက်ဆိုင်ရာပြည်နယ်အသီးသီးတွင် မဲဆန္ဒရှင်များ၏မဲကို ရေတွက်၍ မည်သူ့ကိုသမ္မတအဖြစ်ရွေးလိုကြောင်း ပြည်သူများ၏ဆန္ဒကို သိရှိလာသောအခါ ထိုပြည်နယ်၏ဆန္ဒမဲကို ထိုပြည်နယ်မှ ရွေးချယ်တင်မြှောက်ရေးအဖွဲ့တွင်ပါဝင်သော ကိုယ်စားလှယ်များက ပိုင်ဆိုင်သွားသည်။

အမေရိကန်ပြည်ထောင်စု၏ ရွေးချယ်တင်မြှောက်ရေးအဖွဲ့ဖြင့် သမ္မတရွေးချယ်တင်မြှောက်ရေးစနစ်တွင် အားနဲချက်များရှိကြောင်းကို အတွေ့အကြုံများအရ သိရပြီဖြစ်သည်။ နယူးယောက်ကဲ့သို့သော ပြည်နယ်ကြီးတခုတွင် လူထုပဏ္ဏာမဆန္ဒမဲပေးမှုတွင် အဓိကပါတီကြီးနှစ်ခု၏ သမ္မတလောင်းနှစ်ယောက်ကို မဲပေးရာတွင် တစ်ဦးနှင့်တစ်ဦး အပြတ်အသတ်မဲမကွာဘဲ တဦးကမဲအားလုံးပေါင်း၏ (၅၀)ရာခိုင်နှုန်းကျော်ရုံလေးရနေပြီး အခြားတစ်ဦးက (၅၀)ရာခိုင်နှုန်းအောက် နည်းနည်းမျှသာ လျော့နည်းနေသော ရလဒ်ဖြစ်စေကာမူ ထိုပြည်နယ်မှ ရရှိသော ရွေး ချယ်တင်မြှောက်ရေးမဲ (၄၃)မဲစလုံးကို ပြည်သူ့ဆန္ဒမဲ (၅၀) ရာခိုင်နှုန်းကျော်ရရှိသူကို ပေးလိုက်ရသည်။ ဤအခြေအနေမျိုးသည် ပြည်သူ့ဆန္ဒမဲနှင့် ရွေးချယ်တင်မြှောက်ရေးမဲတို့အကြား ကွဲလွဲချက်များဖြစ်သည်။ ၁၉၈၈ ခုနှစ် သမ္မတရွေးကောက်ပွဲတွင် ရီပါဘလစ်ကန်ပါတီမှ သမ္မတလောင်း ဘုရှ် (George Bush) က ပြည်သူ့ဆန္ဒမဲ၏ ၅၃.၃၇ ရာခိုင်နှုန်းရရှိပြီး ဒီမိုကရက် (Democrat)ပါတီမှ သမ္မတလောင်း ဒူကားကစ် (Michael S. Dukakis) က ၄၅.၆၅ ရာခိုင်နှုန်း ရရှိသည်။ သို့သော် သမ္မတကို ရွေးထုတ်ပေးသည့် အဆင့်ဖြစ်သော ရွေးချယ်တင်မြှောက်ရေးအဖွဲ့၏ မဲတွင်မူ ဘုရှ်က (၄၂၆)မဲ ရရှိသွားပြီး ဒူကားကစ်က (၁၁၂)မဲ သာရရှိတော့သည်။ အမေရိကန်သမ္မတ ရွေးချယ်ရေးသမိုင်းတွင် ၁၈၂၄ ခုနှစ် ၊ ၁၈၇၆ ခုနှစ်၊ ၁၈၈၈ခုနှစ် သမ္မတရွေးကောက်ပွဲများတွင် ပဏ္ဏာမလူထုဆန္ဒမဲတွင် အနိုင်ရသော သမ္မတလောင်းများက ရွေးချယ်တင်မြှောက်ရေးအဖွဲ့မဲတွင် ရှုံးနိမ့်ပြီး ပဏ္ဏာမလူထုဆန္ဒမဲ လျော့နည်း၍ရသူများက သမ္မတဖြစ်လာသောသာဓကများ ရှိခဲ့ဖူးသည်။ တဖန် ၂၀၀၁ ခုနှစ် သမ္မတရွေးကောက်ပွဲတွင်လည်း လူထုဆန္ဒမဲအများစုအနိုင်ရသော ဒီမိုကရက်ပါတီ သမ္မတလောင်း အယ်ဂိုး (Al Gore) ကအရွေးမခံရမဲ ရီပါဘလစ်ကန် သမ္မတလောင်း ဂျော့-ရှ ဘု(ချ) (George W. Bush) အရွေးခံရပြန်သည်။

အမေရိကန်သမ္မတ ရွေးချယ်တင်မြှောက်ရေးအဖွဲ့သည် တနေရာတွင် စုဆုံပြီး မဲပေးရွေးချယ်ခြင်းမဟုတ်ဘဲ သက်ဆိုင်ရာပြည်နယ်အသီးသီးမှ ရွေးချယ်တင်မြှောက်ရေးအဖွဲ့ဝင်များသည် ပြည်နယ်မြို့တော်များတွင် စုဝေးမဲပေးကြပြီး မိမိတို့ပြည်နယ်၏မဲကို ကွန်ဂရက်ဆီးနိတ်လွှတ်တော်ဥက္ကဋ္ဌထံသို့ ပေးပို့ကြသည်။ ကွန်ဂရက်လွှတ်တော်၏ လွှတ်တော်နှစ်ရပ်ပေါင်းပူးတွဲအစည်းအဝေးတွင် မဲရေတွက်ပြီး အပြတ်အသတ်မဲအများစု (ထက်ဝက်ကျော်ဆန္ဒမဲ) ရရှိသူကို သမ္မတအဖြစ်ကြေညာလိုက်သည်။ ထိုအဆင့်တွင် မည်သူကမျှမဲ

အများစုမရရှိပါက အများဆုံးရရှိသူသုံးဦးအနက်မှ တဦးကို သမ္မတအဖြစ် ကွန်ဂရက် အောက်လွှတ်တော်(House of Representatives)ကမဲပေးရွေးချယ်ရသည်။ ဤအဆင့် ၌မဲပေးရာတွင် ပြည်နယ်များ၏လွှတ်တော်အတွင်း ကိုယ်စားလှယ် အရေအတွက် အနည်း အများကို မလိုက်ဘဲ ပြည်နယ်တခု တမဲစီပေးခွင့်ရကြသည်။ ဤရွေးချယ်မှုတွင်လည်း အ ပြတ်အသတ်မဲအများစုရရှိသူကို ရွေးချယ်ရန် မအောင်မမြင်ဖြစ်နေသေးပါက မတ်လ(၄) ရက်နေ့ နောက်ပိုင်းတွင် ဒုသမတသည် အလိုအလျောက်သမတရာထူးကိုလက်ခံရရှိသွား သည်။ သမ္မတရွေးကောက်ပွဲအတွက် ကွန်ဂရက်အတွင်း မဲရေတွက်မှုကို အမြဲတမ်း ဇန္နဝါရီ လ (၆)ရက်နေ့တွင်ပြုလုပ်ရသည်။ အမေရိကန်ပြည်ထောင်စု၏ ဒုတိယသမ္မတရွေးကောက် ပွဲကိုလည်း သမ္မတရွေးကောက်ပွဲနှင့် တပြိုင်တည်းကျင်းပပြီး လုပ်ထုံးလုပ်နည်းမှာလည်း အတူတူပင်ဖြစ်သည်။ ဒုတိယသမ္မတ ရွေးချယ်ပွဲလည်း ပထမဆင့်ရွေးချယ်တင်မြှောက်ရေး အဖွဲ့၏မဲတွင် မည်သူကမျှ အပြတ်အသတ်မဲအများစုမရရှိလျှင် မဲအများဆုံးရနေသူ (၂) ဦး ထဲမှ တစ်ဦးကို ဒုတိယသမ္မတအဖြစ် ဆီးနိတ်လွှတ်တော်အမတ်များက မဲပေးရွေးချယ်ရ သည်။ ဤသို့ရွေးချယ်ရာတွင် ပြည်နယ်ကိုကိုယ်စားပြုနေ စရာမလိုဘဲ အမတ်များက တ သီးပုဂ္ဂလ လွတ်လပ်စွာမဲပေးခွင့်ရကြသည်။

သမ္မတ၊ ဒုသမ္မတ ရာထူးလစ်လပ်မှုနှင့် ပတ်သက်၍ ၁၉၆၇ ခုနှစ်အထိ ရှင်းလင်းတိ ကျသောပြဋ္ဌာန်းချက်များ မရှိသေးချေ။ ၁၉၆၇ ခုနှစ် (၂၅)ကြိမ်မြောက် အခြေခံဥပဒေပြင် ဆင်ရေးပြုလုပ်သောအခါတွင်မှ သမ္မတ၊ ဒုသမ္မတတို့ ရာထူးလစ်လပ်လျှင် အစားထိုးခြင်း များအကြောင်း ပြဋ္ဌာန်းလာသည်။ သမ္မတက ခန္ဓာကိုယ်ပိုင်းနှင့် စိတ်ပိုင်းနှစ်ခုစလုံးကြောင့် တာဝန်များကို စွမ်းဆောင်နိုင်ခြင်းမရှိလျှင် ဒုသမ္မတက ယာယီသမ္မတ (Acting President)အဖြစ် တာဝန်ယူရသည်။ သမ္မတ သေဆုံးလျှင်ကား ဒုသမ္မတက သမ္မတဖြစ်လာ သည်။ ဒုသမ္မတ နေရာလစ်လပ်မှုဖြစ်ပါက သမ္မတက သင့်တော်သူတဦးဦးကို အမည်စာ ရင်းတင်သွင်း၍ ကွန်ဂရက်က အတည်ပြုရသည်။ ဒုတိယသမ္မတက သမ္မတနေရာတက် သွား၍ ဒုတိယသမ္မတနေရာ လစ်လပ်သွားခြင်းဖြစ်ပါက အောက်လွှတ်တော်ဥက္ကဋ္ဌက ဒု သမ္မတ ဖြစ်လာသည်။

(**အယ်ဒီတာမှတ်ချက်**။ ။အမေရိကန်သမ္မတ ရွေးချယ်တင်မြှောက်ပုံစံအကြောင်းပို ၍အသေးစိတ်ရှင်းလင်း တင်ပြထားသောဆောင်းပါး အခြေခံဥပဒေရေးရာ စာစောင်အ မှတ်(၉)တွင် ဖော်ပြထားပါသည်။)

## သမ္မတ၏ အာဏာများ

သမ္မတသည် တနိုင်ငံလုံး အုပ်ချုပ်ရေးကဏ္ဍအားလုံး၏ အကြီးအကဲဖြစ်သည်။ အုပ် ချုပ်ရေးရာကိစ္စအားလုံးကို ၎င်း၏တာဝန်ခံမှုဖြင့်ဆောင်ရွက်ရသည်။ ဥပဒေများအားလုံးကို အသက်သွင်းရာတွင် သမ္မတကဦးဆောင်ပြုလုပ်ရသည်။ ထိုလုပ်ငန်းတာဝန်များကို ဆောင် ရွက်နိုင်ရန်အတွက် သမ္မတသည် အစိုးရဌာန(ဝန်ကြီးဌာန)များ၏ အကြီးအကဲများကို ခန့် အပ်ရသည်။ ဝန်ကြီးများကို သမ္မတက ဆီးနိတ်အထက်လွှတ်တော် အတည်ပြုချက်ဖြင့်

ခန့်အပ်ထားသော်လည်း ထိုဝန်ကြီးများကို ဖြုတ်နိုင်၊ ခန့်နိုင်သောအာဏာ သမ္မတထံတွင် အပြည့်အဝရှိသည်။ ထို့ကြောင့် သမတဦးဆောင် ဒီမိုကရေစီ(အမေရိကန်ပုံစံ)တွင် ဝန်ကြီးအဖွဲ့ကို သမ္မတ၏ မိသားစုဟုပင် ခေါ်ဝေါ်တတ်ကြပြီး လက်တွေ့တွင်လည်း သမ္မတ၏ ဆုံးဖြတ်ချက်များက ဝန်ကြီးအဖွဲ့တွင် အပြည့်အဝ လွှမ်းမိုးနေလေသည်။

သမ္မတသည် နိုင်ငံတော်၏ စစ်သေနာပတိချုပ်ဖြစ်သည်။ ကာကွယ်ရေးဝန်ကြီးအပါအဝင် တပ်မတော်အရာရှိ ကြီးများကိုလည်း အခြားအရပ်ဘက်အရာရှိကြီးများကဲ့သို့ပင် သမ္မတကခန့်အပ်ခြင်း၊ တာဝန်မှဖယ်ရှားခြင်းတို့ ပြုလုပ်နိုင်သည်။ ပြည်ပနိုင်ငံတခုအားစစ်ကြေညာခြင်းကို ကွန်ဂရက်လွှတ်တော်အတည်ပြုချက်အရသာ ပြုလုပ်ရမည်ဟု ဆိုသော်လည်း လက်တွေ့တွင် လိုအပ်ချက်အရ သမ္မတ၏အုပ်ချုပ်ရေးအာဏာများဖြင့် စတင်ခြင်းကို သမ္မတက ဆောင်ရွက်ခွင့်ရှိသည်။ ဥပမာ–သမ္မတ ထရူမင် (Harry S. Truman, 1945-49) လက်ထက်တွင် ကိုးရီးယားစစ်ကို စတင်ခြင်းနှင့် စစ်ကိုအဓိကထိန်းချုပ်သူဖြစ်ခြင်း၊ ဒုတိယကမ္ဘာစစ်ကာလအတွင်း သမ္မတ ရူစဘဲ့ (Franklin D. Roosevelt, 1933-41)သည် စစ်၌အမေရိကန်ပါဝင်လှုပ်ရှားမှုအားလုံးကို ထိန်းချုပ်ခွင့်များရခဲ့သည်။ အချို့လေ့လာသူများက စစ်နှင့်ပတ်သက်၍ သမ္မတ၏လုပ်ပိုင်ခွင့်များလွန်းခြင်းကို အခြေခံဥပဒေဘောင်အတွင်း အာဏာရှင်ဖြစ်နေခြင်းဟုဆိုကြသည်။

အမေရိကန်၏ နိုင်ငံခြားဆက်ဆံရေးကိစ္စများတွင် နိုင်ငံခြားရေးဝန်ကြီးက သမ္မတ၏ ကိုယ်စား လုပ်ကိုင်ဆောင် ရွက်ရခြင်းသာဖြစ်ပြီး တာဝန်အရှိဆုံးမှာ သမ္မတပင်ဖြစ်သည်။ နိုင်ငံခြားတိုင်းပြည်နှင့် ကုလသမဂ္ဂသို့ သံတမန်စေလွှတ်ရေးကိစ္စနှင့် နိုင်ငံခြားမှ အမေရိကန်ပြည်ထောင်စုသို့စေလွှတ်သော သံတမန်များကို လက်ခံခြင်းကိစ္စ အားလုံးကို သမ္မတကသာဆောင်ရွက်သည်။ သမ္မတသည် နိုင်ငံခြားနှင့်ချုပ်ဆိုသော စာချုပ်အားလုံးတွင် တာဝန်အရှိဆုံးဖြစ်သည်။

အာဏာများသီးခြားထားရှိခြင်းစနစ်သဘောအရ သမ္မတဦးဆောင်ဒီမိုကရေစီစနစ်တွင် သမ္မတသည် ဥပဒေပြု ရေးအာဏာတွင် ပါလီမန်ဒီမိုကရေစီအစိုးရ၏ အကြီးအကဲသို့ လုပ်ပိုင်ခွင့်မရှိချေ။ ဥပဒေပြုပါလီမန်ကို လွှမ်းမိုးနိုင်ခြင်းမရှိချေ။ သမ္မတသည် ဥပဒေပြုအဖွဲ့ကို ဖျက်သိမ်းခြင်းမပြုနိုင်ချေ။ ထို့အပြင် ကွန်ဂရက်အတွင်း၌ ဥပဒေပြုကျမ်းများကို စတင်နိုင်ခြင်းမရှိပေ။ ဥပဒေပြုလွှတ်တော်များရှိ အမတ်များ၏အခြေအနေ မည်သို့ဖြစ်စေကာမူ သမ္မတတွင် ထိန်းချုပ်ခွင့်မရှိပေ။ အမေရိကန်ကွန်ဂရက်သည်သာ ဥဒေပြုအာဏာကို အကြွင်းမဲ့ပိုင်သော အဖွဲ့ဖြစ်သည်။ ထိုကြောင့်ပင် သမ္မတ၏လိုအင်ဆန္ဒနှင့် ကွဲလွဲသောဥပဒေများကိုပင် ပြုပိုင်ခွင့်ရှိသည်။ သမတ၏ဆန္ဒနှင့် ကိုက်ညီသောဥပဒေများ ဖြစ်ပေါ်လာရေးအတွက် သမ္မတက ဥပဒေပြုအဖွဲ့ဝင်များအား စည်းရုံးနိုင်သောအနေအအ ထားသာရှိသည်။ အမိန့်ပေးနိုင်သောအနေအထားနှင့် ထိန်းချုပ်နိုင်သောအနေအထားမရှိပေ။ ဥပဒေပြုအမတ်များကို စည်းရုံးနိုင်သောအနေအထားများအရသာ ဥပဒေပြုရေးတွင်ပါဝင်ပါတ်သက်ခွင့်ရှိသော်လည်း လက်တွေ့နှင့် အခြေခံဥပဒေ၏အချို့ပြဋ္ဌာန်းချက်များအရ ဥပဒေပြုရေးတွင် အရေးပါသောအနေအထားမျိုးတော့ရှိပါသည်။

သမ္မတသည် ကွန်ဂရက်လွှတ်တော်အစည်းအဝေးများကို ခေါ်ယူကျင်းပစေနိုင်သော အခွင့်အာဏာရှိသည်။ ၂၀ ရာစုမတိုင်မီအချိန်များက ထိုအစည်းအဝေးများ အလွန်ပင်များပြားခဲ့သည်။ ၂၀ ရာစုအချိန်ကာလများတွင်ပင် ပုံမှန်အစည်းအဝေးတခုနှင့်တခု ကြားကာလကို လျော့ချလိုက်သဖြင့် ကွန်ဂရက်အထူးအစည်းအဝေးများ လျော့ ချခဲ့ရသည်။

နိုင်ငံတော်ဘတ်ဂျက်ကိစ္စတွင် ကွန်ဂရက်ကအတည်ပြုပေးရသော်လည်း သမ္မတအဆိုပြုသောဘတ်ဂျက်သည် သာ အတည်ပြုခံရသည်ကများသည်။ ဘတ်ဂျက်ကို သမတက ပြင်ဆင်ပြီး ကွန်ဂရက်ကအတည်ပြုပေးရန် ကွန်ဂရက်သို့ပေးပို့ရသည်။ မည်သို့ပင်ဆိုစေ ဘတ်ဂျက်ဥပဒေကျမ်းအတည်ပြုရေးကိစ္စတွင် သမ္မတထံ အလေးကဲသော အာဏာများရှိနေသည်။ အမေရိကန်သမ္မတ၌ ပြစ်မှုဖြင့် အပြစ်ဒဏ်ကျခံနေရသူများကို လွတ်ငြိမ်းချမ်းသာခွင့်ပေးနိုင်သော အခွင့်အာဏာလည်းရှိသည်။

## သမတဦးဆောင်ဒီမိုကရေစီ၏ ထူးခြားသောဝိသေသများ

သမ္မတဦးဆောင်ဒီမိုကရေစီစနစ်တွင် သမ္မတသည် နိုင်ငံတော်ဦးသျှောင်လည်းဖြစ်၊ အစိုးရဖွဲ့အကြီးအကဲလည်း ဖြစ်သည်။ နိုင်ငံတော်ဦးသျှောင်၏ တာဝန်များနှင့်အစိုးရအဖွဲ့အကြီးအကဲ၏ လုပ်ပိုင်ခွင့်အာဏာအားလုံးကို သမ္မတတစ်ဦးတည်းက ရယူကျင့်သုံးသည်။

ပါလီမန်ဒီမိုကရေစီ နိုင်ငံတခုတွင် ဥပဒေပြုပါလီမန်၏ အစိတ်အပိုင်းများအဖြစ် အထက်လွှတ်တော်နှင့်အောက် လွှတ်တော်ဟူ၍ပါဝင်ရာ အောက်လွှတ်တော်ကို အစမ်ဗလီနှင့် အစိုးရအဖွဲ့ဟူ၍ ထပ်မံခွဲခြားလေ့လာနိုင်သည်။ အစမ်ဗလီနှင့် အစိုးရအဖွဲ့ဟူ၍ ထပ်မံခွဲခြားလိုက်ခြင်းမှာ အစိုးရအဖွဲ့ကို ပါလီမန်အောက်လွှတ်တော်ထဲမှ အဖွဲ့ဝင်များဖြင့်ဖွဲ့စည်းထားခြင်းကြောင်းဖြစ်သည်။ သမ္မတဦးဆောင် ဒီမိုကရေစီစနစ်တွင် အုပ်ချုပ်ရေးအာဏာသည် ဥပဒေပြုအဖွဲ့မှ သီးခြားကင်းလွတ်သော ပုဂ္ဂိုလ်များဖြင့်သာ ဖွဲ့စည်းထားသဖြင့် အောက်လွှတ်တော်ကို အောက်လွှတ်တော်အဖြစ်သာ ရှုမြင်ရန်ဖြစ်သည်။

အစိုးရအဖွဲ့ဝင်ဝန်ကြီးများသည် ဥပဒေပြုအဖွဲ့ဝင်များ ဖြစ်ခွင့်မရှိသကဲ့သို့ ဥပဒေပြုအဖွဲ့ဝင်များသည်လည်း အစိုးရဖွဲ့ဝင်ဝန်ကြီးများ ဖြစ်ခွင့်မရှိချေ။ ဤနည်းဖြင့် ဥပဒေပြုရေး၊ အုပ်ချုပ်ရေး အာဏာသီးခြားထားရှိမှုစနစ်ကို ဖော်ဆောင်ထားပြီး အပြန်အလှန်ထိန်းညှိနိုင်သောစနစ် (check and balance) ကိုလည်း ဖန်တီးထားသည်။

သမ္မတဦးသျှောင် ဒီမိုကရေစီစနစ်တွင် နိုင်ငံရေးအရ အရေးကြီးဆုံးသော ရွေးချယ်တင်မြှောက်ပွဲမှာ သမ္မတရွေးချယ်တင်မြှောက်ပွဲဖြစ်သည်။ ထိုရွေးချယ်တင်မြှောက်ပွဲများသည် ဖြစ်နိုင်သမျှဒီမိုကရစီကျပြီး တိုက်ရိုက်ရွေးချယ်တင်မြှောက်ခြင်းစနစ် ဖြစ်သင့်သည်။ လက်တွေ့တွင် အမေရိကန် သမ္မတရွေးချယ်မှုသည် သွယ်ဝိုက်သောနည်းဖြင့် ရွေးချယ်ခြင်းဖြစ်သော်လည်း အနှစ်သာရအားဖြင့် တိုက်ရိုက်ရွေးချယ်တင်မြှောက်သော စနစ်ဖြစ်ကြောင်းသုတေသီများက လက်ခံထားကြသည်။ အခြားသောသမ္မတဦးဆောင် ဒီမိုကရစီနိုင်ငံများတွင် သမ္မတကို တိုက်ရိုက်မဲပေးရွေးချယ်သောစနစ်ကို ကျင့်သုံးကြသည်။ ဤလုပ်ထုံးလုပ်နည်းသည် ပါလီမန်ဒီမိုကရေစီ နိုင်ငံများတွင် သမ္မတကိုရွေးချယ်တင်မြှောက်ရေးအဖွဲ့၊ ပါလီမန်စသည်တို့က ရွေးချယ်သောသွယ်ဝိုက် ရွေးချယ်သောစနစ် (indirect election) ဖြင့် ခြားနားသောရွေးချယ်တင်မြှောက်ပုံ စနစ်ဖြစ်သည်။

သမ္မတကို ပြည်သူလူထုက တိုက်ရိုက်ရွေးချယ်တင်မြှောက်လိုက်ခြင်းသည် နိုင်ငံတော်ဦးသျှောင်ကို တိုက်ရိုက်ရွေးချယ်တင်မြှောက်ခြင်းဖြစ်သကဲ့သို့ အစိုးရဖွဲ့အကြီးအကဲကိုလည်း တိုက်ရိုက်ရွေးချယ်တင်မြှောက်ခြင်းဖြစ်သည်။ ပါလီမန်ဒီမိုကရေစီစနစ်တွင်ကား

အစိုးရဖွဲ့အကြီးအကဲကိုလည်း သွယ်ဝိုက်၍ရွေးချယ်သောစနစ်ကိုသာ ကျင့်သုံးလေ့ရှိသည်။

ပါလီမာန်ဒီမိုကရေစီအစိုးရတွင် အစိုးရသည် ပါလီမာန်ကိုတာဝန်ခံရသကဲ့သို့ သမ္မတဦးဆောင်ဒီမိုကရေစီစနစ်တွင် အစိုးရသည် ပါလီမာန်ကို တာဝန်ခံရန်မလိုပေ။ ထို့ကြောင့် ပါလီမာန်ဒီမိုကရေစီစနစ်တွင် ကျင့်သုံးသော အစိုးရအဖွဲ့အကြီးအကဲက ပါလီမာန်ကိုဖျက်သိမ်းနိုင်သောအခွင့်အာဏာမျိုး သမ္မတဦးဆောင်ဒီမိုကရေစီ၏သမ္မတက ပါလီမာန်ကိုဖျက်သိမ်းခွင့်မရှိပါ။

ပါလီမန်ဒီမိုကရေစီစနစ်တွင် အစိုးရအဖွဲ့အကြီးအကဲသည် ပါလီမန်မှတဆင့် မဲဆန္ဒရှင်ပြည်သူများကို နိုင်ငံရေးအရ သွယ်ဝိုက်၍သာ တာဝန်ခံရခြင်းမှာလည်း အစိုးရအဖွဲ့ ဖွဲ့စည်းရေးကို မဲဆန္ဒရှင်ပြည်သူများက တိုက်ရိုက်မဲပေးခြင်းမဟုတ်ဘဲ ပါလီမန်ကိုယ်စားလှယ်များကိုရွေးချယ်ပေးကာ သွယ်ဝိုက်သောနည်းဖြင့်သာ အစိုးရဖွဲ့စည်းရေးကို ဆောင်ရွက်ခြင်းကြောင့်ဖြစ်သည်။ သမ္မတဦးဆောင်ဒီမိုကရေစီတွင်မူ အစိုးရအဖွဲ့အကြီးအကဲသမ္မတကို ပြည်သူလူထုကတိုက်ရိုက်ရွေးချယ်သောကြောင့် သမ္မတသည် မဲဆန္ဒရှင်ပြည်သူလူထုကို တိုက်ရိုက်တာဝန်ခံရသည်။

သမ္မတဦးဆောင်ဒီမိုကရေစီစနစ်စစ်စစ်တွင် ဝန်ကြီးချုပ်ရာထူးမရှိ။ သမ္မတက ဝန်ကြီးချုပ်ဆောင်ရွက်ရမည့်လုပ်ငန်းတာဝန်များကိုပါ ပူးတွဲထမ်းဆောင်လိုက်သည်။ ထို့ကြောင့်ပင် ထိုသမ္မတကို နိုင်ငံတော်ဦးသျှောင်လည်းဖြစ်၊ အစိုးရအဖွဲ့အကြီးအကဲလည်းဖြစ်သည်ဟု ဆိုခြင်းဖြစ်သည်။ အမေရိကန်ပုံစံကိုမှီငြမ်းသော အချို့အာရှနိုင်ငံများနှင့် လက်တင်အမေရိကနိုင်ငံများတွင် သမ္မတနှင့်ဝန်ကြီးချုပ်တပြိုင်နက်ရှိနေခြင်းကို ပြင်သစ်ပုံသဏ္ဍာန်တဝက်တပျက် သမ္မတဦးဆောင်ဒီမိုကရေစီဟု လေ့လာရပေမည်။

ပါလီမာန်ဒီမိုကရေစီစနစ်ကဲ့သို့ ဥပဒေပြုရေးနှင့် အုပ်ချုပ်ရေး တာဝန်ရှိပုဂ္ဂိုလ်များကို မဲဆန္ဒရှင်များက တပြိုင်နက်ရွေးချယ်ခြင်းမျိုးမဟုတ်ဘဲ သမ္မတဦးဆောင်ဒီမိုကရေစီတွင် မဲဆန္ဒရှင်များသည် ဥပဒေပြုရေးတာဝန်ရှိသူများနှင့် အုပ်ချုပ်ရေးတာဝန်ရှိပုဂ္ဂိုလ် သမ္မတကို သီးခြားစီရွေးချယ်ပေးရသည်။

## ပါလီမာန်ဒီမိုကရေစီနှင့် သမတဦးဆောင်ဒီမိုကရေစီတို့၏ အားသာချက်နှင့်အားနည်းချက်များ

အဆိုပါဒီမိုကရေစီစနစ်နှစ်ခု၏ အားနည်းချက်နှင့်အားသာချက်များကို နှစ်ခုစလုံးနှိုင်းယှဉ်လေ့လာရာတွင် တစ်ခု၏အားသာချက်သည် အခြားတခု၏အားနည်းချက်ဖြစ်နေပြီး တခု၏အားနည်းချက်များက အခြားတခု၏အားသာချက်များဖြစ်နေသည်ကို တွေ့ရသည်။

သမ္မတ ဦးဆောင်ဒီမိုကရေစီစနစ်တွင် အားသာချက်သုံးခုရှိသည်။ ထိုသုံးခုအနက် ပထမအားသာချက်မှာ အစိုးရ၏အုပ်ချုပ်ရေးအာဏာတည်ငြိမ်မှု (executive stability) ပင်ဖြစ်သည်။ အဘယ့်ကြောင့်ဆိုသော် သမ္မတက အစိုးရကို တာဝန်ခံဖွဲ့စည်းရပြီး ထိုအစိုးရအပေါ် ဥပဒေပြုပါလီမာန်က အယုံအကြည်မရှိအဆိုမတင်သွင်းနိုင်ခြင်း ကြောင့်ဖြစ်သည်။ ပါလီမာန်ဒီမိုကရေစီနိုင်ငံများတွင် အစိုးရသည် ပါလီမာန်၏ထောက်ခံမှုဖြင့်သာ ရပ်တည်ရ

သဖြင့် ပါလီမန်က ၎င်း၏ထောက်ခံမှုကိုပြန်ရုပ်သိမ်းသောအခါ သို့မဟုတ် အယုံအကြည်မရှိအဆိုတင်သွင်းခံရသောအခါ သို့မဟုတ် ညွန့်ပေါင်းအစိုးရဖွဲ့စည်းရသောအခါမျိုးတို့တွင် အစိုးရ၏သက်တမ်းပြည့်ရပ်တည်ရေးမှာ အခက်အခဲများရှိလာပါသည်။ ထိုအခြေအနေမျိုးကို အုပ်ချုပ်ရေးအာဏာမတည်ငြိမ်မှု (executive instability) ဟုခေါ်သည်။ ထို့ကြောင့် သမ္မတဦးဆောင်ဒီမိုကရေစီ၏ အားသာချက်ဖြစ်သော အုပ်ချုပ်ရေးတည်ငြိမ်မှုသည် ပါလီမန်ဒီမိုကရေစီစနစ်တွင် ၎င်း၏ဆန့်ကျင်ဘက် အုပ်ချုပ်ရေးမတည်ငြိမ်မှုဟူသော အားနည်းချက်ကိုဖြစ်စေသည်။ အချို့သော ပါလီမာန်ဒီမိုကရေစီနိုင်ငံများတွင် အုပ်ချုပ်ရေးအာဏာမတည်ငြိမ်မှုကို ထိန်းချုပ်နိုင်မည့် နည်းလမ်းတချို့ကို ဖေါ်ထုတ်ကျင့်သုံးကြသည်။ ထိုနည်းလမ်းများကို စပိန်နှင့် ပြည်ထောင်စုသမ္မတဂျာမဏီနိုင်ငံများတွင် တွေ့ရသည်။ ဂျာမန်အခြေခံဥပဒေတွင် အစိုးရများအပေါ် အယုံအကြည်မရှိအဆို ခဏခဏ တင်သွင်းမှုကြောင့် အုပ်ချုပ်ရေးအာဏာ မတည်ငြိမ်မှုဖြစ်မှုကို ထိန်းညှိရန်အတွက် မူလဝန်ကြီးချုပ် တာဝန်ကိုဆက်ခံနိုင်မည့် ဝန်ကြီးချုပ်သစ်ကို ရွေးချယ်နိုင်ပါမှ မူလဝန်ကြီးချုပ်ဦးဆောင်သော အစိုးရအဖွဲ့အပေါ် အယုံအကြည်မရှိအဆိုတင်သွင်းနိုင်စေရမည်ဟု ပြဋ္ဌာန်းထားသည်။

သမ္မတဦးဆောင်ဒီမိုကရေစီစနစ်၏ ဒုတိယအားသာချက်အကျိုးကျေးဇူးမှာ အစိုးရအဖွဲ့အကြီးအကဲကို လူထုရွေးချယ်တင်မြှောက်ပွဲ (popular election)ဖြင့် ရွေးချယ်နိုင်ခြင်းကြောင့် အရေးကြီးသောအာဏာကို ကျင့်သုံးမည့်ပုဂ္ဂိုလ်အား ရွေးချယ်ရာတွင် ဒီမိုကရေစီအခွင့်အရေးကို ပြည်သူများပို၍ကျင့်သုံးခွင့်ရကြသည်။ ပါလီမန်ဒီမိုကရေစီစနစ်တွင်မူ အစိုးရအဖွဲ့အကြီးအကဲကို လူထုရွေးချယ်တင်မြှောက်ပွဲများဖြင့် ရွေးချယ်နိုင်ခြင်းမရှိသဖြင့် အရေးကြီးသောရာထူးကိုလက်ခံမည့်ပုဂ္ဂိုလ်အား ရွေးချယ်မှုတွင် ပြည်သူများတွင် ဒီမိုကရေစီအခွင့်အရေး လျော့နည်းလျှက်ရှိသည်။ ဒီမိုကရေစီသည်အစိုးရအရာရှိအားလုံးကို လူထုရွေးချယ်တင်မြှောက်ပွဲများဖြင့် ရွေးချယ်ရမည်ဟုမဆိုလိုသော်လည်း အရေးကြီးဆုံးရာထူးကိုဆက်ခံမည့်ပုဂ္ဂိုလ်အား ရွေးချယ်မှုတွင်မူ လူထုရွေးချယ်တင် မြှောက်ပွဲများဖြင့် ရွေးချယ်သင့်ကြောင်း လေ့လာသူများကယူဆကြသည်။ ပါလီမန်ဒီမိုကရေစီစနစ်တွင် အားနည်းချက်ဖြစ်လျှက်ရှိသော အစိုးရအဖွဲ့အကြီးအကဲကို လူထုကသွယ်ဝိုက်၍ ရွေးချယ်ပေးရခြင်းကိုကုစားလိုကြသည့် နယ်သာလန်ကဲ့သို့သောနိုင်ငံမျိုးတွင် ဝန်ကြီးချုပ်ကို တိုက်ရိုက်လူထုရွေးချယ်တင်မြှောက်ပွဲဖြင့် ရွေးချယ် ရန် စဉ်းစားလျှက်ရှိကြသည်။

သမ္မတဦးဆောင်ဒီမိုကရေစီစနစ်၏ တတိယအားသာချက်မှာ ဒီမိုကရေစီအစိုးရတစ်ရပ်ဖြစ်ရန် စံသတ်မှတ်ချက်တခုအဖြစ် လိုအပ်လျှက်ရှိသော အစိုးရအာဏာများကန့်သတ်ထားနိုင်ခြင်းကို အတိအကျဖေါ်ဆောင်နိုင်ခြင်း ဖြစ်သည်။ ထိုအချက်သည် အာဏာများသီးခြားစီထားရှိခြင်းစနစ်ကြောင့် ဥပဒေပြုရေးနှင့် အုပ်ချုပ်ရေးအာဏာများ သီးခြားစီကွဲပြားနေရာ အုပ်ချုပ်ရေးအာဏာရှိသောအစိုးရက ဥပဒေပြုရေးအာဏာရရှိသွားပြီး အစိုးရအာဏာလွန်ကဲခြင်းမှ ကာကွယ်နိုင်သည်။ ပါလီမန်ဒီမိုကရေစီစနစ်တွင် အစိုးရသည် ဥပဒေပြုပါလီမန်ထဲမှ လာခြင်းဖြစ်၍ အုပ်ချုပ်ရေးအာဏာကျင့်သုံးသော အစိုးရသည် ဥပဒေပြုရေးအာဏာကိုပါ ရရှိထားသည်။ အစိုးရသည် အနိုင်ရပါတီတခုတည်း၏ ပါလီမန်အမတ်များဖြစ်လျှင် အစိုးရအာဏာလွန်ကဲသွားမည်ကို စိုးရိမ်ရသော အခြေအနေမျိုးရရှိပါသည်။ ထို့ကြောင့် သမ္မတဦးဆောင်ဒီမိုကရေစီစနစ်တွင် အားသာချက်ဖြစ်သော အစိုးရ၏အာဏာကို ကန့်သတ်ထားနိုင်ခြင်းဟူသော အကျိုးကျေးဇူးသည် ပါလီမန်ဒီမိုကရေစီအဖို့ အစိုးရအာဏာ ကန့်သတ်ထားရေးမှာ စိုးရိမ်ရသောအခြေအနေတွင်ရှိသည်။

အဆိုပါ သမ္မတဦးဆောင်ဒီမိုကရေစီ၏အားသာချက်နှင့် ပါလီမန်ဒီမိုကရေစီ၏ အားနည်းချက်များအား လေ့လာခြင်းသည် ဒင်္ဂါးပြားတခု၏ဘက်တခုကို လေ့လာခြင်းနှင့်တူသည်။ ဒင်္ဂါးပြား၏ အခြားတဘက်ခြမ်းဖြစ်သော သမ္မတဦးဆောင်ဒီမိုကရေစီ၏ အားနည်းချက်များနှင့် ပါလီမန်ဒီမိုကရေစီ၏ အားသာချက်များကိုလည်း လေ့ လာရပေဦးမည်။

သမ္မတဦးဆောင်ဒီမိုကရေစီ၏ ပထမအားနည်းချက်မှာ အုပ်ချုပ်ရေး ဥပဒေပြုရေးအကြား နိုင်ငံရေးပိတ်ဆို့မှု (executive-legislative deadlock) ပင်ဖြစ်သည်။ ဤအားနည်းချက်ကြောင့် သမ္မတဦးဆောင်ဒီမိုကရေစီ အဓိကဝေဖန်ခံနေရသည်။ ဤအားနည်းချက်ကြီးကို ကုစားနိုင်ရန် သို့မဟုတ် ပြေလျော့အောင်လုပ်ရန် နည်းလမ်းမျိုးစုံဖြင့်အားထုတ်နေကြသော်လည်း ပြောပလောက်သောအောင်မြင်မှုမျိုး မရရှိသေးပေ။ အုပ်ချုပ်ရေးနှင့် ဥပဒေပြုရေးအကြား နိုင်ငံရေးပိတ်ဆို့မှုဖြစ်ရခြင်းသည် သမ္မတဦးဆောင်ဒီမိုကရေစီစနစ်အောက်တွင် သီးခြားလွတ်လပ်သော အုပ်ချုပ်ရေးနှင့် ဥပဒေပြုရေးဌာနကြီးများကို ဖွဲ့စည်းတည် ထောင်ထားခြင်းကြောင့်ဖြစ်သည်။ ပါလီမန်ဒီမိုကရေစီတွင် ဖြစ်ပေါ်လာသော နိုင်ငံရေးပိတ်ဆို့မှုကိုဖြေရှင်းရန် နည်းလမ်းရှိသည်။ ၎င်းမှာ ပါလီမန်ဖျက်သိမ်း၍ ရွေးကောက်ပွဲသစ်များ ကျင်းပစေခြင်းဖြစ်သည်။ ထို့အပြင် ပါလီမန်ဒီမိုကရေစီစနစ်အတွင်းတွင် အုပ်ချုပ်ရေးနှင့် ဥပဒေပြုရေးအကြား နိုင်ငံရေးပိတ်ဆို့မှုမဖြစ်ပေါ်စေရန် အစကနဦးကတည်းက ရှောင်ရှားနိုင်အောင် လုပ်ထားသောအစီအမံတချို့ရှိသည်။ အစိုးရကို ပါလီမန်၏ထောက်ခံချက်ဖြင့် ဖွဲ့စည်းထားခြင်းကြောင့် ဥပဒေပြုရေးကိစ္စတွင် အစိုးရနှင့်ပါလီမန်အကြား သာမန်အားဖြင့် သဘောတူညီပြီးဖြစ်သည်ဟု ဆိုနိုင်သည်။ ထိုသို့သဘောတူညီမှုရှိခြင်းကြောင့် အုပ်ချုပ်ရေးအာဏာနှင့် သဟဇာတဖြစ်မည့်ဥပဒေများကို ပါလီမန်ကပြဋ္ဌာန်းပေးနိုင်သည်ဟု ပါလီမန်ဒီမိုကရေစီကို ထောက်ခံသူတို့က သုံးသပ်တင်ပြကြသည်။

သမ္မတဦးဆောင်ဒီမိုကရေစီ၏ ဒုတိယအားနည်းချက်မှာ သမ္မတအဖြစ်အရွေးခံလိုက်ရသောသူက အုပ်ချုပ်ရေး အာဏာအားလုံးကို ရယူလိုက်ခြင်း (winner takes all) စနစ်ကြောင့် ထိုအုပ်ချုပ်ရေးအာဏာသည် ပြည်သူ့ ဆန္ဒ၊ ပြည်သူ့အသံကို ကိုယ်စားပြုမှု၌ လွဲချော်နေခြင်းဖြစ်သည်။ ၁၉၇၀ ခုနှစ် ချီလီနိုင်ငံ၏ သမ္မတအဖြစ်အရွေးခံရသော ဆယ်လ်ဗာဒေါအလန်ဒီ (Salvador Allende) သည် ဆန္ဒမဲ ၃၆.၂ ရာနှုန်းသာရရှိခြင်း၊ ၁၉၉၂ ခုနှစ်တွင် ဖိလစ်ပိုင်သမ္မတအဖြစ်အရွေးခံရသူ ရားမို့စ် (Fidel Ramos)သည် ဆန္ဒမဲ ၂၃.၆ ရာနှုန်းသာရရှိခြင်းတို့သည် ထင်ရှားသော သာဓကများဖြစ်သည်။ ထိုကဲ့သို့ပင် အမေရိကန်ပြည်ထောင်စုတွင်လည်း ၁၈၂၄ ခုနှစ်၊ ၁၈၇၆ ခုနှစ်၊ ၁၈၈၈ ခုနှစ်နှင့် ၂၀၀၀ခုနှစ် သမ္မတရွေးချယ်တင်မြှောက်ပွဲများတွင် လူထုဆန္ဒမဲ၏ထက်ဝက်အောက်သာ ရရှိသောသူများက သမ္မတလောင်းများ သမ္မတအဖြစ်အရွေးခံရသော သာဓကများရှိခဲ့သည်။ ပါလီမန်ဒီမိုကရေစီစနစ်တွင်မူ အစိုးရအဖွဲ့အကြီးအကဲကို ပြည်သူလူထုကသွယ်ဝိုက်၍သာ ရွေးချယ်ရသော်လည်း ထိုအစိုးရအဖွဲ့ အကြီးအကဲဝန်ကြီးချုပ်သည် အုပ်ချုပ်ရေးအာဏာအားလုံးကို ထိန်းချုပ်ထားနိုင်သည်ဟူ၍ကား မဆိုနိုင်ပေ။ အဘယ့်ကြောင့်ဆိုသော် အစိုးရအဖွဲ့ဝင်ဝန်ကြီးများသည် ပြည်သူ့ဆန္ဒထောက်ခံမှုအရသာ အစိုးရအဖွဲ့ဝင်ဝန်ကြီးများဖြစ်လာ၍ဖြစ်သည်။ သမ္မတဦးဆောင်ဒီမိုကရေစီစနစ်တွင် အနိုင်ရသူက အုပ်ချုပ်ရေးအာဏာအားလုံးကိုသိမ်းယူရာတွင် ပြည်သူ့ထောက်ခံမှု လုံလုံလောက်လောက်မရှိသော ပြဿနာရှိ

သည်။ ပါလီမန်ဒီမိုကရေစီတွင်မူ အစိုးရအဖွဲ့ကို ညွန်းပေါင်းဖွဲ့စည်းခြင်းအပါအဝင် တခြားပါတီများကအမတ်များ ပါဝင်ခွင့် ပို၍များသည်။

သမ္မတဦးဆောင်ဒီမိုကရေစီ၏ တတိယအားနည်းချက်အဖြစ် လေ့လာသူများက သမ္မတရာထူးတာဝန်အတွက် ပြန်လည်ရွေးခံမှု ကန့်သတ်ထားခြင်းကို ထောက်ပြကြသည်။ ထိုသူများက ဖြိတိန်နိုင်ငံ ဝန်ကြီးချုပ်ရာထူးအ တွက် အကြိမ်ကြိမ်အရွေးခံမှုရှိခြင်းဖြင့် ပြည်သူလူထုထောက်ခံသော အစိုးရအဖွဲ့အနေဖြင့် ရှည်ကြာစွာတိုင်း ပြည်အုပ်ချုပ်ခွင့်ရခြင်းကို လိုလားထောက်ခံကြသည်။ သို့သော် ဤအားနည်းချက်မှာ ပြောပလောက်သော အချက်မဟုတ်ဟုလည်း ဆိုကြသည်။

(**အယ်ဒီတာမှတ်ချက်**။ ။ သမ္မတဦးဆောင်အစိုးရစနစ်နှင့် နှိုင်းယှဉ်လေ့လာသင့်သော အစိုးရစနစ်မှာ ပါလီမန်အစိုးရစနစ်ဖြစ်သည်။ ပါလီမန်အစိုးရစနစ်အကြောင်းကို အခြေခံဥပဒေရေးရာစာစောင် အမှတ်စဉ် (၇) တွင် ဖော်ပြခဲ့ပြီးဖြစ်သည်။)

### အခြေခံဥပဒေရေးရာ

# အမျိုးသမီးအခွင့်အရေးနှင့် ကိုယ်ဝန်ပျက်စေခြင်း အခြေခံဥပဒေရေးရာရှုဒေါင့်မှလေ့လာတင်ပြချက်

အောင်ထူး

ကိုယ်ဝန်ဖျက်ချသည်၊ ကိုယ်ဝန်ပျက်သွားသည် ဟူသောသတင်းကိုကြားလိုက်ရလျှင် လူအများစုကြီးမှာ စိတ်မချမ်းသာကြ။ မဖြစ်သင့်သော ကိစ္စတရပ်အဖြစ်အားလုံးနီးပါးက လက်ခံကြသည်။ ကိုယ်ဝန်ဆောင်ခြင်းမှာ အမျိုးသမီးများသာ ထမ်းဆောင်ရသည့်ဝန်ထုပ်ဝန်ပိုးဖြစ်သည်။ လိင်ဆက်ဆံခြင်းအားဖြင့် ကာမဂုဏ်အာရုံကို ယောကျ်ားရောမိန်းမပါခံစားကြသည်ခြင်းအတူတူဖြစ်ပါလျက် အဆိုပါဝန်ထုပ်ဝန်ပိုးကို အမျိုးသမီးများကသာ ထမ်းဆောင်ကြရသည်။ ထို့အပြင် အဆိုပါဝန်ထုပ်ဝန်ပိုးကြောင့်ပင် လူ့အဖွဲ့အစည်း၏ ပြစ်တင်ရှုံ့ချခြင်းခံကြရ၊ ဝိုင်းပယ်ခြင်းခံကြရ၊ လူ့အဖွဲ့အစည်းကသတ်မှတ်သော ပြစ်ဒဏ်များကျခံကြရသဖြင့် တရားမျှတမှုဆုံးရှုံးခဲ့ကြရသော အမျိုးသမီးဦးရေမှာမနည်းလှ။ လူ့အဖွဲ့အစည်းရှိ လူဦးရေ၏တဝက်နီးပါးမှာ အမျိုးသမီးများဖြစ်နေသဖြင့် ၎င်းတို့၌တရားမျှတမှုမခံစားကြရဟုဆိုလျှင် လူ့အဖွဲ့အစည်းသည် တရားမျှတသော လူ့အဖွဲ့အစည်းဖြစ်ပါသည်ဟု မည်သို့မျှပြောနိုင်မည် မဟုတ်ချေ။

အမျိုးသမီးများမှာ အကြောင်းအမျိုးမျိုးဖြင့် ကိုယ်ဝန်များရလာကြသည်။ အချို့လည်းလက်ထပ်ပြီးမှရသည်။ အချို့လည်းလက်မထပ်ရသေးခင် ကျူးလွန်မိကြသဖြင့် ရသည်။ အချို့အခြေအနေများ၌ နှစ်ဦးသဘောတူကျူးလွန်၍ ရလာသော်လည်း ယောကျ်ားဖြစ်သူက တာဝန်မယူသောကြောင့် ကိုယ်ဝန်နှင့် ကျန်ခဲ့ကြသည်။ အချို့လည်း အမျိုးသမီးဖြစ်သူကအလိုမတူဘဲ အတင်းအဓမ္မ မုဒိန်းပြုကျင့်ခံရသဖြင့်ကိုယ်ဝန်ရလာခဲ့သည်။ ကိုယ်ဝန်ရလာပုံ အပေါ်မူတည်၍၎င်း၊ ကိုယ်ဝန်ရလာသည့်အချိန်၌ ရှိနေသောလူမှုစီးပွားရေးပတ်ဝန်းကျင် အခြေအနေကြောင့်၎င်း၊ အမျိုးသမီးများအနေဖြင့် အဆိုပါကိုယ်ဝန်မှ မွေးလာသည့်ခလေးကို လိုချင်သည့်အခါရှိသည်။ မလိုချင်သည့်အခါလည်းရှိသည်။ လိုချင်သည့်အခါ ကောင်းမွန်စွာမွေးဖွားလိုက်ခြင်းဖြင့် ပြဿနာမရှိသော်လည်း အကြောင်းကြောင်းကြောင့် မလိုချင်သည့်အခါများလည်း လက်တွေ့၌ရှိခဲ့သည်။ သို့ဖြင့်ကိုယ်ဝန်ပျက်အောင် လုပ်ဆောင်လာကြရသည်။ ထိုအခါလူ့အဖွဲ့အစည်းက ထိုအမျိုးသမီးအပေါ် မည်သို့သ

ဘောထားမည်နည်း။ ကာယကံရှင် အမျိုးသမီးကိုယ်တိုင်ကရော ကိုယ်ဝန်ပျက်စေသည့် ကိစ္စကို မည်သို့ခံယူမည်နည်း။

ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေနှင့် နိုင်ငံ၏အခြားသော ဥပဒေများကို ပြဋ္ဌာန်းကြရာ၌ ဥပဒေပြဋ္ဌာန်းခွင့်ရှိသူများသည် ဥပဒေတရပ်ကို လွယ်လင့်တကူ ပြဋ္ဌာန်း၍မရပါ။ တရားမျှတသောဥပဒေများကို ပြဋ္ဌာန်းနိုင်စေရန် လွန်စွာအရေးကြီးပါသည်။ မိမိတို့မှာ ဥပဒေပြဋ္ဌာန်းပိုင်ခွင့်ရှိသော လွှတ်တော်ဖြစ်သည်ဆိုရုံဖြင့် ယင်းလွှတ်တော်မှပြဋ္ဌာန်းသမျှသည် တရားသော ဥပဒေများဖြစ်သည်ဟူ၍ အလွယ်တကူ နိဂုံးဆွဲ၍မရပါ။ သို့ဖြစ်လျှင် မည်သည့် ဥပဒေကတရားသည် မည်သည့်ဥပဒေကမတရားပါဟူ၍ မည်သို့သုံးသပ်မည်နည်း။ တရားခြင်းနှင့် မတရားခြင်းမှာ အကြိမ်ပေါင်းများစွာ၌ မျဉ်းကြောင်းတစ်ကြောင်းသာ ပါးပါးလေး ခြားနေလေ့ရှိသည်။ တရားသည်မတရားသည်ဟု ပြောရန်မှာ ဘောင်အလွန်ကျယ်သော ကိစ္စရပ်ဖြစ်သည်။ သို့ရာတွင် ဥပဒေပြဋ္ဌာန်းသူများအနေဖြင့် မိမိတို့စိတ်ကူးပေါက်ရာကို အခြေခံပြီး ပြဋ္ဌာန်းချင်တိုင်းပြဋ္ဌာန်း၍မရ မိမိတို့၏ပုဂ္ဂလိကသုံးသပ်ချက် တခုတည်းသက်သက်ဖြင့် တရားသည်မတရားသည် ပြောမရပါ။ အခြေခံတခုတော့ရှိထားရန် လိုပါသည်။ ဖြစ်သင့်သောအခြေခံမှာ ကိစ္စရပ်များကို အခွင့်အရေးရှုဒေါင့်မှ အသေအချာချည်းကပ်စဉ်းစားပြီးမှ ဥပဒေတရပ်ကို ပြဋ္ဌာန်းသင့်မသင့် ဆုံးဖြတ်ရန်ဖြစ်သည်။ တရားသည် မတရားသည်ကို အခွင့်အရေးရှုဒေါင့်မှ တိုင်းတာရန်ဖြစ်သည်။

ကိုယ်ဝန်ပျက်စေသည့်ကိစ္စကို အခွင့်အရေးရှုဒေါင့်မှ ချည်းကပ်ရာ၌ အခြေခံပြဿနာ မှာ ထိုအမျိုးသမီး၏ ဝမ်းဗိုက်ထဲတွင် ရှိနေသောသန္ဓေ[၁]ကို မည်သို့သတ်မှတ်မည်ဟူသော အချက်ဖြစ်သည်။ ဆိုလိုသည်မှာယင်းသန္ဓေသားကို အသက်ရှိသူလူတစ်ဦးအဖြစ် သတ်မှတ်လျှင် လူ့အဖွဲ့အစည်း သို့မဟုတ် နိုင်ငံအနေဖြင့် ထိုလူ၏အသက်ကို ဥပဒေနှင့်အညီ ကာကွယ်စောင့်ရှောက်ပေးရန် တာဝန်ရှိလာပါသည်။ ဤသည်ကို လူတစ်ဦးချင်းစီ၏အခွင့် အရေး၌ တိုင်းပြည်က ဝင်ရောက်စွက်ဖက်ခြင်း[၂]ဟု ခေါ်ဝေါ်သုံးစွဲလေ့ရှိပါသည်။ ကာယကံရှင် အမျိုးသမီး၏ အခွင့်အရေးအပေါ် တိုင်းပြည်ကဝင်ရောက်စွက်ဖက်ကာ သူမ၏ဝမ်းဗိုက်ထဲ တွင် ရှိနေသူ၏အသက်ကို ကာကွယ်ပေးနိုင်ရေးအတွက် ဥပဒေများပြဋ္ဌာန်းပေးရခြင်း ဖြစ်သည်။ အခြေခံမှာ လူတစ်ဦး၏အခွင့်အရေးကို ကာကွယ်နိုင်ရေးအတွက် အခြားလူ တစ်ဦး၏အခွင့်အရေးကို ကန့်သတ်ရသည့်သဘောကို ဆိုလိုသည်။ အဆိုပါသန္ဓေသည် အသက်ရှိသူ လူတစ်ဦးမဟုတ်ဘဲ အမျိုးသမီးခန္ဓာကိုယ်၏ အစိပ်အပိုင်းတရပ်ဖြစ်နေလျှင် ကာယကံရှင် အမျိုးသမီးအနေနှင့် လွတ်လပ်စွာ ဆုံးဖြတ်ဆောင်ရွက်ခွင့်ရှိရမည်ဖြစ်သည်။ ယင်းကို အမျိုးသမီးတစ်ဦး၏အခွင့်အရေး ဟူ၍လည်းသုံးစွဲကြသည်။ အဆိုပါသန္ဓေသားသည် အသက်ရှိသူလူတစ်ဦးဖြစ်သည်ဟု သတ်မှတ်လျှင်မူ အမျိုးသမီး၏ဝမ်းဗိုက်ထဲ တွင်ရှိနေသော်လည်း အမျိုးသမီးအနေဖြင့် လုပ်ချင်ရာလုပ်ခွင့်မရှိ၊ ထိုခလေးကို မိမိလိုချင်သည် မလိုချင်သည်နှင့်မဆိုင်၊ မည်သူမဆို အသက်ရှင်သန်ပိုင်ခွင့်[၃]ရှိသည်ဟူသော အခြေခံအပေါ်၌ ထိုလူ၏အသက်ကို လေးစားကာကွယ် စောင့်ရှောက်ရန် တာဝန်ရှိလာပါသည်။ ထို့ကြောင့် အခွင့်အရေး ရှုဒေါင့်မှကြည့်သောအခါ ဘက်နှစ်ဘက်ဖြစ်လာသည်။ တဖက်မှာ သန္ဓေသား၏ အခွင့်အရေး အခြေခံမှကြည့်ကာ လူ့အဖွဲ့အစည်း သို့မဟုတ်နိုင်ငံအနေဖြင့် ဝင်ရောက်စွက်ဖက်ကာ အကာအကွယ်ပေးသင့်မသင့် ဖြစ်သည်။ အခြားတဘက်မှာ အမျိုးသမီးတစ်ဦး၏ အခွင့်အရေး အခြေခံမှကြည့်ကာ ၎င်းကိုအသိအမှတ်ပြု၍ လွတ်လပ်စွာ ကိုယ်ဝန်ပျက်စေခြင်းကို ပြုသင့် မသင့်ဖြစ်သည်။

သမိုင်း၌ ကက်သလစ်ခရစ်ယန်ဘုရားကျောင်းများသည် ကိုယ်ဝန်ဖျက်ချမှုကို တင်ကြပ်စွာ တားမြစ်ခဲ့သည်။ ရှေးယခင်က သန္ဓေတည်စပြုပြီးနောက် ဖွံ့ဖြိုးမှုအဆင့်တခုကို ရောက်သောအခါ ကိုယ်ဝန်ဖျက်မချရန် တားမြစ်ခဲ့သည်။ သန္ဓေစတည်ပြီးနောက် ရက်ပေါင်း ၄၀ မှ ၈၀အတွင်း အသက်ဝိဉာဏ်မှာသန္ဓေသား အတွင်းသို့သက်ဆင်း ဝင်ရောက်သွားသည်ဟုယူဆသဖြင့် ထိုမှကျော်လွန်လျှင် ဖျက်ချ၍မရဟူသော တားမြစ်ချက်များလည်းရှိခဲ့သည်။ ယေဘုယျအားဖြင့် သန္ဓေသည် သက်ရှိဖြစ်နိုင်သော အနေအထားရှိသည်ဟူသော အကြောင်းဖြင့် ကိုယ်ဝန်ဖျက်ချခြင်းကို တားမြစ်လေ့ရှိခဲ့ကြသည်။

## အမျိုးသမီးအခွင့်အရေးနှင့် ကိုယ်ဝန်ပျက်စေခြင်းဆိုင်ရာ ဂျာမနီနိုင်ငံ မှုခင်း

၁၉၇၄ ခုနှစ်မတိုင်မီအထိ ဂျာမနီနိုင်ငံတွင် ကိုယ်ဝန်ပျက်စေမှုကို ဥပဒေအရပိတ်ပင်တားဆီးခဲ့သည်။ ဆယ်စုနှစ်ပေါင်းအတော်ကြာဆွေးနွေး ငြင်းခုံခဲ့ကြပြီးနောက် ၁၉၇၄ ခုနှစ် ဇွန်လ(၁၈) ရက်နေ့တွင် ဥပဒေပြုလွှတ်တော်သည် ကိုယ်ဝန်ပျက်စေမှုနှင့်ပတ်သက်၍ အပြောင်းအလဲ ကြီးကြီးမားမားဖြစ်စေနိုင်ခဲ့သည့်ပြစ်မှုဆိုင်ရာ ဥပဒေပြင်ဆင်ချက်တရပ်အားအတည်ပြုခဲ့သည်။ ယင်းပြင်ဆင်ချက်ဥပဒေပုဒ်မ ၂၁၈(က) အရ အမျိုးသမီးတစ်ဦးသည် ကိုယ်ဝန်စတင်ရှိသည့် အချိန်မှစ၍ ပထမရက်သတ္တပတ် (၁၂)ပတ် အတွင်းကျွမ်းကျင်နားလည်သောပုဂ္ဂိုလ်နှင့် ညှိနှိုင်းတိုင်ပင်ကာ ကိုယ်ဝန်ပျက်စေခွင့်ရှိသည်။ (ဆိုလိုသည်မှာ မိခင်အမျိုးသမီးအနေဖြင့် အနေအထားအမျိုးမျိုးအပေါ်တွင်စဉ်းစားကာ ကိုယ်ဝန်ကိုယူသင့် မယူသင့် ဆုံးဖြတ်ဆောင်ရွက်ရန်ဖြစ်သည်။ မိမိတွင် လုံလောက်သောခလေးဦးရေ မွေးထားပြီးဖြစ်သည်၊ နောက်ထပ် တာဝန်ယူကျွေးမွေးစောင့်ရှောက်ရန် မဖြစ်နိုင်တော့၊ သို့မဟုတ် မိမိအလိုမတူဘဲ အတင်းအဓမ္မကျင့်ကြံလိုက်ရခြင်းကြောင့် ရလာသောခလေး၊ သို့မဟုတ် အလိုတူစွာကာမဆက်ဆံပြီးမှ ယောကျ်ားလုပ်သူက တာဝန်မယူသောကြောင့် အဖေမပေါ်နိုင်သော အခြေအနေရှိသဖြင့် ခလေးယူခြင်းအားဖြင့် မိမိအတွက်ရော ခလေးအတွက်ပါ လူမှုရေးအရမကောင်းနိုင်သဖြင့် မယူလို၊ သို့မဟုတ် မိမိ၏ ကျန်းမာရေး၊ လူမှုပတ်ဝန်းကျင်အနေအထားအရပ်ရပ်အရ ခလေးမယူချင်သေး စသဖြင့်ဖြစ်သည်။)

အဆိုပါပြင်ဆင်ချက်ဥပဒေပုဒ်မ၂၁၈ (ခ)အရ ရက်သတ္တပတ် (၁၂)ပတ်ကျော်လွန်ပြီးသော်လည်း ကိုယ်ဝန်ဆောင်အမျိုးသမီးတွင် အသက်အန္တရာယ်ရှိနိုင်သည်၊ သို့မဟုတ် သူမ၏ကျန်းမာရေးကို အကြီးအကျယ် ထိခိုက်နိုင်ဖွယ်ရှိသည်၊ သို့မဟုတ် မွေးဖွားလာမည့်ခလေးမှာ ထိခိုက်ပျက်စီးနိုင်ဘွယ်ရှိသည် ဟူသည်ကို ကျွမ်းကျင်သောပညာရှင်ကထောက်ခံချက်ပေးလျှင် ကိုယ်ဝန်ကိုဖျက်ချခွင့်ရှိသည်။

ဂျာမနီနိုင်ငံ၏ ပြည်နယ်အစိုးရတရပ်က အထက်ပြင်ဆင်ချက် ဥပဒေပုဒ်မ ၂၁၈(က) ပါပြဋ္ဌာန်းချက်ကို အတည်မဖြစ်စေရေးအတွက် ယာယီဆိုင်းငံ့အမိန့် ထုတ်ပေးပါရန် ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေဆိုင်ရာတရားရုံးသို့ လျှောက်ထားခဲ့သည်။ အဆိုပါ ပြင်ဆင်ချက်ဥပဒေ စတင်အာဏာတည်ရန် ထုတ်ပြန်သည့် ၁၉၇၄ ခုနှစ်ဇွန်လ ၂၁ ရက်နေ့မှာပင် တရားရုံးကဆိုင်းငံအမိန့် ထုတ်ပေးခဲ့သည်။ သို့ရာတွင် ဆိုင်းငံ့အမိန့်မှာ ကျယ်ပြန့် သောချွင်းချက်ဖြင့်ထုတ်ပေးခဲ့ခြင်းဖြစ်သည်။ ဆေးဘက်ဆိုင်ရာ အကြောင်းအချက်အရဖြစ်စေ၊

ကိုယ်ကျင့်တရားနှင့်ဆိုင်သော အနေအထားအရဖြစ်စေ၊ မျိုးရိုးဆိုင်ရာ အကြောင်းခြင်းရာတရပ်ရပ်ကြောင့်ဖြစ်စေ အဆိုပါပထမရက်သတ္တပတ်(၁၂)ပတ်အတွင်းကိုယ်ဝန်ဖျက်ချခြင်းကို ပြစ်မှုဆိုင်ရာအရ အရေးယူခွင့်မရှိစေရဟူသော ချွင်းချက်ဖြစ်သည်။ ထို့နောက် ဥပဒေပြုလွှတ်တော်အမတ် ၁၉၃ ဦးနှင့် ပြည်နယ်ငါးခုမှအစိုးရများသည် ယင်းဆုံးဖြတ်ချက်အပေါ် ပြန်လည်သုံးသပ်ပေးပါရန် ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေဆိုင်ရာတ ရားရုံးသို့ လျှောက်ထားခဲ့သည်။

အောက်ပါတို့မှာ ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေဆိုင်ရာတရားရုံး၏ သုံးသပ်ချက်များအနက် အရေးကြီးသော အချက်များကို ကောက်နှုတ်ဖော်ပြထားခြင်း ဖြစ်သည်။

ဖက်ဒရယ်သမ္မတ ဂျာမနီနိုင်ငံ၏ ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေပုဒ်မ(၂) ပုဒ်မခွဲ(၂)၏ ပထမစာကြောင်းတွင် အောက်ပါအတိုင်းပြဋ္ဌာန်းထားသည်။

Everyone shall have the right to life and to physical integrity.- လူတိုင်းလူတိုင်းတွင် အသက်ရှင်သန်ခွင့်နှင့် ရုပ်ခန္ဓာကိုယ်အရ ဖွံ့ဖြိုးကြံ့ခိုင်ကြီးထွားခွင့် ရှိစေရမည်။

အဆိုပါ ပြဋ္ဌာန်းချက်ကို အဓိပါယ်ဖွင့်ဆိုရလျှင် အသက်ရှင်သန်ခွင့်မှ စတင်ရမည်ဖြစ်သည်။ အများက လက်ခံအသိအမှတ်ပြုထားကြသော ရူပဗေဒဆိုင်ရာ လေ့လာတွေ့ရှိချက်များအရ အဖိုမျိုးဥနှင့်အမမျိုးဥ စတင်ပေါင်းဆုံကပြီးနောက် ၁၄ ရက်မြောက်သည့်နေ့မှစ၍ အသက်၏အခြေခံတည်ရှိမှု ဖြစ်ပေါ်လာခဲ့သည်။ ထိုမှနေ၍ အဆင့်ဆင့်တိုးတက်သွားကာ လူတစ်ယောက်ဖြစ်လာနိုင်မည် ဖြစ်သည်။ ယင်းသို့ တိုးတက်သွားမှုမှာ မည်သည့်အဆင့်တွင်မျှ ရပ်တန့်မနေ။ မွေးဖွားပြီးသည့်နောက်မှာပင် ရပ်တန့်သွားခြင်းမရှိ။ သာဓကအားဖြင့် လူ၏ကိုယ်ရည်ကိုယ်သွေး[၆]ကို အထောက်အပံ့ဖြစ်စေသော အချို့သော အသိတရားဆိုင်ရာ အသွင်လက္ခဏာများ[၇]သည် မွေးဖွားပြီးနောက် ကာလတစုံတရာကြာလာသည်အထိ ပေါ်ပေါက်လာခဲ့ခြင်းမရှိသေးချေ။ ထို့ကြောင့် အခြေခံဥပဒေပုဒ်မ(၂) ပုဒ်မခွဲ (၂) ၏ ပထမစာကြောင်းပါ ပြဋ္ဌာန်းချက်အရ ပေးအပ်ထားသော အကာအကွယ်ကို မိခင်ဝမ်းထဲ၌ လွတ်လပ်စွာ ဖွံ့ဖြိုးကြီးထွားလာနေသော သန္ဓေသား[၆]အဆင့်တွင်သာဖြစ်စေ၊ မွေးဖွားပြီးနောက် လူဟူ၍ပီပီသသ[၇]ဖြစ်ပေါ်လာသည့် အဆင့်တွင်သာဖြစ်စေ ကန့်သတ်ထား၍ မရနိုင်ပေ။ အသက်ရှင်သန်ပိုင်ခွင့်ဟူသည်မှာ မမွေးဖွားမီ၌ အသက်၏တဆင့်မှ အခြားတဆင့်သို့ တိုးတက်ဖြစ်ပေါ် နေသော အချိန်တခုနှင့် အခြားတခုအကြားတွင်လည်းကောင်း၊ မမွေးဖွားမီနှင့်မွေးဖွားပြီး အသက်၏အဆင့်များအကြားတွင်လည်းကောင်း ခွဲခြားမှုမရှိဘဲ အသက်ဟူ၍ ရှိနေသူတိုင်းအပေါ် အာမခံချက်ပေးသည်။[၈]

အခြေခံဥပဒေ ပုဒ်မ(၂) ပုဒ်မခွဲ (၂) ၏ ပထမစာကြောင်း ပါ ပြဋ္ဌာန်းချက်တွင် ဖော်ပြထားသည့် "everyone" "လူတိုင်းလူတိုင်း" ဟူသော စကားလုံးကိုကိုးကားကာယင်းမှာ မွေးဖွားပြီးသည့်နောက်ပိုင်းတွင် လူဟူ၍ ပီပီသသ ဖြစ်လာသူများကိုသာ ရည်ညွှန်းခြင်းဖြစ်ကြောင်းနှင့် မမွေးဖွားရသေးဘဲ ကိုယ်ဝန်ဆောင်နေဆဲကာလ အတွင်းတွင်ရှိနေသောသန္ဓေသား[၉]မှာ ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေက အကာအကွယ်ပေးရမည့် အဝန်းအဝိုင်းအတွင်းတွင် အကျုံးမဝင်ကြောင်း ထောက်ပြငြင်းဆိုကြသူများလည်း ရှိသည်။ ဤသည်ကို လက်မခံနိုင်။ ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေပြဋ္ဌာန်းချက်အရ အသက်ကို အကာအကွယ်ပေးရမည် ဟူသည်မှာ မိခင်ဝမ်းဗိုက်အတွင်း၌ တိုးတက်ဖွံ့ဖြိုးနေသောအ

သက်[၁၀]အပေါ်တွင်ပါ တိုးချဲ့ကာ အကာအကွယ်ပေးနိုင်ရန် လိုအပ်သည်။ အကယ်၍ ကိုယ်ဝန်ဆောင်နေဆဲ ကာလအတွင်းတွင်ရှိသောသန္ဓေသားကို အသက်ပီပီသသအေကောင်အထည် ဖြစ်ပေါ်လာစေရေးအတွက် ပဏာမအဆင့်အဖြစ် ထည့်သွင်းစဉ်းစားခြင်း မရှိလျှင် လူအဖြစ်ရပ်တည်ရှင်သန်မှုတွင် တိုင်းပြည်က ဝင်ရောက်ချိုးဖေါက်စွက်ဖက်ခြင်းမှ ကာကွယ်ရာ၌ ပြည့်စုံလိမ့်မည်မဟုတ်ချေ။[၁၁] ထို့ကြောင့် အချုပ်အားဖြင့် အခြေခံဥပဒေ ပုဒ်မ(၂) ပုဒ်မခွဲ(၂)၏ ပထမစာကြောင်းပါ ပြဋ္ဌာန်းချက် အပေါ်၌ ရှင်းလင်းဖွင့်ဆိုခဲ့ကြသည့် ဂျာမနီနိုင်ငံ၏ ဥပဒေပြုရေးဆိုင်ရာသမိုင်းကြောင်းကို ပြန်ကြည့်လျှင် **လူတိုင်း၌ အသက်ရှင်သန်ပိုင်ခွင့်ရှိသည်** ဟူသော ပြဋ္ဌာန်းချက်တွင် မိခင်ဝမ်းထဲ၌ရှိနေသော သန္ဓေသားနှင့်လည်း အကြုံးဝင်သက်ဆိုင်သည်ဟု ဆိုရမည်ဖြစ်သည်။ သို့ရာတွင် တချိန်ထဲ၌သုံးသပ်တွေ့ရှိရသည်မှာ *မိခင်ဝမ်းထဲ၌ ရှိနေသောသန္ဓေသားကို ပြစ်မှုဆိုင်ရာဥပဒေနှင့်အညီ အကာအကွယ် ပေးသင့်မသင့် ဟူသောမေးခွန်း၏ အဖြေကိုမူ ရှင်းလင်းသော သဲလွန်စအထောက်အထား မတွေ့ရှိရသေးခြင်း* ပင်ဖြစ်သည်။ (ကိုယ်ဝန်ပျက်စေသော အမျိုးသမီးကို ပြစ်မှုဆိုင်ရာဥပဒေအရ အရေးယူရမည်ဆိုသည့်အပေါ် အတိအကျမတွေ့ရှိရခြင်းကို ဆိုလိုသည်။)

ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေက ပြဋ္ဌာန်းထားသော အခြေခံအခွင့်အရေးများကို မမွေးဖွားရသေးသော သန္ဓေသားအနေဖြင့် ဖေါ်ဆောင်ခွင့်ရှိမရှိ ဟူသည့် အငြင်းပွားဖွယ်များစွာရှိသောပြသနာကို ဤရုံးမှဆုံးဖြတ်ပေးရန်မဟုတ်ချေ။ အဘယ်ကြောင့်ဆိုသော် သန္ဓေသားအနေဖြင့် အခြေခံဥပဒေ၊ အခြားဥပဒေများနှင့်အညီ ရရှိနိုင်သောအခွင့်အရေးများကို လက်တွေ့ကျင့်သုံးနိုင်သည့် စွမ်းရည်ကင်းမဲ့နေခြင်းကြောင့်ဖြစ်သည်။ ထို့အပြင် အခြေခံဥပဒေအနေဖြင့် အသက်ရှင်သန်ပိုင်ခွင့်အခြေခံပေါ်တွင် လက်တွေ့စံထားချက်[၁၂]အရသာ အကာအကွယ်ပေးနိုင်ခြင်း တို့ကြောင့်ဖြစ်သည်။

အခြေခံဥပဒေ ပုဒ်မ(၂) ပုဒ်မခွဲ(၂)၏ ပထမစာကြောင်းပါ ပြဋ္ဌာန်းချက်များကို အခြေခံဥပဒေပုဒ်မ(၁) အပုဒ်(၁)နှင့် ဆက်စပ်စဉ်းစားရန်လိုသည်။ ပုဒ်မ(၁) အပုဒ်(၁)တွင် အောက်ပါအတိုင်းဖေါ်ပြထားသည်။

The dignity of man shall be inviolable. To respect and protect it shall be the duty of all state authorities- လူ၏ဂုဏ်သိက္ခာကို ချိုးဖေါက်ခြင်းမရှိစေရ။ လူ၏ဂုဏ်သိက္ခာကို လေးစားကာကွယ်ရန်မှာ နိုင်ငံအာဏာပိုင်အားလုံး၏တာဝန် ဖြစ်စေရမည်။

အကယ်၍ သန္ဓေဖြစ်စအမြုတေ[၁၃]ကို မိခင်၏ခန္ဓာကိုယ် အစိပ်အပိုင်းအဖြစ်သာ မှတ်ယူမည်ဆိုလျှင် ကိုယ်ဝန်ကိုရပ်ဆိုင်းစေလိုက်ခြင်းမှာ သူမ၏ပုဂ္ဂလိက ဆုံးဖြတ်လုပ်ကိုင်ပိုင်ခွင့်နယ်ပယ်အတွင်းတွင် အကြုံးဝင်မည်ဖြစ်သည်။ ဥပဒေပြဋ္ဌာန်းသူများသည် ယင်းနယ်ပယ်ကိုကျော်လွန်ဝင်ရောက်ကာ ကန့်သတ်ပြဋ္ဌာန်းပိုင်ခွင့်မရှိချေ။ အကယ်၍ သန္ဓေသားကိုဖွဲ့ စည်းအုပ်ချုပ်ပုံအခြေခံဥပဒေ၏ ကာကွယ်စောင့်ရှောက်မှုအောက်တွင်ရှိသော လွတ်လပ်သည့်လူသားတစ်ဦးအဖြစ် ယူဆလျှင် ကိုယ်ဝန်ကိုရပ်ဆိုင်းစေခြင်းမှာ နိုင်ငံအနေဖြင့် ဝင်ရောက်စွက်ဖက်ပိုင်ခွင့်ရှိသော လူမှုရေးအဝန်းအဝိုင်း[၁၄]ဟု မှတ်ယူရမည်ဖြစ်သည်။

ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေနှင့် အခြားဥပဒေများ၏ အဝန်းအဝိုင်းနယ်ပယ်တွင် အမျိုးသမီး၏ ကိုယ်ပိုင်ဆုံးဖြတ် လုပ်ဆောင်ပိုင်ခွင့်ကို အသိအမှတ်ပြုသည်။ သို့ရာတွင်

ကိုယ်ဝန်ပျက်စေခြင်းနှင့်စပ်လျဉ်း၍ ဥပဒေပြုရန်ကြိုးပမ်းရာ၌ နိုင်ငံအနေဖြင့် အမျိုးသမီး၏ ကိုယ်ပိုင်ဆုံးဖြတ်လုပ်ဆောင်ပိုင်ခွင့် တခုတည်းအပေါ်တွင်အခြေခံပြီး မစဉ်းစားချေ။ ဆိုလိုသည်မှာ အမျိုးသမီးတဦးသည် ပြစ်မှုဆိုင်ရာအရ အရေးယူခံရမည်ကို စိုးရိမ်ထိတ်လန့်စရာမလိုဘဲ မိမိ၏ကိုယ်ဝန်ကို မိမိအလိုရှိသော မည်သည့်အချိန်တွင်မဆို ရပ်ဆိုင်းခွင့်ရှိရမည်ဟူသော ဆုံးဖြတ်လုပ်ဆောင်ပိုင်ခွင့်မျိုးကို အသိအမှတ်မပြုနိုင်ချေ။ ကိုယ်ဝန် ဆောင်ထားသော အမျိုးသမီး၏ ဆုံးဖြတ်လုပ်ဆောင်ပိုင်ခွင့်သည် အကန့်အသတ်မဲ့မဟုတ်၊ အထွတ်အထိပ်မဟုတ်ချေ။

တဖန် ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေအရ မမွေးဖွားရသေးသော သန္ဓေသားကို အကာအကွယ် ပေးထားသည်ဆိုသော်လည်း ဥပဒေပြုသူများသည် ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေကိုကိုးကားပြီး လိုအပ်သောအခြားဥပဒေများပြဋ္ဌာန်းကာ ကာကွယ်စောင့်ရှောက်ရန်ကြိုးပမ်းရာ၌ မွေးဖွားပြီးနောက် လူပီပီသသ ဖြစ်နေသူတဦးကို ပြစ်မှုဆိုင်ရာဥပဒေအရ ပေးရမည့်အလားတူ အကာအကွယ်မျိုးကို မမွေးဖွားရသေးသော သန္ဓေသားအတွက်လည်း ပြဋ္ဌာန်း၍ အကာအကွယ်ပေးရန် တာဝန်မရှိချေ။ ဆိုလိုသည်မှာ မိခင်အမျိုးသမီးသည် မမွေးဖွားရသေးသော သန္ဓေသားအတွက် မိမိ၏အခွင့်အရေးအားလုံး ကိုစွန့်လွှတ်လိုက်ရန်လည်း မဟုတ်ချေ။

အခြေခံဥပဒေ ပုဒ်မ(၂) ပုဒ်မခွဲ(၂) စာကြောင်း(၁)အရ မိခင်ဝမ်းအတွင်း၌ တိုးတက်ဖွံ့ဖြိုးနေသောအသက်အား ထိထိရောက်ရောက် ကာကွယ်စောင့်ရှောက်ရန်တာဝန်ကို ပြစ်မှုဆိုင်ရာပြင်ဆင်ချက်ဥပဒေ အမှတ်(၅) အနေဖြင့် ထမ်းဆောင်နိုင်ခြင်းမရှိကြောင်းတွေ့ရသည်။ တိုးတက်ဖွံ့ဖြိုးနေသော အသက်အား ကာကွယ်စောင့်ရှောက်ရန်တာဝန်ကို အခြေခံဥပဒေက ပထမဦးစွာ ဥပဒေပြုသူများအား အပ်နှင်းသည်။ အခြေခံဥပဒေဆိုင်ရာ တရားရုံးသည် ဥပဒေပြုသူများနှင့် မျဉ်းကြောင်းခြားရမည် ဟူသောအချက်မှာလည်း မှန်ကန်သည်။ ဆိုလိုသည်မှာ အခြေခံဥပဒေဆိုင်ရာ တရားရုံးသည် ဥပဒေပြုသူများနေရာတွင် အစားထိုးဝင်ရောက်တာဝန်ယူရန် မဟုတ်ခြေ။ သို့ရာတွင် အခြေခံဥပဒေကလွှဲအပ်လိုက်သည့်ယင်းတာဝန်ကို ဥပဒေပြုသူများက ထိထိရောက်ရောက် ဖေါ်ဆောင်ခြင်းရှိမရှိ ဆိုသည်ကို အခြေခံဥပဒေဆိုင်ရာတရားရုံးအနေဖြင့် လေ့လာဆုံးဖြတ်ရန် တာဝန်ရှိသည်။

ပြစ်မှုကြောင်းဖြင့် အရေးမယူသင့်သော ကိုယ်ဝန်ပျက်စေသည့် ကိစ္စရပ်များရှိနေသည်ဟု ပြစ်မှုဆိုင်ရာပြင်ဆင်ချက်ဥပဒေ အမှတ်(၅)က ဖွင့်ဆိုသည်။ အရေးမယူသင့်သည့်ကိစ္စများကို ပြစ်မှုဆိုင်ရာဥပဒေအရ အရေးယူခြင်းဖြင့် တကယ်ပြင်းပြင်းထန်ထန် အရေးယူသင့်သော ကိုယ်ဝန်ပျက်စေမှုများကို အရေးယူခွင့်မရတော့ဘဲ လွတ်သွားခြင်းများရှိနေသည်ဟု ၎င်း၏ပြင်ဆင်ချက်ကဆိုသည်။ ကိုယ်ဝန်ပျက်စေမှု၏ ထူးခြားသောအနေအထားအရ မည်သို့သောကိစ္စမျိုးကိုအရေးယူသင့်သည်၊ မည်သို့သော ကိစ္စမျိုးကိုအရေးမယူသင့်ဟု ဆုံးဖြတ်ရန်မှာ လွယ်ကူသောအလုပ်မဟုတ်။ မည်သို့ပင်ဖြစ်စေ ဂျာမနီနိုင်ငံ၌ တရားမဝင်ကိုယ်ဝန်ပျက်စေသည့် မှုခင်းအရေအတွက်မှာတိုးများလာလျက်ရှိနေသည်။ မိခင်ဝမ်းအတွင်း၌ တိုးတက်ဖွံ့ဖြိုးနေသောအသက်ကို နိုင်ငံအနေဖြင့် အကာအကွယ်ပေးရန် လုံလောက်သောစီမံဆောင်ရွက်မှုများ ကင်းမဲ့လျက်ရှိနေသည်။ ထို့ကြောင့် ကိုယ်ဝန်ပျက်စေမှုအပေါ် ပြစ်မှုဆိုင်ရာဖြင့် အရေးယူမည်ဟူသည်ကို ယေဘုယျပြဋ္ဌာန်းထားခြင်းဖြင့် အဆိုပါအားနည်းချက်ကို ဖြည့်ဆည်းပေးရန် အထောက်အပံ့ဖြစ်နိုင်သည်။

ပြင်ဆင်ချက် ဥပဒေကအဆိုပြုသည်မှာ တိုးတက်ဖွံ့ဖြိုးနေသော အသက်ကိုကာကွယ်

ရန်ကြိုးစားရာ၌ ပြစ်မှုဆိုင်ရာဥပဒေပြဋ္ဌာန်းခြင်းထက် ကာယကံရှင်အမျိုးသမီးအား ကျွမ်းကျင်သူဖြင့် ညှိနှိုင်းတိုင်ပင်စေခြင်းမှာ ပို၍ထိရောက်မှုရှိနိုင်မည်ဟုဆိုသည်။ အဘယ်ကြောင့်ဆိုသော် ကိုယ်ဝန်ကိုမပျက်စေသင့်ကြောင်း ကျွမ်းကျင်သူက အမျိုးသမီးအားဆွဲဆောင်နိုင်မည့် အခြေအနေမျိုး ရှိသောကြောင့်ဖြစ်သည်။ ထို့ကြောင့် အဖိုမျိုးဥနှင့် အမမျိုးဥပေါင်းစပ်၍ စတင်သန္ဓေတည်သည့်နေ့မှ ရက်သတ္တပတ် ၁၂ပတ်အတွင်း ကိုယ်ဝန်ပျက်စေသည့် ကိစ္စများအပေါ် ဥပဒေဖြင့် အရေးယူခြင်းမျိုး မလုပ်ဆောင်သင့်၊ ၎င်းအစား ကျွမ်းကျင်သူဖြင့် တိုင်ပင်စေသည့်နည်းလမ်းဖြင့် ကာကွယ်မှုမျိုးကို ဖေါ်ဆောင်စေသင့်သည်ဟု ပြင်ဆင်ချက်ဥပဒေကဆိုသည်။ ထို့အပြင် အတွေ့အကြုံရှိပြီး ကိုယ်ဝန်ကိုပျက်စေလိုသောအမျိုးသမီးများမှာ ၎င်းတို့အတွက်ပြစ်ဒဏ်မသင့်ဘဲ ကိုယ်ဝန်ကိုမည်သို့ဖျက်ချရမည်ကို ကောင်းစွာနားလည်ကြသည်။ ထို့ကြောင့် ရက်သတ္တပတ် (၁၂)ပတ်အတွင်း ကိုယ်ဝန်ပျက်စေသည့်ကိစ္စအတွက် ပြစ်မှုကြောင်းဖြင့် ပြစ်ဒဏ်သတ်မှတ်ထားခြင်းမှာ အမျိုးသမီးအားကျွမ်းကျင်သူဖြင့် တိုင်ပင်စေသည့် အခြေအနေမျိုးသို့ မရောက်စေတော့ဘဲ ပြစ်မှုကို တိမ်းရှောင်မည့်နည်းလမ်းရှာကာ ပျက်စေရန်ကြိုးပမ်းသည့် အနေအထားမျိုးသို့ ရောက်စေမည်ဖြစ်သည်။ ထို့ကြောင့် ပြစ်မှုကြောင်းဖြင့် ပြစ်ဒဏ်သတ်မှတ်ခြင်းမှာ လက်တွေ့တွင် ထိရောက်မှုမရှိနိုင်သော လုပ်ဆောင်ချက်သာဖြစ်သည်ဟု ပြင်ဆင်ချက် ဥပဒေက ထောက်ပြသည်။

သို့ရာတွင် ကိုယ်ဝန်ဆောင်အမျိုးသမီးသည် (မိခင်၏တာဝန်ကို မထမ်းဆောင်ချင်သောကြောင့်) မိမိ၏သဘောဆန္ဒ သက်သက်ပေါ်တွင် အခြေခံ၍ အလိုအလျောက်ကိုယ်ဝန်ကို ရပ်ဆိုင်းခွင့် ဖျက်ချခွင့်မရှိစေသင့်ပေ။ တဖြေးဖြေးရင့်မာလာ လျက်ရှိသော ကိုယ်ဝန်နှင့်စပ်လျဉ်း၍ ကိုယ်ဝန်ဆောင်အမျိုးသမီးတွင် အရေးကြီးသော အကြောင်းပြချက်များရှိနိုင်သည်။ သို့ရာတွင် ယင်းအကြောင်းပြချက်များသည် သန္ဓေသား၏အသက်ကို ကာကွယ်ရန်ဟူသော အချက်ထက်ပို၍ အရေးမကြီးနိုင်ပေ။

ပြစ်မှုကြောင်းဖြင့် အရေးယူရန် ပြစ်ဒဏ်သတ်မှတ်ထားသော်လည်း လက်တွေ့တွင် အာဏာပိုင်များသည် ပြစ်မှုဆိုင်ရာဥပဒေများကို ချိုးဖေါက်၍ ပြစ်မှုကျူးလွန်ကြသူများအပေါ် ရာနှုန်းပြည့် ထိထိရောက်ရောက် အရေးယူနိုင်ခဲ့ကြသည်ဟူ၍မရှိ၊ ယင်းအချက်ကိုအငြင်းမပွားချေ။ စုံးစမ်းထောက်လှမ်း၍မရဘဲ လွတ်သွားကြသော အမှုအရေအတွက်မှာ ပြစ်မှုအမျိုးအစားများအပေါ်မူတည်၍ အနည်းအများရှိနိုင်သည်။ အထူးသဖြင့် ကိုယ်ဝန်ပျက်စေသော မှုခင်းများကိုလည်း အရေးမယူနိုင်မှုများ အမြောက်အများရှိနိုင်သည်။ သို့ရာတွင် ဤအနေအထားကို ထောက်ရှုရုံဖြင့် ပြစ်မှုဆိုင်ရာဥပဒေ၏ ယေဘုယျပြဋ္ဌာန်းချက်အောက်တွင် အကာအကွယ်ရရှိမှု၏ အရေးကြီးပုံကို မမေ့သင့်ပေ။ ပြစ်မှုဆိုင်ရာဥပဒေများတည်ရှိနေခြင်းသည် လူ့အဖွဲ့အစည်း၏ အခြေခံတန်ဘိုးပင်ဖြစ်သည်။ ကိုယ်ဝန်ပျက်စေလျှင် ပြစ်ဒဏ်စီရင်ခြင်းခံရမည်ဟူသော လူ့အဖွဲ့အစည်း၏ စံသတ်မှတ်ချက်သည် နှစ်ပေါင်းများစွာ တည်ရှိနေခဲ့ပြီးဖြစ်သည်။ ယင်းသို့တည်ရှိနေခြင်းဖြင့် တန်ဘိုးနှင့် ဆိုင်သောလူ၏ အတွေးအခေါ်အယူအဆနှင့် လူ့အမူအကျင့်များအပေါ် ဩဇာလွှမ်းမိုးသက်ရောက်သည်။ အကယ်၍ ယင်းသို့တည်ရှိနေပြီးဖြစ်သည့် ပြစ်မှုဆိုင်ရာပြဋ္ဌာန်းသတ်မှတ်ချက်ကိုရုပ်သိမ်းလိုက်လျှင် ကိုယ်ဝန်ပျက်စေသည့်ကိစ္စကို ဆောင်ရွက်ခြင်းအား တရားဝင်လုပ်ဆောင်ချက်တခုအဖြစ် နိုင်ငံသားများက မှတ်ယူသွားနိုင်သည်။ အကျိုးသက်ရောက်မှုအဖြစ် ကိုယ်ဝန်ပျက်အောင်ပြု လုပ်သူများအပေါ် လူမှုရေးနှင့် ကိုယ်ကျင့်တရားဆိုင်ရာ

အကြောင်းပြချက်များဖြင့် အပြစ်တင်နိုင်မည့် အခြေအနေလည်း ရှိတော့မည် မဟုတ်ချေ။

အထက်ပါ သုံးသပ်ချက်များကိုထောက်ရှု၍ ပြင်ဆင်ချက်ဥပဒေ ပုဒ်မ ၂၁၈ (က) သည် အကြောင်းအချက်တစုံတရာမရှိဘဲ ကိုယ်ဝန်ကိုရပ်ဆိုင်းစေခြင်းဖြစ်လျှင် ဂျာမန်ဖက်ဒရယ်ပြည်ထောင်စု သမ္မတနိုင်ငံ ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေ ပုဒ်မ(၂) ပုဒ်မခွဲ(၂) စာကြောင်း(၁)နှင့် ပုဒ်မ(၁) ပုဒ်မခွဲ(၁) တို့တွင် ပြဋ္ဌာန်းပါရှိသော အခြေခံဥပဒေ၏အနှစ်သာရနှင့် ကိုက်ညီခြင်းမရှိကြောင်း ဤဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေ ဆိုင်ရာတရားရုံးမှ ဆုံးဖြတ်လိုက်သည်။

(အကြောင်းအချက်ဟု ဆိုရာတွင် ကိုယ်ဝန်စတင်ရရှိပြီးနောက် ရက်သတ္တပတ် ၁၂ ပတ်အတွင်း၌ ဆေးဘက်ဆိုင်ရာ အကြောင်းအချက်အရဖြစ်စေ၊ ကိုယ်ကျင့်တရားနှင့်ဆိုင်သောအနေအထားအရဖြစ်စေ၊ မျိုးရိုးဆိုင်ရာ အကြောင်းခြင်းရာ တရပ်ရပ်ကြောင့်ဖြစ်စေ၊ ကျွမ်းကျင်သောဆေးပညာရှင်၏ ထောက်ခံမှုကိုရယူ၍ ကိုယ်ဝန်ကို ရပ်ဆိုင်းစေနိုင်ခြင်းကို ဆက်လက်ခွင့်ပြုထားသည့် သဘောဖြစ်သည်။ ယင်းသို့မဟုတ်ဘဲ အမျိုးသမီးတစ်ဦးအနေဖြင့် မိခင်၏တာဝန်ကိုမထမ်းဆောင်ချင်သောကြောင့်ဖြစ်စေ အခြားမရေရာသောအကြောင်းများကြောင့်ဖြစ်စေ အမျိုးသမီး၏သဘောဆန္ဒတခုထဲနှင့် ကိုယ်ဝန်ပျက်စေခြင်းအား ခွင့်မပြု။ ပြစ်မှုဆိုင်ရာဥပဒေအရ ဆက်လက်အရေးယူသွားမည့် သဘောကို ဆိုလိုသည်။)

အဆိုပါ ဂျာမနီနိုင်ငံ၏ အခြေခံဥပဒေဆိုင်ရာ တရားရုံးအတွင်းမှာပင် အထက်ပါဆုံးဖြတ်ချက်အပေါ် သဘောထားအမြင်မတူကြသော တရားသူကြီးများရှိခဲ့သည်။ ၎င်းတို့အနက်အချို့က အခြေခံဥပဒေသည် မိခင်ဝမ်းအတွင်းရှိ သန္ဓေသားအပေါ်၌ အကာအကွယ်အစေါင့်အရှောက်ပေးသင့် မပေးသင့် ဟူသောအချက်အပေါ် အငြင်းပွားနေခြင်းမဟုတ်။ အကာအကွယ်ပေးရမည်သာ ဖြစ်သည်၊ သို့ရာတွင်မည်သို့မည်ပုံ အကာအကွယ်ပေးရမည်ဆိုသော အချက်အပေါ်တွင်သာ စဉ်းစားရန်ဖြစ်သည်၊ မည်သည့်အဆင့်တွင်မဆို ကိုယ်ဝန်ပျက်စေသူအပေါ် ပြစ်မှုဆိုင်ရာအရ အရေးယူရမည်ဟု အခြေခံဥပဒေက ပြဋ္ဌာန်းထားခြင်းမရှိ၊ အခြေခံဥပဒေဆိုင်ရာ တရားရုံးအနေဖြင့် ကိုယ်ဝန်စတည်သည့်အချိန်မှစ၍ ရက်သတ္တပတ် ၁၂ပတ်အတွင်း ကိုယ်ဝန်ပျက်စေသည့်ကိစ္စအား မည်သို့မည်ပုံအရေးယူဆောင်ရွက်ရန် ဥပဒေပြုသူများအပေါ် ဖိအားပေးခွင့်မရှိ။ ဥပဒေပြုသူများအား လွတ်လပ်စွာဥပဒေပြုခွင့် ပေးရမည်ဖြစ်သည်ဟု ထောက်ပြခဲ့ကြသည်။ သဘောထားအမြင်မတူကြသောအခြားတရားသူကြီးများကလည်း ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေ၏ စံထားချက်မှာ ပြစ်ဒဏ်ပိုင်းဆိုင်ရာမဟုတ်၊ လွတ်လပ်မှုနှင့် တဦးချင်း၏အခွင့်အရေးကို အာမခံချက်ပေးရန်ဖြစ်သည်။ ပြစ်ဒဏ်စီရင်နိုင်ရေးအတွက် ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေကို ကိုးကားလျှင် ယင်းမှာအခြေခံဥပဒေ၏ မူရင်းအနှစ်သာရစံထားချက်နှင့် ဆန့်ကျင်နေမည်ဖြစ်သည်။ ထို့ကြောင့် ဤကိစ္စတွင် ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေဆိုင်ရာ တရားရုံးသည် ဥပဒေပြုရေးပိုင်းဆိုင်ရာ၏ အခန်းကို ဝင်ရောက်စွက်ဖက်ခွင့်မရှိ၊ အခြေခံဥပဒေဆိုင်ရာတရားရုံးဟူသည်မှာ အစိုးရက နိုင်ငံသားတဦးအနေဖြင့် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ ရရှိခံစားထိုက်သော အခွင့်အရေးကို ကျူးကျော်ချိုးဖေါက်ခြင်းရှိမရှိဟူသော ကိစ္စရပ်မျိုးအပေါ်တွင်သာ ဝင်ရောက်စစ်ဆေးဆုံးဖြတ်ပေးရန်ဖြစ်သည်၊ ယခုအမှုမှာ ဤကိစ္စရပ်မျိုးမဟုတ်၊ အခြေခံဥပဒေဆိုင်ရာ တရားရုံးနှင့်မသက်ဆိုင်ဟူ၍လည်း ၎င်းတို့၏ သဘောထားအမြင်ကို ထုတ်ဖေါ်ခဲ့ကြသည်။

## ကိုယ်ဝန်ပျက်စေခြင်းဆိုင်ရာ အမေရိကန်နိုင်ငံမှုခင်း

အမေရိကန်နိုင်ငံတွင် တက်ကဆပ်ပြည်နယ်က ကိုယ်ဝန်ပျက်စေခြင်းကို တားမြစ်သည့် ဥပဒေတရပ်ပြဋ္ဌာန်းခဲ့သည်။ ယင်းဥပဒေအရ မိခင်၏အသက်ကို ကယ်တင်ရန်အလို့ငှာ ဆေးဘက်ဆိုင်ရာ၏ ထောက်ခံချက်မှလွဲ၍ အခြားနည်းဖြင့် ကိုယ်ဝန်ပျက်စေခြင်းသည် ပြစ်မှုကျူးလွန်ခြင်းဖြစ်သည်ဟု ပြဋ္ဌာန်းခဲ့သည်။ ယင်းဥပဒေကိုဖျက်သိမ်းပေးရန်အတွက် တရားရုံးသို့ လျှောက်ထားသူများမှာ တရားဝင်ယောကျ်ားမရှိဘဲ ကိုယ်ဝန်ရှိနေသောအမျိုးသမီးတဦးဖြစ်သူ ဂျိန်းရိုး၊ ကိုယ်ဝန်လည်းမရှိခလေးလည်းမရှိသော ဂျွန်နှင့် မေရီဒိုး လင်မယားလိုင်စင်ရဆရာဝန် ဒေါက်တာဟဲလ်ဖို့ဒ်တို့ဖြစ်သည်။ ၎င်းတို့၏ အဓိကအကြောင်းပြချက်မှာတက်ကဆပ်ပြည်နယ်က ပြဋ္ဌာန်းလိုက်သောဥပဒေသည် အမျိုးသမီးတစ်ဦးအနေဖြင့်ရယူခံစားသင့်သော လူပုဂ္ဂိုလ်တဦးခြင်းစီ၏ လွတ်လပ်မှုခံစားပိုင်ခွင့် အခွင့်အရေးကို ထိပါးရုပ်သိမ်းလိုက်ခြင်းဖြစ်သည်ဟု ဆိုသည်။

ယင်းအမှုကိုအခြေခံလျှက် ကိုယ်ဝန်ပျက်စေခြင်းနှင့်ပတ်သက်ပြီး ဆုံးဖြတ်ချမှတ်ခဲ့သည့် ရိုးနှင့်ဝိတ်[၁၅] စီရင်ထုံးမှာ အမေရိကန်၌သာမက ကိုယ်ဝန်ဖျက်ချမှုကို ဥပဒေကြောင်းရှုဒေါင့်မှ လေ့လာလျှက်ရှိကြသော နိုင်ငံတကာတွင်ပါကျော်ကြားသော စီရင်ထုံးတခု ဖြစ်ခဲ့သည်။ ယင်းအမှု၌ လျှောက်ထားသူများတင်သွင်းသည့် လျှောက်ထားမှုမှာ တရားရုံးဖြင့်ဆုံးဖြတ်ရမည့်ကိစ္စမျိုးမဟုတ်[၁၆] ဟု တရားရုံးကထောက်ပြခဲ့သည်။ သို့ရာတွင် အမေရိကန်ပြည်ထောင်စုဖွဲ့စည်းပုံ အခြေခံဥပဒေ ပြင်ဆင်ချက်အပုဒ် (၉)အရ တက္ကဆပ်ပြည်နယ်မှပြဋ္ဌာန်းသောဥပဒေမှာ ဖွဲ့စည်းပုံ အခြေခံဥပဒေနှင့် ဆန့်ကျင်လျှက်ရှိကြောင်းဖြင့် ဆုံးဖြတ်ကာ လျှောက်ထားသူများအတွက် ကျေငြာပြဋ္ဌာန်းသည့်သက်သာခွင့်[၁၇] ချမှတ်ပေးခဲ့သည်။

တက္ကဆပ်ပြည်နယ်၏ ဥပဒေကို အမေရိကန်ပြည်ထောင်စု၏ ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်ယှဉ်တွဲ၍စဉ်းစားရာ၌ အမျိုးသမီးတစ်ဦး၏ အခွင့်အရေးသည် အဘယ်နည်း။ အခြားလူသားတစ်ဦး၏အခွင့်အရေးကို ကာကွယ်နိုင်ရေးအတွက် အမျိုးသမီးတစ်ဦး၏အခွင့်အရေးအပေါ် တိုင်းပြည်မှ ဝင်ရောက်စွက်ဖက်သင့်သလား။ ဖွဲ့စည်းပုံ အခြေခံဥပဒေအရ နိုင်ငံသားတစ်ဦး၏ အခွင့်အရေးကို မည်သို့ကာကွယ်စောင့်ရှောက်မည်နည်း။ စသည်ဖြင့် အခွင့်အရေးအခြေခံများဖြင့်သာ ကိုယ်ဝန်ပျက်စေခြင်းဆိုင်ရာပြသနာကို ဥပဒေရှုဒေါင့်မှချည်းကပ်ရန် ကြိုးစားခဲ့ကြောင်းတွေ့ရသည်။ ကိုယ်ဝန်ပျက်စေခြင်းနှင့်စပ်လျှဉ်း၍ အဆိုပါစီရင်ထုံး၌သုံးသပ်ထောက်ပြခဲ့သည့် အရေးကြီးသောအချက်များကို အောက်တွင်ကောက်နုတ်ဖေါ်ပြအပ်ပါသည်။

အမေရိကန်တရားရုံးက လူပုဂ္ဂိုလ်တဦးခြင်းစီ၏ လွတ်လပ်မှုခံစားခွင့်[၁၈] ဆိုင်ရာကိစ္စကို စတင်လေ့လာသုံးသပ်သည်။ အမေရိကန်ပြည်ထောင်စု ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေ၌ လူပုဂ္ဂိုလ်တစ်ဦးခြင်းစီ၏ လွတ်လပ်မှုခံစားခွင့်ကို အတိအလင်း ပြဋ္ဌာန်းထားခြင်းမရှိဟု ဆိုသည်။ သို့ရာတွင် ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေ၏အောက်တွင် လူပုဂ္ဂိုလ်တစ်ဦးခြင်းစီ၏ လွတ်လပ်မှုခံစားခွင့်နှင့် ၎င်းခံစားခွင့်ကို အာမခံကာကွယ်ထားသည့် နယ်ပယ်တည်ရှိနေသည်။ အတိအလင်းမပြဋ္ဌာန်းသော်လည်း သဘောသက်ရောက်သော ပြဋ္ဌာန်းချက်များရှိသည်ဟု တရားရုံးကအသိအမှတ်ပြုသည်။ အဆိုပါ အသိအမှတ်ပြုမှုအတွက် တ

ရားရုံးက အခွင့်အရေးများ၏ အရင်းအမြစ်အဖြစ် အမေရိကန်ပြည်ထောင်စုဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေပြင်ဆင်ချက်အပုဒ် (၁) (၄) (၅) (၉)နှင့် (၁၄)တို့ကို ကိုးကားသွားခဲ့သည်။

ပြင်ဆင်ချက်အပုဒ် (၁)ကို လွန်ခဲ့သောနှစ်ပေါင်းနှစ်ရာ့တစ်ဆယ် ကြာခဲ့ပြီဖြစ်သော ၁၇၉၁ ခုနှစ်က တင်သွင်းပြဋ္ဌာန်းခဲ့ခြင်းဖြစ်ပြီး အမေရိကန်နိုင်ငံသားများက အစိုးရအာဏာပိုင်များကို ဆန့်ကျင်၍ ၄င်းတို့၏အခွင့်အရေးကိုခုခံကာကွယ်ရာတွင် ယခုတိုင် မကြာခဏကိုးကားသုံးစွဲလျက်ရှိသော ပြင်ဆင်ချက်ဖြစ်ကြောင်း တွေ့ရသည်။ ပြင်ဆင်ချက်မှာ အောက်ပါအတိုင်း ဖြစ်သည်။

အမေရိကန်ပြည်ထောင်စု ဥပဒေပြုလွှတ်တော်သည် ဘာသာရေးတခုကိုသာ တရားဝင် အသိအမှတ်ပြုသည့်ဥပဒေကို ပြဋ္ဌာန်းခြင်းမပြုရ၊ သို့တည်းမဟုတ် ဘာသာရေးလွတ်လပ်စွာ ကိုးကွယ်မှုကို တားမြစ်သည့်ဥပဒေပြဋ္ဌာန်းခြင်းမပြုရ၊ သို့တည်းမဟုတ် လွတ်လပ်စွာပြောဆိုခြင်း၊ လွတ်လပ်စွာပုံနှိပ်ထုတ်ဝေခြင်း၊ ပြည်သူလူထုအနေဖြင့် ငြိမ်းချမ်းစွာစုဝေးပိုင်ခွင့် အခွင့်အရေးကို ကျင့်သုံးခြင်း၊ နစ်နာမှုများကိုကုစားပေးရန် အစိုးရထံမေတ္တာရပ်ခံခြင်း၊ စသည်တို့ကို ကန့်သတ်သည့်ဥပဒေများ ပြဋ္ဌာန်းခြင်းမပြုရ။

ပြင်ဆင်ချက်အပုဒ် (၁၄)ကို လွန်ခဲ့သောနှစ်ပေါင်း ၁၇၃ နှစ်ကြာခဲ့ပြီဖြစ်သော ၁၈၆၈ ခုနှစ်က ပြဋ္ဌာန်းခဲ့ခြင်းဖြစ်သည်။ အမေရိကန်ပြည်ထောင်စု၏ ပြည်နယ်များက အမေရိကန်ပြည်ထောင်စုနိုင်ငံသားများ၏ အခွင့်အရေးကိုဆန့်ကျင်ကာ ဥပဒေပြဋ္ဌာန်းခြင်းများ မလုပ်ဆောင်ကြစေရန် ရည်ရွယ်ပြဋ္ဌာန်းသော ပြင်ဆင်ချက်ဖြစ်သည်။ ယင်းပြင်ဆင်ချက် အပုဒ်ခွဲ (၁)မှာ အောက်ပါအတိုင်းဖြစ်သည်။

အမေရိကန်ပြည်ထောင်စုတွင် မွေးဖွားသူ သို့မဟုတ် အမေရိကန်ပြည်ထောင်စုတွင် နိုင်ငံသားပြုခြင်းခံရသူ[၁၉]များသည် အမေရိကန်ပြည်ထောင်စု၏ နိုင်ငံသားများဖြစ်သည်။ တစ်ချိန်ထဲတွင် ၎င်းတို့နေထိုင်ရာပြည်နယ်၏ ပြည်နယ်သားများလည်းဖြစ်သည်။ မည်သည့် ပြည်နယ်မျှ အမေရိကန်ပြည်ထောင်စု နိုင်ငံသားများ၏အခွင့်အရေး သို့မဟုတ် ကာကွယ်လွတ်ငြိမ်းမှု ရပိုင်ခွင့်[၂၀]အပေါ်ကန့်သတ်သည့်ဥပဒေကို ပြဋ္ဌာန်းခြင်း အတည်ဖြစ်စေ–ခြင်းမပြုလုပ်ရ။ ဥပဒေလုပ်ထုံးလုပ်နည်းများအရ မဟုတ်ဘဲလူတဦး၏အသက်၊ လွတ်လပ်မှုအခွင့်အရေး[၂၁]၊ သို့မဟုတ် ပစ္စည်းဥစ္စာကို ထိပါးခြင်းမပြုရ။ ဥပဒေ၏ရှေ့မှောက်တွင် တန်းတူညီ မျှစွာ ကာကွယ်မှုရပိုင်ခွင့် အခွင့်အရေးကို ငြင်းဆန်ခြင်းမပြုရ။

အထက်ပါ ပြဋ္ဌာန်းချက်များကို ကိုးကားလျက်အမေရိကန်ပြည်ထောင်စု တစ်ဝှမ်းလုံးတွင်ရှိသော တရားရုံးအသီးသီးကလည်း ပုဂ္ဂိုလ်တဦးခြင်းစီ၏ လွတ်လပ်မှုခံစားပိုင်ခွင့်များကို အသိအမှတ်ပြုကြောင်းနှင့် ကာကွယ်စောင့်ရှောက်မှုပေးခဲ့ကြောင်း စီရင်ထုံးအတော်များများကို ထောက်ပြသွားခဲ့သည်။ ပုဂ္ဂိုလ်တစ်ဦးခြင်းစီ၏ လွတ်လပ်မှုခံစားပိုင်ခွင့်ကို စဉ်းစားရာ၌ တရားရုံးသည် ပြင်ဆင်ချက်အပုဒ် (၁၄)တွင် ပြဋ္ဌာန်းထားသည့် အားလုံးကိုလွှမ်းခြုံသော လွတ်လပ်မှုအခွင့်အရေးနှင့် ဆက်စပ်စဉ်းစားသည်။ ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေ၌ ပြဋ္ဌာန်းထားသည့် အားလုံးကိုလွှမ်းခြုံသော လွတ်လပ်မှုအခွင့်အရေးတွင် ပုဂ္ဂိုလ်တစ်ဦးခြင်းစီ၏ လွတ်လပ်မှုခံစားပိုင်ခွင့်လည်း အကြုံးဝင်သည်ဟုဆိုသည်။ ပုဂ္ဂိုလ်တစ်ဦးခြင်းစီ၏ လွတ်လပ်မှုခံစားပိုင်ခွင့်ဟု ဆိုရာတွင် လက်ထပ်ခြင်း၊ ကလေးရအောင်ကြိုးပမ်းခြင်း၊ ကလေးမရအောင်ကာကွယ်တားဆီးခြင်း၊ မိသားစုအတွင်းဆက်ဆံရေး၊ ကလေးကိုမွေးမြူ ထိမ်းကျောင်းခြင်းနှင့် ပညာသင်ပေးခြင်းတို့လည်း ပါဝင်သည်ဟုဆို

သည်။ လူပုဂ္ဂိုလ် တစ်ဦးခြင်းစီ၏ လွတ်လပ်မှုခံစားပိုင်ခွင့်သည် အားလုံးကိုလွှမ်းခြုံသော လွတ်လပ်မှုအခွင့်အရေး၏ အခြေခံဖြစ်သည်။ လူပုဂ္ဂိုလ်တစ်ဦးခြင်းစီ၏ လွတ်လပ်မှုခံစားပိုင်ခွင့်ကိုထိပါးခံရလျှင် အားလုံးကိုလွှမ်းခြုံသော လွတ်လပ်မှုအခွင့်အရေးလည်း ဆုံးရှုံးမည်ဖြစ်သည်။ ထို့ကြောင့် လူပုဂ္ဂိုလ်တစ်ဦးခြင်းစီ၏ လွတ်လပ်မှုခံစားပိုင်ခွင့်ကို အကာအကွယ်ပေးရမည်ဟု တရားရုံးကထောက်ပြသည်။ ယင်းအခြေခံအရ လူပုဂ္ဂိုလ်တစ်ဦးခြင်းစီ၏ လွတ်လပ်မှုခံစားပိုင်ခွင့်တွင် အမျိုးသမီးတစ်ဦးအနေဖြင့် မိမိ၏ကိုယ်ဝန်ကို ဖျက်ချသင့် မသင့်ဆုံးဖြတ်ခြင်းလည်း အကြုံးဝင်သက်ဆိုင်ကြောင်း တရားရုံးကသုံးသပ်သည်။ အမျိုးသမီး၏ ဝမ်းဗိုက်ထဲတွင်ရှိသော သန္ဓေကိုကာကွယ်သည့် အခြေခံပေါ်တွင် တရားရုံးက သုံးသပ်သွားခဲ့ခြင်းမရှိပါ။

(သို့ရာတွင် လူပုဂ္ဂိုလ်တစ်ဦးခြင်းစီ၏ လွတ်လပ်မှုခံစားခွင့်တိုင်းကို တရားရုံးကအကာအကွယ်ပေးမည် မဟုတ်ပါ။ သာဓကအားဖြင့် လင်နှင့်မယား မိမိတို့၏နေအိမ်၌ လိင်ဆက်ဆံကြခြင်းမှာ လူပုဂ္ဂိုလ်တစ်ဦးခြင်းစီ၏ လွတ်လပ်မှုခံစားခွင့်အခြေခံပေါ်တွင် ကျင့်သုံးခြင်းဖြစ်သည်။ ထို့ကြောင့်မည်သူမျှ နှောက်ယှက်ခွင့်မရှိ။ သို့ရာတွင် နေအိမ်တံခါးကိုဖွင့်ထားပြီး ဘေးပတ်ဝန်းကျင်မှလူများ အမြင်မတော်အောင် လိင်ဆက်ဆန်နေကြလျှင်မူ ၎င်းမှာထိုသူနှစ်ဦး၏ လွတ်လပ်မှုခံစားခွင့်မဟုတ်တော့၊ အခြားသူများ၏ လွတ်လပ်မှုခံစားခွင့်ကို သွားရောက်ထိခိုက်နေပြီဖြစ်သဖြင့် ဖွဲ့စည်းပုံအခြေခံဥပဒေကဖြစ်စေ၊ တရားရုံးကဖြစ်စေ၊ အကာအကွယ်ပေးမည် မဟုတ်ပါ။)

ထို့အပြင် တရားရုံးကထောက်ပြသည်မှာ မိခင်ဝမ်းတွင်းရှိသန္ဓေတွင် မည်သည့်အချိန်၌ အသက်စတင်ဖြစ်ပေါ်သည် ဟူသည့်အပေါ်ဆေးပညာရှင်များ၊ ဘာသာရေးဆရာများ၊ အတွေးအခေါ်ပညာရှင်များပင် တူညီသောအမြင် သဘောထားတစ်ခုကို မချမှတ်နိုင်ကြ။ ယင်းအပေါ်တွင် ခန့်မှန်းဆုံးဖြတ်ရန်မှာ တရားစီရင်ရေးအပိုင်း၏ တာဝန်မဟုတ်။ အသက်စတင်ဖြစ်ပေါ်ပုံနှင့် ပတ်သက်၍ သဘောတရားအယူအဆ တရပ်ရပ်ကို ဥပဒေပိုင်းဆိုင်ရာမှ ထောက်ခံအတည်ပြုပေးရန် မလွယ်ကူဟုဆိုသည်။ စတင်ကိုယ်ဝန်ဆောင်၍ ပထမရက်သတ္တပတ် ၁၂ ပတ်အတွင်းမှာပင် အသက်စတင်ဖြစ်ပေါ်သည် ဟူ၍လည်းကောင်း၊ ပထမရက်သတ္တပတ် ၁၂ပတ်ကျော်လွန်ပြီးမှ အသက်စတင်ဖြစ်ပေါ်သည် ဟူ၍လည်းကောင်း၊ အမျိုးမျိုးအဆိုပြုချက်များရှိသည်။ သန္ဓေသားဘဝမှနေ၍ရက်သတ္တ ၂၈ ပတ် သို့မဟုတ် ၎င်းထက်စော၍ ရက်သတ္တ ၂၄ပတ်ခန့်အရောက်တွင် အသက်ရှိသောအဆင့်သို့ တိုးတက်ဖြစ်ပေါ်[၂၂]လာသည်ဟုလည်း သုံးသပ်ကြသည်။ ခရစ်ယန်ကက်သလစ်ဘုရားကျောင်းများ၊ ကက်သလစ်များနှင့် များစွာသောကက်သလစ်မဟုတ်သည့် ခရစ်ယန်များနှင့် ဆရာဝန်အမြောက်အများသည် အဖိုမျိုးဥနှင့်အမမျိုးဥ ပေါင်းစပ်လိုက်သည့်အချိန်မှစ၍ အသက်စတင်တည်ရှိလာခဲ့သည်ဟု အသိအမှတ်ပြုသည်။

အသက်နှင့်ဆိုင်သော သဘောတရားအယူအဆ တရပ်ရပ်အပေါ်တွင် အခြေပြု၍ သာလူ့အဖွဲ့အစည်း သို့မဟုတ် တိုင်းပြည်က အမျိုးသမီးတစ်ဦး၏ အခွင့်အရေးအပေါ် ဝင်ရောက်စွက်ဖက်လျှင်မူ အမျိုးသမီးများသာ နစ်နာဆုံးရှုံးမည်ဟု တရားရုံးကသုံးသပ်သည်။ တရားရုံးကဆိုလိုသည်မှာ ၎င်းတို့အနေဖြင့် မည်သည့်အချိန်၌ အသက်ဟူ၍စတင်ဖြစ်ပေါ် လာသည်ကို ထည့်သွင်းစဉ်းစားသည်။ သို့ရာတွင် ဤသည်မှာခက်ခဲသောပြဿနာဖြစ်သဖြင့် ဆုံးဖြတ်ချက်ချပေးရန် မလိုအပ်ဟုဆိုသည်။ ထို့အပြင် မိခင်ဝမ်းအတွင်း၌ရှိနေပြီး မမွေးဖွားရသေးသောအရာကို လူပုဂ္ဂိုလ်အဖြစ် ဥပဒေကမည်သည့်အခါကမှ အ

သိအမှတ်မပြုခဲ့ကြောင်း တရားရုံးကသုံးသပ်သည်။

အသက်ဆိုင်ရာ သဘောတရားအယူအဆနှင့် ပတ်သက်၍ တက်ကဆပ်အပါအဝင် ပြည်နယ်အသီးသီးက မိမိတို့၏ မတူသောအမြင် ရှုဒေါင့်များမှ သုံးသပ်ချက်များရှိနိုင်သည်ဟုဆိုသည်။ သို့ရာတွင် တက်ကဆပ်ပြည်နယ်သည် အသက်စတင်ဖြစ်ပေါ်ပုံနှင့် ပတ်သက်၍ သဘောတရားအယူအဆ တစ်ရပ်ရပ်အပေါ်တွင် အဓိကအခြေပြုကာ အမျိုးသမီးများ ခံစားထိုက်သည့် ပုဂ္ဂိုလ်တစ်ဦးခြင်းစီ၏ လွတ်လပ်မှုအခွင့်အရေးကို ရုပ်သိမ်း၍မရဟု တရားရုံးက ထောက်ပြသည်။

လူ့အဖွဲ့အစည်း သို့မဟုတ် တိုင်းပြည်ကအကြွင်းမဲ့ ဝင်ရောက်ဆုံးဖြတ်လိုက်ခြင်းအားဖြင့် အမျိုးသမီးတစ်ဦး၏ ဆုံးဖြတ်ပိုင်ခွင့်ကို လုံးဝရုပ်သိမ်းလိုက်သည့် သဘောရောက်ရှိသွားမည်ဟုဆိုသည်။ အမျိုးသမီးတွင် ကျမ်းမာရေးအရဖြစ်စေ၊ စိတ်ပိုင်းဆိုင်ရာအရဖြစ်စေ၊ မိသားစုအတွင်းနှင့် ပတ်ဝန်းကျင်အခြေအနေများအရဖြစ်စေ ခလေးယူလိုက်ခြင်းအားဖြင့် မလိုလားအပ်သောပြဿနာများကို ရင်ဆိုင်ကြုံတွေ့ရနိုင်သည်ဟု စဉ်းစားချက်များလည်းရှိကောင်းရှိနိုင်သည်။ အမျိုးသမီးတစ်ဦးအနေဖြင့် မိမိ၏ကိုယ်ဝန်ကို ဖျက်ချခြင်းပြုသင့်မသင့်ဆုံးဖြတ်ခြင်းမှာ သူမ၏လွတ်လပ်မှု ခံစားပိုင်ခွင့်ဘောင်အတွင်းတွင် အကျုံးဝင်သည်ဟုဆိုသော်လည်း ဤသည်မှာ အမျိုးသမီးတစ်ဦး၏ အကြွင်းမဲ့အခွင့်အရေး[၂၉]ဆိုသည့် သဘောကိုမူ တရားရုံးကလက်မခံနိုင်ကြောင်း ဆက်လက်ရှင်းပြသည်။ အမျိုးသမီးအနေဖြင့် ကိုယ်ဝန်မှာသူမခန္ဓာကိုယ်၏ အစိပ်အပိုင်းဖြစ်သောကြောင့် သူမသဘောအလျောက် သင့်တင့်လျောက်ပတ်သလို ဆောင်ရွက်ပိုင်ခွင့် ရှိရမည်ဟူသည်ကိုမူ တရားရုံးက လက်မခံနိုင်ဟုဆိုသည်။ ယင်းသို့မဆောင်ရွက်နိုင်အောင် တိုင်းပြည်အနေဖြင့် ဝင်ရောက်စွက်ဖက် ခြင်းကို တရားရုံးကသိအမှတ်ပြုသည်။ ယင်းမှာတိုင်းပြည်အနေဖြင့် ငြင်း၍မရနိုင်လောက်အောင် ခိုင်လုံသောအကြောင်းပြချက်ကို ပြသနိုင်လျှင် အမျိုးသမီး၏ဆုံးဖြတ်ချက်အပေါ် ဝင်ရောက်စွက်ဖက်ပိုင်ခွင့် ရှိရမည်ဟုဆိုသည်။ ဥပမာအားဖြင့် ရက်သတ္တပတ် ၂၈ပတ် (သို့မဟုတ်) အပိုင်းအခြားကာလတခုခု ကျော်သွားပြီးဖြစ်လျှင် မိခင်ဝမ်းထဲရှိသန္ဓေသားမှာ အသက်ဟူ၍ အငြင်းပွားစရာမလိုတော့လောက်အောင် အကောင်အထည်ပေါ်နေပြီ ဖြစ်ကြောင်းထင်ရှားလျှင် တိုင်းပြည်အနေဖြင့် ထိုအသက်ကိုမပျက်စီးစေရန် ကိုယ်ဝန်ဖျက်ချခြင်းမပြုလုပ်ရဟု တားမြစ်ပိုင်ခွင့်ရှိစေရမည့် သဘောမျိုးကိုဆိုလိုသည်။ အဘယ်ကြောင့်ဆိုသော် လူပုဂ္ဂိုလ်တစ်ဦး၏ အသက်ရှင်သန်ပိုင်ခွင့်ကို ကာကွယ်စောင့်ရှောက်နိုင်ရေးအတွက် အမျိုးသမီးတစ်ဦး၏ လွတ်လပ်စွာ ဆုံးဖြတ်ပိုင်ခွင့်အပေါ် လွှမ်းမိုးမှုရှိစေရမည်ဟု တ ရားရုံးက သုံးသပ်သည်။

သို့ရာတွင် အဖိုမျိုးဥနှင့်အမမျိုးဥ ပေါင်းစပ်လိုက်သည့် အချိန်မှစတင်၍ မမွေးဖွားရသေးသော အသက်အဖြစ်သတ်မှတ်ကာ ယင်းအသက်ကို ကာကွယ်ရန်မှာ တိုင်းပြည်၏ ရှောင်လွှဲ၍ မရသောတာဝန်ဖြစ်ကြောင်း တက္ကဆပ်ပြည်နယ်အစိုးရ၏ သုံးသပ်တင်ပြချက်ကိုမူ တရားရုံးကလက်မခံနိုင်ဟု ဆုံးဖြတ်သည်။ ဆိုလိုသည်မှာ အမျိုးသမီး၏ ကိုယ်ဝန်တွင် ရှိနေသောသန္ဓေမှာ မည်သည့်အချိန်ကာလ၌မဆို အသက်သာဖြစ်သောကြောင့် ယင်းအသက်ကိုကာကွယ်နိုင်ရေးအတွက် ကိုယ်ဝန်ဖျက်ချပိုင်ခွင့်မရှိဟူ၍ တိုင်းပြည်က ဥပဒေပြဋ္ဌာန်းလိုက်လျှင် အမျိုးသမီး၏ လွတ်လပ်စွာ ဆုံးဖြတ်ပိုင်ခွင့် အခွင့်အရေးကို အကြွင်းမဲ့ရုပ်သိမ်းလိုက်သည့် သဘောရောက်ရှိသွားသောကြောင့် ယင်းကိုလက်မခံနိုင်ဟု ဆုံးဖြတ်ခြင်းဖြစ်သည်။

ကိုယ်ဝန်ဖျက်ချခြင်းမှာ လူပုဂ္ဂိုလ်တစ်ဦးခြင်းစီ၏ လွတ်လပ်မှုခံစားခွင့် အခြေခံပေါ်တွင် အမျိုးသမီးတဦး၏ အကြွင်းမဲ့အခွင့်အရေးဖြစ်သည်ဟူသည့် အစွန်းတဖက်တင်ပြချက်ကိုလည်းကောင်း၊ ကာလရေကြည်သန္ဓေ စတည်သည့်အချိန်မှစ၍ အသက်ဖြစ်နေသောကြောင့် ယင်းအသက်ကိုကာကွယ်ရန် တိုင်းပြည်တွင်တာဝန်ရှိသည်ဟူသည့် အခြားအစွန်းတဖက်တင်ပြချက်ကိုလည်းကောင်း တရားရုံးသည် နှစ်ဖက်လုံး၏တင်ပြချက်ကို လက်မခံငြင်းပယ်ခဲ့သည်။

ဤစီရင်ထုံးပါ ဆုံးဖြတ်ချက်သည် ကိုယ်ဝန်ဖျက်ချခြင်းနှင့်ပတ်သက်၍ တဖက်တွင် လူပုဂ္ဂိုလ်တစ်ဦးချင်းစီ၏ လွတ်လပ်မှုခံစားပိုင်ခွင့်အပေါ်အခြေခံ၍ အမျိုးသမီးတစ်ဦး၏ လွတ်လပ်စွာ ဆုံးဖြတ်ပိုင်ခွင့်အဖြစ် အသိအမှတ်ပြုသည်။ အခြားတဖက်တွင် အသက်ရှင်သန်ပိုင်ခွင့်အပေါ်တွင်အခြေခံ၍ အသက်ဖြစ်ကြောင်းအငြင်းမပွားဘဲ အကောင်အထည်ပေါ်နေပြီဖြစ်သော သန္ဓေသား၏အသက်ကို ကာကွယ်စောင့်ရှောက်နိုင်ရန်လည်း ကြိုးစားသည်။

ထို့အပြင်တရားရုံးသည် သန္ဓေဟူသည်မှာ ဖွဲ့စည်းပုံအခြေခံဥပဒေက အကာအကွယ်ပေးရန်လိုအပ်သည့် လူပုဂ္ဂိုလ်[၂၆] ဟုတ်မဟုတ် ဆက်လက်သုံးသပ်သည်။ ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေ၏ ပြင်ဆင်ချက်အမှတ် (၁၄)နှင့် အခြားသောပုဒ်မများတွင် ရေးသားဖော်ပြထားသော လူပုဂ္ဂိုလ်ဆိုသည်မှာ မမွေးဖွားသေးသောသန္ဓေကို ဆိုလိုခြင်းမဟုတ် မွေးဖွားပြီးသော အသက်ရှင်လျက်ရှိသူကို ဆိုလိုသည်ဟု သုံးသပ်သည်။ ၁၉ ရာစုနှစ်က ကျင့်သုံးခဲ့သည့် ကိုယ်ဝန်ဖျက်ချမှုများကို ကိုးကား၍လည်း ပြင်ဆင်ချက်အမှတ် (၁၄)၌ ဖော်ပြထားသော လူပုဂ္ဂိုလ်ဆိုသည်မှာ မမွေးဖွားရသေးသူနှင့် မသက်ဆိုင်ကြောင်း တရားရုံးက ပြန်လည် သုံးသပ်သည်။

ကိုယ်ဝန်ရှိနေသော အမျိုးသမီး၏ အကျိုးစီးပွားကိုရော မွေးဖွားလာမည့်ခလေး၏ အကျိုးစီးပွားကိုပါ ကာကွယ်ရန်တိုင်းပြည်တွင် တရားဝင်တာဝန်ရှိသည်ဟု တရားရုံးကထောက်ပြသည်။ ကိုယ်ဝန်မှာ တဖြေးဖြေးရင့်မာလာလေလေ အကျိုးစီးပွားနှစ်ခုမှာ ထိပ်တိုက်ဖြစ်လာလေလေဖြစ်သည် ဟုဆိုသည်။ ဆိုလိုသည်မှာ ကိုယ်ဝန်ရင့်မာလာသည်နှင့်အမျှ တိုင်းပြည်အနေဖြင့် မိခင်အမျိုးသမီး၏ ကျန်းမာရေးကို အလေးထားစဉ်းစားရန်လိုအပ်လာလေလေ ဖြစ်သည်။ မိခင်၏ကျန်းမာရေးကို အလေးထားစဉ်းစားလျှင် လိုအပ်လျှင် သန္ဓေသားကို ပျက်စေရမည်ဖြစ်သည်။ တချိန်ထဲတွင် ကိုယ်ဝန်အတွင်းရှိ သန္ဓေသားမှာ အကောင်အထည်ဖြစ်လာပြီး အသက်ဝင်လာကြောင်း ထင်ရှားလာလေလေ တိုင်းပြည်အနေဖြင့် ထိုအသက်ကိုကာကွယ် စောင့်ရှောက်နိုင်ရေးအတွက် မိခင်အမျိုးသမီး၏ လွတ်လပ်ခွင့်အပေါ်ဝင်ရောက်စွက်ဖက်ရမည့် အနေအထားသို့ ရောက်လာလေလေဖြစ်သည်။ ဤရှုဒေါင့်မှ အလေးထားစဉ်းစားပါက လိုအပ်လျှင် မိခင်အမျိုးသမီး၏ အခွင့်အရေးကိုရုပ်သိမ်းပြီး သန္ဓေသား၏အသက်ကို ကာကွယ်ရမည်ဖြစ်သည်။

ကိုယ်ဝန်ရှိသည့် ပထမအပိုင်းအခြားကာလဖြစ်သော ရက်သတ္တပတ် ၁၂ပတ်အတွင်းတွင် ကိုယ်ဝန်ပျက်ကျမှုအနေအထားနှင့် မွေးဖွားနေသည့်ကာလအတွင်းတွင် ကြုံတွေ့ရနိုင်သည့် အနေအထားနှစ်ရပ်ကို နှိုင်းယှဉ်ပါက အမျိုးသမီး၏ကျန်းမာရေးရှုဒေါင့်မှ ကြည့်လျှင် ပထမအနေအထားသည် ဒုတိယအနေအထားထက် မိခင်၏အသက်အန္တရာယ်အတွက် စိုးရိမ်ရမှုများစွာလျော့နည်းလေသည်။ မိခင်၏ကျန်းမာရေးကို ကာကွယ်စောင့်ရှောက်ထိမ်းသိမ်းရေး အခြေခံပေါ်တွင် အတိုင်းအတာသတ်မှတ်၍ ကိုယ်ဝန်ပျက်စေခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်းကို တိုင်းပြည်ကပြဋ္ဌာန်းပိုင်ခွင့်ရှိစေရမည်ဟု ဆိုသည်။ ဆိုလို

သည်မှာ အသက်တည်ရှိနေပြီဖြစ်ကြောင်း အငြင်းပွားနေသည့် ကိုယ်ဝန်ဆောင်ကာလအတွင်းတွင် အမျိုးသမီးအနေဖြင့် ကျွမ်းကျင်သူဆရာဝန်နှင့်တိုင်ပင်၍ တိုင်းပြည်ကဝင်ရောက်စွက်ဖက်ခွင့်မရှိစေရဘဲ ကိုယ်ဝန်ကိုဖျက်ချခွင့်ရှိစေရမည်ဖြစ်သည်။ အသက်တည်ရှိနေပြီဖြစ်ကြောင်း အငြင်းပွားနိုင်သည့်အချိန် ကျော်လွန်ပြီးနောက်တွင်မူ မိခင်အသက်ရှင်ရေးအတွက် ကိုယ်ဝန်ကိုမဖြစ်မနေဖျက်ချရန် ချွင်းချက်မှတပါး မိခင်အမျိုးသမီးသည် ကိုယ်ဝန်ကိုဖျက်ချခွင့်မရှိတော့။ တိုင်းပြည်သည် လိုအပ်သောဥပဒေပြဋ္ဌာန်း၍ ကိုယ်ဝန်ဖျက်ချခြင်းကို ကန့်သတ်နိုင်သည်ဟု တရားရုံးကဆုံးဖြတ်သည်။

## နှိုင်းယှဉ်လေ့လာချက်

ဂျာမနီအမှုတွင်ရော အမေရိကန်အမှုတွင်ပါ အမျိုးသမီးအခွင့်အရေးနှင့်သန္ဓေသား၏အခွင့်အရေးနှစ်ခုလုံးအတွက် ထည့်သွင်းစဉ်းစားခဲ့ကြသည်။ ယင်းအခွင့်အရေးတရပ် သို့မဟုတ် နှစ်ရပ်လုံးကိုကာကွယ်နိုင်ရေးအတွက် နိုင်ငံအနေဖြင့် ဝင်ရောက်စွက်ဖက်ရန် လိုမလို၊ မည်သည့်အချိန်တွင် ဝင်ရောက်စွက်ဖက်သင့် မသင့် စသည်တို့ကို စဉ်းစားခဲ့ကြသည်။ ဆိုလိုသည်မှာ ဖွဲ့စည်းပုံအခြေခံဥပဒေအနေဖြင့်ရော အခြားဥပဒေကိစ္စရပ်များကိုပါ စဉ်းစားရာ၌ အခွင့်အရေးအခြေခံမှ စဉ်းစားခဲ့ကြကြောင်း တွေ့ရသည်။

မိခင်၏ သားအိမ်အတွင်းတွင် အဖိုမျိုးဥနှင့်အမမျိုးဥ ပေါင်းစပ်ပြီးနောက် မည်သည့်ကာလအတွင်း အသက်ဟူ၍ စတင်တည်ရှိလာကြောင်း ဂျာမန်အမှုတွင် အတိအလင်းဖေါ်ပြထားခဲ့သည်။ အမေရိကန်အမှုတွင်မူ ယင်းကိစ္စမှာ ပညာရှင်အမျိုးမျိုးများ၊ ဘာသာရေးဆရာများ အကြားမှာပင် အငြင်းပွားနေကြပြီး အားလုံးသဘောတူညီချက်တရပ်ကို ချမှတ်နိုင်ခြင်းမရှိသောကြောင့် ဥပဒေကြောင်းဆိုင်ရာအနေနှင့် တခုခုကိုအတည်ပြုပေးရန်မဖြစ်နိုင်ဟု ထောက်ပြခဲ့သည်။ ဂျာမန်အမှုတွင် ဖွဲ့စည်းပုံအခြေခံဥပဒေအပေါ်တွင် အခြေခံကာ မိခင်ဝမ်းအတွင်း၌ရှိနေသော သန္ဓေသား၏အခွင့်အရေးကို အလေးထား၍စဉ်းစားခဲ့သည်။ ဖွဲ့စည်းပုံအခြေခံဥပဒေသည် တိုးတက်ဖွံ့ဖြိုးလျက်ရှိနေသောအသက် တနည်းအားဖြင့် မိခင်ဝမ်းအတွင်း၌ရှိနေသည့် သန္ဓေသားကိုပါ ကာကွယ်စောင့်ရှောက်သည်ဟု အတိအလင်းဖွင့်ဆိုသည်။ အမေရိကန်အမှု၌ သန္ဓေသား၏အခွင့်အရေးကို ထည့်သွင်းစဉ်းစားသော်လည်း သန္ဓေသားသည် ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေ၏ ကာကွယ်စောင့်ရှောက်မှုဘောင်အတွင်း၌ ရှိနေကြောင်း အတိအလင်းဆုံးဖြတ်ချက်ချမပေးပါ။ ဂျာမန်အမှုတွင် မိခင်ဝမ်းအတွင်းရှိ တိုးတက်ဖွံ့ဖြိုးနေသောအသက်ကို အကာအကွယ်ပေးနိုင်ရေးအတွက်ပြစ်မှုဆိုင်ရာဖြင့် အရေးယူရေးကိစ္စကို အလေးထားရှင်းလင်းသွားခဲ့သည်။ အမေရိကန်အမှုတွင် ပုဂ္ဂိုလ်အရလွတ်လပ်မှု ခံစားပိုင်ခွင့်အခြေခံမှ အမျိုးသမီးအခွင့်အရေးကို ပိုမိုအလေးပေးချည်းကပ်သွားခဲ့သည်။

## ကိုယ်ဝန်ပျက်စေခြင်းပြဋ္ဌာန်းချက်များနှင့် မြန်မာနိုင်ငံ

မြန်မာနိုင်ငံ၌ အင်္ဂလိပ်အုပ်စိုးခဲ့သည့် ကာလအတွင်း ၁၈၆၀ခုနှစ်မေလ (၁)ရက်နေ့က

ထဲက စတင်အာဏာတည်ကျင့်သုံးလာခဲ့သော ပြစ်မှုဆိုင်ရာဥပဒေ (ယခင်အခေါ် ရာဇသတ်ကြီးဥပဒေ)မှာ ယနေ့အချိန်အထိ တည်ဆဲဥပဒေဖြစ်သည်။ ယင်းဥပဒေပုဒ်မ ၃၁၂ (၁)တွင် ကိုယ်ဝန်ပျက်စေခြင်း နှင့်စပ်လျဉ်း၍ အောက်ပါအတိုင်းပြဋ္ဌာန်းထားသည်။

မည်သူမဆို ကိုယ်ဝန်ဆောင်မိန်းမ၏အသက်ကို ကယ်ဆယ်လိုသောသဘောရိုးဖြင့် မဟုတ်ဘဲ ကိုယ်ဝန်ဆောင်မိန်းမကို ကိုယ်ဝန်ပျက်စေရန် မိမိအလိုအလျောက်ပြုလျှင် ထိုသူကို သုံးနှစ်အထိထောင်ဒဏ်တမျိုးမျိုးဖြစ်စေ၊ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။ မိန်းမသည် လှုပ်ရှားသောကိုယ်ဝန်နှင့်ဖြစ်လျှင် ထိုသူကိုခုနှစ်နှစ်အထိ ထောင်ဒဏ်တမျိုးမျိုး ချမှတ်ရမည့်အပြင် ငွေဒဏ်လည်းချမှတ်နိုင်သည်။ (ရှင်းလင်းချက်။ ။ မိမိ၏ကိုယ်ဝန်ကို မိမိပျက်စေလိုသောမိန်းမသည် ဤပုဒ်မပါအဓိပ္ပါယ်တွင်အကြုံးဝင်သည်။)

ဤမူရင်းဥပဒေပြဋ္ဌာန်းချက်မှာ နှစ်ပေါင်းတစ်ရာကျော်မျှရှိသွားခဲ့ပြီဖြစ်သည်။ ဤမူရင်းပြဋ္ဌာန်းချက် သက်သက်တခုတည်းကိုသာ ကြည့်မည်ဆိုလျှင် ကိုယ်ဝန်ပျက်စေသည့်ကိစ္စ၌ အမျိုးသမီး၏ကိုယ်ပိုင်လွတ်လပ်မှု ခံစားပိုင်ခွင့်ကို လုံးဝထည့်သွင်းစဉ်းစားခြင်းမရှိဟု နားလည်ရမည့်သဘောဖြစ်ပါသည်။ ဆက်လက်၍ တိုးတက်ဖွံ့ဖြိုးလျက်ရှိသည့် အသက် သို့မဟုတ် သန္ဓေသား၏အခွင့်အရေးနှင့်ဆက်စပ်၍ မြန်မာနိုင်ငံရှိ အခြေခံဥပဒေများကို လေ့လာကြည့်မိသည်။ မြန်မာနိုင်ငံတွင် တည်ရှိခဲ့သည့် ၁၉၄၇ ခုနှစ်နှင့် ၁၉၇၄ ခုနှစ် ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေနှစ်ရပ်လုံးတွင် အသက်ရှင်သန်ပိုင်ခွင့်နှင့် ပတ်သက်၍ ရှင်းလင်းစွာ ထည့်သွင်းပြဋ္ဌာန်းထားခဲ့ခြင်းမရှိပါ။ ပြည်ထောင်စုမြန်မာနိုင်ငံ အမျိုးသားကောင်စီမှ အဆိုပြုတင်သွင်းထားသော (အနာဂါတ်) ဖက်ဒရယ်ပြည်ထောင်စု မြန်မာနိုင်ငံဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေ (မူကြမ်း) အခန်း(၂) ပုဒ်မ(၁၄) ရုပ်သိမ်းခွင့်မရှိသော အခြေခံအခွင့်အရေးများဟူသော ခေါင်းစဉ်အောက်တွင် အသက်ရှင်သန်ပိုင်ခွင့်နှင့် ပတ်သက်၍ အောက်ပါအတိုင်း ပြဋ္ဌာန်းထားပါသည်။

(က) ဖက်ဒရယ်ပြည်ထောင်စုအတွင်း နေထိုင်သူတိုင်းသည် အသက်ရှင်ရပ်တည်ခွင့် ရှိစေရမည်။

အဆိုပါပြဋ္ဌာန်းချက်တွင် "နေထိုင်သူ"ဟူ၍ သုံးနှုန်းထားသဖြင့် ရှင်းလင်းသော အချက်မှာ အသက်ရှင်ရပ်တည်ခွင့်သည် မွေးဖွားပြီးလူတစ်ဦးအဖြစ် အသက်ရှင်နေထိုင်လျက်ရှိသူများနှင့်သာ သက်ဆိုင်အကြုံးဝင်မည်ဖြစ်ပြီး ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေသည် ကိုယ်ဝန်ဆောင်မိခင်၏ ဝမ်းဗိုက်အတွင်းရှိ မမွေးဖွားရသေးသော တိုးတက်ဖွံ့ဖြိုးလျက်ရှိသည့်အသက်အတွက် ကာကွယ်စောင့်ရှောက်မှုမပေးသည့် သဘောသက်ရောက်လျက်ရှိပါသည်။ အခြေခံဥပဒေသည် တိုးတက်ဖွံ့ဖြိုးလျက်ရှိသော အသက်အတွက် ကာကွယ်စောင့်ရှောက်မှု ပေးသင့်မပေးသင့်ကို အသေအချာစဉ်းစားရန်လိုမည်ဟု ယူဆပါသည်။ ကာကွယ်စောင့်ရှောက်မှု ပေးသင့်သည်ဟုယူဆလျှင် အနာဂါတ်ဖွဲ့စည်းပုံ အခြေခံဥပဒေ၌ သင့်တင့်လျောက်ပတ်သော ဝေါဟာရများဖြင့်အစားထိုးရန် လိုကောင်းလိုပါမည်။

အဆိုပါပြဋ္ဌာန်းချက်အပေါ် ဖွင့်ဆိုချက်အဖြစ် ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေမူကြမ်း ဖွင့်ဆိုချက်စာအုပ် စာမျက်နှာ (၄၄)တွင်အောက်ပါအတိုင်း ဖွင့်ဆိုထားခဲ့သည်။

အသက်ရှင်ရပ်တည်ခွင့် အခွင့်အရေးသည် လူသားများအတွက် အကြွင်းမဲ့ တည်ရှိရမည်ဖြစ်သည့်အပြင် ငြင်းကွယ်၍မရသော အခွင့်အရေးတရပ်ဖြစ်ပေသည်။ ရခဲလှသော လူ့ဘဝကို အခြားသူတစုံတယောက်အား ပိုင်ဆိုင်ခွင့်ပေးရန်မဖြစ်နိုင်ချေ။ တစ်စုံတစ်ဦး

လက်ထဲတွင်အပ်နှင်းထားရန်လည်းမဖြစ်နိုင်ပေ။ သို့ဖြစ်၍လူပုဂ္ဂိုလ်တစ်ဦးတစ်ယောက် ၏ အသက်ရှင်ရပ်တည်ခွင့်ကို လူတိုင်းလေးစားမြတ်နိုးရမည်ဖြစ်ပြီး အသက်ရှင် ရပ်တည်ခွင့်ကို အကာအကွယ်ပေးရန် ပြဋ္ဌာန်းထားခြင်းဖြစ်သည်။

အထက်ပါရှင်းလင်းချက်မှာ အသက်ရှင်ရပ်တည်ပိုင်ခွင့်၏ ယေဘုယျမူသဘောကို ဖေါ်ပြထားခြင်းဖြစ်သည်။ လူဟူသည်မှာ မိခင်ဝမ်းတွင်းမှမွေးဖွားပြီးနောက် လူပီပီသသ ဖြစ်လာသူကိုသာ ဆိုလိုခြင်း ဟုတ်မဟုတ်၊ လူဟူသော အဓိပါယ်တွင် မိခင်ဝမ်းတွင်း၌ တိုးတက်ဖွံ့ဖြိုးလျက်ရှိသောအသက်ပါ အကြုံးဝင်မဝင်၊ စသည်တို့နှင့်စပ်လျဉ်း၍ ဖွဲ့စည်းပုံအခြေခံဥပဒေက မည်သို့စဉ်းစားသည်၊ ကာကွယ်စောင့်ရှောက်ရန် ရည်ရွယ်သည်ဟူသော အချက်အပေါ်တွင် ရှင်းလင်းထားခြင်းမရှိပါ။

အချို့သောအမျိုးသမီးခေါင်းဆောင်များက ကိုယ်ဝန်ပျက်စေသည့်ကိစ္စကို ဥပဒေရှုဒေါင့်မှ ချည်းကပ်၍မရနိုင်ကြောင်း ထောက်ပြမှုများလည်းရှိပါသည်။ ဆိုလိုသည်မှာ လူမှုရေးအရ၊ အသိတရားအရ၊ ဘာသာတရားအရ၊ ယဉ်ကျေးမှုအရ၊ ပတ်ဝန်းကျင်အနေအထားအရ သင့်တင့်လျှောက်ပတ်သလို ဆုံးဖြတ်ဆောင်ရွက်သွားစေလိုသည့် သဘောမျိုး ဟု နားလည်ရပါသည်။ ဥပဒေရှုဒေါင့်မှ ချည်းကပ်သင့်မသင့်ကိုလိုအပ်လျှင် သက်ဆိုင်ရာလူ့အဖွဲ့အစည်းအတွင်းရှိ နိုင်ငံသားများက အလေးအနက် ငြင်းခုံဆွေးနွေးရမည့် ကိစ္စဖြစ်ပါသည်။ ၎င်းအဆိုပြုချက်ကို ကန့်ကွက်သူများ၏အကြောင်းပြချက်မှာ ဥပဒေရှုဒေါင့်မှ မချည်းကပ်သင့် ဟုပြောခြင်းမှာ နိုင်ငံအနေဖြင့် ဝင်ရောက်စွက်ဖက်ရန်မလို အမျိုးသမီးများကိုလွတ်လပ်စွာ စဉ်းစားလုပ်ဆောင်ခွင့်ပေးရန် တောင်းခံသည့်သဘောမျိုး ဖြစ်နေသည်။ ဤသို့ဆိုလျှင်သန္ဓေသား၏ အသက်အတွက် မည်သူကမည်သို့ကာကွယ်ဆောင်ရွက်မည်နည်းဟု စောဒကတက်ကြသူများလည်း ရှိပါသည်။ ထို့အပြင်ယင်းသို့ဖြစ်လျှင်ကိုယ်ဝန်ပျက်စေခြင်းနှင့်ပတ်သက်သော တည်ဆဲဥပဒေများကို မည်သို့ဆောင်ရွက်မည်နည်း ဟူသော ပြဿနာတက်လာပါသည်။ ဆိုလိုသည်မှာ တည်ဆဲဥပဒေဖြစ်သဖြင့် ၎င်းတို့ကို ဥပက္ခာပြုထား၍မရ။ မလိုက်နာပဲ နေ၍မရ။ ၎င်းဥပဒေများ မတည်ရှိစေလိုလျှင် မည်သည့်အကြောင်းပြချက်ဖြင့် ဖျက်သိမ်းခိုင်းမည်နည်း။ အမျိုးသမီးအခွင့်အရေးအဖြစ် မည်သည့်အချက်အလက်များကို မည်သည့်ရှုဒေါင့်မှ ချည်းကပ်တင်ပြမည်နည်း။ အမျိုးသမီးများသာမက အမျိုးသားများပါ စဉ်းစားရန်လိုပါမည်။ အမျိုးသမီးများ၏ပြဿနာ၊ အမျိုးသမီးများ၏အခွင့်အရေးဆိုင်ရာ ကိစ္စများမှာ အမျိုးသမီးများနှင့်သာဆိုင်သည်ဟူသော လျစ်လျူရှုထားမှုမျိုးမှ နိုးထသင့်ပြီဖြစ်ပါသည်။

အခွင့်အရေးများသည် တောင်းခံစရာမလို သူ့ဟာသူအလိုအလျောက် တည်ရှိနေပြီးဖြစ်သည်ဟူသော အယူအဆမျိုးမှာ လက်တွေ့၌ အလုပ်လုပ်၍မရ။ အခွင့်အရေးဆိုင်ရာလှုပ်ရှားမှုကို အားကောင်းလာစေနိုင်ခြင်းမရှိပါ။ မည်သူ့ထံကမှ အသိအမှတ်ပြုမှု ရယူစရာမလိုဘဲ မိမိတို့တစ်ဦးချင်းစီ၌ အခွင့်အရေး ရာနှုန်းပြည့်ရှိခဲ့သည်ဟူသောခေတ်မှာ လူ့သမိုင်းတွင် လူပေါ်ဦးစအရိုင်းခေတ် တနည်းအားဖြင့် သမိုင်းဦးဘုံမြေခေတ်တွင်သာ ရှိခဲ့ခြင်းဖြစ်သည်။ ထိုစဉ်က လူတစ်ဦးချင်းစီတိုင်းတွင် လုပ်ချင်ရာလုပ်ခွင့် ရာနှုန်းပြည့်ရှိခဲ့သည်။ လူတစ်ဦးက အခြားလူတစ်ဦးကို သတ်ချင်သည့်အချိန်သတ်နိုင်သည်၊ မုဒိန်းကျင့်နိုင်သည်၊ ပစ္စည်းကိုလုယက်ယူနိုင်သည်၊ နယ်မြေအကန့်အသတ်မရှိ သွားချင်ရာသွားနိုင်သည်၊ နေချင်သည့်နေရာမှာ နေနိုင်သည်၊ အစိုးရမရှိ၊ တိုင်းပြည်မရှိ၊ ဥပဒေမရှိ၊ အာဏာပိုင် ဟူ၍မရှိ၊ အကြွင်းမဲ့ လွတ်လပ်မှုရှိသည်၊ အခွင့်အရေး အပြည့်ရှိသည်။ မည်သူ၏ အ

သိအမှတ်ပြုမှုမျှ ရယူစရာမလို။ သို့ရာတွင် ယင်းအခြေအနေအောက်၌ လူသည်မလုံခြုံမှုကို ခံစားလာရသည်။ မိမိကအခြားသူကို သတ်ခွင့်ရှိသလို မိမိထက်အင်အားကြီးသော အခြားသူကလည်း မိမိကိုအချိန်မရွေး လာရောက်သတ်နိုင်သည်။ လူတစ်ဦးသည် အခြားလူအားလုံးနှင့် စစ်ပွဲဖြစ်ပွားနေသောအခြေအနေတွင် ရှိခဲ့သည်ဟု ပညာရှင်တစ်ဦးက ထောက်ပြခဲ့သည်။[၂၅] ထို့ကြောင့် လူသည် မိမိတစ်ဦးချင်းခံစားနေရသော ရာနှုန်းပြည့် လွတ်လပ်မှုအခွင့်အရေးမှ အစိတ်အပိုင်းအတော်များများနှင့်အတူ မိမိ၏တစ်ဦးချင်းနေထိုင်မှုကို စွန့်လွှတ်၍ အခြားသူများနှင့်အတူ ယဉ်ကျေးသော လူ့အဖွဲ့အစည်းများအဖြစ် တည်ဆောက်၍ စုပေါင်းနေထိုင်နိုင်အောင် ကြိုးစားလာခဲ့ရသည်။ ထိုအချိန်မှစ၍ ခေတ်စနစ်များ ပြောင်းလာသည့်အပေါ်အခြေပြုကာ တစ်ဦးခြင်းစီ၏ အခွင့်အရေးများတိုးတက်မှု၊ ဆုတ်ယုတ်မှုများ ရှိလာသည်။ အခြေအနေအကန့်အသတ်အရဖြစ်စေ၊ ညှိနှိုင်း၍ဖြစ်စေ အလျှော့အတင်း များလုပ်လာရသည်။ မည်သည့်အခွင့်အရေးတစ်စုံတစ်ရာမျှ မပြောင်းလဲဘဲ အသေတည်ရှိနေသည်ဟူ၍ မရှိခဲ့။ လူ့အဖွဲ့အစည်းက လက်ခံလာလျှင် လက်ခံလာသလောက် အခွင့်အရေးများ တိုးတက်ရရှိလာခဲ့သည်သာ ဖြစ်သည်။

ဘုရင် ဟမ်မူရာဘီ ခေတ်တွင် လူတစ်ဦးကအခြားတဦးကို သတ်လိုက်လျှင် ပြစ်ဒဏ်အနေဖြင့် ထိုသတ်သူကို ပြန်သတ်ရသည်။ ထိုမှပို၍ယဉ်ကျေးလာသောအခါ လူတစ်ဦးက အခြားတစ်ဦးကို သတ်လိုက်တိုင်း ပြန်ပြီးအသတ်မခံရတော့။ အဘယ်ကြောင့် သတ်ရခြင်းဖြစ်သည်ကို အသေအချာစစ်ဆေးမှုများ ပြုလုပ်လာပြီး ကြိုတင်ကြံရွယ်ချက်ဖြင့် သတ်ကြောင်းသက်သေပြနိုင်မှသာ ပြန်သတ်ခံရသည့် အခြေအနေမျိုးရှိလာခဲ့သည်။ ကာကွယ်ခုခံပိုင်ခွင့်အရသတ်ကြောင်း သက်သေပြနိုင်လျှင်မူ သတ်သူကို အမှုမှလုံးဝလွှတ်ငြိမ်းခွင့်ပေးသောခေတ်သို့ ရောက်လာခဲ့သည်။ ယနေ့အချိန်တွင် မည်မျှရက်စက်ကြမ်းကြုတ်သော လူသတ်မှုကြီးများကိုကျူးလွန်သည်ဖြစ်စေ ထိုသူကိုသေဒဏ်မစီရင်ရ၊ အမြင့်ဆုံးထောင်ဒဏ်တစ်သက်သာ ဖြစ်စေရမည်ဟူသော အခြေခံပေါ်တွင် သေဒဏ်ကိုဖျက်သိမ်းလိုက်သည့်နိုင်ငံပေါင်း ငါးဆယ်ကျော်သွားပြီဖြစ်သည်။ ထို့ကြောင့် ထိုနိုင်ငံများတွင် ယခင်က အိပ်မက်မျှပင်မမက်ဘူးသော အခြေအနေမျိုးဖြစ်သည့် သေဒဏ်စီရင်ခြင်းမခံထိုက်သည့် အခွင့်အရေးကြီးကို ခံစားလျှက်ရှိကြပြီ။ ထိုနည်းတူစွာပင် အမျိုးသမီးများသည် ယခင်က မဲပေးခွင့်မရခဲ့ကြ။ လွန်ခဲ့သောဆယ်စုနှစ်အချို့ကမှ မဲပေးခွင့်ရလာခဲ့ကြသည်။

ထိုသို့ အခွင့်အရေးများတိုးတက်ရရှိလာကြခြင်းမှာ ငါ့မှာရှိထားပြီးသား မည်သူ့ထံကမှတောင်းခံစရာမလိုဟူသော အယူအဆအခြေခံမျိုးဖြင့် ရလာကြခြင်းမဟုတ်။ ယင်းအယူအဆမျိုးကိုကိုင်စွဲ၍ အခွင့်အရေးကိုချည်းကပ်မည်ဆိုလျှင် မည်သည့်အချိန်တွင်မှ တည်ငြိမ်သောလူ့အဖွဲ့အစည်းအဖြစ် တည်ဆောက်နိုင်မည်မဟုတ်။ အဘယ်ကြောင့်ဆိုသော် မိမိထင်မြင်ယူဆချက်ကို မိမိကအမှန်ဟူ၍ တရားသေဆုပ်ကိုင်ထားခြင်းကြောင့် အခြားသူများနှင့် ညှိနှိုင်းစရာအကြောင်းမရှိတော့။ ပြေလည်မှုရရန် နည်းလမ်းရှာစရာ အကြောင်းမရှိတော့။

စစ်မှန်သော အခွင့်အရေးလှုပ်ရှားမှုမှာ မည်သို့သောအခွင့်အရေးများကို မည်သည့်အတွက်ပေးသင့်ကြောင်း၊ ပြဋ္ဌာန်းသင့်ကြောင်း၊ အသိအမှတ်ပြုသင့်ကြောင်း၊ မိမိရပ်တည်ရှင်သန်လျှက်ရှိသော လူ့အဖွဲ့အစည်းကလက်ခံလာအောင်၊ နိုင်ငံတကာက လက်ခံလာအောင် တင်ပြရသည်။ အခြားသူများနှင့်ညှိနှိုင်းရသည်။ အပြန်အလှန် အမြင်ခြင်းဖလှယ်ရသည်၊ အလျှော့အတင်းလုပ်နိုင်ရန် ကြိုးစားရသည်။ အခွင့်အရေးဆိုင်ရာ လေ့လာ

မှုလုပ်ရာ၌ အသေဆုပ်ကိုင်ထား၍မရ။ ဘက်ပေါင်းစုံမှ မတူသောအမြင်များကို လေ့လာကာ အကောင်းဆုံးအခြေခံကို ရှာဖွေနိုင်အောင်ကြိုးစားရသည်။ ယင်းအခြေခံတစ်စုံတစ်ရာကိုရရှိလျှင် မိမိရှင်သန်ရပ်တည်ရာ လူ့အဖွဲ့အစည်းက၊ နိုင်ငံတကာက၊ တကမ္ဘာလုံးက အသိအမှတ်ပြုမှုရလာအောင် နည်းလမ်းပေါင်းစုံဖြင့် ကြိုးစားရသည်။ အခွင့်အရေးများတစတစ တိုးတက်ရရှိလာအောင် ကြိုးစားခြင်းဖြင့် ငြိမ်းချမ်းသော လူ့အဖွဲ့အစည်း၊ ငြိမ်းချမ်းသောကမ္ဘာကြီးအဖြစ် တည်ဆောက်နိုင်အောင်၊ လျှောက်လှမ်းကြရသည်။

တရားမျှတမှုကို အခွင့်အရေးရှုဒေါင့်မှ ချည်းကပ်ရန်၊ တိုင်းတာရန် ဤဆောင်းပါး၏ အစတွင် တင်ပြခဲ့သည်။ တစ်ချိန်တည်းတွင် အခွင့်အရေးကိုလည်း တရားမျှတမှု အခြေခံနှင့် စဉ်းစားရန်လိုသည်။ လူမျိုးစု တစ်စု၏အခွင့်အရေးတောင်းဆိုမှုသည် အခြားလူမျိုးစုတစ်စုကိုလည်းပေးနိုင်သော အခွင့်အရေးဖြစ်ရန်လိုသည်။ မိမိလူမျိုးစုကတော့လိုချင်သည်။ အခြားလူမျိုးစုကိုတော့မပေးချင်ဟုဆိုလျှင် ယင်းမှာတရားမျှတမှု အခြေခံနှင့်ဆန့်ကျင်သွားသည်။ လူတစ်ဦးချင်းစီ၏အခွင့်အရေးကျင့်သုံးမှုသည် အခြားသူတစ်ဦး၏အခွင့်အရေးကို မထိခိုက်စေသည့်ဘောင်အထိသာ ကျင့်သုံးခွင့်ရှိသည်။ မိမိ၏အခွင့်အရေးကိုဘဲကြည့်သည်။ အခြားသူ၏ အခွင့်အရေးကိုမကြည့်ဟုဆိုလျှင် တရားမျှတမှုအခြေခံနှင့် ဆန့်ကျင်သွားသည်။ ကိုယ်ဝန်ဆောင်မိခင်၏ ပုဂ္ဂိုလ်ရေးလွတ်လပ်မှု ခံစားပိုင်ခွင့်နှင့် သန္ဓေသား၏အသက်ကို ကာကွယ်စောင့်ရှောက်ရေးပြဿနာကို အထက်ပါမှုခင်းများ၌ ယင်းအခြေခံမှလည်း ချည်းကပ်သွားခဲ့သည်ဟု နားလည်သည်။ သို့ရာတွင် အထက်တွင် တင်ပြခဲ့သလို အခွင့်အရေးများသည် တရားသေမရှိနိုင်။ ရှင်သန်လျက်ရှိသည်။ တိုးတက်ပြောင်းလဲလျက်ရှိသည်။ ညှိကြ၊ နှိုင်းကြ၊ ဆွေးနွေးကြရမည်။ အမြင်ခြင်းဖလှယ်ကြရမည်။ အခြားနိုင်ငံများမှ အတွေ့အကြုံများ လှုပ်ရှားမှုများကို လေ့လာရမည်။ မိမိတို့ကိုယ်တိုင်လည်း အခွင့်အရေးဆိုင်ရာ လှုပ်ရှားမှုများ ဖေါ်ဆောင်ကြရမည်။ ဤနည်းအားဖြင့် လူတစ်ဦးချင်းစီတိုင်းအတွက် အခွင့်အရေးများတိုးတက် ရရှိလာစေခြင်းဖြင့် တဖြေးဖြေးငြိမ်းချမ်းတည်ငြိမ်သော လူ့အဖွဲ့အစည်းတစ်ရပ် ပေါ်ပေါက်လာစေရန် ဆန္ဒပြုပါသည်။ ။

## <u>မှတ်စုများ</u>

1. Foetus
2. Intervention of the State
3. The Right to Life
4. Human Personality
5. Phenomena of Consciousness
6. Independently viable nasciturus
7. "completed" human being
8. The right to life is guaranteed to everyone who "lives"; no distinction can be made between individual stages of the developing life before birth or between prenatal and postnatal life.

9. prenatal life
10. developing life
11. The safeguarding of human existence against transgressions of the State would be incomplete if it did not also comprise the preliminary phase of the "completed life," the prenatal life.
12. Objective Norms
13. Embryo
14. Social Dimension
15. Roe v. Wade, 410 U.S. 113, 93 S.Ct 705, S5 L.E. 147 (1973)
16. non-justiciable
17. declaratory relief
18. Right of Privacy
19. Naturalized
20. Immunities
21. Liberty
22. Viability
23. Absolute Right
24. Person
25. Thomas Hobbs

သဘာဝပတ်ဝန်းကျင်ရေးရာ

# ရေကာတာမိတ်ဆက်

မင်းလွင်ဦး

ဖွံ့ဖြိုးဆဲနိုင်ငံများအတွက် အဓိကအရေးပါသောအချက်၂ချက်မှာ စားနပ်ရိက္ခာနှင့် လောင်စာလျှပ်စစ်စွမ်းအင် တို့ဖြစ်သည်။ လိုအပ်သောလျှပ်စစ်နှင့် လောင်စာစွမ်းအင်ကို ဈေးနှုန်းသက်သာသော ရေအားလျှပ်စစ်မှအဓိကထား ထုတ်ယူလာကြသည်။ ထို့ကြောင့် ရေကာတာတည်ဆောက်ခြင်းလုပ်ငန်းကို အနာဂါတ်စည်ပင်သာယာမှုအတွက် မှတ်တိုင် အဖြစ်ရှုမြင်နေကြသည်။ သို့သော် အခြားတဖက်တွင်မူ ရေကာတာတည်ဆောက်ခြင်း ကြောင့် သဘာဝပတ်ဝန်းကျင်များ ပျက်စီးဆုံးရှုံးမှု၊ အခမ့်နေရာရွှေ့ပြောင်းခံရသည့် လူမှု ရေးပြဿနာများ၊ ကျန်းမာရေးဆိုင်ရာပြဿနာများ စိုက်ပျိုးလယ်ယာမြေများ ရေလွှမ်းမိုး သည့်အတွက် စိုက်ပျိုးမြေများဆုံးရှုံးရသည့် ပြဿနာများကို ရင်ဆိုင်ကြရမည်ဖြစ်သည်။ ထို့ကြောင့်ရေကာတာများ တည်ဆောက်ခြင်းကိုလေ့လာ၍ ဆန်းစစ်ရန်လိုအပ်လာသည်။

## ရေကာတာကြီးများ

ကြီးမားသည့်ရေကာတာအဖြစ် အမြင့်၁၅မီတာအထက်ရှိသော ရေကာတာများကို သတ်မှတ်ထားပြီးယခုအခါ ကမ္ဘာနှင့်အဝှမ်းတွင် ကြီးမားသည့်ရေကာတာများ (၄၀၀၀) ကျော်တည်ဆောက်ထားပြီး ဖြစ်သည့်အပြင် အနိမ့်ဆုံးအမြင့်မီတာ (၁၅၀ )အထက် မဟာရေကာတာ ကြီးပေါင်း(၃၀၀)ကျော် တည်ဆောက် ပြီးဖြစ်သည်။

တရုပ်နိုင်ငံတွင်ရေကာတာပေါင်း (၁၉၀၀၀)တည်ဆောက်ထားပြီး အမေရိကန်ပြည် ထောင်စုသည် ရေကာတာပေါင်း (၅၅၀၀)ဖြင့် ဒုတိယအများဆုံးနိုင်ငံအဖြစ် ရပ်တည် လျှက်ရှိသည်။ ယခင်ဆိုဗီယက်၊ ရုရှား၊ ဂျပန်နှင့်အိန္ဒိယနိုင်ငံတို့သည် အစဉ်လိုက်ရှိနေပြီး ဘရာဇီးနိုင်ငံသည် ရေကာတာပေါင်း (၅၁၆)ခုဖြင့် အမှတ်(၁၀)နေရာ တွင်ရှိနေသည်။

၁၉၅၀မှ ၁၉၇၀ နှစ်၂၀ ကာလအတွင်း ကမ္ဘာတဝှမ်းတွင် ရေကာတာပေါင်း တစ်နှစ် လျှင် ၁၀၀၀ခန့် တည်ဆောက်ခဲ့ကြသည်။ ၁၉၇၀မှ ၁၉၉၀ နှစ်ဦးပိုင်းကာလများအထိ တစ်

နှစ်လျှင် ရေကာတာပေါင်း ၂၆၀ခန့် နှစ်စဉ်တည်ဆောက်လျက်ရှိသည်။ ၁၉၉၄နှစ်ဦးပိုင်းမှယနေ့အထိ တရုပ်၊ ဂျပန်၊ တူရကီနှင့် တောင်ကိုရီးယားနိုင်ငံတို့တွင် တည်ဆောက်ဆဲရေကာတာကြီးများ ၁၀၀၀ အထက်တွင်ရှိနေသည်။ ရေကာတာကြီးများ တည်ဆောက်ခြင်းကိုယ္ခုအခါကမ္ဘာတဝှမ်းရှိ လူအများက ဆန့်ကျင်ကန့်ကွက်လာကြသည်ကို တွေ့ရသည်။ အဘယ်ကြောင့်နည်း– ရေကာတာများတည်ဆောက်ခြင်းကြောင့် ပေါ်ပေါက်လာသည့်ဆိုးကျိုးများကို လူအများသိရှိလာကြ၍ဖြစ်သည်။

ရေကာတာများတည်ဆောက်ခြင်းကြောင့် သဘာဝပတ်ဝန်းကျင်ယိုယွင်းပျက်စီးမှုများ စီးပွားရေးနှင့် လူမှုရေးရာမလုံခြုံ စိတ်မချရမှုတို့သည် ရေကာတာတည်ဆောက်ခြင်းကြောင့်ပေါ်ပေါက်လာရသည့် ပြသနာများဖြစ်သည်ကို တွေ့ရှိလာသည်။ အဓိကရေကာတာတည်ဆောက်ရေးကို ဆန့်ကျင်ကြရသည့် အဓိကအကြောင်းအရာများမှာ– ရေလှောင်ကန် တည်ဆောက်မည့် နေရာများမှလူအများ ၎င်းတို့၏အိမ်ရာများနှင့် လယ်ယာများမှ မောင်းထုတ်ခံကြရခြင်း၊ ရေကာတာအောက်ပိုင်းကျရောက်သည့် ဒေသများတွင် မြစ်ရေစီးဆင်းမှုနည်းပါးသွားသည့်အတွက် ရာသီအလိုက် ပေါက်ဖွားသည့်ငါးမျိုးပွားမှုနှုန်းနိမ့်ကျသွားခြင်း၊ စားရေရိက္ခာရှားပါးစေခြင်း၊ မြစ်ရေစီးဆင်းမှုကြောင့် နှစ်စဉ်သဘာဝအလျောက်ဖြစ်ပေါ်နေသည့်နှင့် နုံးမြေများစီးဆင်းမှုမရှိတော့သည့်အတွက် စိုက်ပျိုးမြေများမြေဆီလွှာမြေသြဇာညံ့ဖျင်းသွားခြင်း၊ ရေပုံမှန်စီးဆင်းမှုမရှိသည့်အတွက် ရေထုညစ်ညမ်းလာခြင်း၊ ရေမှပေါက်ဖွားလာသော ခြင်ကောင်များကြောင့်ငှက်ဖျားရောဂါနှင့်၊ အရေပြားရောဂါစသည်တို့ ကိုဖြစ်ပွါးစေခြင်းတို့ကြောင့် ရေကာတာတည်ဆောက်ရေးကို အပြင်းအထန်ကန့်ကွက်ဆန္ဒပြလာကြသည်။

ယနေ့မျက်မှောက်ကာလတွင် ရေကာတာများ တည်ဆောက်ခြင်းကြောင့် နှစ်စဉ်လူဦးရေ(၂)သန်းခန့် နေရာရွှေပြောင်းခြင်းခံနေရသည်။ အိန္ဒိယနှင့်တရုပ်ပြည်တွင် ရေကာတာဆောက်လုပ်ရေးလုပ်ငန်းကြောင့် လူဦးရေသန်း(၃၀)မှ သန်း(၆၀)အထိ နေရာရွှေ့ပြောင်းခြင်းခံခဲ့ရသည်။

လေ့လာတွေ့ရှိချက်များအရ နေရာရွှေ့ပြောင်းခြင်းခံရသည့် လူအများစုမှာ ဌာနေတိုင်းရင်းသားများ၊ တောင်သူလယ်သမားများနှင့် ဆင်းရဲနွမ်းပါးသူများအများစုဖြစ်ကြသည်။ လယ်ယာမြေများ ရွှေ့ပြောင်းရခြင်းကြောင့် ၎င်းတို့၏စီးပွါးရေးနှင့် လယ်ယာထွန်ယက်စိုက်ပျိုးရေးတို့ကို ဆုပ်ယုတ်ကျဆင်းစေသည်။ မိမိတို့ပိုင်ဆိုင်သောလယ်ယာမြေများကို စွန့်လွှတ်ရသည့်အတွက် စိတ်ပိုင်းဆိုင်ရာဖိစီးမှုဒဏ်ကို ခံစားကြရသည်။ အချို့သောဒေသများတွင် ထိုက်သင့်သောလျော်ကြေးငွေကိုပင် မရရှိဘဲမိမိတို့၏လယ်ယာမြေများကို လက်လွှတ်ဆုံးရှုံခဲ့ကြရသည်။ အချို့သောဒေသရှိသူများအနေဖြင့် ထိုက်သင့်သောလျှော်ကြေးငွေများ ရရှိသည်ဟုဆိုသော်လည်း အိမ်ယာမြေများအသစ်ပြန်လည်တည်ဆောက်ရခြင်း၊ စိုက်ပျိုးမြေများပြန်လည်ဝယ်ယူရခြင်း၊ အသစ်ပြန်လည်စိုက်ပျိုးနိုင်ရန် ခုတ်ထွင်ရှင်းလင်းရခြင်းတို့ကြောင့် မူလအခြေအနေအတိုင်း အလွယ်တကူပြန်လည်မရောက်ရှိနိုင်တော့ပေ။ နေရာအသစ်တွင် စိုက်ပျိုးလုပ်ကိုင်စားသောက်ရန် ငွေကြေးမလုံလောက်သူများအနေဖြင့် အခြားအလုပ်အကိုင် အသက်မွေးဝမ်းကြောင်းအသစ်ကို ရှာဖွေလုပ်ကိုင်ကြရသည်။ မိရိုးဖလာလုပ်ငန်းများဖြစ်သော ငါးဖမ်းလုပ်ငန်း၊ လယ်ယာစိုက်ပျိုးရေးလုပ်ငန်းတို့ကိုစွန့်လွှတ်ကာ အခြားအရပ်ဒေသများသို့ ပြောင်းရွှေ့နေထိုင်၍ကြရသဖြင့်မိမိတို့၏ မိရိုးဖလာအသက်မွေးဝမ်းကျောင်းနှင့် ရိုးရာယဉ်ကျေးမှုများ တစတစကွယ်

ပျောက်ကြရသည်။ အများအားဖြင့် အစားထိုးရရှိသည့် လယ်ယာမြေများသည် မူလပိုင်ဆိုင်ခဲ့သည့် လယ်ယာမြေများ၏အကျယ်အဝန်းထက် လျော့နည်းသည်ကို လေ့လာတွေ့ရှိချက်များအရ သိရှိရသည်။

## သဘာဝဘေးအန္တရာယ်နှင့်ရေကာတာ

ရေကာတာများ ရုတ်တရက်ပြိုလဲပျက်စီးခြင်းကြောင့် တရုပ်နိုင်ငံတွင်လူပေါင်း (၁၃၅၀၀)ထက်မနည်း အသက်အိုးအိမ်စည်းစိမ် ပျက်စီးဆုံးရှုံးခဲ့ကြရသည်။ ၁၉၇၅ ခုနှစ် ဩဂုတ်လတွင် တရုတ်နိုင်ငံဟိုင်နန်ခရိုင်တွင် တိုင်ဖွန်းမုန်တိုင်းတိုက်ခတ်မှုကြောင့် ရေကာတာ(၂)ခု ပြိုလဲခဲ့ရာအနည်းဆုံးလူဦးရေ (၈၀၀၀၀မှ၂၃၀၀၀၀)အထိ အသက်ဆုံးရှုံးခဲ့ရသည်။ တရုပ်အစိုးရအနေဖြင့် လူအသေအပျောက်စာရင်းကိုမထုတ်ပြန်ဘဲ လျို့ဝှက်ထားပြီး ၁၉၉၅ခုနှစ်တွင်မှ ထုတ်ပြန်ကြေညာခဲ့သည်။ ရေလှောင်ကန်အတွင်း ရေများသိုလှောင်ထားခြင်းဖြင့် လေးလံသောရေ၏ဖိအားကြောင့် ပြင်းထန်သည့်မြေငလျင်လှုပ်မှုကို ဖြစ်ပေါ်စေသည်။ ၁၉၆၇ခုနှစ်တွင် အိန္ဒိယနိုင်ငံရှိကွိုင်နာရေကာတာကြောင့် မြေငလျင်အပြင်းအထန်လှုပ်ခဲ့ရာ လူပေါင်း ၁၈၀ ကျော်အသက်ဆုံးရှုံးခဲ့ရသည်။

## ရေကာတာတည်ဆောက်ခြင်း၏ အကျိုးနှင့် အပြစ်များ

အများအားဖြင့် ရေကာတာများတည်ဆောက်ခြင်းကို လယ်ယာမြေများရေသွင်းစိုက်ပျိုးရန်နှင့် ရေအားလျှပ်စစ်ဓါတ်အားထုတ်ယူရန် အဓိကထား၍တည်ဆောက်ကြခြင်းဖြစ်သည်။ ကမ္ဘာ့စွမ်းအင်ထုတ်ယူသုံးစွဲမှု၏ ငါးပုံတပုံကို ရေအားလျှပ်စစ်မှရရှိသည်။ ရေကာတာတည်ဆောက်ခြင်းကြောင့် ရေလွှမ်းမိုးမှုကိုကာကွယ်နိုင်ခြင်း၊ မြို့ရွာများသို့ သောက်သုံးရေပေးဝေနိုင်ခြင်း၊ မြစ်အတွင်းရေကြောင်းသွားလာမှုကို ထိန်းညှိပေးနိုင်ခြင်း စသည့်အကျိုးကျေးဇူးတို့ကို ခံစားရရှိနိုင်သည်။ များသောအားဖြင့် ရေကာတာများတည်ဆောက်ရာတွင် ဘက်စုံပံ့ပိုးနိုင်ရန် ရည်ရွယ်တည်ဆောက်ခြင်းဖြစ်သဖြင့် အနည်းဆုံးအကျိုးကျေးဇူး (၂)ခုကို ရရှိခံစားရသည်။ သို့သော် ရေကာတာတည်ဆောက်ခြင်းကြောင့် ရေအားလျှပ်စစ်ဓါတ်အားကို အဖိုးနှုန်းချိုသာစွာ ထုတ်ယူသုံးစွဲနိုင်ခြင်းရှိ မရှိကို လေ့လာဆန်းစစ်ရန် လိုအပ်လာသည်။ ရေကာတာတည်ဆောက်ရာတွင် ကုန်ကျစရိတ်မြင့်မားပြီး အမှန်တကယ်ကုန်ကျစရိတ်မှာ ခန့်မှန်းကုန်ကျစရိတ်ထက် ပျမ်းမျှအမြဲတမ်း ၃၀ရာခိုင်နှုန်းပိုမိုကုန်ကျသည်ကို စမ်းစစ်မှုများအရ တွေ့ရှိရသည်။ ရေကာတာမှထုတ်ယူရရှိနိုင်မည့် လျှပ်စစ်ဓါတ်အားကို ရေကာတာတည်ဆောက်သူများ၏ ခန့်မှန်းတွက်ချက်မှုထက် ၂၀ရာခိုင်နှုန်းလျော့နည်း၍သာ ထုတ်ယူရရှိသည်။ ရေကာတာတည်ဆောက်ရာတွင် ကုန်ကျစရိတ်ကြာမြင့်သည့်အချိန်ကာလ၊ တည်ဆောက်နေသည့်အချိန်ကာလအတွင်း မြစ်ရေစီးဆင်းမှုလျော့နည်းခြင်းကြောင့် ဆုံးရှုံးနစ်နာမှုတို့ကို ထည့်သွင်းတွက်ချက်ပါက ရေအားလျှပ်စစ်ထုတ်ယူခြင်းသည် စျေးနှုန်းသက်သာခြင်းမရှိသည့်အပြင် မြစ်၏အရည်အသွေးညံ့

ဖျင်းခြင်း၊ မလိုလားအပ်သောစီးပွားရေးနှင့် လူမှုရေးထိခိုက်နစ်နာစေမှုများကြောင့် ယနေ့နိုင်ငံတကာတွင် ပုဂ္ဂလိကရင်းနှီးမြှုပ်နှံသူများအနေဖြင့် ရေကာတာတည်ဆောက်၍ ရေအားလျှပ်စစ်ထုတ်ယူခြင်းထက် သဘာဝဓါတ်ငွေ့ကိုသုံး၍ လျှပ်စစ်ဓါတ်အား ထုတ်ယူသုံးစွဲရေးကို ဦးစားပေးစဉ်းစားလာသည်ကို တွေ့ရသည်။ သဘာဝပတ်ဝန်းကျင် ထိခိုက်ပျက်စီးမှုနည်းပါးစေ ရန်ရည်ရွယ်၍ စီးပွားဖြစ်နေရောင်ခြည်မှ လျှပ်စစ်ဓါတ်အား ထုတ်ယူခြင်းနှင့် လေတိုက်အားကိုအသုံးပြု၍ လျှပ်စစ်ဓါတ်အားထုတ်ယူခြင်းတို့ကိုလည်း ဆောင်ရွက်နေဆဲဖြစ်သည်။

ရေကာတာတည်ဆောက်ခြင်းသည် ရေလွှမ်းမိုးမှုကိုအမှန်တကယ် အကာအကွယ်ပေးနိုင်ခြင်းရှိမရှိနှင့် ပတ်သက်၍လေ့လာရာတွင် နှစ်စဉ်ပုံမှန်မြစ်ရေကြီးခြင်းကိုသာ အကာအကွယ်ပေးနိုင်သည်ကို တွေ့ရသည်။ လူအများကမြစ်ရေကြီးခြင်းကို ရေကာတာကအကာအကွယ်ပေးနိုင်သည်ဟု ယုံကြည်ထားခြင်းကြောင့် မြစ်ရေကြီးခြင်းကိုအလေးမထားကြပေ။ ပုံမှန်ရေကြီးမှုထက်ပိုမိုမြင့်မားပါက လူအများ၏ပေါ့ဆမှုကြောင့်သော်၎င်း၊ ရေကာတာအပေါ် အယုံအကြည်များလွန်းသည့် အတွက်ကြောင့်သော်၎င်းအသေအပျောက်ပိုမိုများပြားသည်ကို တွေ့ရသည်။

ထို့ကြောင့် ရေကာတာတည်ဆောက်ရေးကို လုပ်ဆောင်မည်ဆိုပါက သက်ဆိုင်ရာနယ်မြေဒေသရှိနေထိုင်သူများ၏ ဆန္ဒသဘောထားကို အလေးအနက်ထားစဉ်းစား၍ ၎င်းတို့၏သဘောထား၊ ရေကာတာတည်ဆောက်ခြင်းကြောင့် ရေရှည်တွင်အမှန်တကယ်အကျိုးရှိမရှိ၊ သဘာဝပတ်ဝန်းကျင်ပျက်စီးဆုံးရှုံးမှု၊ သစ်တောများရေဖုံးလွှမ်းမှု၊ လယ်ယာမြေများပျက်စီးဆုံးရှုံးမှု၊ စီးပွါးရေးနှင့်လူမှုရေးဆုံးရှုံးထိခိုက်နစ်နာစေမှုနှင့် ရရှိခံစားရမည့်စီးပွါးရေးအကျိုးအမြတ်တို့ကို လွတ်လပ်စွာ သဘောထားထင်မြင်ချက်ပေးနိုင်သည့် ပညာရှင်များကလေ့လာ၍ ပြည်သူလူထုအားတင်ပြပြီး ဒေသခံပြည်သူအများ၏ သဘောတူညီမှုကိုရယူကာ ရေကာတာတည်ဆောက်သည့်လုပ်ငန်းကို ဆောင်ရွက်သင့်ပါကြောင်းတင်ပြလိုက်ရပါသည်။

**မှတ်ချက်။** ။ International Rivers Network ၏ The International Movement Against Large Dams ကိုဆီလျော်အောင်ဘာသာပြန်ဆိုသည်။

### တရားဥပဒေစိုးမိုးရေး

# ပွင့်လင်းမှုမရှိသော မြန်မာနိုင်ငံတရားစီရင်ထုံး

ဝင်းမောင်

## နိဒါန်း

တရားစီရင်ထုံးသည် တူညီသောအမှုအခင်းများအားဆုံးဖြတ်ရာတွင် တပြေးညီရှိရန် လိုအပ်သည်ဟူသောအယူအဆမှ ပေါ်ပေါက်လာခြင်းဖြစ်သည်။ ဆိုလိုသည်မှာ ယခင်က ဆုံးဖြတ်ခဲ့ဖူးသောအမှုနှင့် အလားသဏ္ဍာန်တူသောအမှုများ ထပ်မံပေါ်ပေါက်လာပါက တပြေးညီဆုံးဖြတ်နိုင်ရန် စီရင်ထုံးပြုထားဖို့လိုအပ်သည်ဟူသော အယူအဆဖြစ်သည်။ နိုင်ငံအတော်များများတွင် တရားရုံးချုပ် (အမြင့်ဆုံးတရားရုံး)မှ စံပြုဆုံးဖြတ်လိုက်သောအမှုများကို စီရင်ထုံးအဖြစ် တရားဝင်ပုံနှိပ်ဖြန့်ချိလေ့ရှိကြသည်။ စီရင်ထုံး၌ မှုခင်းတွင်ပါဝင်သူ (စွပ်စွဲသူနှင့် စွပ်စွဲခံရသူ) အမည်များ၊ တရားလို၊ တရားခံတို့၏လျှောက်လဲချက်များ၊ တရားရုံးဆုံးဖြတ်ချက်နှင့် ဆုံးဖြတ်ရသည့်အကြောင်းပြချက်များကို ထည့်သွင်းဖော်ပြရသည်။ တရားစီရင် ထုံးများသည် ဥပဒေနယ်ပယ်တွင် လုပ်ကိုင်ဆောင်ရွက်နေကြသူများအတွက် အားထားရာအရင်းအမြစ်များ ဖြစ်ရပေမည်။

တရားရုံးတွင် တရားစီရင်ထုံးကို အကိုးအကားပြုသည့်အခါ တရားရုံးချုပ်ကထုတ်ပြန်သောစီရင်ထုံးကို ကိုးကားတင်ပြမှသာ တရားဝင်ဖြစ်သည်။ ပုဂ္ဂလိကစာအုပ်စာပေဖြန့်ချိရေးတို့ကရေးသားသော ထုတ်ဝေသောစာအုပ်ကို ကိုးကားတင်ပြနိုင်သော်လည်း တရားဝင်မှုမဖြစ်ပေ။ တရားရုံးချုပ်စီရင်ထုံးတွင် ရှေ့နေများ၏လျှောက်လဲချက် အကျဉ်းချုံးပါဝင်ရသည်။ တရားရုံးတွင် စီရင်ထုံးကိုကိုးကားတင်ပြသည့်အခါ စီရင်ထုံးပါအမှုအမည်၊ စီရင်ထုံးစာအုပ်အတွဲနှင့် ခုနှစ်၊ စာမျက်နှာနံပါတ်တို့ကိုပါ ဖော်ပြရသည်။ စီရင်ထုံးထုတ်ပြန်သည့်အခါ တရားရုံးချုပ်က ဆုံးဖြတ်သည့်အမှုတိုင်းကို စီရင်ထုံးတွင် ဖော်ပြလေ့မရှိပေ။ စီရင်ထုံးထုတ်ပြန်သည့်အဖွဲ့နှင့် ဥပဒေစာအုပ်ဖြန့်ချိရေး အယ်ဒီတာတို့က မည်သည့်အမှုဆုံးဖြတ်ချက်အား စီရင်ထုံးအဖြစ်ဖော်ပြမည်ဆိုသည်ကို စဉ်းစားဆုံးဖြတ်လေ့ရှိသည်။ အထူးသဖြင့် ဥပဒေအရ အရေးကြီးသည်ဟုယူဆရသော သို့မဟုတ် အချက်အလက်အရ ထူးခြားသည်ဟုယူဆရသော ထူးခြားသည့်အမှုများကိုသာ စီရင်ထုံးအဖြစ် ဖော်ပြလေ့ရှိ

သည်။

## မြန်မာနိုင်ငံတရားစီရင်ထုံး

အချို့နိုင်ငံများတွင် ပုဂ္ဂလိကထုတ်ဝေသော ဥပဒေဂျာနယ်၊ အပတ်စဉ်ဥပဒေဆိုင်ရာစာစောင်များတွင် တရားရုံး၏ဆုံးဖြတ်ချက်များကို ဖော်ပြလေ့ရှိသည်။ မြန်မာနိုင်ငံတွင် တရားရုံးဆုံးဖြတ်ချက်များနှင့် စပ်လျဉ်းသောစာစောင်များ၊ ဂျာနယ်များအား ပုဂ္ဂလိကထုတ်ဝေခွင့်မပြုပေ။ ထို့အပြင် ပုဂ္ဂလိကပိုင်သတင်းစာများလည်း မြန်မာနိုင်ငံတွင်မရှိပေ။ အစိုးရထိန်းချုပ်သော သတင်းစာများသာရှိ၍ ထိုသတင်းစာများတွင်လည်း ဥပဒေဆိုင်ရာပြဿနာနှင့်လည်းကောင်း၊ နိုင်ငံရေးအမှုအခင်းများနှင့်ပတ်သက်၍လည်းကောင်း ကျယ်ကျယ်ပြန့်ပြန့် ဖော်ပြလေ့မရှိပေ။ စစ်အစိုးရမှထိန်းချုပ်သော မြန်မာနိုင်ငံစီရင်ထုံးထုတ်ဝေရေးဘုတ်အဖွဲ့ (Burma Law Reporting Board)ကသာ နှစ်စဉ် မြန်မာနိုင်ငံစီရင်ထုံးအားထုတ်ပြန်လေ့ရှိသည်။ ဤစီရင်ထုံးသာလျှင် မြန်မာနိုင်ငံ၏ အမှုအခင်းဆိုင်ရာဆုံးဖြတ်ချက်များကို လေ့လာနိုင်သည့်တစ်ခုတည်းသော အရင်းအမြစ်ဖြစ်သည်။ မြန်မာနိုင်ငံတရားစီရင်ထုံးသည် ထူးခြားသောအမှုများအပေါ် တရားရုံးချုပ်၏ဆုံးဖြတ်ချက်ကို အခြေပြုထုတ်ပြန်ခြင်းဖြစ်သည်။

စီရင်ထုံးအတွက် အမှုများရွေးချယ်ရာတွင်လည်း အစိုးရခန့်တရားရုံးချုပ်ဥပဒေအရာရှိများက စိတ်ကြိုက်ရွေးချယ်ကြလေ့ရှိသည်။ ထို့အပြင် ပွင့်လင်းမှုလည်းမရှိပေ။ တရားစီရင်ထုံးထုတ်ပြန်ခြင်းသည် တာဝန်ခံခြင်းဟုလည်း အဓိပ္ပါယ်ဆောင်ပေသည်။ တာဝန်ခံမှုကို စစ်အစိုးရက စိုးရိမ်ကြောက်လန့်သည်။ ထို့ကြောင့် စီရင်ထုံးတွင် ရွေးချယ်ထားသောအချက်အလက်များကိုသာ အကြိမ်ကြိမ်ဖော်ပြပြီး ဆုံးဖြတ်ချက်ချမှတ်ရခြင်း၏ အကြောင်းရင်းများကို အနည်းအကျဉ်းသာ ထည့်သွင်းဖော်ပြထားခြင်းသည် အံ့သြဖွယ်ရာမဟုတ်ပေ။ စီရင်ထုံးတွင်မူ ဆုံးဖြတ်ချက်ကို ဝတ်ကျေတန်းကျေသာ ရေးလေ့ရှိသည်။ စီရင်ထုံးစည်းမျဉ်းစည်းကမ်းများကို ပြောင်ပြောင်တင်းတင်း ချိုးဖောက်မှုများရှိကြောင်း သိသာထင်ရှားလျက်ရှိသည်။ ဥပဒေနှင့်ပတ်သက်၍ စစ်အစိုးရတွေးဆချက်များအတိုင်း မြန်မာနိုင်ငံစီရင်ထုံးက ရောင်ပြန်ဟတ်ပေးနေပေသည်။

## တရားစီရင်ရေးဆိုင်ရာမူနှင့် တရားရုံးချုပ်၏စီရင်ပိုင်ခွင့်

ပြည်သူလူထုသည် ဥပဒေနှင့်အညီ တရားမျှတမှုခံစားရရှိရန် တရားရုံးများကို အားကိုးအားထားပြုကြသည်။ သို့သော် တရားသူကြီးများအနေဖြင့် လွတ်လွတ်လပ်လပ်စီရင်ဆုံးဖြတ်မှုပြုနိုင်မှသာလျှင် တရားရုံးသည် ပြည်သူလူထု၏ အားထားရာဌာနများဖြစ်နိုင်ပေသည်။ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးကောင်စီ (နအဖ)၏ တရားစီရင်ရေးဆိုင်ရာဥပဒေတွင် ပြဋ္ဌာန်းချက်အချို့သည် နိုင်ငံတကာတရားစီရင်ရေးစံချိန်မှီပြီး အားထားနိုင်လောက်သော ပြဋ္ဌာန်းချက်များပါဝင်ပေသည်။ ဥပမာအားဖြင့် တရားစီ

ရင်ရေးမှုများတွင် –

အပိုဒ် ၂ (က) ဥပဒေနှင့်အညီ လွတ်လပ်စွာတရားစီရင်ခြင်း၊

အပိုဒ် ၂ (င) ဥပဒေအရ တားမြစ်ချက်မှအပ ပြည်သူ့ရှေ့မှောက်တွင်တရားစီရင်ခြင်း၊

အပိုဒ် ၂ (စ) အမှုတွင် ခုခံချေပခွင့်နှင့် ဥပဒေအရ အယူခံပိုင်ခွင့်ပေးခြင်းတရားရုံးချုပ်၏စီရင်ပိုင်ခွင့်အာဏာများတွင် –

အပိုဒ် ၅ (ဃ) ပြည်နယ် သို့မဟုတ် တိုင်းတရားရုံးကချမှတ်သော စီရင်ချက်၊ အမိန့်၊ ဆုံးဖြတ်ချက်များအပေါ် အယူခံမှုကို စီရင်ခြင်း၊

အထွေထွေအခန်းတွင်–

အပိုဒ် (၂၅) ၌ တရားသူကြီးချုပ်၊ ဒုတိယတရားသူကြီးချုပ်၊ တရားရုံးချုပ်တရားသူကြီးများ၊ ပြည်နယ်၊ တိုင်း၊ ခရိုင် တရားသူကြီးများသည် အကျဉ်းစခန်းများ၊ ရဲဘက်စခန်းများ၊ ရဲတပ်ဖွဲ့အချုပ်စခန်းများတွင် အပြစ်ကျသူများနှင့် အချုပ်ခံနေရသူများကို မှုခင်းများနှင့်ပတ်သက်၍ ဥပဒေနှင့်အညီ ရသင့်ရထိုက်သောအခွင့်အရေးများခံစားနိုင်ရေး၊ အမှုများစစ်ဆေးရာတွင် ကြန့်ကြာမှုမရှိစေရေးအတွက် လိုအပ်သလို စစ်ဆေးကြည့်ရှုနိုင်သည် စသည့်ပြဋ္ဌာန်းချက်များသည် အပြည်ပြည်ဆိုင်ရာစံများနှင့် လိုက်လျောညီထွေမှုရှိသည်။ သို့သော် တရားသူကြီးများသည် စစ်အစိုးရ၏အမိန့်ကိုလည်း နာခံနေကြရသည်။ ပြည်နယ်၊ တိုင်း၊ ခရိုင် တရားသူကြီးများညှိနှိုင်းဆွေးနွေးပွဲတစ်ခု၌ န၀တ၊ နအဖ အတွင်းရေးမှုး (၁) ဗိုလ်ချုပ် ခင်ညွန့် မိန့်ခွန်းစကားပြောရာတွင်–

“ ––– တရားသူကြီးများဟာ တရားစီရင်ရေးရှုဒေါင့်သက်သက်ကိုသာမကြည့်ဘဲ နိုင်ငံတော်ကကျင့်သုံးနေတဲ့ မူဝါဒ တွေ၊ စီမံကိန်းတွေ၊ စီမံခန့်ခွဲရေးလုပ်ငန်းတွေကိုပါ ထည့်သွင်းစဉ်းစားဆုံးဖြတ်ဖို့လိုအပ်မှာဖြစ်ပါတယ် ––– ” ဟုပြော ကြားခဲ့သည်။ တရားရုံးချုပ်တရားသူကြီးချုပ် ဦးအောင်တိုးကလည်း မိန့်ခွန်းခြွေရာ၌ “ အတွင်းရေးမှုး (၁) ၏လမ်းညွှန်ချက်နှင့်အညီ ” ဟူသောစကားကို အကြိမ်ကြိမ်ထည့်သွင်းပြောကြားခြင်းသည် တရားသူကြီးများအား အတွင်းရေးမှုး (၁)၏လမ်းညွှန်ချက်ကိုလိုက်နာရန် နှိုးဆော်ပေးနေခြင်းဖြစ်သည်။ အဆိုပါလမ်းညွှန်ချက်များအောက်၌ တရားသူကြီးများ၏တရားစီရင်ရေးလွတ်လပ်မှုရှိသည်၊ တရားသူကြီးများ၏စီရင်ဆုံးဖြတ်ချက်များသည် တရားမျှတသည်ဟူ၍ ယုံကြည်ရန်မှု ခက်ခဲပေသည်။ တရားစီရင်ထုံးအတွက် ရွေးချယ်သော အမှုများမှာလည်း ဗိုလ်ချုပ်ခင်ညွန့်၏ လမ်းညွှန်ချက်အရ ရွေးချယ်သည်ဟုယူဆနိုင်ပေသည်။

## စီရင်ထုံးပြုသောအမှုများ

မြန်မာနိုင်ငံစီရင်ထုံးတွင် ရာဇဝတ်မှုနှင့် တရားမမှုဟူ၍ အပိုင်းနှစ်ပိုင်းပါဝင်သည်။ ဤစာတမ်းငယ်တွင် ရာဇဝတ်မှုအပိုင်းကိုသာ ဖော်ပြမည်ဖြစ်သည်။ စီရင်ထုံး၏ရာဇဝတ်မှုအပိုင်းတွင်မူ ၁၉၉၂ ခုနှစ်တွင် အမှု ၅၁ မှု၊ ၁၉၉၃ ခုနှစ်တွင် ၅၀ မှု၊ ၁၉၉၄ ခုနှစ်တွင် ၂၄ မှု၊ ၁၉၉၆တွင် ၃၆ မှု၊ ၁၉၉၇ တွင် ၁၆ မှု၊ ၁၉၉၈တွင် ၃၇ မှု အသီးသီးရှိရာ စီရင်ထုံးပြုသော

အမှုမှာ မနည်းလှပေ။ ၁၉၉၂ နှင့် ၁၉၉၈ ကာလများအတွင်း စီရင်ထုံးပြုသောအမှုများတွင် ထောင် ဖ လ မှ သေဒဏ်အထိကျခံရ နိုင်သောအမှုများပါဝင်သည်။

မြန်မာနိုင်ငံစီရင်ထုံးတွင် ဖော်ပြထားသောအမှုများမှာ အများအားဖြင့် ရာဇဝတ်မှုနှင့်ဆိုင်သော ပြစ်မှု၊ ခိုးမှု၊ လိမ်လည် လှည့်ဖျားမှု၊ အလွဲသုံးစားပြုမှု၊ မုဒိန်းမှု၊ လူသတ်မှုနှင့် ခိုးရာပါပစ္စည်းလက်ခံမှုကဲ့သို့သော အမှုများကိုသာ စီရင်ဆုံးဖြတ်ထားသည်။ ထို့အပြင် အချို့စီရင်ထုံးများမှာ ရာဇဝတ်မှုကျင့်ထုံးဥပဒေ၊ သက်သေခံဥပဒေ၊ ၁၉၆၂ ခုနှစ် သီးစားချထားရေးဥပဒေ၊ ၁၉၇၄ခုနှစ် မူးယစ်ထုံထိုင်းဘေးဖြစ်စေတတ်သော ဆေးဝါးများဥပဒေနှင့် ၁၉၉၃ ခုနှစ် မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေတတ်သောဆေးဝါးများဥပဒေ စသည်တို့နှင့်သက်ဆိုင်သောအမှုများဖြစ်သည်။ ၁၉၉၂ နှင့် ၁၉၉၈ ခုနှစ်များအကြား မြန်မာနိုင်ငံစီရင်ထုံးတွင်ဖော်ပြထားသောအမှုများမှာ အများအားဖြင့် သာမန်အမှုများကိုဖော်ပြထားသည်။ ဥပမာအားဖြင့် ၁၉၉၄ ခုနှစ် စီရင်ထုံးတွင် ခိုးမှုတစ်မှုကို စီရင်ထုံးပြုထားသည်။ ပဲခူးတိုင်းရှိ ရွာတစ်ရွာ၌ လက်သမားတစ်ဦးအား ဘုရားကျောင်းဆောက်လုပ်ရေးကော်မတီအတွင်းရေးမှူးက ကျပ်ငွေတန်ဖိုး ၁၅၀၀ခန့် (အမေရိကန်ဒေါ်လာ ၄ ဒေါ် လာခန့်)ရှိသော ဘုရားကျောင်းပိုင် သစ်များခိုးသည်ဟု စွပ်စွဲသည်။ လက်သမားက ၎င်းခိုးယူခြင်းမဟုတ်၊ ဘုရားကျောင်းတွင် ထိုင်ခုံများပြုလုပ်ရန် ကျေးရွာလူကြီး၏ခွင့်ပြုချက်ဖြင့် သစ်များကို ကျောင်းဝင်းအတွင်း၌သာ ယူသုံးခြင်းဖြစ်ကြောင်း၊ ကျောင်းပိုင်သစ်တစ်ချောင်းသာပါကြောင်း ခုခံချေပထားသည်။ ထိုအမှုနှင့်ပတ်သက်၍ မူလတရားရုံး၏ စွဲချက်တင်သည့် အမိန့်ကို တိုင်းတရားရုံးက ပြင်ဆင်မှုအမိန့်ချခဲ့သည်။ တိုင်းတရားရုံး၏ ပြင်ဆင်မှုအမိန့်ဆုံးဖြတ်ချက်အပေါ် မကျေနပ်သဖြင့် ထိုကိစ္စမှာ တရားရုံးချုပ်အထိရောက်လာသည်။ တရားရုံးချုပ်က ထိုအမှုကို အဆုံးအဖြတ်ပေးခဲ့သည်။ တရားရုံးချုပ်၏ဆုံးဖြတ်ချက်ကို မြန်မာနိုင်ငံစီရင်ထုံးတွင် စီရင်ထုံးပြုဖော်ပြထားသည်။

နောက်အမှုတစ်ခုမှာ ဓနိခြံတစ်ခုမှကျပ်ငွေတန်ဖိုး ၁၂၂၀ရှိသော ဓနိတောကို ခုတ်ယူခြင်းနှင့် ဓနိပင်များပျက်စီးမှုဖြစ်သည်။ အဆိုပါအမှုသည်နှစ်ဦးတို့မှာ ၎င်းဓနိခြံကို အမွေဆိုင်အဖြစ် ပိုင်ဆိုင်ခဲ့ကြသူများဖြစ်သည်။ အမှုမဖြစ်ပွားမီက ရပ်ရွာလူကြီးများနှင့် အခြားသက်သေများရှေ့တွင် အမွေခွဲဝေခဲ့သော်လည်း ခြံမြေပိုင်ဆိုင်မှုနှင့်ပတ်သက်၍ တရားဝင်ရှင်းရှင်း လင်းလင်းကား မဖြစ်သေးပေ။ စွပ်စွဲသူက ထိုဓနိခြံသည် ၎င်း၏လက်ဝယ်ရှိသည်ဖြစ်၍ စွပ်စွဲခံရသူအနေဖြင့် ဓနိများခုတ် ယူလိုပါက ၎င်း၏ခွင့်ပြုချက်ဖြင့်သာ ခုတ်ယူရမည်ဟုယူဆသည်။ စွပ်စွဲခံရသူကလည်း ဓနိခြံသည် ၎င်း၏လက်ရှိဖြစ်သည် ဟုဆိုသည်။ အမှုမှာ ပိုင်ဆိုင်မှုအတည်မပြုနိုင်သေးမီ အခင်းဖြစ်ပွားကြခြင်းဖြစ်သည်။ ထိုဓနိရွက်ခုတ်ယူသည့်အမှုသည် တရားရုံးချုပ်သို့ အဆင့်ဆင့်ရောက်လာသည်။ တရားရုံးချုပ်က ထိုအမှုကို အဆုံးအဖြတ်ပေးခဲ့သည်။ ဆုံးဖြတ်ချက်ကို လည်း စီရင်ထုံးပြုထားသည်။

ဤသို့သော စီရင်ထုံးများကိုကြည့်ခြင်းအားဖြင့် မြန်မာနိုင်ငံသားများသည် တရားစွဲဆိုခွင့်၊ အယူခံခွင့်၊ အမှုကို ပြန်လည် သုံးသပ်ပေးစေရန်တောင်းဆိုခွင့်၊ ပြင်ဆင်ပေးစေရန်တောင်းဆိုခွင့်ရှိသည်ဟု ယူဆနိုင်ပေသည်။ ထို့အပြင် တရားသူကြီး များကလည်းဥပဒေနှင့်အညီ ၎င်းတို့၏တာဝန်များကို ဆောင်ရွက်ကြသည်ဟု ယူဆနိုင်ပေသည်။ သို့သော် စီရင်ထုံးပြုမှုများတွင်မူ အသေးအဖွဲအမှုများကို စီရင်ထုံးပြုထားသည်ကိုတွေ့ရသော်လည်း နိုင်ငံရေးပါတီဝင်များကိုအရေးယူသည့် ကိစ္စများနှင့်စပ်လျဉ်းသော အမှုများကိုမူ စီရင်ထုံးတွင်မတွေ့ရှိရပေ။

မြန်မာနိုင်ငံတွင် အရေးပေါ်စီမံချက် အက်ဥပဒေ(၁၉၅၀) နိုင်ငံတော်အားနှောက်ယှက်ဖျက်ဆီးလိုသူများ၏ ဘေးအန္တရာယ်မှ ကာကွယ်သည့်ဥပဒေ (၁၉၇၅) နှင့် ပုံနှိပ်ထုတ်ဝေသူများမှတ်ပုံတင်ဥပဒေ (၁၉၆၂)တို့နှင့် အရေးယူလျက်ရှိသောအမှု ရာပေါင်းများစွာရှိသည်။ အဆိုပါဥပဒေအရ အရေးယူသောအမှုများကိုဆုံးဖြတ်ရာတွင် နိုင်ငံရေးစည်းရုံးမှုသဘောပါနေပြီး မတရားမှု၊ မမျှတမှုများရှိနေ၍ မြန်မာနိုင်ငံစီရင်ထုံးတွင်ဖော်ပြလေ့မရှိပေ။

## စီရင်ထုံးမပြုသောထင်ရှားသည့်အမှုများ

စီရင်ထုံးမပြုသောထင်ရှားသည့်အမှုများအနက်အောက်ပါအမှုများပါဝင်သည်။

**ဦးစောလှိုင်ယာဉ်တိုက်မှု–** အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် အရာရှိတစ်ဦးဖြစ်သော ဦးစောလှိုင်သည် တောင်ငူခရိုင်တွင် ၎င်းမောင်းနှင်လာသောကားနှင့် ဆိုက်ကားတစီးကို တိုက်မိခဲ့သည်။ ဆိုက်ကားမောင်းသူနှင့် ဆိုက်ကားပေါ်ပါလာသော ခရီးသည်နှစ်ဦးတို့ မပြောပလောက်သော ဒဏ်ရာရရှိသွားသည်။ ဦးစောလှိုင်အား တောင်ငူခရိုင် တရားရုံးတွင် စစ်ဆေးစီရင်ရမည့်အစား ကျွန်းကုန်းရဲစခန်းတွင်ချုပ်ထားပြီး ရာဇသတ်ကြီးပုဒ်မ ၃၃၈ (အပြင်းအထံဒဏ်ရာရစေမှု)ဖြင့် စွဲချက်တင်ကာ ထောင်ဒဏ် ၅နှစ်ချမှတ်လိုက်ပေသည်။ သို့သော် ဦးစောလှိုင်အား ရှေ့နေများပါဝင်ဆောင်ရွက်ခွင့်မပေးဘဲ ပြစ်ဒဏ်ချမှတ်လိုက်ခြင်းဖြစ်သည်။ ဤသည်မှာ ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေ နှင့် လုံးဝဆန့်ကျင်နေပေသည်။

**မောင်ထွန်းကျော်ဝင်းယာဉ်တိုက်မှု–** (စစ်အရာရှိကြီးတစ်ဦး၏သားဖြစ်သူ) မောင်ထွန်းကျော်ဝင်း မောင်းနှင်လာသောကားသည် စီးပွားရေးတက္ကသိုလ်ကျောင်းသား မောင်ရဲဝင်းအား တိုက်မိခဲ့ရာ မောင်ရဲဝင်းမှာ အပြင်းအထန်ဒဏ်ရာရရှိသွားပြီး ဆေးရုံသို့ပို့ဆောင်ခဲ့ရသည်။ ဆေးရုံတွင် မောင်ရဲဝင်းသေဆုံးသွားသည်။ တရားခံမောင်ထွန်းကျော်ဝင်းမှာ ဖမ်းဆီးခံခဲ့ရသည်။ ရက်သတ္တပတ်နှစ်ပတ်ခန့် ထိန်းသိမ်းခြင်းခံရပြီးနောက် ပြန်လည်လွတ်မြောက်လာခဲ့သည်။ ဤအမှုနှင့်ပတ်သက်သော တရားရုံးဆုံးဖြတ်ချက်ကို မြန်မာနိုင်ငံစီရင်ထုံးတွင် တွေ့ရှိနိုင်မည်မဟုတ်ပေ။ မောင်ထွန်းကျော်ဝင်း၏ ယာဉ်တိုက်မှုနောက်ကွယ်တွင် ၎င်း၏ဖခင်အရှိန်အဝါက ဥပဒေကိုကျော်လွှန် အကာအကွယ်ပေးထားသည်မှာ ထင်ရှားပေသည်။

**အကျဉ်းထောင်စည်းကမ်းဖေါက်ဖျက်မှု–** ဦးဝင်းတင် (အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် အတွင်းရေးမှူးနှင့် စာရေးဆရာများ အသင်း၏ ဒုတိယဥက္ကဋ္ဌ) အပါအဝင် နိုင်ငံရေးအကျဉ်းသား ၂၈ ဦးသည် အရေးပေါ်စီမံမှုအက်ဥပဒေပုဒ်မ ၅ (ည)ဖြင့် ထောင်နှစ်ရှည်ကျခံရနေစဉ် အကျဉ်းထောင်စည်းကမ်းချိုးဖောက်မှုဖြင့် အရေးယူခံရပြန်သည်။ အကျဉ်းထောင်စည်းကမ်းနှင့်ပတ်သက်၍ အကျဉ်းထောင်လက်စွဲတွင် ဖော်ပြထားသည်။ အကျဉ်းထောင်စည်းကမ်းကိုချိုးဖောက်ပါက အသေးအမွှားပြစ်ဒဏ်သာပေးခွင့်ရှိသော်လည်း ၎င်းတို့အပေါ်ကြီးလေးသော ပြစ်ဒဏ်ပေးနိုင်ရန် အရေးပေါ်စီမံမှုအက်ဥပဒေ ၅ (င)ဖြင့် အရေးယူခဲ့ပြန်သည်။ ၎င်းတို့၏အမှုကို ထောင်ထဲတွင်ပင် စီရင်ဆုံးဖြတ်ခဲ့ပြီး ရှေ့နေငှားခွင့်လည်းမရရှိခဲ့ပေ။ ဦးဝင်းတင်အပါအဝင် ၂၈ဦးအား ထောင်ဒဏ် (၇)နှစ် ထပ်မံကျခံစေရန် အမိန့်ချမှတ်

ခဲ့သည်။ သက်သေခံဥပဒေနှင့် တရားရုံးများ လက်စွဲတွင်ဖော်ပြထားသကဲ့သို့ လုပ်ထုံးလုပ်နည်းအရ တရားရုံးဆုံးဖြတ်ချက်သည် အများပြည်သူဆိုင်ရာ အထောက်အထားများဖြစ်ပြီး တရားရုံးဆုံးဖြတ်ချက်ကို သက်ဆိုင်ရာအမှုတွင်ပါဝင်သူများ ရယူခွင့်ရှိသည်။ သို့သော်လည်း ထောင်အတွင်း၌ ဆုံးဖြတ်ခဲ့သောအမှုများအတွက် သတင်းအချက်အလက်များကို ပြည်သူများရရှိရန် များစွာအခက်အခဲရှိပေသည်။

ကိုခင်ထွန်းဆိုသူအမှုနှင့်စပ်လျဉ်း၍မူ ကိုခင်ထွန်းက ထောင်ကျနေသော ၎င်း၏မိတ်ဆွေထံအလည်သွားသည်။ ၎င်းအား ထောင်တွင်းတွင် မိတ်ဆွေကိုဓါတ်ပုံရိုက်သည်ဟုဆိုကာ ထောင်စည်းကမ်းဖောက်ဖျက်မှုနှင့် အရေးယူခဲ့သည်။ ထောင်စည်းကမ်းသည် ထောင်ကျနေသူများနှင့်သာ သက်ဆိုင်ပေသည်။ ကိုခင်ထွန်းသည် အရေးပေါ်စီမံမှုအက်ဥပဒေပုဒ်မ ၅ (ဃ)နှင့် အကျဉ်းထောင်လက်စွဲပုဒ်မ ၄၂၊ ၁၈၉၄ ခုနှစ် (၁၉၃၇ ခုနှစ်ပြင်ဆင်) အရ ပြစ်ဒဏ်ပေးခြင်းခံခဲ့ရသည်။ တရားလိုအနေဖြင့် သက်သေအထောက်အထား တင်ပြနိုင်ခဲ့ခြင်းလည်းမရှိ၊ မျက်မြင်သက်သေသာဖြစ်သော အကျဉ်းထောင်အရာရှိအား ပြန်လှန်မေးခွန်းမေးရန်ဆင့်ဆိုစေရာ လာရောက်ခြင်းလည်းမရှိခဲ့ပေ။ နောက်ဆုံးအမိန့် ချမှတ်သည့်အချိန်မတိုင်မီအထိ ရှေ့နေငှားခွင့်လည်းမရရှိခဲ့ပေ။ တရားရုံးက ကိုခင်ထွန်းအား အမှုနှစ်မှုအတွက် ထောင်ဒဏ် ၄နှစ်နှင့် ၃နှစ် တပေါင်းတည်းကျခံစေရန် အမိန့်ချမှတ်ခဲ့သည်။ ဤသည်မှာ ရာဇဝတ်ကျင့်ထုံး ဥပဒေပုဒ်မ ၃၄၀ (၁)၊ တရားရုံးများ လက်စွဲအပိုဒ် ၄၅၅ (၁)၊ တရားစီရင်ရေးဥပဒေ ပုဒ်မ ၂ (စ)တို့နှင့် ဆန့်ကျင်လျက်ရှိသည်။ ထို့အပြင် ထိုအမှုသည် တရားခံအား ၎င်းကိုယ်တိုင်ဖြစ်စေ၊ ၎င်း၏အကျိုးဆောင်ဖြစ်စေ ကြားနာရန်အတွက် လျှောက်လဲတင်ပြခွင့်မပေးဘဲ တရားခံ၏အကျိုး ထိခိုက်နစ်နာစေမည့်အမိန့်ကို မချမှတ်နိုင်ကြောင်းဖော်ပြထားသည့် ယခင်ဆုံးဖြတ်ခဲ့ဘူးသော(စီရင်ထုံးတွင်ပင် ဖော်ပြထားသည့်) စီရင်ချက်ကို လုံးဝ ဥသုံလျစ်လျူရှုခဲ့လေသည်။

တစ်ခါတစ်ရံတွင် အကြံပေးမှုများသည်ပင်လျှင် အမှုအဖြစ်ဆိုက်ရောက်သွားလေ့ရှိသည်။ ဥပမာ ၁၉၉၀ခုနှစ် မေလတွင် ရွေးကောက်ပွဲအနိုင်ရသော မွန်အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်မှ အတွင်းရေးမှူး ဒေါက်တာမင်းစိုးလင်းအမှုဖြစ်သည်။ ဒေါက်တာမင်းစိုးလင်းသည် မွန်ပြည်သစ်ပါတီ (နဝတနှင့် အပစ်အခတ်ရပ်စဲရေးလုပ်ထားသောပါတီ) ဗဟိုကော်မတီဝင် ၂ဦး၏ မေတ္တာရပ်ခံချက်အရ တစုံတရာ စာဖြင့်ရေးသားအကြံပေးခဲ့သည်။ ထိုအကြံပေးချက်အပေါ်တွင်စစ်အစိုးရမှ ဒေါက်တာမင်းစိုးလင်းနှင့် အခြားနှစ်ဦးတို့အား အပစ်အခတ်ရပ်စဲရေး သဘောတူညီချက်ကိုဆန့်ကျင်၍ လှုံ့ဆော်သည်ဟုစွပ်စွဲပြီး အရေးပေါ်စီမံချက်ဥပဒေ ပုဒ်မ ၅ (င)နှင့် အရေးယူကာ ၁၉၉၅ခုနှစ်တွင် ထောင်ဒဏ် (၇) နှစ်စီကျခံရန် ရန်ကုန်တိုင်းတရားရုံးက စီရင်ချက်အမိန့်ချမှတ်ခဲ့သည်။ ဤကဲ့သို့သော (နိုင်ငံရေး) အမှုများကို မည်သို့သော အကြောင်းပြချက်ဖြင့် တရားရုံးကဆုံးဖြတ်သည်ကို သိလိုကြသည်။ စိတ်ဝင်စားစရာလည်းကောင်းသည်။ သို့သော် ထိုကဲ့သို့သော (နိုင်ငံရေး) အမှုများကို မြန်မာနိုင်ငံစီရင်ထုံးတွင် တွေ့ရှိနိုင်လိမ့်မည်ကားမဟုတ်ပေ။

## မြန်မာနိုင်ငံတရားစီရင်ထုံး စီစစ်ထုတ်ဝေရေးအဖွဲ့

မြန်မာနိုင်ငံစီရင်ထုံးထုတ်ပြန်ရေးအဖွဲ့ကို စစ်အစိုးရကခန့်အပ်ထားသူများနှင့်ဖွဲ့စည်း

ထားသည်။ ၁၉၈၈ ခုနှစ်တွင် အောက်ပါပုဂ္ဂိုလ်များကို စီရင်ထုံးစီစစ်ထုတ်ဝေရေးအဖွဲ့အဖြစ် ဖွဲ့စည်းပေးထားသည်။

| | | | |
|---|---|---|---|
| (၁) | ဦးတင်အုံး | တရားသူကြီး၊ တရားရုံးချုပ် | ဥက္ကဋ္ဌ |
| (၂) | ဦးဘသန်း | ညွှန်ကြားရေးမှူးချုပ်၊ တရားရုံးချုပ် | အဖွဲ့ဝင် |
| (၃) | ဦးတင်အေး | ညွှန်ကြားရေးမှူး၊ ပြစ်မှုဌာန တရားရုံးချုပ် | အဖွဲ့ဝင် |
| (၄) | ဦးစိုးညွန့် | ညွှန်ကြားရေးမှူး၊ တရားမဌာန တရားရုံးချုပ် | အဖွဲ့ဝင် |
| (၅) | ဦးသက်ထွန်း | ညွှန်ကြားရေးမှူး၊ စီမံဌာန တရားရုံးချုပ် | အဖွဲ့ဝင် |

၁၉၉၉ ခုနှစ်တွင် စီရင်ထုံးစီစစ်ထုတ်ဝေရေးအဖွဲ့ကို ပြန်လည်ပြင်ဆင်တိုးချဲ့ဖွဲ့စည်းခဲ့သည်။

| | | | |
|---|---|---|---|
| (၁) | ဦးသန်းဦး | တရားသူကြီး၊ တရားရုံးချုပ် | ဥက္ကဋ္ဌ |
| (၂) | ဒေါက်တာတင်အောင်အေး | တရားသူကြီး၊ တရားရုံးချုပ် | ဒု-ဥက္ကဋ္ဌ |
| (၃) | ဦးဘသန်းအောင် | ညွှန်ကြားရေးမှူးချုပ်၊ တရားရုံးချုပ် | အဖွဲ့ဝင် |
| (၄) | ဦးတင်အေး | ညွှန်ကြားရေးမှူး၊ ပြစ်မှုဌာန တရားရုံးချုပ် | အဖွဲ့ဝင် |
| (၅) | ဦးစိုးညွန့် | ညွှန်ကြားရေးမှူး၊ တရားမဌာန တရားရုံးချုပ် | အဖွဲ့ဝင် |
| (၆) | ဦးချန်ထွန်း | ညွှန်ကြားရေးမှူး၊ ထောက်ပံ့ဌာန တရားရုံးချုပ် | အဖွဲ့ဝင် |
| (၇) | ဦးသက်ထွန်း | ညွှန်ကြားရေးမှူး၊ စီမံဌာန တရားရုံးချုပ် | အတွင်းရေးမှူး |
| (၈) | ဦးထင်ဇော် | ဒု- ညွှန်ကြားရေးမှူး | တွဲဖက်အတွင်းရေးမှူး |

လက်ရှိအဖွဲ့ဝင်များအားလုံးသည် တရားရုံးချုပ်ဝန်ထမ်းများသာဖြစ်ပြီး အကျိုးဆောင်ရှေ့နေများအဖြစ် လုပ်ကိုင်ဆောင်ရွက်နေသူများမဟုတ်ကြပေ။ စီရင်ထုံးစီစစ်ထုတ်ဝေရေးအဖွဲ့ကိုကြည့်ခြင်းအားဖြင့်လည်း စီရင်ထုံးကိုလေ့လာသူများ စီရင်ထုံးများအပေါ်အားမလိုအားမရဖြစ်ရသည်မှာ မထူးဆန်းပေ။ ၁၉၆၂ ခုနှစ်မတိုင်မီ ပါလီမန်ဒီမိုကရေစီခေတ်ကမူ အယ်ဒီတာအပါအဝင် အဖွဲ့ဝင်များသည် အများအားဖြင့် အကျိုးဆောင်ရှေ့နေများဖြစ်ကြပြီး ရှေ့နေချုပ်ရုံးမှရှေ့နေတစ်ဦး အဖွဲ့ဝင်အဖြစ်ပါဝင်လေ့ရှိသည်။

## နိဂုံး

မြန်မာနိုင်ငံစီရင်ထုံးတွင် ၁၉၈၈ ခုနှစ် ကတည်းကစ၍ နိုင်ငံရေးအမှုများ စီရင်ထုံးပြုခြင်းမရှိသည်မှာ အံ့သြစရာမဟုတ်ပေ။ အဘယ်ကြောင့်ဆိုသော် စစ်အစိုးမှ ထုတ်ဝေဖြန့်ချိသောကြောင့်ဖြစ်၏။ ၁၉၆၂ ခုနှစ်မှစ၍ မြန်မာနိုင်ငံစီရင်ထုံးများသည် အားကိုးအားထားပြုလောက်သော စီရင်ထုံးများမဟုတ်ပေ။ လက်ရှိစီရင်ထုံးများသည် မြန်မာနိုင်ငံတရားဥပဒေစိုးမိုးရေးကို အဟန့်အတားဖြစ်စေသော စီရင်ထုံးများသာဖြစ်သည်။ စီရင်ထုံးသည် စစ်အစိုးရ၏ ဥပဒေသဘောထားကို ရောင်ပြန်ဟပ်ပေးသော လှည့်ဖြားမှုအသွင်အပြင်တစ်ရပ်ဖြစ်သည်။ Burma Law Report *(BLR)* မြန်မာနိုင်ငံတရားစီရင်ထုံးအား "Bad Law Report" *(BLR)* ဟုရည်ညွှန်းသင့်သည်။

ကျမ်းကိုးစာရင်း


(၁) R.J. Walker and R. Ward, "Walker & Walker's English Legal System", 7th edition. Chapter 3,C, "The Historical Development of Law Reporting", London: Butterworths, 1994, pp. 78-85.
(၂) တရားစီရင်ရေးဥပဒေ (နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥပဒေအမှတ် ၅၊၂၀၀၀) ၂၇ ရက် ဇွန်လ ၂၀၀၀ ခုနှစ်၊
(၃) မြန်မာနိုင်ငံ တရားစီရင်ထုံး ၁၉၇၉
(၄) မြန်မာနိုင်ငံ တရားစီရင်ထုံး ၁၉၉၂
(၅) မြန်မာနိုင်ငံ တရားစီရင်ထုံး ၁၉၉၃
(၆) မြန်မာနိုင်ငံ တရားစီရင်ထုံး ၁၉၉၄
(၇) မြန်မာနိုင်ငံ တရားစီရင်ထုံး ၁၉၉၅
(၈) မြန်မာနိုင်ငံ တရားစီရင်ထုံး ၁၉၉၆
(၉) မြန်မာနိုင်ငံ တရားစီရင်ထုံး ၁၉၉၇
(၁၀) မြန်မာနိုင်ငံ တရားစီရင်ထုံး ၁၉၉၈
(11) "The Burma Code", Vol. II, pp. 244-246.
(12) "The Burma Code", Vol. VIII, p. 264.
(၁၃) တရားရုံးများလက်စွဲ
(14) Legal Issues on Burma Journal, No.2, June 1998, p. 13.
(၁၅) အာဏာရှင်သို့ပေးစာများ

အခြေခံဥပဒေရေးရာ

# အခြေခံဥပဒေရေးရာသတင်းအတိုအထွာများ

မှတ်တမ်းနှင့် သုတေသနဌာန
မြန်မာနိုင်ငံရှေ့နေများကောင်စီ

## ပီရူးသမ္မတဟောင်း ဖူဂျီမူရီ အမှု

အကျင့်ပျက်ချစားမှုနှင့် တရားစွဲဆိုခံရ၍ ဂျပန်နိုင်ငံတွင်တိမ်းရှောင်နေသော ပီရူးသမ္မတ ဖူဂျီမိုရီအား ပီရူးရှေ့နေချုပ်က မေလကုန်ပိုင်းတွင် လူသတ်မှုဖြင့် အမှုတစ်မှုထပ်မံစွဲဆိုလိုက်ပြန်သည်။ ၁၉၉၁ခုနှစ်အတွင်း လူ၁၅ဦးအား အစုလိုက်အပြုံလိုက်သတ်ဖြတ်မှုတွင် ပါဝင်ပတ်သက်သည်ဟု စွပ်စွဲထားသည်။ ထိုအမှုဖြစ်ပွားသည့်နေ့တွင် ဖူဂျီမိုရီသည် ထောက်လှမ်းရေးဌာနချုပ် National Intelligence Service (SIN) သို့သွားရောက်ပြီး ပြစ်မှုကျူးလွန်သူ ထောက်လှမ်းရေးတပ်ဖွဲ့ဝင်များအား ၎င်းတို့၏ဆောင်ရွက်မှုအတွက် ချီးကျူးဂုဏ်ပြုရန် သွားရောက်ခဲ့ကြောင်း စွပ်စွဲချက်တွင်ဖော်ပြထားသည်။

ထိုသတ်ဖြတ်မှုကိုဆောင်ရွက်သော Colina ခေါ် အရံတပ်ဖွဲ့၏ စီစဉ်ဆောင်ရွက်မှုကို သမ္မတဟောင်း ဖူဂျီမိုရီက သိထားသည်ဟုစွပ်စွဲထားသည်။ ဖူဂျီမိုရီအုပ်ချုပ်သော ၁၉၉၀မှ ၂၀၀၀ခုနှစ်အတွင်း သူပုန်များအားထိုးစစ်ဆင်ရာတွင် Colina အရံတပ်သည် လူ့အခွင့်အရေး ကျူးလွန်ဖောက်ဖျက်မှုများရှိသည်ဟုလည်း အပြစ်ဖို့ခံထားရသည်။

ဖူဂျီမိုရီသည် တာဝန်ပျက်ကွက်ပြီး ဂျပန်နိုင်ငံတွင်တိမ်းရှောင်နေမှုအတွက်လည်း ကွန်ကရက်လွှတ်တော်က တရားစွဲထားသည်။ ၎င်းသည် လွန်ခဲ့သည့်နှစ်နိုဝင်ဘာလတွင်၎င်း၏လက်ရုံးတစ်ဆူဖြစ်သော ထောက်လှမ်းရေးအကြီးအကဲ ဗလာဒီမိုရီ–မွန်တက်ဆီနို၏လာဒ်ပေးမှုကိစ္စသည် ၎င်းနှင့်ပတ်သက်မှုရှိနေသောကြောင့် ဂျပန်နိုင်ငံသို့တိမ်းရှောင်နေခြင်းဖြစ်သည်။

ဖူဂျီမိုရီ၏ဇနီးသည်ဟောင်း ဘူဇာနဟီရိုချိက ၁၉၉၀ခုနှစ်များအတွင်း ဖူဂျီမိုရီ၏ဂျပန်ခရီးစဉ်များအနက် ခရီးစဉ်တစ်ခုတွင် ပီရူးဆင်းရဲသားများအတွက် ဂျပန်နိုင်ငံကအလှူငွေ

ပေးခဲ့ကြောင်း၊ ထိုအလျှုငွေများမှာ အမေရိကန်ဒေါ်လာ ၁၂ သန်းခွဲရှိကြောင်း၊ ထိုငွေများကို ဖူဂျီမိုရီက ဂျပန်ဘဏ်တစ်ခုတွင် ဝှက်၍အပ်နှံထားကြောင်း ကွန်ကရက်သတင်းစာရှင်းလင်းပွဲတွင် ဇူလိုင်လအစောပိုင်းက ထုတ်ဖော်ပြောကြားခဲ့ပါသည်။

သမ္မတဟောင်းဖူဂျီမိုရီ၏ သမာသမတ်မကျသောလုပ်ရပ်များသည် တဖြေးဖြေးပေါ်လာနေသဖြင့် ၎င်းအပေါ်စွဲဆိုထားသော အမှုများမှာလည်း တိုးပွားလာလျက်ရှိသည်။ ဂျပန်အစိုးရကမူ နှစ်နိုင်ငံတရားခံလွှဲလှယ်ရေးစာချုပ် မချုပ်ဆိုထားသဖြင့် ဖူဂျီမိုရီအား ပီရူးအာဏာပိုင်များသို့ လွှဲအပ်ပေးရန် ငြင်းဆန်လျက်ရှိသည်။

## ပီရူးနိုင်ငံသို့တရားခံပြန်ပို့ပေး

ပီရူးနိုင်ငံ၏ ထောက်လှမ်းရေးမှူးဟောင်း ဗလာဒီမီရို–မွန်တက်ဆီနိုသည် ဝရမ်းပြေးအဖြစ် ဗင်နီဇွဲလားနိုင်ငံတွင် ပုန်းအောင်းနေခဲ့ရာ ဗင်နီဇွဲလားအစိုးရမှဖမ်းဆီးပြီး ပီရူးနိုင်ငံသို့ ဇွန်လ ၂၅ ရက်နေ့က ပြန်ပို့ပေးခဲ့ပါသည်။

မွန်တက်ဆီနိုသည် မိခင်ပီရူးနိုင်ငံတွင် တရားမဝင်လက်နက်များရောင်းချမှု၊ မူးရစ်ဆေးဝါးမှောင်ခိုရငွေကို ငွေဖြူဖြစ်အောင်ပြောင်းလွှဲမှု စသည်တို့ဖြင့် အမှုတသီတတန်းရင်ဆိုင်ရမည် ဖြစ်သည်။

မွန်တက်ဆီနိုသည် ၁၉၉၀–၂၀၀၀ ခုနှစ်အတွင်း ပီရူးနိုင်ငံကိုအုပ်ချုပ်ခဲ့သော ယခုဂျပန်နိုင်ငံတွင်တိမ်းရှောင်နေသည့် ပီရူးသမ္မတဟောင်း ဖူဂျီမိုရီ၏ အဓိကလက်ရုံးတစ်ဆူဖြစ်ပြီး သမ္မတဖူဂျီမိုရီအား နောက်ကွယ်မှကြိုးကိုင်သူလည်းဖြစ်ပါသည်။

၂၀၀၀ ခုနှစ် စက်တက်ဘာလတွင် အထက်လွှတ်တော်အမတ်တစ်ဦးအား လာဒ်ငွေပေးနေသောကိစ္စကို ဗီဒီယိုရိုက်ကူးသက်သေထူချက်ဖြင့် ရုပ်မြင်သံကြားဌာနမှ အသံလွှင့်ထုတ်ပြန်ကြေငြာရာမှ အကျင့်ပျက် ချစားမှုပေါ်ပေါက်လာခြင်းဖြစ်သည်။ ထိုမှတဆင့် အတိုက်အခံများကိုလာဒ်ထိုးရန်၊ အနှောင့်အယှက်ပေးရန်၊ ညှင်းပမ်းနှိပ်စက်ရန်နှင့် ဖူဂျီမိုရီအာဏာရရေးအတွက် ရွေးကောက်ပွဲများကိုထိန်းချုပ်လုပ်ကိုင်နိုင်ရန် ငွေကြေးအသုံးပြုခဲ့မှုစွပ်စွဲချက်များ ပေါ်ထွက်လာခဲ့သည်။

တစ်ချိန်က မည်သူမျှမထိရဲမတို့ရဲသော မွန်တက်ဆီနို၊ ပြည်သူတို့ဖိန့်ဖိန့်တုံအောင် လန့်ရသော မွန်တက်ဆီနိုသည် (နိုင်ငံရပ်ခြားတွင်ပုန်းအောင်းနေ) ကြမ္မာရဟတ်လည်လာ၍ ရာဇဝတ်ဘေးပြေးမလွတ်ပဲ အချုပ်သားဘဝနှင့် မိခင်နိုင်ငံသို့ပြန်ရောက်ကာ အမှုရင်ဆိုင်နေရပြီဖြစ်သည်။

## ယူဂိုဆလာဗ်သမ္မတဟောင်း ကမ္ဘာ့စစ်ခုံရုံးပို့ဆောင်ခံရ

ယူဂိုဆလားဗီးယားနိုင်ငံ နိုင်ငံတော်အကြီးအကဲဟောင်းနှင့် သမ္မတဟောင်း ဆလိုဗိုဒမ်–မီလိုဆေးဗစ်အား ဇွန်လ ၂၉ ရက်နေ့က နယ်သာလန်နိုင်ငံ သဟိတ် (The Hague) မြို့ရှိ ကမ္ဘာ့စစ်ခုံရုံးသို့လွှဲပြောင်းပေးအပ်ခဲ့ပါသည်။

သမ္မတဟောင်းမီလိုဆေးဗစ်အား ၁၉၉၈–၉၉ ခုနှစ်အတွင်းက ကိုဆိုဗိုဒေသရှိ အယ်လ်ဘေးနီးယားနယ်များကို နှိပ်ကွပ်ချေမှုန်းရာတွင် အဓိကတာဝန်ရှိသူအဖြစ် လူသားမျိုးနွယ်အပေါ် ရာဇဝတ်မှု ကျူးလွန်မှုနှင့် ကမ္ဘာ့စစ်ခုံရုံးကစွပ်စွဲထားသည်။

မီလိုဆေးဗစ်အား ကမ္ဘာ့ခုံရုံးသို့လွှဲပြောင်းပေးအပ်လိုက်ခြင်းနှင့်ပတ်သက်၍ ယူဂိုဆလာဗ်နိုင်ငံအတွင်း နိုင်ငံရေးမတည်မငြိမ်မှုများ ဖြစ်ပွားလျက်ရှိသည်။ ၎င်းကို မလွှဲပြောင်းပေးမီ (၆) ရက်အလိုတွင် ယူဂိုဆလာဗ်အစိုးရက စစ်ရာဇဝတ်မှုနှင့် လူသားမျိုးနွယ်အပေါ် ရာဇဝတ်မှုကျူးလွန်မှုတို့ဖြင့် စွပ်စွဲထားခြင်းကိစ္စအပေါ် ကမ္ဘာ့စစ်ခုံရုံး (ICTY) (ယူဂိုဆလာဗ်) နှင့်ပူးပေါင်းဆောင်ရွက်မည်ဟု အမိန့်တစ်ရပ်ကိုချမှတ်ခဲ့သည်။ ထိုအမိန့်ထွက်လာပြီး (၅) ရက်အကြာတွင် ယူဂိုဆလာဗ် အခြေခံဥပဒေတရားရုံးက ကက်ဘိနက်အစိုးရ၏အမိန့်ကို ဆိုင်းငံ့ထားရန်နှင့် တရားခံလွှဲပြောင်းပေးမှုသည် အခြေခံဥပဒေနှင့် ညီမညီ နှစ်ပတ်အတွင်းဆုံးဖြတ်မည်ဟု ကြေညာခဲ့သည်။ တရားရုံး၏ ကြေညာချက်ထွက်ပြီးနောက်တစ်ရက်တွင် မီလိုဆေးဗစ်အား သဟိတ်မြို့သို့ ဖမ်းဆီးပို့ဆောင်လိုက်ခြင်းဖြစ်သည်။ ထိုသို့ပို့လိုက်သည့်အတွက် လက်ရှိဝန်ကြီးချုပ် ဇိုရန်–ဇီဇီယိုကမကျေနပ်၍ အစိုးရအဖွဲ့မှနှုတ်ထွက်သွားခဲ့သည်။ သမ္မတ ဗိုဂျစ်လဗ်–ကော်စတိုနီကာကလည်း မီလိုဆေးဗစ်အား စစ်ခုံရုံးသို့လွှဲပြောင်းလိုက်ခြင်းမှာ အခြေခံဥပဒေနှင့်မညီကြောင်း ပြောဆိုခဲ့သည်။

အခြေခံဥပဒေအရမူ ဝန်ကြီးချုပ်နှုတ်ထွက်ပါက အစိုးရတစ်ဖွဲ့လုံးနှုတ်ထွက်ကြရမည်ဖြစ်သောကြောင့် ယူဂိုဆလာဗ်တွင် နိုင်ငံရေးမတည်မငြိမ်မှု တိုးပွားလာလျက်ရှိသည်။

သို့သော် အမေရိကန်ပြည်ထောင်စု၊ ဥရောပနိုင်ငံအများအပြားမှခေါင်းဆောင်များနှင့် ကုလသမဂ္ဂ အတွင်းရေးမှူးချုပ်တို့က မီလိုဆေးဗစ်အား "ယူဂိုဆလာဗ်ပြည်ထောင်စုဟောင်းအတွက် ကမ္ဘာ့စစ်ခုံရုံး" သို့လွှဲပေးလိုက်ခြင်းကို ကြိုဆိုခဲ့ကြ သည်။

## စစ်ရာဇဝတ်မှု တရားခံပြေး နှစ်ဦး ဖမ်းဆီးရေး ကမ္ဘာ့တရားရုံးကအာရုံစိုက်

ယူဂိုဆလာဗ်သမ္မတဟောင်း မီလိုဆေးဗစ်အား ကမ္ဘာ့စစ်ခုံရုံးသို့ လွှဲပြောင်းခဲ့ပြီးနောက် ကမ္ဘာ့တရားရုံးက အလိုလားဆုံးတရားခံနှစ်ဦးဖြစ်သော ဘောစနီးယားစစ်အတွင်းက ခေါင်းဆောင်များဖြစ်ခဲ့ကြသည့် ဘောစနီးယားဆဗ်လူမျိုး ရာဒိုဗန်–ကရာဒချ်နှင့် ၎င်း၏စစ်ဘက်ဆိုင်ရာအကြီးအကဲ ရာတ်ကိုမလာဒစ်က်တို့အား ဖမ်းဆီးရရှိနိုင်ရေးအတွက် အာရုံစိုက်လျက်ရှိသည်။ (မီလိုဆေးဗစ်အား ကမ္ဘာ့ခုံရုံးသို့ လွှဲပြောင်းယူပြီးနောက်တစ်ရက် သဟိတ်မြို့သတင်းစာရှင်းလင်းပွဲတွင် ကမ္ဘာ့တရားရုံးရှေ့နေချုပ် ကာလာဒဲလ်ပေါင်တီက ကာရာဇဲချ်နှင့် မလာဒိတ်တို့နှစ်ဦးလွတ်နေခြင်းမှာ လူကြားလို့မကောင်းဖြစ်နေကြောင်း ပြောဆိုခဲ့ပါသည်။)

ဝရမ်းပြေးနှစ်ဦးမှာဘောစနီးယားဆဗ် Bntity အတွင်း၌ရှိနေကြောင်းယူဆကြသည်။ ဘောစနီးယားဆဗ် ဝန်ကြီးချုပ်အား ကမ္ဘာ့တရားရုံးနှင့်ပူးပေါင်းဆောင်ရွက်ရန်နှင့် တရားခံများအားဖမ်းဆီးပေးရန် ကမ္ဘာ့တရားရုံးကတောင်းဆိုထားသည်။

ထိုတရားခံပြေးနှစ်ဦးမှာ ဘောစနီးယားစစ်ပွဲကာလအတွင်း (ဒုတိယကမ္ဘာစစ်အပြီး ဥရောပတွင် အဆိုးရွားဆုံး ရက်ရက်စက်စက်သတ်ဖြတ်မှုကြီး ဟုဆိုနိုင်သည့်) Srebrenica

၌ အစုလိုက်အပြုံလိုက် သတ်ဖြတ်မှုတွင် အဓိကပါဝင်ဆောင်ရွက် သူများဟုယုံကြည်ထားသည်။ ၎င်းနှစ်ဦးအား အစုလိုက်အပြုံလိုက်သတ်ဖြတ်မှု၊ လူသားမျိုးနွယ်အား ဆန့်ကျင် ကျူးလွန်သည့်ပြစ်မှုနှင့် စစ်ရာဇဝတ်မှုတို့ဖြင့် ကမ္ဘောဒီးယားစစ်ခုံရုံးတွင် တရားစွဲဆိုထားသည်။

## ပါကစ္စတန်ဗိုလ်ချုပ်ကြီး သမ္မတရာထူးယူ

ပါကစ္စတန်စစ်ခေါင်းဆောင် ဗိုလ်ချုပ်ကြီး မူရှာရဖ်သည် ဇွန်လ ၂၀ရက်နေ့တွင် ပါလီမန်အားဖျက်သိမ်းပြီး လက်ရှိသမ္မတအား ရာထူးမှဖယ်ရှားကာ ၎င်းကိုယ်တိုင် သမ္မတရာထူးကိုရယူခဲ့ပါသည်။ ပါကစ္စတန်စစ်ခေါင်းဆောင်သည် ၁၉၉၉ အောက်တိုဘာလက အရပ် သားအစိုးရဝန်ကြီးချုပ် နဝါဇ်-ရှရစ်အားဖယ်ရှားပြီး အာဏာသိမ်းခဲ့ခြင်းဖြစ်သည်။

၎င်းအာဏာသိမ်းစဉ်က အခြေခံဥပဒေအား ပယ်ဖျက်ခြင်းမလုပ်ခဲ့ဘဲ သမ္မတကိုလည်း မူလရာထူးတွင်ဆက်လက်ထားရှိခဲ့သည်။ ယခုအခါ အိန္ဒိယဝန်ကြီးချုပ်နှင့်တွေ့ဆုံဆွေးနွေးရာတွင် တန်းတူဆွေးနွေးနိုင်ရန်အကြောင်းပြချက်ဖြင့် နိုင်ငံ၏အကြီးအကဲရာထူးကိုပါ ၎င်းကသိမ်းပိုက်လိုက်ခြင်းဖြစ်သည်။

ပါကစ္စတန်နိုင်ငံ၏ အခြေခံဥပဒေအရမူ နိုင်ငံတော်အကြီးအကဲမှာ သမ္မတဖြစ်ပြီး အစိုးရအဖွဲ့အကြီးအကဲမှာ ဝန်ကြီးချုပ်ဖြစ်ရမည်။ ယခုမူ စစ်ခေါင်းဆောင်သည် အစိုးရအဖွဲ့အကြီးအကဲရာထူး၊ ဗိုလ်ချုပ်ကြီးရာထူးနှင့် နိုင်ငံ့အကြီးအကဲရာထူးကိုပါ တိုးချဲ့ယူလာသောကြောင့် ၂၀၀၂ ခုနှစ်တွင် ရွေးကောက်ပွဲကျင်းပပေးရမည်ဟူသော တရားရုံးချုပ်ဆုံးဖြတ်ချက်အပေါ် လိုက်နာပါမည်ဟူသော ၎င်း၏ကတိကိုလည်း လူထုအနေဖြင့် စိုးရိမ်လာနေရပေသည်။

## တရားရုံးတွင် လိမ်ညာထွက်ဆိုသူ ထောင်လေးနှစ်ကျခံရ

အသက် (၆၁)နှစ်အရွယ်ရှိ အင်္ဂလန်အထက်လွှတ်တော်အမတ် မီလျံနာသူဌေးကြီးနှင့် နာမည်ကျော်စာရေးဆရာကြီး ဆာဂျယ်ဖရီအာချာသည် တရားရုံးတွင် လိမ်ညာထွက်ဆိုခြင်း၊ တရားစီရင်မှုကို လွဲမှားအောင်လုပ်ခြင်းအတွက် ထောင်ဒဏ်(၄)နှစ်ကျခံရန် ဇူလိုင်လ ၁၉ ရက်နေ့က အင်္ဂလန်တရားရုံးက ဆုံးဖြတ်ခဲ့သည်။ တရားသူကြီးက အာချာအား ပေါင်ငွေ တစ်သန်းခုနှစ်သောင်းဆပ်ရန်နှင့် ပြစ်ဒဏ်၏ထက်ဝက်ကို အနည်းဆုံးကျခံရန် အမိန့်ချခဲ့သည်။

အာချာသည် ၁၉၇၉ ခုနှစ်တွင် ၎င်းကိုသိက္ခာကျစေမှုဖြင့် The Straits times စာစောင်အား တရားစွဲဆိုခဲ့သည်။ ၎င်းက တရားစွဲဆိုမှုတွင်အနိုင်ရကာ ပေါင်ငွေသန်းတဝက်ကျော် လျော်ကြေးရခဲ့သည်။ သို့သော်သံသယဖြစ်နေခဲ့ရာ လွန်ခဲ့သောနှစ်နှစ်ခန့်တွင် တက်ဖရန်စစ် ဆိုသူက အာချာအနေဖြင့် အမှုတွင်အလီဘိုင်ပြနိုင်ရေးအတွက် ၎င်းအားငှါးရမ်းသက်သေထွက်ဆိုစေခဲ့ကြောင်းဖော်ထုတ်ရာမှ အမှုပြန်လည်စုံစမ်းစစ်ဆေးမှု

လုပ်ခဲ့သည်။ အာချာသည် ၁၉၈၇ခုနှစ်က ဒိုင်ယာရီအတုလုပ်ကာ တရားရုံး၌ သက်သေအဖြစ်တင်ခဲ့ကြောင်းလည်း ပေါ်လွင်လာခဲ့သည့်အတွက် တရားသူကြီးက ပြစ်ဒဏ်ချမှတ်ခဲ့ခြင်းဖြစ်သည်။

ဂျက်ဖရီအာချာ၏ရှေ့နေက အယူခံဝင်မည်ဟုဆိုသည်။ အမှန်တရားဟူသည် ဂုဏ်၊ ငွေ၊ အာဏာတို့ဖြင့်လည်း ဖုံးကွယ်ထား၍မရနိုင်ကြောင်း အာချာအမှုက သက်သေထူလျက်ရှိသည်။

## ခမာနီ တရားစီရင်ရေးဥပဒေကြမ်းအတည်ပြု

၁၉၇၅–၇၉ ခုနှစ်က ကမ္ဘောဒီးယားနိုင်ငံအား ခမာနီအစိုးရအုပ်ချုပ်စဉ် လူပေါင်းနှစ်သန်းနီးပါးမျှ အသက်ရှုံးဆုံးခံခဲ့ ရခြင်းနှင့်စပ်လျဉ်း၍ ခမာနီခေါင်းဆောင်ဟောင်းများကို ခုံရုံးတင်တရားစီရင်စစ်ဆေးရေး ပြဋ္ဌာန်းထားသည့် ဥပဒေကြမ်းတရပ်ကို ဇူလိုင်လ ၂၃ရက်နေ့က ကမ္ဘောဒီးယားအထက်လွှတ်တော်မှ အတည်ပြုခဲ့သည်။ ထို ဥပဒေကြမ်းကို ဇူလိုင်လ ၁၁ ရက်နေ့၌ အောက်လွှတ်တော်က အတည်ပြုထားပြီးဖြစ်သည်။ ယခုအခါ ဘုရင် သီဟာနုက လက်မှတ်ရေးထိုး အတည်ပြုရန်သာကျန်တော့သည်။

ဤဥပဒေအား ဘုရင်ကအတည်ပြုပြီးလျှင် ကုလသမဂ္ဂ အနေဖြင့် သဘောတူညီပါက ခုံရုံးဖွဲ့အမှုစတင်စစ်ဆေးနိုင် တော့မည်ဖြစ်သည်။ ခမာနီခေါင်းဆောင်များကို ခုံရုံးတင်စစ်ဆေးရာတွင် နိုင်ငံတကာဥပဒေကျွမ်းကျင်သူများပါဝင်မှသာလျှင် တရားမျှတမှုရှိမည်ဖြစ်ကြောင်း၊ လက်ရှိကမ္ဘောဒီးယားတရားစီရင်ရေး စနစ်မှာအားပျော့လျက်ရှိကြောင်း ကုလသမဂ္ဂမှပြောဆိုသည်။ ခမာနီများကိုခုံရုံးတင်စစ်ဆေးရာတွင် နိုင်ငံတကာတရားစီရင်ရေးစံများနှင့် ကိုက်ညီမှသာလျှင် ကုလသမဂ္ဂမှပါဝင်ဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း သတိပေးပြောကြားထားသည်။ ခုံရုံးဖွဲ့တရားစီရင်မည့် နေ့သတ်မှတ်မှုကိုတော့ ကုသမဂ္ဂနှင့် ကမ္ဘောဒီးယား အစိုးရတို့ ဆွေးနွေးညှိနိုင်းမှု အပေါ်မူတည်ကြောင်း ဝန်ကြီး ဆုတ်အမ် က ပြောဆိုသည်။

ခမာနီတိုအုပ်ချုပ်စဉ်ကာလအတွင်း ကမ္ဘောဒီးယား ပြည်သူ ၁.၇ သန်းခန့်တိုသည် ခမာနီတို့လက်ချက်ဖြင့်အသက် ဆုံးရှုံးခဲ့သည်။ အချို့က ထိုကိစ္စအပေါ် တာဝန်ရှိသော ခမာ နီခေါင်းဆောင်များကို သေဒဏ်ပေးစေလိုသော်လည်း ကမ္ဘောဒီးယား အခြေခံဥပဒေအရ သေဒဏ်ပေးမှုကိုတားဖြစ်ထားသည်။ အချို့မူ ခမာနီအမှု စစ်ဆေးစီရင်ရန်လုံးပမ်းခြင်း တိုင်းပြည်စီးပွားရေးတိုတက်အောင်ကြိုးပန်းခြင်းက အဓိကကျသည်ဟုဆိုကြသည်။

## အင်ဒိုနီးရှားပါလီမန်က အဒူရာမန်ဝါဟစ်အား သမတအဖြစ်မှဖယ်ရှား

အင်ဒိုနီးရှားပါလီမန် က ဇူလိုင်လ ၂၁ ရက်နေ့က အင်ဒိုနီးရှား အမြင့်ဆုံး ဥပဒေပြုလွှတ်တော် MPR အစည်းအဝေးကျင်းပ၍ သမတ အဒူရာမန်ဝါဟိအား သမတအဖြစ်မှ အရေးယူဖယ်ရှားလိုက်သည်။ သမတ ဝါဟစ်ကမူ ပါလီမန်အစည်းအဝေးမှာ တရား

မဝင်ကြောင်း၊ ၎င်းအနေနှင့် သူ၏ဆောင်ရွက်ချက်များကို ပါလီမန်တွင် လာရောက်တင်ပြရန် မလိုအပ်ကြောင်း၊ ပါလီမန်၏လုပ်ရပ်မှာ အခြေခံဥပဒေနှင့် မညီကြောင်း၊ အခြေခံဥပဒေအရ  သမတ သက်တမ်း ၅ နှစ်ပြည့်မှသာ ပါလီမန်တွင်တင်ပြရမည်ဖြစ်ကြောင်း ပြောဆိုသည်။ ပါလီမန်အစည်းအဝေးခေါ်ယူပါက သူ့ကိုအရေးယူဖို့လုပ်လျှင် ပါလီမန်ကို ဖျက်သိမ်းပြီး အရေးပေါ်အခြေအနေကြေညာမည်ဟု အစောပိုင်းက ဝါဟိက ခြိမ်းခြောက်ခဲ့သည်။

ဇူလိုင်လ ၂၃ ရက်နေ့ညတွင် ပါလီမန်အစည်းအဝေးက ထောက်ခံမဲ ၅၀၁၊ ကန့်ကွက်မဲ မရှိဖြင့် သမတဝါဟစ်အား သမတအဖြစ်မှ ဖယ်ရှားခဲ့သည်။ ထို့နောက် အင်ဒိုနီးရှားလွတ်လပ်ရေးဖခင် ဆူကာနို၏သမီးဖြစ်သူ ဒုသမတ မီဂါဝါတီဆူကာနိုပူထရီ အား သမတအဖြစ် တင်မြှောက်လိုက်ကြသည်။ သမတသစ် မီဂါဝါတီက ဤရွေးချယ်တင်မြှောက်မှုမှာ အခြေခံဥပဒေနှင့်အညီဖြစ်ကြောင်း ကျေညာခဲ့သည်။

သမတ ဝါဟစ်အား ရာထူးမှဖယ်ရှားလိုက်ခြင်းကြောင့် ၎င်းအားထောက်ခံသူများက ဦးဆောင်ဆန္ဒပြကြမည်ကိုစိုးရိမ်နေကြသော်လည်း ဆန္ဒပြမှုကြီးကြီးကျယ်ကျယ် မရှိခဲ့ပေ။သမတဝါဟစ်  အခါဆေးဝါးကုသခံရန်  အမေရိကန်နိုင်ငံသို့ထွက်ခွာသွားခဲ့ပြီဖြစ်သည်။ ။

ပိုင်းခြားစိတ်ဖြာသုံးသပ်ရာ

# မီလိုဆေးဗစ်နဲ့စစ်ရာဇဝတ်မှုစွဲချက်

ခင်မောင်ဝင်း

ဇွန်လ (၂၉)ရက်နေ့က နယ်သာလန်နိုင်ငံ တဟိတ်မြို့ ကုလသမဂ္ဂ စစ်ရာဇဝတ်ခုံရုံးကြားနာပွဲအတွင်း လူသားဖြစ်မှုကိုဆန့်ကျင်ကျူးလွန်တဲ့ပြစ်မှု (crime against humanity)နဲ့ စွပ်စွဲခံထားရတဲ့ ယူဂိုဆလားဗီးယား သမ္မတဟောင်း ဆိုဗိုတန် မီလိုဆေးဗစ်က သူ့အမှုကို စစ်ဆေးမဲ့တရားခွင်ကို တရားမဝင်တဲ့တရားခွင်၊ စွဲချက်တွေဟာ တရားမဝင်တဲ့ စွဲချက်တွေဖြစ်တယ်လို့ဆိုကာ တရားခွင်ကို ပြန်လည်တိုက်ခိုက်သွားပါတယ်။ တရားခွင်ကို တော့ ဩဂုတ်လ(၂၇) ရက်နေ့အထိ ရွှေ့ဆိုင်းထားလိုက်ပါတယ်။

လေ့လာသူတချို့ကလည်း မီလိုဆေးဗစ်ကို အမှုစီရင်နေတဲ့တရားခွင်ရဲ့ တရားဝင်မှုအ ဆင့်အတန်းဟာလည်း အစမ်းသပ်ခံ၊ အစစ်ဆေးခံ အခြေအနေမှာရှိနေတယ်လို့ ဆိုပါတယ်။ မီလိုဆေးဗစ်ရဲ့ပြစ်မှုတွေကပဲ အစစ်ဆေးခံမလား၊ တရားခွင်ကပဲအစစ်ဆေးခံမလား ဆိုတာတွေ ပိုင်းခြားသုံးသပ် တင်ပြလိုပါတယ်။

ယူဂိုဆလားဗီးယားနိုင်ငံဟာ ခရိုအက်၊ ဆလိုဗေးနီးယား၊ အယ်ဗေးနီးယား၊ ဆာ့ဗီးယား စတဲ့တိုင်းရင်းသားလူမျိုးပေါင်းစုံ စုပေါင်းနေထိုင်တဲ့ နိုင်ငံဖြစ်ပြီး ဆာ့(ဗ) (Serb) တွေက လူများစုဖြစ်ပါတယ်။ လူများစု ဆာ့(ဗ)တွေက ပြည်ထောင်စုအဆင့်နိုင်ငံရေးနဲ့ စစ်တပ်ကို ထိန်းချုပ်ထားပါတယ်။ ၁၉၉၀ခုနှစ်ဆန်းပိုင်းမှာ ခရိုရေးရှားပြည်နယ်နဲ့ ဆလိုဗေးနီးယားပြည်နယ်တွေ ခွဲထွက်တဲ့အတွက် ယူဂိုဆလားဗီးယား ပြည်တွင်းစစ်မီးတောက်လောင်လာခဲ့ပြီး ယူဂိုဆလားဗီးယားပြိုကွဲဖို့ ဖြစ်လာရပါတော့တယ်။ အဲဒီလိုဖရိုဖရဲကာလမှာ ဆာ့ဗီးယားပြည်နယ် သမ္မတဖြစ်နေတဲ့ မီလိုဆေးဗစ်ဟာ ယူဂိုဆလားဗီးယား ကယ်တင်ရေးကြွေးကြော်သံနဲ့ ဆာ့ဗီးယားအမျိုးသားရေးဝါဒကို ကြွေးကြော်ကာ ယူဂိုဆလားဗီးယားသမ္မတ ဖြစ်လာပါတယ်။ ဒါပေမဲ့ ယူဂိုဆလားဗီးယား ပြည်နယ်အားလုံး ဆက်လက်ခွဲထွက်နေကြတာမို့ အဲဒီခွဲထွက်ရေးလှုပ်ရှားမှုတွေကို နှိပ်ကွပ်တဲ့ အနေနဲ့ ခွဲထွက်ရေးလှုပ်ရှားမှုလုပ်နေတဲ့ တိုင်းရင်းသားတွေအားလုံးကို အပြစ်မဲ့အရပ်သား မကျန် သတ်ဖြတ် နှိပ်နင်းတဲ့ တိုင်းရင်းသားလူမျိုးသန့်စင်ရေးလုပ်ပွဲ (ethnic cleansing)တွေကို ဆာ့ဗီးယားတိုင်းရင်းသားတွေ ထိမ်းချုပ်ထားတဲ့ ယူဂိုဆလားဗီးယားစစ်တပ်က သမ္မတမီလိုဆေးဗစ်ရဲ့ အမိန့်ပေးမှုအောက်မှာ စနစ်တကျလုပ်ဆောင်ခဲ့ပါတယ်။

၁၉၉၂–၉၃ ခုနှစ်က ဗော့ဆနီးယားဟာဇီဂိုဗီးနား ပြည်နယ်မှာဖြစ်ခဲ့တဲ့ မူဆလင်တွေကို သတ်ဖြတ်မှုနဲ့ ၁၉၉၉ ခုနှစ်က ကိုဆိုဗိုမှာဖြစ်ခဲ့တဲ့ တိုင်းရင်းသား အယ်ဗေးနီးယားတွေကို သတ်ဖြတ်မှုဟာ အဆိုးဝါးဆုံးလူ့အခွင့်အရေး ချိုးဖေါက်မှုကြီးတွေဖြစ်ပါတယ်။ ယူဂိုဆလားဗီးယားမှာ အဲဒီလိုလူမျိုးပြုန်းသတ်ဖြတ်မှုကြီးတွေဖြစ်နေရတာဟာ ဥရောပလုံခြုံရေးနဲ့ ဒေသတည်ငြိမ်ရေးကို ခြိမ်းခြောက်နေတဲ့အတွက် ဥရောပနိုင်ငံအများစုနဲ့ အမေရိကန်ပြည်ထောင်စုတို့ပါဝင်တဲ့ နေတိုးစစ်မဟာမိတ်အဖွဲ့ချုပ်က ယူဂိုဆလားဗီးယားပြဿနာကို ငြိမ်းချမ်းစွာဖြေရှင်းဖို့၊ ဆာ့(ဗ) မဟုတ်တဲ့ တိုင်းရင်းသားလူမျိုးအသီးသီးရဲ့ အခွင့်အရေးကို လေးစားလိုက်နာဖို့ ယူဂိုဆလားဗီးယားအစိုးရကို အကြံပေးခဲ့ပါတယ်။ မီလိုဆေးဗစ်က နားမထောင်ပဲ ဆာ့အမျိုးသားရေးဝါဒကို တရားလွန်စိုက်ထူ၊ တခြားလူမျိုးတွေကို သတ်ဖြတ်လုပ်နေတဲ့အတွက် ၁၉၉၉ ခုနှစ်မှာ နေတိုးစစ်မဟာမိတ်အဖွဲ့က ယူဂိုဆလားဗီးယားကို လေကြောင်းကဗုံးကြဲတိုက်ခိုက်ကာ မီလိုဆေးဗစ်ရဲ့ရက်စက်မှုတွေကို အဆုံးသတ်ပေးခဲ့ရပါတယ်။

နေတိုးစစ်မဟာမိတ်အဖွဲ့ရဲ့ ဗုံးကြဲတိုက်ခိုက်မှုဟာ ကုလသမဂ္ဂလုံခြုံရေးကောင်စီရဲ့ ဆုံးဖြတ်ချက် သဘောတူညီချက်မပါပဲ စစ်မဟာမိတ်အုပ်စုတခုက အချုပ်အချာအာဏာပိုင်နိုင်ငံတခုကို ဝင်ရောက်တိုက်ခိုက်ခြင်းဖြစ်တာမို့ အပြည်ပြည်ဆိုင်ရာဥပဒေနဲ့ မညီညွတ်ဘူးလို့ ဝေဖန်ထောက်ပြသူတွေလည်းရှိပါတယ်။ မီလိုဆေးဗစ်ကို တရားစွဲဆိုတာဟာ အပြည်ပြည်ဆိုင်ရာဥပဒေချိုးဖေါက်ထားတဲ့ နေတိုးစစ်အုပ်စုက အသာစီးရအောင် အကာအကွယ်လုပ်ဖို့ လက်ဦးမှုယူတာပဲလို့ တချို့ကပြောပါတယ်။ မီလိုဆေးဗစ်ကိုယ်တိုင်ကလည်း သူ့ကိုတရားစီရင်တဲ့တရားခွင်ဟာ ကုလသမဂ္ဂကတည်ထောင်တာမဟုတ်လို့တရားမဝင်ဘူးလို့ တရားခွင်မှာ ပြောကြားသွားပါတယ်။

မီလိုဆေးဗစ်လိုပဲ အလားတူပြစ်မှုမျိုးကျူးလွန်နေကြတဲ့ ကမ္ဘာတဝှမ်းက အာဏာရှင်တွေကလည်း အဲဒီလိုပဲပြောနေကြမှာပါ။ ဒါပေမဲ့ အခုမီလိုဆေးဗစ် အမှုကိုစစ်ဆေးတဲ့ တရားခွင်ဟာ ၁၉၉၃ ခုနှစ်ကတည်းက ကုလသမဂ္ဂက ဖွဲ့စည်းတည်ထောင်ထားတဲ့ International Criminal Tribunal for Former Yugoslavia (ICTY) ခေါ် ယူဂိုဆလားဗီးယားအတွက် အပြည်ပြည်ဆိုင်ရာ ရာဇဝတ်တရား ရုံးဖြစ်ပါတယ်။ အဲဒီတရားရုံးဟာ နိုင်ငံအသီးသီးက တရားသူကြီး ၁၄ ဦးပါဝင်ပြီး ယူဂိုဆလားဗီးယားမှာ ဖြစ်ခဲ့တဲ့ ဆိုးဆိုးဝါးဝါး လူ့အခွင့်အရေး ချိုးဖေါက်မှုအားလုံးကိုစီရင်နိုင်တဲ့အာဏာ အပ်နှင်းထားတာမို့ မီလိုဆေးဗစ်ကို အမှုစီရင်နိုင်တဲ့အာဏာရှိပါတယ်။ တရားမဝင်တဲ့တရားခွင်လို့ ငြင်းလို့မရပါဘူး။ အလားတူတရားရုံးမျိုး ရဝန်ဒါနိုင်ငံအတွက်လည်း ၁၉၉၄ ခုနှစ်မှာ ကမ္ဘာ့ကုလသမဂ္ဂက တည်ထောင်ပေးခဲ့ပါတယ်။ ဒီလို တရားခွင်တွေဟာ အပြည်ပြည်ဆိုင်ရာ ဥပဒေအရ လွတ်ငြိမ်းချမ်းသာခွင့်ပေးလို့မရတဲ့ လူမျိုးပြုန်းသတ်ဖြတ်မှု(genocide)၊ လူသားဖြစ်မှုကိုဆန့်ကျင်ကျူးလွန်တဲ့ပြစ်မှု၊ စစ်ရာဇဝတ်မှု(war crime) မျိုးကျူးလွန်ထားသူတွေကို စီရင်ဖို့ဖြစ်ပါတယ်။ မီလိုဆေးဗစ်ကျူးလွန်ထားတဲ့ ပြစ်မှုတွေဟာ အဲဒါမျိုးပြစ်မှုတွေဖြစ်တဲ့အတွက် တဟိတ်မြို့တရားရုံးကိုတည်ထောင်ကာ အမှုစီရင်ရတာဖြစ်ပါတယ်။ ဒါကြောင့် အခုအချိန်မှာ စစ်ဆေးစီရင်ခံမှာက တရားခွင်ရဲ့ တရားဝင်မှုအဆင့်အတန်းမဟုတ်ပဲ မီလိုဆေးဗစ် တကယ်ပဲစွဲဆိုထားတဲ့အမှုတွေကို ကျူးလွန်ထားခြင်းရှိမရှိ ဆိုတာဖြစ်ပါတယ်။

# လူမျိုးရေးခွဲခြားမှုနဲ့ အာစီယံ

Racism, Racial Discrimination, Xenophobia and Related Intolerance ခေါ် လူမျိုးခွဲခြားဆက်ဆံမှု ပပျောက်ရေး ဒေသဆိုင်ရာညီလာခံတခုကို ထိုင်းနိုင်ငံ၊ ဘန်ကောက်မြို့ ချူလာလောင်ကွန်းတက္ကသိုလ်မှာ ဇူလိုင် ၁၇ နဲ့ ၁၈ ရက် နေ့တွေက နှစ်ရက်ကြာကျင်းပခဲ့ပါတယ်။ ကမ္ဘာ့ကုလသမဂ္ဂက ဦးဆောင်တဲ့ လူ့မျိုးရေးခွဲခြားမှုတိုက်ဖျက်ရေး အပြည်ပြည်ဆိုင်ရာညီလာခံတခုကို စက်တင်ဘာလ ပထမပတ်အတွင်းမှာ တောင်အာ ဖရိကနိုင်ငံမှာ ကျင်းပဖို့ရှိတာမို့ အာစီယံပြည်သူတွေရဲ့သဘောထားကို ကြိုတင် စစ်တမ်းကောက်တဲ့အနေနဲ့ ဘန်ကောက်ညီလာခံကို ကျင်းပတာဖြစ်ပါတယ်။ အဲဒီကုလသမဂ္ဂ ညီလာခံကြီးကို အာစီယံအစိုးရတွေနဲ့ (Non-Governmental Organization-NGO) အဖွဲ့တွေလည်း တက်ရောက်ကြမှာဖြစ်ပါတယ်။ အာစီယံနိုင်ငံတွေက အဲဒီလူ့အခွင့်အရေးညီလာခံကြီးမှာ ဘယ်လိုအခန်းကဏ္ဍက ပါဝင်ကပြမလဲဆိုတာ စိတ်ဝင်စားစရာပဲဖြစ်ပါတယ်။

ဘန်ကောက်ညီလာခံမှာ တက်ရောက်လာကြတဲ့ ကိုယ်စားလှယ်တွေက အရှေ့တောင်အာရှ နိုင်ငံတွေမှာဖြစ်နေတဲ့ လူမျိုးရေးခွဲခြားဆက်ဆံမှုတွေအကြောင်း ဆွေးနွေးခဲ့ကြပါတယ်။ ကိုယ်စားလှယ်အသီးသီးတင်ပြကြရာမှာ အပြစ်မဲ့တိုင်းရင်းသားတွေကို စစ်တပ်က နည်းမျိုးစုံနဲ့ ခွဲခြားဆက်ဆံပုံ၊ တိုင်းရင်းသားအမျိုးသမီးတွေကို စစ်သားတွေ အစီအစဉ်ရှိရှိ မုဒိမ်းကျင့်ကြပုံ၊ တိုင်းရင်းသူတွေကို အစိုးရ စစ်သားတွေတွေနဲ့ အတင်းအကြပ်လက်ထပ်ထိမ်းမြားခိုင်းပုံ၊ တချို့အမျိုးသမီးတွေ မုဒိမ်းကျင့်ခံရတဲ့အတွက် အဖေမပေါ်ပဲ ခလေးမွေးလာတဲ့အခါ လူ့အသိုင်းအဝိုင်းထဲမှာ မျက်နှာငယ်ရပုံ၊ အမျိုးသမီးတွေကို ရောင်းဝယ်ဖေါက်ကားကာ ပြည့်တန်ဆာအဖြစ်စေခိုင်းပုံ၊ တခြားနိုင်ငံမှာသွားရောက်အလုပ်လုပ်နေသူတွေ ခွဲခြားဆက်ဆံခံရပုံ၊ ဘာသာမတူသူတွေကို အစိုးရက နှိပ်ကွပ်ပုံ၊ တိုင်းရင်းသားလူမျိုးတွေရဲ့ ဘာသာစကား၊ စာပေတွေလေ့လာဆည်းပူးခွင့်ကို အမိန့်အာဏာအင်အားသုံးတားမြစ်ပုံ၊ တိုင်းရင်းသားတွေရဲ့ဓလေ့ထုံးတမ်းတွေ ကွယ်ပျောက်သွားအောင် အစိုးရက စီမံကိန်းချလုပ်ဆောင်နေပုံ စတဲ့လူမျိုးခွဲခြားဆက်ဆံမှုဆိုင် ရာလူ့အခွင့်အရေးချိုးဖေါက်မှုတွေကို တင်ပြသွားကြပါတယ်။

ဘန်ကောက်ညီလာခံ တက်ရောက်လာသူတွေဟာ NGO တသီးပုဂ္ဂအဖွဲ့တွေသာဖြစ်တဲ့အတွက် သူတို့ရဲ့စဉ်းစားချက်၊ ထောက်ခံတင်ပြချက်တွေကို အာစီယံအစိုးရတွေက သိရှိနိုင်အောင် ဇူလိုင်လနောက်ဆုံးပတ်အတွင်း ဗီယက်နမ်နိုင်ငံ ဟနိုင်းမြို့မှာကျင်းပခဲ့တဲ့ အာစီယံဝန်ကြီးများအစည်းအဝေးကို ဘန်ကောက်ညီလာခံက သဘောတူခဲ့တဲ့ အချက်တွေကို ပေးပို့ခဲ့ပါတယ်။ ဒါပေမဲ့ မေးစရာဖြစ်လာတာက အာစီယံမှာထုံးစံမရှိသေးတဲ့ NGO တသီးပုဂ္ဂလအဖွဲ့တွေတင်ပြတာကို ဝန်ကြီးတွေက လက်ခံစဉ်းစားခဲ့ရဲ့လား ဆိုတဲ့ အချက်ဖြစ်ပါတယ်။ ဘန်ကောက်ညီလာခံ တက်ရောက်လာသူတွေကလည်း အာစီယံဝန်ကြီးတွေ လက်ခံစဉ်းစားပါမလားဆိုတာကို သံသယရှိကြောင်း အစကနဦးကတည်းက ပြောထားပါတယ်။ အခု အာစီယံဝန်ကြီးအဖွဲ့ အစည်းအဝေးပြီးသွားပြီဖြစ်ပေမဲ့

NGO အဖွဲ့တွေရဲ့ တင်ပြချက်ကို ဘယ်လိုလက်ခံစဉ်းစားတယ်ဆိုတာ လူသိရှင်ကြား ထုတ်ဖော်ပြောဆိုခြင်း တစုံတရာကိုမျှ မကြားသိခဲ့ရပါဘူး။

အဲဒီလူမျိုးရေး ခွဲခြားဆက်ဆံမှုတွေ အာစီယံဒေသထဲမှာ ရှိနေပါတယ်လို့ အသိအမှတ်မပြုပဲ အာစီယံအစိုးရတွေက အဲဒါတွေကို ပြုပြင်ကုစားမဲ့ပေါ်လစီတွေ ချမှတ်မှာ မဟုတ်ပါဘူး။ ထို့အတူ တောင်အာဖရိကမှာကျင်းပမဲ့ လူမျိုးရေးခွဲခြားမှု ညီလာခံကြီးမှာလည်း အာစီယံပြည်သူတွေ လိုလားတောင်းဆိုနေတဲ့ လူမျိုးရေးခွဲခြားမှု တိုက်ဖျက်ရေး နည်းနာတွေကို အာစီယံအစိုးရတွေ ထောက်ခံမလားဆိုတာ သံသယဖြစ်စရာပါပဲ။ ဒါကြောင့် အရေးကြီးဆုံးက လူမျိုးရေးခွဲခြားမှုတွေ အာစီယံနိုင်ငံတွေမှာ ဖြစ်ရှိနေတယ်ဆိုတာကို အာစီယံနိုင်ငံအစိုးရတွေက လက်ခံဖို့လိုပါတယ်။ အာစီယံအစိုးရတွေဟာ သူတို့နိုင်ငံထဲမှာဖြစ်နေတဲ့ လူ့အခွင့်အရေးချိုးဖောက်မှုတွေကို အပြည်ပြည်ဆိုင်ရာက ထောက်ပြနေတာတောင် အဲဒါမျိုးလူ့အခွင့်အရေး ချိုးဖောက်မှုတွေမရှိပါဘူးလို့ ပြောင်ငြင်းဆန်နေတဲ့ နိုင်ငံမျိုးတွေဖြစ်ပါတယ်။ အာစီယံပြည်သူတွေ ဘန်ကောက်ညီလာခံမှာတင်ပြခဲ့တဲ့ လူမျိုး ခွဲခြားမှုဆက်ဆံမှုကြောင့်ဖြစ်နေရတဲ့ လူ့အခွင့်အရေးချိုးဖောက်မှုမျိုးတွေ မရှိဘူးလို့ အာစီယံ အစိုးရတွေ ငြင်းမယ်လို့ ထောက်ပြသူတွေလည်းရှိပါတယ်။

အာစီယံနိုင်ငံတွေထဲမှာ ထိုင်းနဲ့ဖိလစ်ပိုင်လို အတန်အသင့်ဒီမိုကရေစီကျတဲ့အစိုးရတွေ အုပ်ချုပ်နေတာမျိုးရှိသလို ဒီမိုကရေစီနဲ့ ပြဒါးတလမ်းသံတလမ်းဖြစ်တဲ့ အာဏာရှင်အုပ်ချုပ်ရေးစနစ်မျိုးနဲ့အုပ်ချုပ်တဲ့ နိုင်ငံတွေလည်းရှိပါတယ်။ ဒီမိုကရေစီအတိုင်းအတာတခုထိရှိတဲ့နိုင်ငံတွေက အာစီယံဒေသမှာဖြစ်နေတဲ့ ပြဿနာတွေကို အရှိကိုအရှိအတိုင်း လက်ခံ အသိအမှတ်ပြုပြီး ဖြေရှင်းဖို့လိုလားပေမဲ့ အာဏာရှင်စနစ်နဲ့ အုပ်ချုပ်နေတဲ့နိုင်ငံတွေကတော့ အဖြစ်မှန်ကိုငြင်းပယ်ကာ နည်းမှန်လမ်းမှန်နဲ့ဖြေရှင်းဖို့ အဆိုပြုတာတွေကိုလည်း ပယ်ချလေ့ရှိပါတယ်။ အာစီယံမှာဖြစ်နေတဲ့ အရေးကြီးပြဿနာတွေကို ဖြေရှင်းနိုင်ဖို့ အာစီယံထွိုင်ကာ ဖွဲ့စည်းဖို့ ထိုင်းနိုင်ငံက ယမန်နှစ် အာစီယံဝန်ကြီးအစည်းအဝေးမှာ တင်ပြနိုင်ခဲ့ပေမဲ့ အာဏာရှင်စနစ်ရှိတဲ့ အာစီယံနိုင်ငံတွေက အဲဒီအာစီယံထွိုင်ကာ အားပျော့သွားအောင် နည်းမျိုးစုံနဲ့ပညတ်ချက်တွေ ထည့်လိုက်တဲ့အခါ အာစီယံထွိုင်ကာဟာ ဘာမှအရေးမပါတဲ့ ထွိုင်ကာ ဖြစ်သွားရပါတယ်။ အခုတခါ လူမျိုးရေးခွဲခြားဆက်ဆံရေးကိစ္စမှာလည်း အာစီယံနိုင်ငံတချို့က အရှိအတိုင်းလက်ခံနိုင်တယ်ဆိုတာကို ခန့်မှန်းနိုင်သလို တချို့ကလည်း ပြောင်းငြင်းနိုင်ပါတယ်။ အဲဒီလိုငြင်းပယ်တာဟာ သူတို့နိုင်ငံထဲမှာဖြစ်နေတဲ့ လူမျိုးရေးခွဲခြားမှု၊ လူ့အခွင့်အရေးချိုးဖောက်မှုတွေကို အမြဲတစေ ဖုံးကွယ်ငြင်းပယ် လေ့ရှိတဲ့ အလေ့အထကြောင့်ဆိုတာ ရှင်းပါတယ်။

အပြည်ပြည်ဆိုင်ရာ ရာဇဝတ်တရားရုံး တည်ထောင်ရေးအတွက် လှုပ်ရှားမှုကြီး ကမ္ဘာမှာ အရှိန်ရနေတာ အားလုံးအသိဖြစ်ပါတယ်။ Rome Treaty ရောမစာချုပ်လို့ လူသိများတဲ့ အပြည်ပြည်ဆိုင်ရာ ရာဇဝတ်တရားရုံးတည်ထောင်ရေး သဘောတူစာချုပ်ကို ကမ္ဘာ့နိုင်ငံ ၆၀ က အတည်ပြုလိုက်တဲ့အခါ စာချုပ်အာဏာတည်လာမှာဖြစ်ပြီး နိုင်ငံအသီးသီးမှာဖြစ်နေတဲ့ လူ့အခွင့်အရေးချိုးဖောက်မှုကို အဲဒီတရားရုံးက တိုက်ရိုက်ကိုင်တွယ် သွားနိုင်မှာဖြစ်ပါတယ်။ ပုံစံမျိုးစုံနဲ့ဖြစ်ပေါ်နေတဲ့ လူမျိုးရေးခွဲခြားမှုတွေဟာ အပြည်ပြည်ဆိုင်ရာ ရာဇဝတ်တရားရုံးက စီရင်နိုင်တဲ့ လူ့အခွင့်အရေးချိုးဖောက်မှုမျိုးတွေ ဖြစ်ပါတယ်။ ၁၉၄၈ခုနှစ်က အတည်ပြုထားတဲ့ The Convention on the Preven-

tion and Punishment of The Crime of Genocide ခေါ် လူမျိုးပြုန်းသတ်ဖြတ်မှုတားဆီးရေးနဲ့အပြစ်ပေးရေး နိုင်ငံတကာသဘောတူစာချုပ်ဟာ လူမျိုးရေးခွဲခြားမှုတိုက်ဖျက်ရေးမှာ အရေးပါလှတဲ့ စာချုပ်ဖြစ်ပါတယ်။ အဲဒီစာချုပ်ကို မြန်မာနိုင်ငံက လက်မှတ်ရေးထိုး သဘောတူထားပြီးဖြစ်ပါတယ်။ တခြားအပြည်ပြည်ဆိုင်ရာ လူ့အခွင့်ရေးစာချုပ်စာတမ်းတချို့မှာလည်း လူမျိုးခွဲခြားဆက်ဆံမှုတွေဟာ ဘာလည်းဆိုတာ ပြဋ္ဌာန်းသတ်မှတ်ထားပြီးရှိပါတယ်။ ဒါကြောင့် ရောမစာချုပ် အာဏာတည်လာပြီးနောက်မှာ အာစီယံဒေသမှာဖြစ်နေတဲ့ လူမျိုးခွဲခြားဆက်ဆံမှုနဲ့ တခြားလူ့အခွင့်အရေးချိုးဖေါက်မှုတွေကို ယခင်ကထက် ပိုမိုထိရောက်စွာ ကိုင်တွယ်သွားနိုင်လိမ့်မယ်၊ ဒါမှမဟုတ် တားဆီးနိုင်လိမ့်မယ်လို့ မျှော်လင့်ရပါတယ်။ ။

# ခမာနီတရားစီရင်ရေး

အမျိုးပြုံးလူသတ်မှုနဲ့ စွပ်စွဲခံထားရတဲ့ ခမာနီခေါင်းဆောင်တွေကို ကမ္ဘောဒီးယားပြည်တွင်း ဥပဒေအရသာ တရားစီရင်သွားမဲ့အကြောင်း၊ ကုလသမဂ္ဂက အဲဒီတရားစီရင်ရေးမှာ ပါဝင်ပတ်သက်မှု ရှိမရှိ ဆိုတာကို ဂရုမစိုက်ကြောင်း ဝန်ကြီးချုပ် ဟွန်ဆန်းက (၂၂-၇-၂၀၀၁) ကပြောဆိုခဲ့ပါတယ်။ တကယ်တော့ ခနာနီတွေကို ရုံးတင်စစ်ဆေး ဖြစ်အောင် ဖိအားပေးခဲ့တာဟာ ကမ္ဘာ့ကုလသမဂ္ဂဖြစ်ပါတယ်။ ကုလသမဂ္ဂနဲ့ကမ္ဘောဒီးယားအစိုးရတို့ ပူးတွဲပြီး ခမာနီတွေကို ရုံးတင်စစ်ဆေးဖို့ လွန်ခဲ့တဲ့ နှစ်ကတည်းကသဘော တူထားပြီး အခုခါကျမှ ဟွန်ဆန်းက အဲဒီလို ထုတ်ဖေါ်ပြောဆိုရတာနဲ့ ပတ်သလက်လို့ စဉ်းစားသုံးသပ်စရာ ဖြစ်လာပါတယ်။

၁၉၇၅ခုနှစ်က ကမ္ဘောဒီယားမှာ အာဏာရလာတဲ့ခမာနီ ခေါ် ကမ္ဘောဒီးယားကွန်မြူနစ်တွေကို ဗီယက်နမ်ကွန်မြူနစ်အစိုးရရဲ့ အကူအညီနဲ့ ဟွန်ဆန်းက ၁၉၇၉ခုနှစ်မှာ ဖယ်ရှားခဲ့ပါတယ်။ ဟွန်ဆန်းအစိုးရကို ကျားကန်ပေးနိုင်အောင် ဗီယက်နမ်စစ်တပ်တွေ ကမ္ဘောဒီးယားမှာ ဆက်လက်တပ်စွဲနေခဲ့ပါတယ်။ ခမာနီတွေလည်း တောထဲပြန်ရောက်သွားပြီး သူပုန်ဘဝနဲ့ ဟွန်ဆန်းအစိုးရကို တော်လှန်နေခဲ့ပါတယ်။

ကမ္ဘောဒီးယားကိုလေးနှစ်တာမျှအုပ်ချုပ်ခဲ့စဉ်အတွင်း လူတသန်းခုနစ်သိန်းလောက်ကိုသတ်ဖြတ်ထားတဲ့အဖွဲ့ဖြစ်မှန်းသိလျက်နဲ့ ခမာနီတွေကို အဲဒီအချိန်က ကမ္ဘာ့အင်အားကြီးနိုင်ငံတွေကတောင် ထောက်ခံမှုပေးခဲ့ပါတယ်။ ကုလသမဂ္ဂ လုံခြုံရေးကောင်စီအမြဲတမ်းအဖွဲ့ဝင်တွေဖြစ်တဲ့ တရုတ်၊ အမေရိကန်ပြည်ထောင်စုနဲ့ အာစီယံနိုင်ငံတချို့က ခမာနီတွေ သူပုန်ပြန်ဖြစ်နေတာတောင် ဆက်လက်ထောက်ခံမှုပေးခဲ့ပါတယ်။ ကုလသမဂ္ဂမှာရှိတဲ့ ကမ္ဘောဒီးယားအစိုးရထိုင်ခုံကိုတောင် ခမာနီတွေကို ပေးအပ်ခဲ့ပါတယ်။ အဲဒါကို ဝန်ကြီးချုပ် ဟွန်ဆန်းကလည်း ဝေဖန်ထောက်ပြခဲ့ပါတယ်။ အဲဒီလို ထောက်ခံမှုပေးနေရခြင်းရဲ့ အဓိကအကြောင်းအရင်းကတော့ ခမာနီတွေကို ကြိုက်လို့မဟုတ်ပဲ ခမာနီတွေကို ဖြုတ်ချလိုက်တဲ့ ဗီယက်နမ်ကွန်မြူနစ်တွေကို မလိုလားလို့ဖြစ်ပါတယ်။ တရုတ်နဲ့ ဗီယက်နမ်ဟာ ကွန်မြူနစ်အိမ်နီးခြင်းနိုင်ငံတွေဖြစ်ပေမဲ့ မဟာရန်သူကြီးတွေဖြစ်ပါတယ်။

ထို့အတူ အမေရိကန်တွေကလည်း ဗီယက်နမ်စစ်ပွဲကနေ ဆုတ်ခွါပေးလိုက်ရတာ ပူပူနွေး နွေးရှိသေးတာမို့ ဗီယက်နမ်တွေကို အခဲမကျေ ဖြစ်နေရပါတယ်။ အာစီယံနိုင်ငံတွေက လည်း အဲဒီအချိန်က ကွန်မြူနစ်ဆန့်ကျင်ရေး အုပ်စုကြီးအဖြစ်တည်ရှိနေတာမို့ ဗီယက် နမ်ကွန်မြူနစ်ဝါဒ အရှေ့တောင်အာရှနိုင်ငံတွေဖက် နယ်မကျွံလာအောင် ခမာနီတွေကို ထောက်ခံမှုပေးထားပြီး ကမ္ဘောဒီးယားထဲမှာတင် ကွန်မြူနစ် အခြင်းခြင်းစစ်ဖြစ်ပြီး အင် အားကုန်ခန်းအောင် ကစားနေတဲ့အချိန်ဖြစ်ပါတယ်။ ဒီလိုနဲ့ လူတသန်းခုနစ်သိန်း လောက် သတ်ထားပါတယ်ဆိုတဲ့ ခမာနီတွေဟာလည်း သူပုန်ဖြစ်နေတာတောင် နိုင်ငံ တကာမှာ ထောက်ခံမဲ့သူ ရှိခဲ့ပါတယ်။ ဒါပေမဲ့ အဲဒီလို ထောက်ခံမှုဟာ အဲဒီအချိန်က ကမ္ဘာ့နိုင်ငံရေး၊ ဒေသနိုင်ငံရေး ချိန်ခွင်ရှာ ညှိမှုကြောင့် ရလာတဲ့ ထောက်ခံမှုဆိုတာ ရှင်း ပါတယ်။

ကမ္ဘာ့နိုင်ငံရေး ရေစီးကြောင်းရဲ့ အပြောင်းအလဲအောက်မှာ ခမာနီတွေကို ပေးနေ တဲ့ နိုင်ငံတကာ ထောက်ခံမှုတွေလည်း ပြောင်းလဲလာခဲ့တယ်။ ၁၉၉၃ခုနှစ်က ကမ္ဘော ဒီးယားပြသနာမှာ ပါဝင်နေတဲ့ အင်အားစုတွေအားလုံး ကုလသမဂ္ဂဦးဆောင်ကြီးကြပ် ကျင်းပပေးတဲ့ ပါတီစုံအထွေထွေရွေးကောက်ပွဲမှာ ခမာနီတွေ ပါဝင်ဖို့ ငြင်းဆန်တဲ့အချက် ဟာ နမာနီတွေကို နိုင်ငံတကာ ထောက်ခံမှု ကျဆင်းစေတဲ့ လတ်တလော အကြောင်း အရင်းဖြစ်ခဲ့ပါတယ်။ ဒ့ါအပြင် အမေရိကန်နဲ့ ဗီယက်နမ် သံတမန်ဆက်ဆံရေးနဲ့ စီးပွါးရေး ဆက်ဆံမှုပြန်လုပ်လာတာ၊ ကွန်မြူနစ်ကို ဆန့်ကျင်ခဲ့တဲ့ အာစီယံကလည်း ဗီယက်နမ်နဲ့ လာအို ကွန်မြူနစ်နိုင်ငံတွေကို အဖွဲ့ဝင်အဖြစ် လက်ခံလာတာတွေ ဖြစ်လာပါတယ်။ ပေါ ပေ့ါ အပါအဝင် ထိပ်တန်းခမာနီ ခေါင်းဆောင်တွေ သေသူသေ၊ ဟွန်ဆန်း အစိုးရထံ လက်နက်ချသူချ ဖြစ်လာတယ်။ ဒါကြောင့် ဗီယက်နမ်ရန်ကြောင့် ခမာနီတွေကို ထောက် ခံပေးနေခဲ့တဲ့ နိုင်ငံတွေဟာလည်း အယင်ကလို ထောက်ခံနေစရာ မလိုတော့ပါဘူး။ ကမ္ဘာ့လူ့အခွင့်အရေးလှုပ်ရှားမှုကလည်း အရှိန်ကောင်းလာတာမို့ ခမာနီတွေကို အမျိုး ပြုံးလူသတ်မှုနဲ့ ရုံးတင်စစ်ဆေးနိုင်ရေးအတွက် တချိန်က ခမာနီတွေကို ထိုင်ခုံပေးခဲ့တဲ့ ကုလသမဂ္ဂကတောင် ဦးဆောင်လုပ်လာပါတယ်။ အကြောင်းကြောင်းသော ဖိအားတွေ ကို မလွန်ဆန်နိုင်တဲ့အဆုံး ကုလသမဂ္ဂနဲ့ ကမ္ဘောဒီးယားတို့ ပူးတွဲတရားခွင်တည်ထောင် ကာ ခမာနီတွေကိုရုံးတင်စစ်ဆေးဖို့ ဟွန်ဆန်းအစိုးရက ယမန်နှစ်က သဘောတူခဲ့ရပါ တယ်။

အခုအချိန်မှ ဟွန်ဆန်းအနေနဲ့ ကုလသမဂ္ဂက ပါဝင်တာကို ဘာကြောင့်ငြင်းဆန်နေ ရတာလည်းဆိုတာက မေးစရာဖြစ်လာပါတယ်။ ထိပ်တန်း ခမာနီခေါင်းဆောင်တချို့ဟာ ဟွန်ဆန်းရဲ့ အစိုးရထဲမှာ ထိပ်တန်းရာထူးကြီးတွေ ရယူထားတယ်ဆိုတဲ့ အချက်ကို လေ့ လာသူတချို့က ထောက်ပြတာကြပါတယ်။ ခမာနီတွေနဲ့ ဟွန်ဆန်း ဘယ်လောက်အထိ နောက်ကွယ်မှာ ဇတ်ရှုပ်တွေ ရှိနေသလဲဆိုတာကို လူအသိမခံချင်လို့ ခမာနီ တရားစီရင် ရေးမှာ နိုင်ငံတကာက ပါဝင်လာတာကို ငြင်းနေတာလို့ ထောက်ပြသူတွေလည်း ရှိပါ တယ်။ တချို့တော့ ခမာနီတွေကို တရားစီရင်လိုက်ယင် မကျေနပ်မှုတွေဖြစ်လာပြီး လက် ကျန်ခမာနီတွေက ကမ္ဘောဒီးယား ပြည်တွင်းစစ်ကို ပြန်ဖန်တီးနိုင်တယ်ဆိုတဲ့အချက်ကို လည်း တချို့ကထောက်ပြပါတယ်။ ဘာအကြောင်းအရင်းပဲနောက်ကွယ်မှာ ရှိရှိ၊ ခမာနီ တွေကို တချိန်က ကုလသမဂ္ဂမှာတောင် ထိုင်ခုံပေးခဲ့ပြီး အခုမှ တရားစွဲဖို့ပြောတာဟာ

ကုလသမဂ္ဂအနေနဲ့ တသမတ်တည်းမရှိဘူးဆိုတဲ့ အချက်ကို ဟွန်ဆန်းက ထောက်ပြပါတယ်။ ဒါပေမဲ့ ခမာနီတရားစီရင်ရေးကို ကုလသမဂ္ဂက လုပ်ဖို့မလိုဘူးလို့ ငြင်းလို့မရပါဘူး။ ဘာကြောင့်လဲဆိုတော့ ခမာနီတွေ ကျူးလွန်ထားတဲ့ ပြစ်မှုတွေဟာ အပြည်ပြည်ဆိုင်ရာဥပဒေအရ လွတ်ငြိမ်းချမ်းသာခွင့် ပေးလို့မရတဲ့ ပြစ်မှုတွေဖြစ်လို့ပါ။ တရားစွဲကိုစွဲရမှာပါ။ ကမ္ဘောဒီးယားရဲ့ ပြည်တွင်းတရားစီရင်ရေး စနစ်က အဆင့်အတန်းမမီသေးလို့ နိုင်ငံတကာနဲ့ ကုလသမဂ္ဂက ပါဝင်ပတ်သက်ဖို့လည်းလိုပါတယ်။ ခမာနီတွေကို တရားစီရင်ရေးကိစ္စမှာ သက်န်းစာယူနိုင်တဲ့အချက်ကတော့ အစိုးရတရပ်ကို ကမ္ဘာ့ကုလသမဂ္ဂက လက်ခံထားတယ်ဆိုတဲ့အချက်ဟာ အဲဒီအစိုးရအဖွဲ့ဝင်တွေ အတိတ်က ကျူးလွန်ခဲ့တဲ့ လူ့အခွင့် အရေးချိုးဖေါက်မှုတွေကို တချိန်မှာပြန်လည်စစ်ဆေးခွင့်မရှိဘူးလို့ ငြင်းပယ်နေလို့မရဘူးဆိုတဲ့ အချက်ဖြစ်ပါတယ်။ ။